# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်






● အတွဲ-၄၊ အမှတ်-၁၊ မှ-၂၆ ထိ

# ရွှေသွေး ဂျာနယ်

အတွဲ-၄။ အမှတ်-၁။

၁၃၃၃ ခု၊ ပြာသိုလဆုတ် ၁ ရက် (၁-၁-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။

# စည်းလုံးညီညာ

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-အေးကျော် (အညာမြေ)




ဟေ့ - တပည့်တို့ ။ ဒီည - မြောက်ဖက်ခြမ်းက - သူကြီး အိမ်ကို တိုက်ကြမယ်။ ဒီတခါလဲ - အရင် တခါကလို - မှု - အုံး မှာဘဲ ။ ဒို့ပြေးရမယ့် အပေါက်က - ရွာတောင်ဖက်ခြမ်းဘဲကွ ။ ဒါမှ - ဒို့ကို ဆက်မလိုက်ဘဲနေမှာ - - -
ဟုတ်ကဲ့ ဆရာကြီး ။ ကျနော်တို့ - အားလုံး သဘောပေါက်ပါတယ် ။ တောင်ဖက်ခြမ်းနဲ့ မြောက်ဖက်ခြမ်း မတဲ့တဲ - ကျနော်တို့ အတွက် ထားပေါက်ဘဲ — ဟဲဟဲ -
မျှားမကြာမီ မြောက်ဖက်ခြမ်းမှ ရွာသားတယောက်သည် တောထဲသို့ ထင်းခွေသွားစဉ် ဓားပြ ဗိုလ် ပေယီးတို့ စည်းဝေး တိုင်ပင်နေသည်ကို ကြားရ၍ ....
မြို့ပေါ်ရှိ ပြည်သူ့ရဲစခန်းသို့ အပြေးကလေး သတင်းပို့ရန် သွားလေ၏။
မြို့နှင့် ခရီးအတော်ဝေး၍ ညနေစောင်းမှ ရောက်သွားရှာသည်။
ဒီမှာစောင့် မကြောက်နဲ့
ရဲတပ်ဖွဲ့ဝင်တို့သည် ရွာတောင်ဖက်ခြမ်းသို့ ရောက်လာကြပြီး ရွာသားများကို –
စုရုံးကာ ရွာထွက်ပေါက်များ၌ ကိုယ်ဖျောက် ၍ နေကြစေသည်။
လိုက်ကြဟေ့
မလွတ်စေနဲ့
ခစ်ခစ်
မိပါလိမ့်မယ် ဟီဟိ
ထိုအချိန်မှာပင် မြောက်ဖက်ခြမ်း၌ –



ဟေ့ ရုပ်ကြစမ်း ။ မင်းတို့ကို ဝိုင်းထားပြီကွ ........ လက်တွေ ခေါင်းပေါ် တင် ထား...... မလှုပ်နဲ့
ပေသီးတို့သည် တောင်ဖက်ခြမ်းသို့ရောက်လာပြီး ရွာပြင်ထွက်မည်အပြုတွင် —
အောင်မယ် - ဓမြမိုလ် - ပေသီး - ဆိုလို ဘယ်သူလဲမှတ်တယ်... လူသတ်မှုနဲ့ အလိုရှိနေတဲ့ - ဝရမ်းပြေး - မိုးဟိန်း ပါလား ဗျ
ဟုတ် - ဟုတ်ကဲ့
ပိုင်းဖမ်းပြီး စစ်ဆေးကြည့်ရှုရာ —
ကဲ - အားလုံး နားထောင်ကြ ---- ခုမိထားတဲ့ ပေသီး ဆိုတဲ့ကောင်ဟာ အင်မတန် လယ်တာမျိုး ရွာတောင်ဖက်နဲ့ မြောက်ဖက် မတဲ့ တကို သိလို့ တဖက်ခြမ်းကိုတိုက် - တခြား တဖက်ခြမ်း ဖက်က ထွက်ပြေးနဲ့ လုပ်နေကြတာဘဲ.....
ဒီတော့ - ခင်ဗျားတို့ သင့်သင့် မြတ်မြတ်နဲ့ ညီညီညွတ်ညွတ်နေကြမယ် ဆိုယင် - ဘယ်သူကမှ - တိုက်လား ခိုးလား လုပ်ဝံ့ကြမှာ မဟုတ်ဘူး ။ ဘယ်ရန်သူကမှလဲ လာစော်ကားဝံ့မှာမဟုတ်ဘူး ။ ရွာကလဲကြီး - လူကလဲ များသားဘဲ ။။။။
ထို့နောက် ရဲအရာရှိက တောင်ဖက်ခြမ်းနှင့် မြောက်ဖက်ခြမ်းမှ ရွာသားများကို စုစေပြီး —
ထိုနေ့မှစ၍ ရွာသားတို့သည် တစုတပေါင်းတည်း ညီညွတ်လျက် ပျော်ရွှင်စွာနေကြလေကုန်၏။


မြွေလေး ငယ်ငယ်
ဇာတ်လမ်း - သီတာရိုး
သရုပ်ဖော် - ကဆု
အောင်ခင် ဒီဖက်ကို ဒီဖက်ကို
စိုးမင်း၊ အောင်ခင်၊ လှထွန်းနှင့် သူငယ်ချင်း တစုတို့ ဘောလုံးကစားနေကြသည်။
ဘောလုံးသည် ကွင်းဘေးရောက်သွား၏။
မင်းကန်လိုက်ယင် ဒီလို ချည်းဘဲ၊ သွား-မင်းဘဲ သွားကောက်
အောင်ခင် သွားကောက်သောအခါ -
ဟာ မြွေကလေးကွ မြွေကလေး
ဘယ်မလဲဟေ့ ဘယ်မလဲ
အောင်ခင့်အသံကြား၍ ပြေးလာကြသည်။


အဲဒါမြွေပွေးကွ
မြွေပေါက်ကွ
အလကား၊ ရေမြွေလေးပါ
နေကြအုံး၊ နေကြအုံး
ငါ ဒုတ်သွားရှာအုံးမယ်
ချပေးကွ ချပေး
သေအောင် ထုကွ
သေပါပြီ ကွ
မင့် ဒုတ်တောင် မလိုတော့ဘူး
စိုးမင်းပြန်ရောက်သောအခါ မြွေကလေးမှာ ငြိမ်သက်နေလေပြီ။
ဒါဖြင့်အတော်ဘဲ၊လမ်းထဲက ချာတိတ်တွေကို ဒါနဲ့ နောက်ရမယ်၊ဟေး-ဟေး
စိုးမင်းသည် မြွေကလေးကိုကောက် ၍ထည့်ထားလိုက်၏။
လာဟေ့၊ကန်ကြမယ်ဟေ့
ဘုံး
အေး ဟေး-ဟေး
ထို့နောက် သူတို့တောလုံးကို ပြန်ပြီး ကစားကြ၏။


ခဏကြာသော်
အမယ်လေးဗျ
စိုးမင်း လဲကျသွားလေ၏။
ကြက်တက်တာ ဖြစ်မယ်
အမောဆိုတာ ပါကွ
အောင်ခင်က လူကြီးများကို ပြေးခေါ်သည်။
စိုးမင်းမိဘများလည်း ဘာဖြစ်မှန်းမသိ၍ –
သား၊ သား လုလေး
ဆေးရုံမြန်မြန်ပို့မှ ဖြစ်မယ် ခင်ဗျာ
ဆေးရုံရောက်သော် ဆရာဝန်က စမ်းသပ်ရန် စွပ်ကျယ်ကို လှန်လိုက်သောအခါ -
ဟိုက်
ဟာ၊ မြွေပွေး မြွေပွေး
ဆရာဝန်က မြွေဆိပ်ဖြေဆေးကို အချိန်မီထိုး ပေးလိုက်ရလေသည်။
ကဲ၊ စိုးရိမ်စရာ မရှိတော့ပါဘူး
ကျေးဇူးတင် လိုက်တာဆရာ
မင်းကလဲ ဘေးအန္တရာယ်ရှိတဲ့ သတ္တဝါနဲ့ ဘယ်တော့မှ မဆော့ရဘူးကွယ်
ဟုတ်ကဲ့ပါ ခင်ဗျာ

# စူးစမ်းရှာဖွေသူများ မုံရွာဝင်းဖေ ကျော်ကျော်





## ဆာဖရန်စစ်ဒရိတ်

ဖရန်စစ်ဒရိတ်သည် အင်္ဂလန်ပြည် ဒက်ဗွန်ရှိုင်ယာနယ်သားဖြစ်၏။ သူသည် တောင့်တင်း ကြံ့ခိုင်၍ ထက်မြက်ဖျတ်လတ်သူဖြစ်ပြီး ငယ်စဉ်ကပင်လျှင် စွန့်စားသွားလာရန် ဝါသနာပြင်းထန်ခဲ့သူ ဖြစ်ပေသည်။ သူ ၁၇ နှစ်သားအရွယ်က အစ်ကို ဝမ်းကွဲ တော်သူ ဂျွန်ဟောကင်းနှင့်အတူ ပင်လယ်ခရီး ထွက်ခဲ့ လေသည်။ ဟောကင်း၏ဖခင်သည် ကျွန်ကုန်သည်တဦးဖြစ်ပြီး အာဖရိကတိုက်သား ငွေဝယ်ကျွန်များကို အနောက်အိန္ဒိယကျွန်းစုသို့ ပို့ဆောင်၍ အနောက်အိန္ဒိယနှင့် အင်္ဂလန် ကုန်ကူးသန်းနေသူဖြစ်၏။

ထိုသို့ကူးသန်းသွားလာရာတွင်တခါတရံစပိန်သင်္ဘောများနှင့်တွေ့ဆုံကာတိုက်ခိုက်ကြရသည်။

ဖရန်စစ်ဒရိတ်သည် ပင်လယ်တွင်းတွင် ဆယ်နှစ်ခန့် ကျင်လည်နေခဲ့၏။ တနေ့တွင်သူသည် ပနားမားကျွန်းဆက်သို့ ရောက်ရှိသွားပြီး ပစိဖိတ်သမုဒ္ဒရာကို တွေ့မြင်ကာ ဖြတ်သန်း သွားလာလိုစိတ် ဖြစ်ပေါ်လာလေသည်။

အင်္ဂလန်သို့ ပြန်ရောက်လာသောအခါ အယ်လစ်ဇဗက် ဘုရင်မထံမှ အကူအညီရရှိသဖြင့် ဖရန်စစ်ဒရိတ်သည် သူ၏အကြံအစည်ကို အကောင်အထည် ဖော်နိုင်ခဲ့ပေသည်။ ၁၅၇၇ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် သူသည် လူ ၆၀ နှင့် အတူ သင်္ဘောငါးစင်းဖြင့် ရွက်လွှင့်ခဲ့၏။



ပဌမဦးစွာ ဖရန်စစ်ဒရိတ်သည် တောင်အရပ်သို့ ဦးတည် ရွက်လွှင့်ခဲ့ပြီး




ဂီနီကမ်းခြေသို့ရောက်ရှိခဲ့သည်။ ထိုမှတဆင့် အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ကာ တောင်အမေရိကတိုက်သို့ခရီးဆက်ခဲ့၏။ လမ်းခရီးတွင် သူသည်သင်္ဘောငါးစင်းကို စွန့်ပစ်ခဲ့ရသည်။

၁၅၇၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ရွှေသမင်မ၊ မယ်ရီဂိုးနှင့် အယ်လစ်ဇဗက်အမည်ရှိ ဖရန်စစ်ဒရိတ်၏ သင်္ဘော သုံးစင်းသည် မဂျယ်လန် ရေလက်ကြား အတွင်းသို့ ဝင်ရောက်မိကြ၏။ ပြင်းထန်သော မုန်တိုင်းဒဏ်ကိုလည်း ခံကြရသည်။ ပစိဖိတ်ခရီးလမ်းကို ရှာဖွေနေစဉ်အတွင်း မယ်ရီဂိုးသင်္ဘော နစ်မြုပ်သွားပြီး အယ်လစ်ဇဗက်မှာ အင်္ဂလန်သို့ ပြန်သွားရ လေသည်။ သို့သော် ဖရန်စစ်ဒရိတ်သည် စိတ်မပျက်ပဲ ဆက်လက်ရွက်လွှင့်ခဲ့ရာ တလမျှကြာ သော် ပစိဖိတ် ခရီးလမ်းကို တွေ့ရှိတော့၏။

ထို့နောက် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်၍ အရှေ့ အိန္ဒိယ ကျွန်းများဆီသို့ ရွက်လွှင့်ခဲ့သည်။ ကမ်းခြေကို လုံးဝ မမြင်ရပဲ ၆၀ ရက်ကြာမျှခရီးနှင်ပြီးနောက် ၁၅၇၉ ခုနှစ် နိုဝင်ဘာလတွင် မိုလပ်ကားကျွန်းစုသို့ ရောက်ရှိလေသည်။ ထိုမှတဖန် အိန္ဒိယ သမုဒ္ဒရာကိုဖြတ်ကာ ဂွတ်ဟုပ်အငူသို့ ရောက်ရှိလေသည်။

၁၅၈၀ ပြည့်နှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဖရန်စစ်ဒရိတ်သည် အင်္ဂလန်သို့ ချောမောစွာ ပြန်လည်ရောက်ရှိ၏။ အယ်လစ်ဇဗက် ဘုရင်မသည် "ရွှေသမင်မ" သင်္ဘော ပေါ်သို့ ကိုယ်တိုင် လာရောက် ပြီးလျှင် ဖရန်စစ်ဒရိတ်အား "ဆာ" ဘွဲ့ဖြင့် ချီးကျူးဂုဏ်ပြုလေသည်။ ဆာဖရန် စစ်ဒရိတ်သည် အမေရိကတိုက်သို့လည်း အကြိမ်များစွာ သွားရောက် ခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးလမ်းစကိုဖော်ပေးခဲ့ လေသည်။ ၁၅၉၆ ခုနှစ်တွင် အနောက်အိန္ဒိယ ကျွန်းစုသို့သင်္ဘောဖြင့်အသွား လမ်းခရီး၌ ဆာဖရန်စစ်ဒရိတ်မှာ ဝမ်းရောဂါဖြင့် ကွယ်လွန်သွားတော့သည်။

ဆာဖရန်စစ်ဒရိတ် အမြတ်တနိုးထားသော စည်တိုကို သင်္ဘောသားများက အင်္ဂလန်သို့ယူဆောင်လာကြပြီးပြတိုက်တွင် ပြသထား၏။ အင်္ဂလန်ပြည်တွင် ဘေးအန္တရာယ် တစုံတရာပေါ်ပေါက်သောအခါ ထိုစည်တိုသည် အလိုအလျောက်မြည်သည်ဟူ၍ အင်္ဂလိပ်ရိုးရာ ပုံပြင်များတွင် ရေးသားထားပေသည်။




ဦးကတုံ့



ထိုနေ့ည
ဝါး



အင်း - ဒီအိမ်မှာ ဝင်းထရံ ပျက်နေတယ်၊ ဒီအိမ်ကကြက်တွေဝင် ဆွဲမှကွ၊
ကတော် ကတော် ကတော်
ဒုန်း ဒုန်း

# ကျွန်းဟူသည်မှာ အဘယ်နည်း

ရေပတ်လည် ဝိုင်းရံလျက်ရှိသော ကျွန်းတကျွန်းကိုကြည့်ပါ။ ရေပြင်ပေါ်တွင် ပေါလော ပေါ်နေသည်ဟု ထင်မှတ်ရမည်။ သို့သော် ယင်းကျွန်းပေါ်သို့ သွားရောက်တူးကြည့်ပါက အောက်ခြေသို့ မရောက် နိုင်ကြောင်းကို တွေ့ရပေမည်။

အမှန်မူ ကျွန်းများသည်
ရေပြင်အဖုံးလွှမ်းခံနေရသော တောင်များပင် ဖြစ်သည်။
တောင်ထိပ်များ ရေပေါ်တွင် ပေါ်နေခြင်းမျှသာ ဖြစ်သည်။ ရေအောက်
တွင် လုံးလုံးမြုပ်နေသော တောင်များလည်း ရှိသေးသည်။ အချို့ကျွန်းများမှာ
ရေတက်လျှင် မြုပ်သွားပြီး ရေကျမှ ပြန်ပေါ်လာတတ်ပေသည်။
မည်သို့ဆိုစေ ကျွန်းများ အားလုံးသည် ကမ္ဘာ့
မြေမျက်နှာပြင်၏ တစိတ်တဒေသပင် ဖြစ်လေသည်။

ကြယ်ဖြူ



ဝါ၊ နီ၊ ပြာ ဆေးရောင်ခြယ်ပါ။



# အကျိုးဆောင် ကလေး

မြတ်ဓလေ

စာမေးပွဲများ စစ်ပြီး၍ နွေရာသီ ကျောင်းပိတ်သော အခါ မောင်သောင်းဦးသည် သူ၏ အဖိုး အဖွားများ ရှိရာ ဒေးဒရဲမြို့သို့ အလည်သွားလေသည်။ ဒေးဒရဲမြို့ကား တိုးမြစ်၏ ကမ်းနဖူးတွင်ရှိ၍ စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းပင်တို့ဖြင့် သာသာ ယာယာရှိ၏။ ထို့ကြောင့် မောင်သောင်းဦးသည် ဒေးဒရဲမြို့ရှိ သူ၏ အဖွားအိမ်တွင် ပျော်ရွှင်စွာနေ၏။

တနေ့တွင် သူတို့အိမ်အနီး၌ လူတွေဆူညံစွာ အော်ဟစ်ပြောဆိုနေသံ ကြားသဖြင့် မောင်သောင်းဦးသည် ကစားနေရာမှ ပြေးသွား၏။

သူ၏ ဦးလေးသံလုံး အရွယ်ခန့်ရှိသော လူငယ်တယောက်ကို လူအများက ဝိုင်းဝန်း ချုပ်နှောင်ထားသည်ကို တွေ့ရ၏။

"ခွေးရူးပြန်တာပါ"

"ဟုတ်ကဲ့လား၊ လူပြူစားတာများလား"

လူကြီးတွေ၏ ဝေဖန်ပြောဆိုသံကို ကြားရ၏။ ချုပ်နှောင်ထားခြင်း ခံရသော လူငယ်၏ ပါးစပ်မှလည်း အမြှုပ်တွေ ထွက်နေသည်ကို တွေ့ရ၏။

"ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ တလကျော်လောက်က ကျုပ်သားလေး ခွေး အကိုက်ခံရပါတယ်။ ခွေးရူးပြန်တာ ဖြစ်မှာဘဲရှင်၊ ဟီး....ဟီး...."

မိန်းမကြီးတဦးသည် ပြောပြောဆိုဆို ငိုနေ၏။ ထိုအခိုက် မောင်သောင်းဦး၏ အဖွား လိုက်လာကာ လက်ကိုဆွဲ၍ ခေါ်သွားလေသည်။

"ခွေးရူးပြန်နေတဲ့လူ့ အကိုက်ခံရယင် သွေးထဲက ရောဂါပိုးတွေ ကူးစက်ပြီး အကိုက်ခံရတဲ့လူပါ ခွေးရူးပြန်ရောက္ခဲ လူကလေးရဲ့။ ဒါကြောင့် သူ့အနား မသွားကြရဘူး။ ဝေးဝေးကနေရမယ်"

အဖွား လုပ် သူက မောင်သောင်းဦးအား ပြော၏။

"သူ့ကို ဆေးရုံမပို့ဘူးလား ဖွားဖွား"

"ဆေးရုံပို့ပေမဲ့ နောက်ကျပြီကွဲ့။ ဒီရောဂါမျိုးက မဖြစ်ခင်သာ ကြိုတင် ကာကွယ်လို့ရတာ။ ဖြစ်ပြီဆိုယင် ကုလို့ မလွယ်တော့ဘူး။ ဒီသူငယ်ဟာ အသက်ရှင်ရေး မလွယ်တော့ပါဘူးကွယ်"

အဖွားက စိတ်မကောင်းစွာဖြင့် ပြော၏။ မောင်သောင်းဦးသည် တွေး၍ စဉ်းစားပြီးနောက် ဤသို့မေး၏။

"ဒီရောဂါကို ဘယ်လိုကြိုတင်ကာကွယ်ရမလဲ ဖွားဖွား"

"တကယ်လို့ ခွေးကိုက်ခံရယင် ကိုက်တဲ့ခွေးဟာ ၁၀ ရက်အတွင်း ရူးမရူး စောင့်ကြည့်ရတယ်။ ခွေးရူးသွားတာကို တွေ့ရယင် ခွေးရူးရောဂါကု ဆေးရုံကို အမြန်ဆုံး သွားရမယ်။ ဆေးရုံက ခွေးရူးရောဂါ မပြန့်ပွားအောင် ဆေးထိုး ကုသပေးလိမ့်မယ်။ အဲဒီလို ဆေးထိုးမှ စိတ်ချရတယ်။ ပေါ့ပေါ့ ဆဆ

နေလိုက်ယင်တော့ စောစောက လူကလေးတွေတွဲသူငယ်လို ဒုက္ခရောက်မှာဘဲ”

မောင်သောင်းဦးသည် အဖွား ပြောစကားများကို သေချာစွာ မှတ်သားထားလေ၏။ ကျောင်းများ ဖွင့်ချိန်နီးသောအခါ မောင်သောင်းဦးသည် ရန်ကုန်သို့ ပြန်ခဲ့လေသည်။

တနေ့တွင် သူတို့အိမ်ဘေးမှ ပဲပြုတ်သည် ဒေါ်အေးကြီး ပဲရောင်းသွားစဉ် ခွေးကိုက်ခံရသည်ဟု မောင် သောင်း ဦး ကြားရ၏။

“ဘယ်ကခွေး ကိုက်တာလဲ ဒေါ်ကြီး”

မောင်သောင်းဦးက သွားမေး၏။

“လမ်းထိပ်ခြံကြီးနဲ့ အိမ်ကခွေးပေါ့”

“ပေါ့ပေါ့မနေနဲ့ ဒေါ်ကြီး၊ ခွေးရူးလား ခွေးကောင်းလား စောင့်ကြည့်အုံးနော်”

မောင်သောင်းဦးက လူကြီးလုပ် သတိပေးသည်။

“စောင့် မကြည့်နိုင်ပါဘူးကွယ်....။ စားဘို့သောက်ဘို့ ဈေးရောင်းရတာနဲ့ မအားပါဘူး”

ဒေါ်အေးကြီးသည် ခွေးကိုက်သော ဒဏ်ရာကလည်း မကြီးလှသဖြင့် ခပ်ပေါ့ပေါ့ပင် နေဟန်တူ၏။ သို့သော် မောင်သောင်းဦးသည် သတိထားကာ ခြံကြီးနှင့်အိမ်သို့ နေ့စဉ် သွားကြည့်၏။

ကြောက်စရာကောင်းသော ခွေးကြီးသည် ပါးစပ်ကြီးဖြဲကာ ခြံထဲ၌ လျှောက်နေသည်ကို တွေ့နေရသည်။ ၁၀ ရက်ခန့် ကြာသော အခါ ထိုခွေးကြီးကို သစ်ပင်တွင် သံကြိုးဖြင့် ချည်ခတ် ထားသည်ကို တွေ့ရ၏။ ခွေးကြီးပါးစပ်မှလည်းသွားရည်များကျကာ မျက်လုံးကြီးများ ပြူးကြောင်နေသည်ကို မောင်သောင်းဦးသည် အံ့ဩစွာ တွေ့ရလေသည်။

သူသည် အိမ်သို့ပြန်ပြေးလာကာ သူတွေ့မြင်ခဲ့ရပုံကို သူ့အမေနှင့် ဒေါ်အေးကြီးကို အမြန်ပြောပြ၏။ မောင်သောင်းဦးအမေသည် ဒေါ်အေးကြီးအား ခွေးရူးရောဂါကု ဆေးရုံသို့ ချက်ချင်း ခေါ်ဆောင် သွားလေသည်။

“ဆရာဝန်က ပြောတယ်၊ အချိန်မီ ရောက်လာတာဘဲတဲ့။ နောက်တပတ် နှစ်ပတ်ကြာယင် ကုသဘို့ မလွယ်တော့ဘူးတဲ့။ ခုတော့ ဆေး ၁၄ ရက် ထိုးပြီးယင် စိတ်ချရပါပြီတဲ့။ ငါ့မြေးကလေး ကျေး ဇူး ကြီး ပါ ဘိကွယ်....”

ဆေးရုံမှ ပြန် လာ သော ဒေါ် အေး ကြီး သည် မောင်သောင်းဦးအား ပွေ့ဖက်နမ်းရှုပ်ရင်း ပြောနေလေ၏။

# လွတ်လပ်ရေးနေ့

ထောင့်ကိုးရာ လေးဆယ့်ရှစ်၊
ထွန်းသစ်ခဲ့ ဒို့ပြည်ဗွင်။

ဇန်နဝါ (၄)ရက်နေ့၊
လန်းပေ့ဂုဏ်အင်။

လေးနာရီတွင်၊
မိနစ်လျှင် နှစ်ဆယ်စွန်း။

လွတ်လပ်ချိန် သက္ကရာဇ်ကို၊
ထိုးရစ်မော်ကွန်း။

ထိုးရစ်တဲ့ မော်ကွန်းတိုင်၊
ကြိုးနိုင်မှုခိုင်။

လက်ချင်းရယ်ဆိုင်၊
ပြိုင်ပြိုင်ပါမှ။

စိတ်ချင်းရယ်နိုင်၊
မြိုင်မြိုင်ပါမှ။

သည်မှတ်တိုင် ကမ္ဘာတရိုးမှာ၊
တိုးမြင့်ဂုဏ်ကြွ။ ။

စန္ဒာမြင့်



R. 517



# တိုက်ပန်း

နွယ်ပန်းပင်ဖြစ်သော တိုက်ပန်းသည် ယခုအခါ ခေတ်တိမ်နေရှာသည်။ ခေတ်စားခဲ့သော အချိန်က မြို့ကြီး ပြကြီး များရှိ နေအိမ် တိုက်တာ အဆောက် အအုံများ၏ ဆင်ဝင်ဆောင်များ၊ ပန် ့ခင်များတွင် ထည်ထည်ဝင့်ဝင့် ရှိခဲ့ဘူးလေသည်။ ခုအခါတွင် မူ အချို့ ခြံစည်းရိုးများတွင် အလေ့ ပင် ကဲ့သို့ ဖရို ဖရဲ ပေါက်ရောက်နေရရှာလေ

စင်စစ် တိုက်ပန်းပွင့်ကလေး ဖူးပွင့်ပုံသည် လှပ ယဉ်ကျေးသည်။ အပွင့်များ သေးငယ်၍ ပွင့်တံတလျှောက် ကြီးစဉ်ငယ်လိုက် အစီအရီ ထွက် သဖြင့် အရင်းကြီး၍ အဖျားရှူးသော ပန်းခက်က လေးများ ဖြစ်သည်။ အလယ်တွင် အဝါ ရောင် ဝတ်ဆံ ပါသော အပွင့်များသည် ပွင့်အာနေသည့်အခါ ကလေးများ သဖွယ် ဖြစ်သည်။ ပန်းခိုင်အနွယ်တခုတွင် ပန်းခက်ကလေး အ တော်များများပါသည်။ ပန်းခက်များ၏ထိပ်တွင် သုံးခွခွ၍ ထွက် သော နွယ်နှာမောင်းကလေးများရှိ၍ ယင်းတို့အားဖြင့် ပန်းခိုင်နွယ် သည် အခြားအရာများကို မှီတွယ်လေသည်။ တိုက်ပန်းမှာ အဖြူ၊ ပန်းနုနှင့် ပန်းရင့်ရောင်ရှိသည်။ အနီရင့်ရောင် တိုက်ပန်းမျိုး ရှိခဲ့သော် လည်း အလွန်ရှားပါးလေသည်။

## ခိုင်ပန်းစုံ



မြန်မာနိုင်ငံတွင် တိုက်ပန်း များများ ပွင့်ချိန်မှာ ဆောင်းရာသီ ဖြစ်သည်။ ဇာတိ ဒေသ ဖြစ်သော တောင် အမေရိကတိုက်တွင်မူ တနှစ် နှစ်ကြိမ် ပွင့် သည်။ ဆောင်းရာသီတွင် အများဆုံး၊ အကြာဆုံး ပွင့်၍ မိုးအခါတွင် အနည်းအကျဉ်း ပွင့်သေးသည်။

တိုက်ပန်းသည် နှစ်ရှည်ခံ အပင်မျိုး ဖြစ်သော်လည်း နွေအခါတွင် အရွက်များ ကြွေသည်။ မိုးကျလာလျှင် အရွက်များဖြင့် ပြန်၍ ဝေစီလာပြန်သည်။ အရွက်များသည် ညောင်ရွက်နှင့် ဆင်ဆင်တူသည်။ သို့သော် ပို၍ ပါးလှပ်ပြီးလျှင် အကြောများ ရှက်သန်းကာ လှိုင်းတွက်ထလျက် ဖောင်းကြွနေသည်။ အသီးမှာ အခွံမာ၍ အတောင်ကလေးများလိုလို ပါရှိသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ-၄။ အမှတ်-၂။

# ရွှေသွေး ဂျာနယ်

## တာရာသုကြီး နှင့် မင်းသား

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-တင့်ထားဆွေ

၁၃၃၃ ... သိုလဆုတ် ၈ ရက်(၈-၁-၇၂)




တခါက ဒေဝသာဂရ ပြည့်ရှင်မင်းကြီးတွင် ထီးနန်းဆက်ခံရမည့် အိမ်ရှေ့စံ မင်းသား သားတော် ဒေဝသူရာဆိုသူ ရှိလေသည်။ မင်းကြီးသည် သားတော်ကို အလွန်မြတ်နိုးလေသည်။




သို့သော် သားတော်သည် အိမ်ရှေ့မင်း၏ ရာဇဂုဏ်ကိုမျှ မစောင့်ထိန်းပဲ မကောင်းမှု ဒုစရိုက်များကို ကိုယ်ရံတော် အဖော်အပေါင်းများနှင့် အတူပြုလုပ်လျက်ရှိ လေသည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


ဒို့ အလုပ်ကို ဝင်ရှုပ်ဦး - မှတ်ပြီလား
လူပျိုတော်သား မှန်းမသိ ဘာမသိနဲ့
ကျုပ်တို့ဘာလုပ် လုပ်-ခင်ဗျား အပူလား
မင်းသားက မကောင်းသဖြင့် တပည့် လူပျိုတော် သားများလည်း ရမ်းကားကြတော့သည်။
××× တမင် သက်သက် အိမ်ထဲဝင်၍ ဖျက်ဆီး စော်ကား ကြောင်း ပါဘုရား
အိမ်း - ကျွတ် . ကျွတ် တရားမဲ့ ကြလှချေ ကလား
အမှုထမ်းတို့ စော်ကားသူများ ကို-ထောင်သွင်း အကျဉ်းထား စေ
ရွာသူကြီးက မခံနိုင်၍ တရားရုံးတော်သို့ ဦးတိုက် လျှောက်ထားလေသော်—
ဘို- တရားသူကြီး - ကျုပ်လူများကို ယခုပင် လွှတ်လော့၊ ထောင်ဆိုတာ မင်းသား၏ အမျိုး တွေ ရှိ နေရာ မဟုတ်
တပည့်များ အကြောင်းကို မင်းသား ကြား သောအခါ တရားရုံးတော်သို့ လိုက်လာ ပြီး —
အရှင် မင်းသား - အကျဉ်းထောင်သည် - မင်းသား၏ တပည့်များ အတွက် မဟုတ် သော်လည်း - အပြစ်ရှိသူများ အတွက် ဖြစ်တော့သည် ။ သို့သော် ထိုသူများ မှာ အပြစ် တကယ်ပင် ရှိ၍ တရား မှန်ကန် စွာ ဆုံးဖြတ်ရသော တရားသူကြီး၏ တာဝန် အရ ပြုလုပ်ရသဖြင့် မလွှတ်နိုင် ကြောင်း ပါ...
အမယ်.....တောက်။ အိမ်ရှေ့စံ မင်းသား ကိုတောင် အာခံ ဖီဆန်တာ - ကဲ ဟာ
ဒုပ်
အင်း...ကျွတ်-ကျွတ်။ ရက်စက်ကောင်းလိုက် တာ။ မင်းသား တန်မဲ့ -ရိုင်းလှတယ်၊ တရား ဥပဒေကို စော်ကား တာဘဲ
အမှုထမ်းတို့..... ကျွန် မင်းသားကို ဖမ်းဆီး၍ - သူ့ တပည့်များနှင့်အတူ ထောင်သွင်း အကျဉ်း ထားလော့ - တရားရုံး အမိန့်တော်.....


အသင်မင်းသား - သင်သည် တရားသူကြီး တယောက်ကို ကိုယ်ထိ လက်ရောက် စော်ကား၊ သည်သာမက - တရားဥပဒေ ကိုပင် ကျူးလွန်တော့သည် တကား၊၊ တနေ့ - ဘုရင်ဖြစ်လျှင် တရားဥပဒေ ကို ဂရုသေလေးစား လိုက်နာခြင်း မရှိပါက - ပြည်သူတို့က လိုက်နာကြပါမည်လော - ခေါင်က မိုးမလုံပါက အသင်မည်သို့ အုပ်ချုပ်နိုင်ပါ အံ့နည်း
တရားသူကြီးသည် ဒဏ်ရာကိုလက်ဖြင့်စမ်းရင်းပြောဆိုပြီးနောက် ရုံးတော်မှ ထွက်သွားလေ၏။
ကိုယ်တော်လေး ခမျာ အတော် - ထိခိုက်သွားရှာမှာ
တရားသူကြီးတော့ ရာထူးဘဲပြုတ်မလား
ထောင်ဘဲ ကျမလား
ကျနော်မျိုးတော့ မကျေဘူး ဘုရား
ဘယ့်နဲ့ဗျာ ...... အိမ်ရှေ့စံမင်းသားကို အကျဉ်းထားသတဲ့ ....
ရိုင်းလိုက်တာ
ကိုယ်တော်လေး အတွက် ဆိုယင် အသက်ပါ-လဲရဲပါတယ်
ရဲဘော်တို့ - ကိုယ်တော်လေးတော့ နန်းတက်ပြီဗျ - ကျုပ်တို့ခေတ် ရောက်ပြီပေါ့ဗျာ။ လူစုံယင် အစားဝင်ကြပါရိုလား -
ဟားဟား
မင်းသားကိုပါ ထောင်ချတဲ့ တရားသူကြီး ဆိုတာကို ဂလဲ့စားချေကြဦးလား ဟားဟား
ဘာရာထူးတွေ တောင်းယင် ကောင်းမလဲ၊
အဲ - အဲဒီလူကြီးကို အရေးယူဖို့ တိုက်တွန်းကြရိုလား
နောင်တချိန်တွင် ဘုရင်ကြီး နတ်ရွာစံသဖြင့်သားတော် ဒေဝသူရာ နန်းတက်လျှင် တပည့်များမှာ အပျော်ကြီး ပျော်လျက် ရှိကြ၏။ သို့သော် -





လူပျိုတော်သားတို့ ခစားလေသော်—

မကြာမီ—

တရားသူကြီးက ယခင်အတိုင်း သတ္တိရှိရှိ လျှောက်တင်ပြီးသောအခါ—


စေတနာ
နှင့် လုပ်ရပ်
ကိုတွတ်သည် ခိုကလေးများကို သနားသဖြင့် နံနက်တိုင်း စောစော ထ၍ အစားကျွေးလေ့ရှိ၏။
ကိုတွတ်သည် စိတ်ကူးရသလို သစ်တို သစ်စ များဖြင့် ခိုအိမ်က လေး တလုံး တည်ဆောက် နေစဉ်–
အင်း-ခိုကလေးတွေနေဘို့ ခိုအိမ်လေးတလုံး ဆောက်ပေးရယင် ကောင်းမှာဘဲ
ဟေ့-သား ဘာတွေများ-အကြံ အိုက်နေတာလဲ
ဟို-သား-သားလေ ခိုလေးတွေ နေဘို့ အိမ်ဆောက်ပေး ရယင် ကောင်းမလားလို့
အော်
ဦးကျွဘဲ- ခိုအိမ် လုပ်ဘို့-ဖေဖေ့ဆီ တောင် ခွင့်မတောင်း ရသေးဘူး-ငါ့များ ဆူနေအုံးမလားဘဲ
ဟော် ဒါလား နေအုံး နေအုံး




ဖေဖေက ကိုတွတ်အား လှပသောခိုအိမ်ကလေး တလုံး တည်ဆောက်ပေး၏။ နောက်တနေ့တွင် ကိုတွတ်၏ သူငယ်ချင်းများသည် ခိုအိမ်ကလေး ကိုလာကြည့်ရင်း အားကျနေကြသည်။










ဟေ့-ဒီ စာကလေးတွေ ဝယ်လို့ ဘာလုပ်မလဲ- ဦးခေါ်မှာ ဦးလေးတွေရှိတယ် သိပ်လှတာဘဲ
အေး-မင်းတို့ လိုချင်ယင် -တကောင် တမတ်ပေးမလား
ပေးမယ် မနက်ဖြန် ယူခဲ့
ဘယ်ဆိုး လိုလဲ
ဖိုးတူး၏ စကားကို နားယောင်မိသော ကိုတွတ်သည် ညဖက် ဒိုကလေးများ အိပ်ချိန်တွင် ဖိုးတူးနှင့် နှစ်ယောက်သား ဒိုကလေးများကို တက်ရှိုက်ကြ၏။
ဗျူး-မြန်မြန် လုပ်ဟေ့ ဖေဖေတို့ သိသွားအုံးမယ်
အာမလေး ဦးက- အာသံ မကျယ်ပါဘူး
နောက်တနေ့တွင်-
ရော့-တကောင် တမတ်နော်- လွှတ်သွားယင်- တာဝန်မယူဘူး
သူတို့သည် ရသောပိုက်ဆံဖြင့် မုန့်ဝယ်စားကြ၏။
ကိုတွတ်တို့ ကျောင်းမှ ပြန်လာသောအခါ-
ဟိုက်
ဦးအိမ်လေး ဘယ်သူ ဖျက်သွားပါလိမ့်
မင်း အဖေလေ
ဟာ ဖေဖေကလဲ ဆောက်တုန်းက တော့ ဆောက်ပေးပြီး- ခုတော့
ပြေးကုန်ကြတာပေါ့
ဟဲ့ ဒါကို သားရဲ့ ဖေဖေ သိသွားပြီး-ခုလို ဖျက်လိုက်တာဘဲ

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်



## မန်ဂိုပတ်

မန်ဂိုပတ်သည် စကော့အမျိုးသားဆရာဝန်တဦးဖြစ်၍ ၁၇၇၁ ခုနှစ်တွင် ဖွားမြင်သည်။ သူသည် အာဖရိကတိုက်ရှိ နိုင်ဂျာမြစ်ကို ရှာဖွေတွေ့ရှိခဲ့သော စွန့်စားသူတယောက်ဖြစ်၏။

ထိုခေတ် ထိုအခါက ဥရောပတိုက်သားတို့သည် နိုင်ဂျာမြစ် အကြောင်းကို ဘာမျှမသိကြသေးပေ။ နိုင်ဂျာမြစ်သည် တင်ဘတ်တူမြို့အနီးမှ ဖြတ်ကျော်၍ စီးဆင်း သွားကြောင်းကိုသာ သိရှိကြ၏။ နိုင်ဂျာမြစ် မည်သည့် ဒေသမှစ၍မည်သည့်ဒေသသို့စီးဝင်သည်၊ မိုင်မည်မျှ ရှည်လျားသည် စသည်တို့ကို လုံးဝမသိကြသေးပေ။ မြင်လည်းမမြင်ဘူးကြသေးပေ။

၁၇၉၅ ခုနှစ်တွင် လန်ဒန်မြို့ရှိ အာဖရိကတိုက်ဆိုင်ရာ အသင်းက နိုင်ဂျာမြစ်အကြောင်းကို လေ့လာ စူးစမ်းရန် အတွက် မန်ဂိုပတ်ကိုစေလွှတ်ရန် ဆုံးဖြတ် လိုက်သည်။ ထိုစဉ်က မန်ဂိုပတ်မှာ အသက် ၂၄ နှစ်သာ ရှိသေး၏။ သို့သော် သူသည် အာဖရိကသို့ သွားရန် ရဲဝံ့စွာ ဆုံးဖြတ်လိုက်လေသည်။

မန်ဂိုပတ်သည် ဂမ်ဗီယာ မြစ်ဝမှ အစပြု၍ မြင်းဖြင့် ခရီးနှင်ခဲ့လေသည်။ သူ့တွင် အဖော်အဖြစ် အာဖရိကန်လူမျိုး ခြောက်ယောက် ပါလေသည်။

မိုင် ၂၀၀ ခန့်ခရီးပေါက်သောအခါ ဗြိတိသျှကုန်သည်စခန်းတခုသို့ ရောက်ရှိ၏။ အာဖရိက ဘာသာစကားကိုသင်ယူရန်အတွက် မန်ဂိုပတ်သည် ထိုစခန်းတွင် လအတော်ကြာနေထိုင်ခဲ့ပေသည်။ ထိုနောက်အမည်မသိသော သဲကန္တာရများကိုဖြတ်ကာ ခရီးဆက်ရ၏။



လမ်းခရီးတွင် မန်ဂိုပတ်ကို ကျွန်ကုန်သည်ဟု ထင်မှတ်ကာ အာဖရိကန်တို့က ရန်ရှာဖမ်းဆီး ကြသေးသည်။ အကျိုး အကြောင်းသိမှ ပြန်လွှတ်လိုက်ကြသည်။ နောက်ဆုံးတွင် မန်ဂိုပတ်သည် ဆီဂူးမြို့သို့ရောက်ရှိပြီး နိုင်ဂျာမြစ်ကို တွေ့ရတော့သည်။ နိုင်ဂျာသည် ရေတိမ်ပြီး ရေစီးလည်းသန်သဖြင့် လှေစီးရန်မဖြစ်



သောကြောင့် မန်ဂိုပတ်သည် မြင်းဖြင့်ပင်ခရီးဆက်ခဲ့ရ၏။ မိုင် ၈၀ ခန့် ခရီးအရောက်တွင် မြင်းသေဆုံးသွားသဖြင့် ခရီး ဆက်ရန်မဖြစ်တော့ပဲ ဗြိတိသျှကုန်သည် စခန်းသို့ ပြန်လာ ခဲ့ရလေသည်။ ထိုနောက် စကော့တလန်သို့ပြန်သွားတော့သည်။


၁၈၀၃ ခုနှစ်တွင် မန်ဂိုပတ်သည် အဖွဲ့တဖွဲ့ကို ခေါင်းဆောင်ကာ နိုင်ဂျာမြစ်လှေ့လာရေး ခရီးထွက်ခဲ့ပြန်သည်။ ထိုအဖွဲ့တွင် စစ်သားနှင့် လက်သမား ၄၅ ယောက် ပါဝင်၏။ ၁၈၀၅ ခုနှစ်တွင် အာဖရိကတိုက်သို့ ရောက်ရှိပြီး ဂမ်ဗီယာမှတဆင့် ခရီးဆက်ခဲ့ကြလေသည်။

ရာသီဥတု ဆိုးဝါးခြင်း၊ အာဖရိကန်တို့ ချောင်းမြောင်း တိုက်ခိုက်ခြင်း စသည့် အန္တရာယ်များကြောင့် သုံးလအတွင်း အဖွဲ့သားအားလုံးနီးပါး သေဆုံးကုန်ကြလေသည်။ မန်ဂိုပတ်မှာ စိတ်မပျက်ပဲ နှစ်စင်းတွဲ လှေတစင်း ဆောက်လုပ်ကာ ကျန်ရှိသော အဖွဲ့သား လေးဦးနှင့် အတူ နိုင်ဂျာမြစ်တွင်း စုန်ဆင်းခဲ့ကြသည်။

မိုင် ၈၀၀ ခန့် အရောက်တွင် အလွန် လျင်မြန်သော ရေစီးကြောင်းများနှင့် ရင်ဆိုင်တွေ့ကြုံရပြီး မန်ဂိုပတ်၏လှေသည် ကျောက်ဆောင်များပေါ်တွင် တင်နေတော့သည်။ ထိုအခိုက် ကမ်းပေါ်တွင် အာဖရိကန် လူရိုင်းများ ရောက်ရှိလာပြီး မန်ဂိုပတ်တို့ လူစုကို လှံများ၊ မြှားများဖြင့် ပစ်ခတ် ရန်မူကြ၏။ မန်ဂိုပတ်က သူ့လူများကို ရေထဲခုန်ချပြီး ကမ်းဆီသို့ ကူးပြေးရန် အမိန့်ပေးပြီး ရေထဲသို့ ခုန်ချကြလေသည်။ သို့သော် အကြံမအောင်မြင်ပဲ ဝဲအတွင်း ကျရောက်ကာ နစ်မြုပ် သေဆုံးကြရတော့သည်။

ဤအဖြစ်အပျက်သည်ကား အခြား လူများ နိုင်ဂျာမြစ် အကြောင်းကို မသိရှိမီ နှစ်ပေါင်းများစွာက နိုင်ဂျာမြစ်ကို စွန့်စွန့်စားစား ရှာဖွေတွေ့ရှိခဲ့သော စကော့လူမျိုး လူငယ် ဆရာဝန် တယောက်၏ ဇာတ်လမ်းပင် ဖြစ်၏။

ယခုအခါ မန်ဂိုပတ် အသက်ထင်ရှား မရှိတော့သော်လည်း သူ၏ နာမည်ကား ထင်ရှား လျက်ပင် ရှိနေပေသည်။




ရှေး တုန်း က ဥယျာဉ် ခြံမြေ တခု ဝယ် ပြီး ရိုး သား စွာ လုပ် ကိုင် စား သောက် လျက် ရှိ သောလယ်သမား တယောက် ရှိ၏။ တ နေ့ တွင် သူ သည် မြေကြီးကို တူးဆွလျက်ရှိစဉ်-
ဟာ ရွှေအိုးကြီး ပါလား
ရွှေနှင့် ကျောက်မျက် ရတနာများ ပါရှိသော မြေအိုးတလုံးကို တွေ့ရှိလေသည်။
သူသည် သိမ်းဆည်းထားမည် ဆိုပါက ဖြစ်နိုင်သော်လည်း ခြံမြေကိုသာ ဝယ်ယူခြင်း ဖြစ်သည်။
ထိုရတနာများကို ဝယ်ယူခြင်း မဟုတ် ဟု ရိုးသားစွာ တွေးမိပြီးလျှင် –
ရတနာအိုးကို မြေရှင်ထံ သွားပို့ရန် ထွက်ခဲ့လေသည်။
မြေရှင်ထံ ရောက်သော် – – –
ဒီမှာမိတ်ဆွေ ခင်ဗျားဆီက
ကျုပ်ဝယ်လိုက်တဲ့ မြေကွက်ထဲမှာ ဒီအိုး ကိုတွေ့ခဲ့တယ်-


ရတနာအိုးကို လှမ်း၍ပေးလိုက်သည်။
မြေရှင်ကလည်း —
အလွန်ရိုးသားသူပြီပြီ ငြင်းဆိုလိုက်သည်။


ဤသတင်းကို ကြားရသူတိုင်းက ချီးကျူးကြ၏။
အော်
မည်သူပိုင်ထိုက်သည်ကိုမှု မဆုံးဖြတ်တတ်ချေ။
နောက်ဆုံး ဘုရင်ထံ ရောက်လာကြလေသည်။
ဘုရင်လည်း ဆုံးဖြတ်ရန် အခက်တွေ့နေ၏။
အိမ်း ဟုတ်ပြီ
မြေရောင်းသူတွင် သမီးတယောက်ရှိ၍ မြေဝယ်သူတွင် သားတယောက်ရှိကြောင်းသိရသော် –
ဘုရင်၏ အဆုံးအဖြတ်ကြောင့် သားနှင့် သမီး ကို လက်ထပ်ပေးပြီးနောက် –
နှစ်ဖက် မိဘနှင့် သားသမီးများ အတူတကွ ပျော်ရွှင်စွာ နေထိုင်သွားကြလေသတည်း။


# အေးသော ဆောင်းနေ့ နံနက်တွင် အဘယ်ကြောင့် အသက်ရှူထုတ်လိုက်သော လေကို မြင်တွေ့ရသနည်း



အေးသော ဆောင်းနေ့ နံနက်တွင်သင်တို့ကျွန်ုပ်တို့ အသက်ရှူထုတ်လိုက်သော အခါ ရှူထုတ်သောလေကို အဖြူရောင် မြူငွေ့များသဖွယ် မြင်တွေ့ကြရသည်။ ပူသော နေ့များတွင်မူ ထိုကဲ့သို့ မမြင်တွေ့ရပေ။

အဆုတ်မှ ရှူထုတ်လိုက်သော လေသည် နွေးလျက်ရှိ၍ ထိုလေထဲတွင် ရေခိုးရေငွေ့များ ပါလာမြဲ ဖြစ်သည်။ နွေရာသီ၏ ပူသော နေ့များတွင် အပြင်ဖက်ရှိ လေသည်လည်း နွေးလျက်ရှိသည်။ ထို့ကြောင့် ရှူထုတ်လိုက်သော လေနှင့် နွေးနေသော လေထုတို့ ရောနှောသွားပြီး ရေခိုး ရေငွေ့များမှာ အခိုးအငွေ့ အတိုင်းရှိနေသဖြင့် ရှူထုတ်လိုက်သော လေကို မမြင်ရခြင်း ဖြစ်သည်။ သို့သော် ဆောင်းဥတု၏ အေးသော နေ့များတွင်ကား ထိုသို့မဟုတ်ပေ။ ရှူထုတ်လိုက်သော လေထဲမှ ရေခိုးရေငွေ့များသည် အပြင်ဖက်ရှိ အေးနေသောလေထုနှင့် တွေ့ဆုံသောအခါ သေးငယ်သော ရေစက် ရေမှုန် ကလေးများ အဖြစ်သို့ ပြောင်းသွားလေသည်။ ထို့ကြောင့် ရှူထုတ်လိုက်သော လေကို မြူငွေ့သဖွယ်မြင်တွေ့ရခြင်း ဖြစ်ပေသည်။

ကြယ်ဖြူ



# ဖေဖေနှင့် ဦးလေး

မောင်နိုင်း



"ကျော်ကြီးရေ"

ခေါ်သံကြား၍ ကျွန်တော် ဝမ်းသာသွားပါသည်။ ဦးလေး ခေါ်လျှင် စားကောင်းသောက် ဖွယ် တခုခု စားရတော့မည်ကို ကျွန်တော် အတတ် သိနေပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဦးလေးတို့ အိမ်ဖက်သို့ ခပ်မြန်မြန်လေး သွားပါသည်။ ကျွန်တော်ထင်သည့်အတိုင်း မှန်နေပါသည်။ ထမင်း စားပွဲပေါ်တွင် ခေါက်ဆွဲ သုံးပွဲ ပြင်ထားသည်ကို တွေ့ရပါသည်။

ဦးလေး က "ကျော်ကြီး စား" ဟု ပြောပြီး ကျွန်တော့် ရှေ့သို့ ခေါက်ဆွဲတပန်းကန် ထိုးပေးပါသည်။ ဦးလေး၏သားနှင့် သမီးဖြစ်ကြသော ကျော်ကျော်နှင့် နီနီက ကျန်နှစ်ပွဲကို ခေါင်းမဖော်ဘဲ စားနေ ကြပါသည်။ ကျွန်တော်တို့ စားနေစဉ် ဦးလေးနှင့် ဒေါ်လေးက တိုးတိုးတိုးတိုးနှင့် တစုံတရာ တိုင်ပင်နေကြပါသည်။

ကျွန်တော် အိမ်သို့ ပြန်ရောက်သော အခါ အမေနှင့် အဖေ ထမင်း စားနေသည်ကို တွေ့ရပါသည်။ အမေက ကျွန်တော့်ကို ထမင်းစား ခေါ်ရာ –

"ကျွန်တော် ဦးလေးတို့အိမ်က ခေါက်ဆွဲ စားခဲ့ပြီအမေ" ဟု ခပ်ကြွားကြွား ပြန်ပြောလိုက်ပါသည်။ ပြီးနောက် အမေတို့ ထမင်းဝိုင်းကို မျက်စိတချက် ဝှေ့ကြည့်လိုက်ပါသည်။ အမေတို့ ထမင်းဝိုင်းမှာ ထုံးစံအတိုင်း ဟင်းမကောင်းပါ။ အာလူးကြော်နှင့် ချဉ်ရည်ဟင်း ဖြစ်ပါသည်။

ဦးလေးသာကျွန်တော့်အဖေဖြစ်လျှင် ဘယ်လောက်ကောင်းမလဲဟု ကျွန်တော် တွေးနေမိပါသည်။ ဦးလေးသာ ကျွန်တော့်အဖေဖြစ်လျှင် ကျွန်တော်လည်း ကျော်ကျော်နှင့် နီနီ တို့ကဲ့သို့ အဝတ် သစ်သစ် လှလှကလေးများ ခဏခဏဝတ်ရမည်။ အစားကောင်းလည်း နေ့တိုင်း စားရပါမည်။

ဦးလေးသည် ကျွန်တော်တို့နှင့် ဆွေမျိုးမတော်ပါ။ ကျွန်တော်တို့ ခေါင်းရင်းအိမ်က အိမ်နီးနားချင်း ဖြစ်ပါသည်။ ကျော်ကျော်နှင့် နီနီက ကျွန်တော်နှင့် ကျောင်းနေဖက် ဖြစ်သဖြင့် ဦးလေးတို့က ကျွန်တော်ကို ခင်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ဦးလေးကို အထင် ကြီးပါသည်။ ဦးလေး ဘာလုပ်သည်ကို တော့ မသိပါ။ သို့သော် ဦးလေးသည် အလွန် ဂိုက်ကောင်းပါသည်။ အမြဲ ဘောင်းဘီဝတ်ပြီး၊ လမ်းထွက်လျှင် နေကာမျက်မှန် တတ်လေ့ရှိပါသည်။ အင်္ကျီဆိုလျှင်လည်း အကောင်းစားမှ ဝတ်လေ့ရှိပါသည်။ ဦးလေး၏ မိတ်ဆွေများကလည်း အိမ်သို့ ကားနှင့် မကြာမကြာ လာတတ်ပါသည်။

အဖေနှင့် အလွန် ကွာပါသည်။ အဖေကား အမြဲတိုက်ပုံ အင်္ကျီကိုပဲ ဝတ်လေ့ရှိပါသည်။

ကျွန်တော့်ကိုလည်း ကျောင်းလုံချည် အစိမ်းသား ဝတ်ခိုင်းပါသည်။ အဖေရသော လခကို ကျွန်တော်မသိပါ။ သို့သော် အနည်းငယ်သာ ရသည်ကိုတော့ ကျွန်တော် ရိပ်မိပါသည်။

ကျွန်တော်သည် အဖေ့ဘဝကို မကျေမနပ် ဖြစ်နေမိပါသည်။ ထို့ကြောင့် အဖေ့ကို စိတ်ထဲတွင် ရှိသမျှ ဖွင့်ပြောလိုက်မိပါသည်။

"အဖေရာ – ဦးလေးတို့လို ဖြစ်အောင် လုပ်စမ်းပါ"

အဖေက ကျွန်တော့်ကို ကြည့်ပြီးပြုံးနေပါသည်။

"ငါ့သား – သူများ တွေကို ကြည့်ပြီးအားမကျနဲ့။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်ဆိုတဲ့ မင်းတို့ကျောင်းမှာ သင်ရတဲ့ ကျောင်းကောင်စီ သီချင်းကလေးလိုပေါ့။ လူဆိုတာ မိမိမှာရှိတာနဲ့ ရောင့်ရဲပြီး မိမိကိုယ်၊ မိမိတိုင်းပြည်၊ မိမိလူမျိုး အတွက် ကောင်းအောင် ကြိုးစားရမယ်။ ကူညီရမယ်။ အဖေတို့က ထမင်းငတ်နေတာမှ မဟုတ်ဘဲ။ တော်ပြီပေါ့ကွာ။ အဖေတို့ဟာ လူဆင်းရဲပေမဲ့ စိတ်ကတော့ အမြဲ ချမ်းသာပါတယ်"

ဦးလေး ခရီးထွက်သွားပြန်ပါသည်။ ဦးလေးသည် မကြာမကြာ ခရီးထွက်တတ်ပါသည်။ တခါတရံ တပတ်လောက်ကြာသည်။ တခါတရံလည်း တလလောက် ကြာတတ်ပါသည်။ ဘာပဲဖြစ်ဖြစ် ဦးလေးပြန်လာလျှင်တော့ အစားကောင်း တခုခု စားရအုံးမည်။ ထို့ကြောင့် ဦးလေး အလာကိုသာ ကျွန်တော် မျှော်နေမိပါသည်။

တနေ့တွင် ဦးလေးတို့အိမ်ရှေ့သို့ ကားတစီး ထိုးဆိုက်လာပါသည်။ ကားပေါ်မှ ရဲတွေဆင်းသွား သည်ကို လှမ်းမြင်လိုက်ရပါသည်။ ဦးလေး၏ မိတ်ဆွေများပင် ဖြစ်ပါလိမ့်မည်။

နောက်တနေ့ မနက်တွင် အဖေသည် သတင်းစာကိုင်၍ –

"ဟော့- ကိုမြမောင် အဖမ်းခံရတယ်ကွ" ဟု အမေ့ကို လှမ်းပြောလိုက်ပါသည်။ ကျွန်တော်သည် အဖေ့အနီးသို့ ပြေးသွားမိပါသည်။ သတင်းစာထဲတွင် လက်ထိပ် ခတ်ထားသော ဦးလေး၏ပုံကိုတွေ့လိုက်ရပါသည်။ "စုံထောက် ယောင် ဆောင်၍ မှောင်ခိုကုန်ကူးခြင်း" ဟူသော စာလုံး မည်းကြီးဖြင့် ဖော်ပြထားသော သတင်းကိုလည်းတွေ့လိုက်ရပါသည်။

ကျွန်တော် အလွန် အံ့သြသွားပါသည်။ ဦးလေးကို အထင်မကြီးရဲတော့ပါ။ သူ့ဘဝကိုလည်း အားမကျဝံ့တော့ပါ။

ကျွန်တော် ယခုမှ အဖေ့ကို အထင်သေးမိသည်ကို နောင်တကြီးစွာရမိပါသည်။ နောင်တွင် အဖေ ရိုးရိုးသားသား ရှာကျွေးသော ထမင်းကိုသာ မြိန်ရှက်စွာ စားသောက် ပါတော့မည်။

## တို့အလံနှင့် တို့စိတ်ဓာတ်

အပြာမှာ ကြယ်ဖြူဆင့်လို့
ကြယ်ငါးပွင့် ဘေးကရံ၊
အနီရောင် အောက်ခံထား
ကြွားဝင့်ဝင့်ပျံ။

ပြည်ထောင်စု တို့အလံ
နိုင်ငံ၏ အင်အား၊
စည်းလုံးညီ သတ္တိဇွဲ
ရဲရင့်စိတ်ထား။ ။

တို့ပြည်ကို စော်ကားလို့
ထိပါးဘို့ တမင်ကြံ၊
တို့နိုင်ငံ လွတ်လပ်ရေး
သွေးဖြင့် ခုခံ။

လှေခွက်ချည်း ထီးတည်းကျန်
အလံတော့ မလှဲ၊
ကျူးကျော်သူ နယ်ချဲ့မိုက်ကို
တိုက်ခိုက်မည်ပဲ။ ။

တောသားကြီး မြသိန်းအောင်



R. 517

# တရုပ်စံကားပန်း



ပင်လုံးကျွတ် ဖူးပွင့်တတ်၍ သင်းပြန့်သော ရနံ့ ရှိသည်။ ပွင့်ချပ်ထူထူ ငါးခုသည် တခုနှင့် တခု ထပ်၍ ခရုပတ်လိမ်သကဲ့သို့ ဖြစ်နေသည်။ ပွင့်ချပ်၏ အတွင်းဖက်သည် အဖြူရောင် များသော်လည်း အပြင်ဖက်မှာ ပန်းရောင် သန်းနေသည်။ အပွင့်၏ အလယ်တွင် အဝါရောင် ပါရှိသေးသည်။ မျိုးစပ်ပေးမှုဖြင့် ပန်းရောင်၊ ပန်း ခရမ်းရင့်ရောင်၊ အဝါရောင် တရုပ်စံကားပန်း မျိုးလည်း တွေ့ရလေသည်။ အဖူး အပွင့်တို့သည် တုတ်၍ ဆတ်သော ပွင့်တံ၏ ထိပ်တွင် စုပြုံထွက်၍ တခိုင်လျှင် အဖူးအပွင့် များစွာ ပါရှိသည်။ တနှစ်လျှင် လပေါင်းများစွာ ဖူးပွင့်နေသော်လည်း အပင်ထက်တွင် ကြာကြာမနေ၊ ကြွေကျမြေခ၍ ပန်းမွေ့ရာ ခင်းလေသည်။

တရုပ်စံကားကို အချို့က သင်္ဘောစံကားဟုလည်း ခေါ်ကြသည်။ ယင်း၏ မူလဇာတိကို တရုပ်နိုင်ငံဟု အမှတ်မှား၍ တရုပ်စံကားဟု ခေါ်ကြသော်လည်း မက္ကဆီကိုနှင့် ဂွာတီမားလ နိုင်ငံတို့၌ မူလ ပေါက်ရောက်ခဲ့လေသည်၊ အမြင့်ပေ ၂၀ ထက် မကျော်သော အပင်ပုမျိုးဖြစ်၍ အကိုင်းအခက်တို့သည် တေးသို့ ခပ်ကားကား ထွက်သည်။ ဒီဇင်ဘာလမှ မိုးကျသည်အထိ အရွက်များ ကင်းနေတတ်သော်လည်း အဖူးအပွင့်များဖြင့် ဝေဝေ စီနေသည်။

## ခိုင်ပန်းစုံ



အရွက် များသည် ကြီးမား၍ တပေခန့်ရှည်သည်။ အရင်းရှူးပြီးလျှင် ထိပ်ကား၍ တုံးသည်။ အကိုင်း များတွင် အရွက်များက လှည့်ပတ်၍ ထွက်သည်။ ထူးခြားချက်မှာ အပင်ကို နုတ်ပစ်သည် တိုင်အောင် အရွက်များ ဝေဝေ ဆာဆာ ထွက်၍ ဖူးပွင့်နေနိုင်ခြင်း ဖြစ်လေသည်။ ပင်စည်မှရင်း၊ အကိုင်းအခက်တို့မှရင်း ထွက်သော အစေးအပြင် အခေါက်၊ အရွက်၊ အပွင့်တို့သည် ဆေးဖက် ဝင်သည်ဟု ဆိုကြလေသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ – ၄။ အမှတ် – ၃။




# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု ပြာသိုလဆုတ် ၁၅ ရက် (၁၅-၁-၇၂)




စနေနေ့တိုင်းထုတ်ဝေသည်။




ဟဲ့ – မချို
အကောင်ကို၊ ငါတို့က ဖမ်းကြ
တော့မလို့၊
ငါတို့ ဒီမှာ ဒန်းပင်ကို၊ ဘုံတိုင်ထားပြီး
ဖမ်းပြေးတမ်း ကစားကြမယ်ဟာ
အေး – ကောင်းတယ်၊ ကျူးမိုးချိမယ်၊
အောက်ချိုး လှန်ကြည့်လိုက် –
ငါ လိုက်ရမယ်၊
ကဲ – ဖမ်းပါတော့ –
အေး – ဖမ်းပြီ
လိုက်တော့ –
ဖမ်းပလိုက်မယ်
မုန့်ကြီးလမ်း –
ငါတော့
အမြန်ပြေး
မှကို၊
အဖြူးလေးလို မကြောက်လို့ လွန်အောင်ပြေးပါဟ –
အဖြူးလေးလို မကြောက်လို့ လွန်အောင်ပြေးပါဟ –
ဟဲ – အဖြူးငါကို
မိတော့မယ် –




ဘုရင်ကြီးကို
ခြေနှင့်ကန်သူ
ဇာတ်လမ်း-လေးမောင် ၊ ပန်းချီ-ဖြတ်ဖိုး
တခါက တိုင်းပြည် တပြည်တွင် ဦးသက်ရှည် ဆိုသူ ပညာရှိ အမတ်ကြီးတဦး ရှိလေသည်။
မောင်တော်ဟာ.ဘယ်ကိစ္စမဆိုနှမတော်ရဲ့စကားကိုတောင်မနာယူတော့ဘူး အမတ်ကြီးကိုဦးစားပေးလွန်းပါတယ်
အမတ်ကြီးကိုတိုင်ပင်ရတာက တိုင်းရေးပြည်ရေးမဟုတ်လား နှမတော်ရဲ့ ...
အမတ်ကြီးကို မိဖုရားကြီးက မလိုစိတ်ထား ရှိသဖြင့် ဘုရင်ကြီးအား တီးတိုးပြောကြားပြီး –
နှမတော်ရဲ့မောင်တော်ကလေးကို အမတ်ကြီးရဲ့ရာထူးနေရာတွင်ခန့်ထား ပေးပါ ...
သူ၏ မောင်တော်ကို အမတ်ကြီး နေရာတွင် ခန့်ထားရန် ပူဆာသည်။
ကောင်းပြီ... နှမတော်ရဲ့မောင် တော်ကအမတ်ကြီး လိုဉာဏ်ပညာ မြော်အမြင် ရှိရဲ့လား ...
ဒါတော့ စမ်းသပ်ကြည့်ပါမောင်တော်
မိဖုရားကြီး၏ စကားကြောင့် ဘုရင်ကြီးက စဉ်းစား၍ မေးလေသည်။
သားတော် စပျစ်သီး စားရအောင်
သားတော်ခမည်းတော် ကိုမကန်ရဘူး ...
ဘုရင်ကြီးသည် အားလပ်သော အချိန်များ၌ မိဖုရားကြီး နှင့်အတူ သားတော်လေးကို ဆော့မြူ ကစားလေ့ရှိသည်။


အိမ်း .... ကောင်းပြီ
မိဖုရားကြီး၏မောင်တော် မောင်သီဟရှေ့တော်မှောက် ရောက်ရှိကြောင်းပါဘုရား
နောက်တနေ့ ညီလာခံတွင် အမတ်ကြီး ဦးသက်ရှည်နှင့် မိဖုရားကြီး၏ မောင်တော် မောင် သီဟတို့ပါ စုံညီစွာ ရောက်ရှိ နေကြလေသည်။
ညက..ငါ့ကိုယ်တော်မြတ် အဖြစ်အပျက် တခုကြုံတယ်..အဲဒါ..ဘယ်လိုဆောင် ရွက်ရမယ်ဆိုတာ အကြံပေးစမ်းပါကွယ်
ဘယ်လိုအမှုကိစ္စမျိုး ပါလဲဘုရား
ဘုရင်ကြီးသည် မောင်သီဟကို အကဲစမ်း၍ မေးမြန်းလိုက်သည်။
လူတယောက်ဟာ ငါ့ရဲ့ရင်ဘတ်ကိုလက်သီးနဲ့ ထုပြီးခြေနဲ့ကန်တယ်၊ အဲဒီလူဟာ ခုညီလာခံထဲ မှာရှိတယ်၊ သူ့ကိုဘယ်သို့ပြုရမလဲ !
မောင်သီဟလည်း အခွင့်ကောင်း ရလေပြီဟု ဝမ်းသာစွာဖြင့် —
မှန်လှပါ ဘုရား မင်းမြတ်ကို စော်ကားသူဟာ အပြစ်ဒဏ်ပေးပြီး မြို့ပြင်ထုတ်သင့် ကြောင်းပါဘုရား
အမတ်ကြီးသည် ဘုရင်ကြီး၏ စကား ကို စဉ်းစားပြီး နေ၏။


ကျုပ်ရဲ့ အမတ်ကြီး၏ထင်မြင် ချက်ကိုလဲ သိပါရစေ...
မှန်လှပါ ထိုသူအားလှပသောရွှေလည် ဆွဲတို့ဖြင့်ဝတ်ဆင်၍ ချစ်ခင်စွာ နမ်းရှုံ့သင့် လှပါသည် ဘုရား
ထိုအခိုက် ဘုရင်ကြီးက အမေးတော်ရှိသဖြင့်
ကျုပ်တို့အမတ်ကြီး ရူးများနေသလားဗျာ
အင်း... စဉ်းစားစရာဘဲ
ဘုရင့်ကို ဝေါကြားသူဟာ အပြစ်ဒဏ်အပေး ခံရမယ် မဟုတ်လား
ဟုတ် တယ်ဗျ
မင်းချင်းတို့လည်း အမျိုးမျိုး တွေးတော၍ ထင်မြင်ချက်ပေးနေကြ၏။
အမတ်ကြီး အဘယ်ကြောင့် ရွှေလည်ဆွဲ ပေး၍ နမ်းရှုံ့သင့်သလဲ...
အရှင် နှုတ်ပါးတွင်ပေါ် သားတော် လေး ဖြစ်နေကြောင်းပါ
မိဖုရားကြီးက အမတ်ကြီးအားမေးလျှင် —
အဘယ်ကြောင့်ကျွန်ုပ်တို့၏သားတော်လေး ဖြစ်သည်ကို အမတ်ကြီး သိသလဲ...
အရှင်မင်းမြတ်ကို လက်သို့ပြုမှု၍ နန်းတွင်းမှာနေနိုင်သူဟာ သားတော်လေးမှ တပါး အခြားသူမပြုဝံ့ကြောင်းပါ - တပါးသူသာ လက်သို့ပြုပါက တော်တော်ကပင်ပြစ်ဒဏ်ပေး မည်ကို ဆင်ခြင်မိ၍ သားတော်လေးဖြစ်ကြောင်း လျှောက်တင်ရပါသည်
ဘုရင် ကြီးလည်း အမတ်ကြီး အား ချီးကျူး၍ ဆုတော်များ ချ လေ၏။

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်



## ချားစတတ်

ချားစတတ်သည် ဗြိတိသျှစစ်တပ်မှ ဗိုလ်ကြီးတဦးဖြစ်၍ ဩစတြေလျတိုက်အတွင်း ပဋ္ဌမဦးဆုံး လှည့်လည် ရှာဖွေသူဖြစ်ပေသည်။

၁၈၂၇ ခုနှစ်တွင် ချားစတတ်သည် အကျဉ်းသားများကို ဩစတြေလျတိုက်သို့ ပို့ရာ၌ ကြီးကြပ် ကွပ်ကဲရန်တာဝန်ပေးခြင်း ခံရလေသည်။ ဩစတြေလျတိုက်သို့ ရောက်ရှိပြီး များမကြာမီ စတတ်သည် အဖွဲ့တဖွဲ့ကို ဦးစီးပြီးလူဖြူများ တခါမျှ မရောက်ဘူးသေးသော မက်ကွာရီ မြစ်ကို စူးစမ်းရန် ခရီးထွက်ခဲ့လေသည်။ စတတ်တို့ လူစုသည် မက်ကွာရီ မြစ်ကို တွေ့ရှိကြ သော်လည်း နောက်ဆုံးတွင် မက်ကွာရီမြစ်သည် ရွှံ့လတာပြင်ကြီးအတွင်း ဝင်ရောက် ပျောက်ကွယ်ကာ လမ်းဆုံးသွားသည်ကို တွေ့ကြရသဖြင့် ရှေ့ဆက်၍ မဖြစ်တော့ပဲအနောက်ဖက်သို့လှည့်ကာ ဒါလင်မြစ်ကိုရှာဖွေစူးစမ်းကြတော့သည်။

ဒါလင်မြစ်ကို တွေ့ရှိပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာသို့တင်ပြရန်အတွက် ချားစတတ်သည် ဆစ်ဒနီမြို့သို့ ပြန်လာခဲ့လေသည်။

နောက်တနှစ်တွင် ချားစတတ်သည် အဖော် ခုနစ်ဦးနှင့်အတူ မာရွန်ဘစ်ဂျီနှင့် မာရေးမြစ်များကို လှေလာစူးစမ်းရန် ခရီး ထွက်ခဲ့ပြန်သည်။ လမ်းခရီးတွင် ဒင်ဂိုးခေါ် ခွေးရိုင်းများ၏ အန္တရာယ်ကိုရင်း၊ တိုင်းရင်းသား လူရိုင်းများ၏ တိုက်ခိုက်နှောင့်ရှက်မှုများကိုရင်း ရင်ဆိုင်ကြုံတွေ့ရ၏။ ထို့ပြင် တခါတရံ မြစ်ရေတိမ်ပိုင်းများတွင် လှေကိုကြိုးဖြင့်ဆွဲကာ






ခဲယဉ်းစွာ ခရီးဆက်ကြရ၏။ ဤသို့ဖြင့် ဆင်းရဲပင်ပန်းစွာ ခရီးသွားကြပြီး နောက်ဆုံးတွင် မာရှန်တစ်ဂျီနှင့် မာရေးမြစ်များကို လှေလှော တွေ့ရှိတော့သည်။

ထို့နောက် ချားစတတ်သည် မြေပုံများနှင့် တွေ့ရှိသော အချက်အလက်များကို ယူကာ မြို့သို့ပြန်လာခဲ့၏။ များမကြာမီ မာရေး မြစ်ဝတွင် အက်ဒီလိတ်ခေါ် မြို့ကြီး တမြို့ကို တည်ထောင် လိုက်ကြသည်။

ချားစတတ်သည် နှစ်အတော်ကြာ အနားယူနေပြီးမှ ၁၈၄၄ ခုနှစ်တွင် ဩစတြေးလျတိုက်၏ သဲကန္တာရများကို ရှာဖွေ စူးစမ်းရန်အတွက် ခရီးထွက်ခဲ့ပြန်သည်။

စတတ်သည် အဖွဲ့ဝင်အချို့နှင့်အတူ ဒါလင်မြစ်အတိုင်း မြောက်ဖက်သို့ ဆန်တက်ခဲ့သည်။ မြစ်ရေတိမ်ပိုင်းသို့ ရောက်သောအခါ လှေမသွားနိုင်တော့သဖြင့် ကုန်းလမ်းဖြင့် ခရီးဆက်ခဲ့ကြသည်။ နောက်ဆုံးတွင် ဩစတြေးလျတိုက်၏ကုန်းတွင်း သဲကန္တာရများသို့ ရောက်ရှိ လေတော့သည်။

သဲကန္တာရအတွင်း ခရီးသွားနေစဉ် သဲမုန်တိုင်းဒဏ်ကိုရင်း၊ ဖာရင်ဟိုက် ၁၃၀ ဒီဂရီ ကျော်သောနေပူဒဏ်ကိုရင်း ချားစတတ်တို့ ခံစားကြရလေသည်။

သဲကန္တာရတွင် အစာရေစာ ခေါင်းပါးလှသဖြင့် ပါလာသော ရေနှင့် အစာကိုလည်း ချွေတာ စားသောက်ကြရသည်။ ဤသို့ ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ လူမသိသော သဲကန္တာရ အတွင်းတွင် မိုင်ပေါင်း ၃,၀၀၀ မျှ ခရီးသွားပြီး လေ့လာစူးစမ်းခဲ့ကြသည်။


ချားစတတ် တို့သည် အစာ ရေစာမကုန်မီ ပြန်လာခဲ့ကြ၏။ အပြန်ခရီးတွင် အဖွဲ့ဝင် အတော်များများမှာ မကျန်းမမာ ဖြစ်ကြလေသည်။ ချားစတတ်ကိုယ်တိုင်ပင်လျှင် မျက်စိ ဝေဒနာခံစားရပြီး မြို့သို့ ပြန်ရောက်သောအခါ မျက်စိကွယ်သွားတော့သည်။

မကြာမီ မျက်စိအနည်းငယ်ပြန်လည်ကောင်းမွန် လာသော်လည်း ချားစတတ်မှာ ဆက်လက်၍ စွန့်စားရှာဖွေနိုင်ရန် ကျန်းမာရေး မကောင်းတော့ပေ။ သို့ဖြစ်၍ အစိုးရက သူ့ကို ပင်စင်ပေးလိုက်ပြီးနောက် ၁၈၅၃ ခုနှစ်တွင် မွေးရပ်မြေ အင်္ဂလန်နိုင်ငံသို့ အပြီး ပြန်လည် ထွက်သွားလေတော့သည်။






ကိုတွတ် - မေမေက ဘယ်သွားမလို့လဲတဲ့
ဒီနားတင်ပဲ လို့ပြောလိုက် -
ပဲ့ခိုနား . ဒီနား သွားတာတောင် လိုက်မေးနေတာပဲ -
ကိုတွတ် သည် - တလမ်းကျော် တွင် နေသော - ဖိုးသန်း တို့ အိမ်တွင် - သွား ကစားနေသည်။ ညနေ စောင်း တော့မှ -
ငါ ပြန်လိုက် အုံးမယ်ဟေ့
အေး
မေမေ သားပြန်လာပြီ - ဟင် - တိတ်လှ ချည်လား ညီမလေး တို့ရော -
မင်း ဖေဖေ နဲ့ ကန်တော်ကြီး ဘက် . လမ်း လျှောက် လိုက် သွားတယ်
ဟင် . ဖေဖေ ကလဲ . သားကို တောင် မခေါ်ဘူး
ခေါ်မလို့ပဲ - ဒါပေမဲ့ - သမီး ကိုသားက ဒီနားတင်လို့ပြောသွားတော့ လိုက်ရှာတာတွေ့မှ မတွေ့ ဘဲ -
ဖိုးသန်း . အိမ်ကို - သွားမယ် လို့ . အသေအချာပြောသွား ရင် - ငါ လိုက်ခေါ်မှာပဲ -



ဖြိုးအောင်လုပ်
တနေ့သော နံနက်တွင် ဖခင်ဖြစ်သူက အလုပ်သွားချိန်၌ ....
ဟေ့ မြင့်လွင်-မင်းရေအိုး ပြည့်အောင်ခပ်ထားလိုက်..
သက်နိုင်ဦးက ထင်းခွဲထားလိုက်..
ငါတော့ထင်းတွေ အကုန်ခွဲလိုက်တော့မယ် မင်းကော ဖြိုးအောင် လုပ်ထားလိုက်ပါလား မြင့်လွင်..
ဘယ်အချိန် လုပ်လုပ်ရတာပဲ သွားကစားအုံးမယ်..
မြင့်လွင်သည် ရေမခပ် သေးဘဲ တနေ့လုံး ကစားနေ၏။ ညနေရောက်သော်—
ဖေ့-အာရီခွဲပွဲ ရုပ်ရှင် သွားကြည့်မယ်လော့ အလုပ်ပြီးတဲ့သူ လိုက်ခဲ့..
ဟာ-ငါရေမခပ် ရသေးဘူး..
မြင့်လွင်သည် အလျင်အမြန် ရေခပ် သော် လည်း အချိန်အလွန်နီးကပ်နေသဖြင့်—
သက်နိုင်ဦးရေ ငါ့ကို ဝိုင်းကူ လုပ်ပေးပါအုံး ကွာ..
အေး ဝိုင်းကူ ပါ့မယ်..
သက်နိုင်ဦး ကူညီ လုပ်ပေး၍သာ အချိန်မီ ပြီးကာ ရုပ်ရှင်သို့လိုက်ရလေသည်။
လုပ်စရာရှိတဲ့အလုပ်ကို ဖြိုးအောင် ချက်ချင်းလုပ်ရ မယ်-ဒါမှ နောက် တပ်အလုပ် ပေါ်လာယင် မပူပင်ရဘူး ဗျာ..
နောက် ဆို ဖြိုးအောင် လုပ်ပါတော့ မယ်ကွာ..



ရှုသင့်မှရှု
ဝင်းမောင်လှ
မောင်ကျော်မိုးသည် အလွန်ချွေတာသော ကလေးတယောက်ဖြစ်၏။ မုန့်စားလွှတ်ချိန်တွင် —
ကျော်မိုးရေ့ မုန့်မစားဘူးလား
မစားတော့ဘူးကွာ.. ပိုက်ဆံကုန်တယ်
တနေ့ ကျောင်းမှ ပေတံပေးသည်ကို မဝယ်ပဲ အိမ်မှ ပေးလိုက်သော ပိုက်ဆံကို စုထား၏။
မောင်နီ့ပေတံ ခဏလောက်
ဟာ..မင်းက သွား..ကပ်စေးနှဲ ဖြစ်ဝယ်မထား ဘဲနဲ့..မပေးဘူးကွာ..
သူများဆီက..ငှါး..တား လို့ရသားဘဲ
သို့ဖြင့်ကျော်မိုးနှင့်မောင်နီတို့ရန်ဖြစ်ကြတော့၏။
မင်းကငါ့ကို ကပ်စေးနှဲလေး ဘာလေးနဲ့ပြော ဦးကွာ..
အောင်မယ်လေး ဗျ..
ဟာချ ကုန်ပြီဟေ့
နောက်ဆုံး ဆရာကြီးဆီသို့ ရောက်သွားကြရာ ဆရာကြီးက —
ပိုက်ဆံစုတယ်ဆိုတာ စုသင့်တဲ့နေရာမှာစုရ တယ်..သုံးသင့်တဲ့နေရာ မှာသုံးရမယ်..
ဟုတ်ကဲ့
ပြီး

# အနွေးထည်များဝတ်လျှင် အဘယ်ကြောင့်နွေးသနည်း

သင်တို့၏ ထူထဲသော ဂျာကင်အင်္ကျီ၊ သက္ကလတ်ဘောင်းဘီ၊ သိုးမွေးအင်္ကျီ စသည်များသည် အပြင်ရှိ လေအေးဒဏ်ကို ကာကွယ်ပေးကြသည်။ သို့သော် ယင်းသို့ ကာကွယ်ပေးခြင်းသည် သင်တို့ရရှိသော အနွေးဓာတ်ကို များစွာ အထောက်အကူပြုနိုင်သည် မဟုတ်ပေ။




သင်တို့၏ကိုယ်ခန္ဓာသည် အစဉ်အမြဲ အပူဓာတ်ကို ထုတ်လွှတ်လျက်ရှိသည်။ သင်တို့ ဝတ်ဆင်ထားသော အနွေးထည်များတွင် သေးငယ်သောအပေါက်ငယ်များ ရှိနေသည်။ ယင်းအပေါက်ငယ်များက လေကို ထိန်းချုပ် ပေးထားသည်။ ကိုယ်မှ ထုတ်လွှတ်သော အပူဓာတ်ကြောင့် ကိုယ်ခန္ဓာနှင့်အဝတ်အထည်တို့အကြားရှိ လေမှာ အမြဲပူနွေးနေသည်။ ယင်းလေနွေးကို အနွေးထည်များက အပြင်သို့ အလွယ်တကူထွက်မသွားစေရန် ထိန်းပေးထားသည်။ ဤနည်းဖြင့် အနွေးထည်များသည် သင်တို့၏ ကိုယ်ခန္ဓာကို အမြဲ နွေးထွေးစေခြင်းဖြစ်သည်။

ကြယ်ဖြူ

## ဘယ်သူ မျက်စိရှင်သလဲ

တယောက်က ၁ မှ ၉၀ အ တွင်း ဂဏန်းတခုကိုရှာ နိုင်း။ ကျန် အား လုံး က ပိုင်း ရှာ။ ဦးဆုံး ရှာ နိုင် သူ ဟာ မျက်စိ အရှင် ဆုံးဘဲ။



# မှတ်စုစာအုပ်ကလေး

မောင်ဝိနိပ်နိုး (မှူးရှင်နှင်)



အမျှားက ကျွန်တော့်ကို ပလာစာအုပ်ကလေးအဖြစ် သိကြပါသည်။ ကျွန်တော့်တွင် သခင်တယောက် ရှိပါသည်။ သခင်သည် ကျွန်တော်၏ မျက်နှာဖုံးပေါ်တွင် "တိုးတိုး" ဟု သူ၏ အမည်ကို လှပဝိုင်းစက်သောလက်ရေးဖြင့် ရေးထားပါသည်။

သခင်သည် ကျောင်းသို့သွားတိုင်း ကျွန်တော့်ကို သူ၏ လွယ်အိတ်ထဲ၌ ထည့်၍ လွယ်လာခဲ့ပါသည်။ တနေ့တွင် ကျောင်းဝင်းအပြင် ကွမ်းယာဆိုင်အနီးသို့ ရောက်သောအခါ သခင်၏ သူငယ်ချင်းတယောက်က –

"ဟေ့ - တိုးတိုး၊ ဒီနေ့ ဒို့ကျောင်းပြေးပြီး ရုပ်ရှင် သွားကြည့်မလို့၊ လိုက်ခဲ့ပါလား"

"ဟာကွာ.... ငါ့မှာ ပိုက်ဆံ မရှိဘူး"

"ငါတို့မှာ ပါပါတယ်ကွ၊ ဒို့ပြမှာပေါ့"

"ငါ တခါမှ ကျောင်းမပြေးဘူးတော့ ကြောက်တယ်ကွ။ အိမ်ကသိယင် ရိုက်မှာ"

"ဟာကွာ .... မင်းအိမ်က ဘယ်လိုလုပ်ပြီး သိမှာလဲကွ"

သခင်သည် လိုက်သင့် မလိုက်သင့် စဉ်းစားနေသည်။ ပြီးမှ –

"ဒို့ လွယ်အိတ်တွေကို ဘယ်လိုလုပ်မလဲ"

"ဒါက လွယ်ပါတယ်ကွာ.... ဒီကွမ်းယာဆိုင်မှာ အပ်ထားခဲ့တာပေါ့"

သခင်သည် ကျွန်တော့်ကို ကွမ်းယာဆိုင်တွင်ထားခဲ့ပြီး သူ့အဖော် တစုနှင့် လိုက်သွားပါတော့သည်။

သခင်တို့ထွက်သွား၍မကြာမီပင် ကျောင်းသားနှစ်ယောက် ကွမ်းယာဆိုင်သို့ ရောက်လာကြပြန်ပါသည်။

"ဟေ့ – ဝင်းတင်၊ ဒီနေ့ ကျောင်းတက်အုံးမှာလား"

"မတက်ဘူးကွာ ....'ငါစာတွေ မရသေးဘူး။ မင်းကော တက်အုံးမှာလား"

"ဟေ့အေး – မတက်ဘူး။ ခုနက တိုးတိုးနဲ့ တွေ့တယ်ကွ။ သူတို့ရုပ်ရှင်သွားကြည့်မလို့တဲ့"

"ဒါဖြင့် လိုက်သွားကြရအောင်"

သူတို့လည်း သခင်နည်းတူ လွယ်အိတ်များကို ကွမ်းယာဆိုင်တွင်ထားခဲ့ပြီး ထွက်သွားပါသည်။

ညနေကျောင်းဆင်းချိန် နီးသောအခါမှ ကျွန်တော့် သခင်နှင့် သူ့အဖော်များ ရောက်လာကြပါသည်။ လွယ်အိတ်များကို ကွမ်းယာဆိုင်က ပြန်ယူပြီး ကျောင်းအလွှတ်နှင့်ရော၍ အိမ်သို့ ပြန်ခဲ့ကြ၏။ သခင်သည် ဤနည်းအတိုင်း မကြာခဏ ကျောင်းပြေးခဲ့ပါသည်။

ကျောင်းပျက်ရက်များလာသော သခင်သည် ဆရာပေးသောမှတ်စုများကို သူကိုယ်တိုင် မကူးနိုင်တော့ပါ။ သူ့သူငယ်ချင်း မိန်းကလေးများကို ကူးခိုင်းပါတော့သည်။ သူတို့လက်ရေးများသည် သခင့်လက်ရေး

လောက် မလှပါ။ ကျွန်တော့် မျက်နှာပေါ်တွင် လက်ရေးပေါင်းစုံ၊ မင်ရောင်စုံနှင့် အကြည့်ရဆိုးလှပါသည်။ သခင်သည် သူလိုက်၍ မကူးနိုင်သော မှတ်စုများအတွက် ကွက်လပ်များ ချန်ထားခဲ့ပါသည်။ တရက်နှင့်တရက် ကျွန်တော်သည် အကျည်းတန် အရုပ်ဆိုးလာပါသည်။

တရွေ့ရွေ့နှင့် ပဋ္ဌမ အစမ်းစာမေးပွဲလည်း နီးကပ်လာပါပြီ။

"ဟာ–ခင်လှဝင်းလက်ရေးက ဖတ်လို့တောင်မရဘူး။ ပူစူးမလက်ရေးကပိုလို့ဆိုးသေးတယ်။ ဟင်–ဒီစာရွက်မှာလဲ ရေတွေစိုပြီး စာတွေပျက်နေပါလား။ ခက်တာဘဲ–စာမေးပွဲနီးနေပြီ၊ ဘာစာမှလဲ မကျက်ရသေးဘူး။ အို– စိတ်ရှုပ်ပါတယ်– သွားကွာ"

သခင်သည် စိတ်ဆိုးဆိုးနှင့် ကျွန်တော့်ကို လွှင့်ပစ်လိုက်ပါသည်။ ကျွန်တော်သည် အခန်းနံရံနှင့် ရိုက်မိပြီး ကြမ်းပြင်ပေါ်သို့ ကျသွားပါသည်။ ကျွန်တော်၏ မျက်နှာဖုံး အနည်းငယ် စုတ်ပြဲသွားပါသည်။

"သား– ဘာဖြစ်နေတာလဲ။ ဟင်–ဒီမှာလဲ စာအုပ်တအုပ်ပါလား"

လူကြီးတယောက်က ကျွန်တော့်ကို ကောက်ယူလိုက်ပါသည်။

"ဟင်–ဒီစာအုပ်မှာ လက်ရေးပေါင်းစုံပါလား။ သား မှန်မှန်ပြောစမ်း၊ ကျောင်းပြေးပြီး စာတွေ မကူးနိုင်လို့ သူများကို ကူးခိုင်းတယ် မဟုတ်လား"

သခင်၏ မျက်နှာကို ကြောက်ရွံ့မှု၊ စိုးရိမ်မှုကဖုံးလွှမ်းလိုက်ပါသည်။

ကျွန်တော်သည် သခင်ကို သနားသွားမိပါသည်။

"ဟုတ်-ဟုတ်ပါတယ်ဖေဖေ၊ သားမှားသွားပါတယ်"

"မိုက်လှချည်လားကွယ်.... သူများကိုကူးခိုင်းတော့ သူများလက်ရေး ဘယ်ဖတ်တတ်ပါ့မလဲ။ နောက်ပြီး သားကကျောင်းပြေးနေတော့ ဆရာသင်တာတွေကို သားနားလည်နိုင်ပါတော့မလား"

"သားနားလည်ပါပြီဖေဖေ။ သားနောက်ကို ကျောင်းမပြေးတော့ပါဘူး။ မှတ်စုတွေကိုလဲ သားမှန်မှန်ကူးပါတော့မယ်"

ကျွန်တော် ဝမ်းသာသွားပါသည်။ ကျွန်တော်၏ သခင်သည် အမြင်မှန်ရလာပြီ။ သခင်၏ လက်ရေးလှလှလေးတွေကို ပြန်၍ မြင်ရပေတော့မည်။ သခင်သည် ကျွန်တော့်ဘဝကို အရင်းတည်၍ အနာဂတ်၏ သားကောင်းရတနာတယောက် ဖြစ်ပါစေဟု ဆန္ဒပြုမိပါသည်။

## ဘုန်းကြီး ကျောင်းသား မောင်လုပ်သားသို့

အရုဏ်တဲ့ ကျင်းလုသော်၊
အရွှေဆီရောင်နှိုဥ
လင်းလုပြီနော်။
ဟိုနားကအသံပေါ်၊
ဆွမ်းတော်တဲ့ဗျို။
သည်နားကအသံပေါ်၊
ဆွမ်းတော်တဲ့ဗျို။
အသံရှင်
မာန်မဝင် တအေးအေးနဲ့၊
သူ့စေတနာ ကြာမှုန်လွှာသို့
အရုဏ်မှာ
ပျော့ပျော့ပျောင်းတယ်၊
ဆွမ်းလောင်းကြစို့။ ။

ဒဂုန်–မောင်ဇမ္ဗူ



R. 517

# ခိုင်ပန်းစုံ

စိန်ပန်းပြာသည် အပွင့် ကြွေလွယ်သော ပန်းသစ်ပင်မျိုး ဖြစ်သည်။ ခရမ်းရောင် ပွင့်ချပ်တို့သည် ပိုးရောင်တောက်၍ ပိုးသား ကဲ့သို့ နူးညံ့သည်။ ဖောင်းပွပွလည်တံရှိသည့် အော်လံပုံအပွင့်သည် နှစ်လက်မခန့်ရှည်၍ ထိပ်ဝတွင် မညီညာသော အဟိုက် ငါးခုဖြင့် ပွင့်ကားသွားသည်။ ပွင့်ညှာတံက သေး၍ ပျော့သဖြင့် အပွင့်တို့သည် ငိုက်ကျ နေတတ်သည်။ တခါတရံ အဖူးအပွင့် ၉၀ နီးပါးခန့်ပင် ပါရှိ တတ်သော ပန်းခိုင်ကြီးများဖြင့် တပင်လုံး ခရမ်းရောင် လွှမ်းနေအောင် ဖူးပွင့် နေကာ၊ အပင် ခြေရင်းတွင်လည်း အပွင့်ကြွေများက ပန်းမွေ့ရာ ခင်းထားပြန်လေသော စိန်ပန်းပြာ ပင်၏ အလှသည် ရှုမငြီးစရာပင်။

ဆောင်းအခါတွင် အရွက်များကြွေ၍ အ ဖူးအပွင့်များ ထွက်သည်နှင့် မရှေးမနှောင်း ပင် ရွက်သစ်များလည်း ပြူလာတော့သည်။ ပွင့်ချိန်မှာ တပို့တွဲလမှ ကဆုန်၊ နယုန်လများ တိုင်အောင်ဖြစ်သည်။ ပေ ၆၀ ခန့်အထိ မြင့် နိုင်သော စိန်ပန်းပြာပင်၏ ငှက်တောင်နှင့် တူ သော ရွက်ပေါင်းများတွင် ရှည်မျော်မျော ဘဲဥပုံ ရွက်မြှာ စိပ်စိပ်ကလေးများ ရှိသော ရွက်လက်များပါဝင်သည်။ ဝေဆာတင့်တယ် သော အပင်အနေအထားကြောင့် တကြောင်း၊ ပန်းပွင့်ပုံလှသည်က တမျိုးကြောင့် စိန်ပန်းပြာ ပင်ကို မြို့ဥယျာဉ်များ၌ အလှစိုက်ကြသည်။ စိန်ပန်းပြာသီးသည် အချင်းနှစ်လက်မခန့်ရှိ၍ အ စေ့များစွာပါသော အသီးတောင့်ဖြစ်သည်။

## စိန်ပန်းပြာ



တောင်အမေရိကတိုက် ဗရာဇီးနိုင်ငံ၌ မူလပေါက်ရောက်၍ အပူပိုင်းဒေသနှင့် သမ ရွေးပိုင်းဒေသတို့သို့ မျိုးပွါးခဲ့သည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် ရှမ်းပြည်နယ်၌ စိုက်ပျိုး ဖြစ်ထွန်းလေသည်။

တင့်တင့်

၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ထုတ်ဝေရေးအဖွဲ့၊ ထုတ်ဝေရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်


# ထူးဆန်းသော..... ဥကြီး

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မြသွေး

၁၃၃၃ ခု၊ တပို့တွဲလဆန်း ၇ ရက်.(၂၂-၁-၇၂)




တခါက မွေးမြူရေး ခြံတခြံထဲ၌ ထူးဆန်းသော ဥကြီးတလုံးကို တွေ့ကြသဖြင့် –




စနေနေ့တိုင်း ထုတ်ဝေသည်။


မေမေကြက် –
ခွေးဥများလား...
ကြောက်စရာကြီး
အို...
ပေါက်ကရ
တွေ။
ခွေးက
ဘယ်
ဥပါ့
မလဲ
ထို့နောက် ကြက်ဆင်ကြီး၏ အကြံ အတိုင်း ချက်ချင်းပင် ကြက်တို့သည် ဝိုင်းဆိတ်ကြ၏။
ဟင်...ကွဲလဲမကွဲဘူး
ပျော့စိစိကြီးပါလား
မဟုတ်တဲ့ အကောင်များ ပေါက်လာယင်တော့ ဒုက္ခပါတဲ့...
တယ်ညံ့တဲ့ ကြက်မတွေကိုး.... ဖယ်ကြစမ်း..... ငါကိုယ်တိုင် ပေါက်ခွဲပြမယ်
ပြောပြော ဆို ဆိုနှင့် ကြက်ဆင် ကြီးက အပြေး က လေးသွားပြီး ဆိတ်လိုက်ရာ –
ကဲကွာ
ကဲကွာ
ကဲကွာ
ဟင်..... ပေါက်လိုက် ယင်..တုန် တုန်တက် ပါလိ။
ကဲ- မဖြစ်ချေဘူး...
ဒီတက်က-ဥကိုဥတဲ့ ကြက်မ-က-ဆက်ပြီး ဝပ်ကြည့်လေ..... သား ပေါက်လာယင် ချက်ချင်း အကြောင်း ကြားပေါ့ ..... သတိကြီးစွာတော့ ထားကြရလိမ့်မယ်- ကြားလား။


ဟောတော့ — ဒီဥကသာ ပေါက်လာတယ် - ဟိုဥက - ခုထက်ထိ မပေါက်သေးဘူး
ဦးကြက်ဆင် ကိုတော့ တိုင် အုံးမှဘဲ
နောက်ရက် ၂၀ ခန့် ကြာသောအခါ—
ကဲကွာ - ဒါလောက်ပြဿနာ တက်တဲ့ - ဥ - ရေထဲမှာပေါက်ပြီး - ရေနစ်သေပေတော့
နောက်နေ့တွင် ကြက်ဆင်ကြီးရောက်လာပြီး— ပြောပြောဆိုဆိုနှင့် ကန်ထုတ်လိုက်၏။
ဟောဗျ - ရေမမြုပ် ပါလား
ဥ ပါလောကြီး ပေါ်နေတယ်ဟယ်
ဟာ - ဒီဥ တယ်ထူး ဆန်းပါလား
ဟုတ်ပါရဲ့တော်
အနီးရှိ ရေကန်ထဲ ကျသွားသော်လည်း—
ဟဲ့ဟဲ့ - နေကြအုံး ... ခက်တာဘဲ - ဒီကလဲ ရေမကူး တတ် ...
ကဲ - ကဲ - မဘဲမ သွားခေါ် စမ်း။ ရေကူးပြီး ဆယ် ခိုင်းရအောင်
ဟင်
ဟာ
ရေပေါ်နေသော ဥထူးဥဆန်းကို ကြက်များက ဝိုင်း၍ တအံ့တဩ ကြည့်နေကြစဉ်—
ဟယ် ... ကြက်မ - ကြက်ဖ - ကြက်ကြီး၊ ကြက်ငယ် စုလို့ပါလား ..... အရမ်းထိုးဆင်းပြီး သုတ်လိုက်ရမယ် - တကောင် မဟုတ် - တကောင်တော့ ဒီမှာဘဲ - ဟဲဟဲ
ကောင်းကင်ထက်၌ ဝဲ၍ အစာရှာနေသော စွန်တကောင်က မြင်သဖြင့်—
ဝှီး


အသံကြား၍ ကြက်များ ထွက်ပြေးသောကြောင့် ထိုဥကြီးကို သုတ်သွားတော့၏။
ကဲလေ - စားနေရတဲ့ ဥ - အတု ... သွားလေရော့ဟယ် ....
သို့သော် ကောင်းကင်ထက်၌ ထိုပျော့စိသော ဥကြီးကို ဆိတ်မရ၍ စိတ်ပျက်ကာ–
ဥကြီးသည် မြေပြင်သို့ ကျသောအခါ ခုန်ဆွခုန်ဆွဖြင့် တဖက်ခြံထဲသို့ ဝင်သွား၏။
ဝုတ်
ဝုတ်
ခြံထဲမှ ခွေးဟောင်သံ ကြားသဖြင့် -
ဟိုမှာ - ပါပါ ဘောလုံးနဲ့ ကစားနေပါလား
ဟင် - တလောက ဒို့ကစားနေယင်း - ခြံဝင်းအပြင်ကျော်ထွက်သွားတဲ့ - ဘောလုံး ဘဲ ဟေ့ ...
အေး ... ပါပါ သွားရှာခဲ့တယ် ထင်တယ်
ကလေးနှစ်ယောက် ပြေးထွက်လာပြီး -
ဟိ ..... တော်တော် တုံးတဲ့ ကြက်တွေ ....
ကမ္ဘာလောကကြီးမှာ ဘာတွေဖြစ်နေသလဲလို့ သူတို့မသိကြဘူး ... ..... ဟွို ...
ဥ - မှန်းမသိ ဘောလုံးမှန်း မသိ ....
ထိုအခါမှ ပျံဝဲနေသော စွန်ကြီးက -


လက်မှတ်တုဝိဇ္ဇာ
ဖိုးတုး
မိုးမိုးနှင့် ဖိုးတုးသည် ကျောင်းသို့အလာ လမ်းတွင် ဆုံမိရာ —
ဘယ့်နှယ်လဲဟေ့ မိုးမိုး-အောင်ရဲ့လားကွ
ကျတယ်ကွာ
မိုးမိုးနှင့်ဖိုးတုးတို့ အတန်းမှ လစဉ်စာမေးပွဲ "ပညာအရည်အချင်း ပြ မှတ်တမ်း" များ ထုတ် ပေး ပြီးနောက် တနေ့တွင်ဖြစ်၏။
အမလေး မင်းမျက်နှာကလဲ စာမေးပွဲ ကျတာလေးနဲ့ဖြစ်နေ့ လိုက်တာ၊ ငါလဲ မင်းလိုကျတာပါဘဲ၊ ဒါပေမဲ့ မဖုံ့ပေါင်
ဒီလိုလဲ ဘယ်ဟုတ်မလဲ ခုဆို စာမေးပွဲကျလို့ ငါ့ အိမ်က စာကျက်ချိန် တောင် တိုးပစ်လိုက်ပြီ
အိုး၊ စာမေးပွဲကျတာ-အိမ်သွားပြောတယ် - မင်းရူးသေးတာဘဲ ဟဲဟဲ
မပြောလဲ ပညာအရည်အချင်းပြမှတ်တမ်းမှာ ဖေဖေ့ကို လက်မှတ်ထိုးခိုင်းယင် သိမှာဘဲဟာ
ဒီဟာကြီး-မင်းက သွားပြတာကိုး
မပြလို့ ဘယ်ဖြစ်မလဲ၊ ဆရာမ က မိဘ လက်မှတ်ထိုးပြီးယူခဲ့ ရမယ်လို့ မှာလိုက်တာဘဲ
ဟေ့-ဒီမှာကြည့်စမ်း
အော်-မင်းအဖေ လက်မှတ်တောင်ထိုး လာခဲ့ပြီဘဲ၊ ဒါနဲ့များ ငါ့ကျတော့ ဘာလို့ ပြသလဲဆို
အတန်းထဲရောက်သောအခါ —


မင်းတော်တော်တုံးသေးတာဘဲ၊ ဒါကြီး အိမ်ပြန်ပြလို့ စာမေးပွဲကျတာ သိသွားမှာပေါ့ အဲဒီလက်မှတ်ငါတူပြီး ထိုး ထားတာဟ
ဟေ
ငါ ဒီလိုလုပ်နေကျဘဲ ဆရာမတောင်မရိပ်မိဘူး ငါကလဲ ငါ့အဖေလက်မှတ်ကို ဖိုဖိုရိရိ တူပြီး ထိုးထားတာကိုးကွ ဟဲဟဲ
တနေ့ ဖိုးတုး ကျောင်းကအပြန် သူ့အဖေက—
ဟော-သားတောင်ပြန်လာပြီလား ဒါနဲ့ သားတို့ကျောင်းမှာ လစဉ်စာမေးပွဲတွေ စစ်တယ်မဟုတ်လား
အဲ-အဲ-ဟို-ဟို- လတိုင်းတော့ မစစ်ပါဘူး၊ ဆရာတွေ အလုပ်များနေလို့တဲ့
ဒါဖြင့်-စစ်တဲ့လတွေအတွက် ပညာအရည်အချင်းပြမှတ်တမ်းတွေ မိဘတွေဆီ မပို့ဘူးလား
အဲ-ဟို-ဟို- အဲဒါတွေလဲ-ဆရာတွေ မအားလို့ မပို့နိုင်သေးဘူးတဲ့ဖေဖေ
သားတို့ဆရာတွေကလဲ အလုပ်များများနိုင်လွန်းသကွာ၊ ကဲ-အောင်တာ ရှုံးတာရော ပြောမပြဘူးလား
ဒါတော့ ပြောပြပါတယ် သား-စာမေးပွဲ တိုင်းအောင်ပါတယ်
ဟုတ်လား၊ တော်သေးတာပေါ့ ဖေဖေကလဲ အလုပ်တဖက်နဲ့မို့ သားကိုတောင် စာမပြအားဘူး စာမလိုက်နိုင်ယင်ပြောနော်
ဟုတ်ကဲ့ ဖေဖေ


နောက်လများတွင် မိုးမိုးတယောက် တိုးတက် အောင်မြင်လာသလောက် ဖိုးတုံးမှာ ကျမြပင်-လိမ့်မြပင် -
ဖိုးတုံး၊ မင်းမှတ်တမ်းတွေမှာ မိဘလက်မှတ်လိမ်ထိုးနေတာ ရပ်ဘို့ သင့်ပြီထင်တယ် သူငယ်ချင်း
အောင်မယ်
ဟိုတုန်းက မင်းနဲ့ငါ ဘဝတူတွေပါကွာ၊ ခုမှမင်းက အောင်နေတာနဲ့ ဆရာလာလုပ်တာလား
အေး၊ ဟိုတုန်းကတော့ ဘဝတူပေါ့-ခုတော့ တူသေးလား
အေး၊ ကိုယ်ညံ့လို့ကိုယ်မကြိုးစားလို့ ကျတာဘဲ၊ အိမ်ကို အသိပေးတော့ ငါဆို ငါ့အဖေက ညံ့တဲ့ဘာသာတွေ ဖိသင်ပေးလို့ လစဉ်အောင် လာခဲ့ပြီမဟုတ်လား
ထိုစဉ် ဆရာမရောက်လာပြီး —
ဖိုးတုံး၊ မင်းလဲ လတိုင်းကျနေပါလား
မှတ်တမ်းတွေ လစဉ်ပို့နေရက်နဲ့ မင်းမိဘတွေကလဲ ကိုယ့်သားသမီး ပညာတိုးတက်အောင် ဆရာနဲ့ လာတွေ့ပြီး ဆွေးနွေးတိုင်ပင်ခြင်းမရှိပါလား
ဟုတ်ဟုတ်ကဲ့ ကျနော်ပြောလိုက်ပါ့မယ်
ဆရာမ ထွက်သွားသောအခါ -
ကဲ၊ အဲဒါသာကြည့် - မင်းလုပ်ပုံတွေဟာ မင်းသာမက၊ မင်းမိဘနဲ့ ဆရာပါ တဖက်နဲ့တဖက် အထင်လွဲစရာတွေဖြစ်ကုန်ပြီ မဟုတ်လား
အေးကွာ ငါနားလည်ပါပြီ
ပြီး

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်




## ဒေါက်တာ လစ်ဗင်းစတုန်း

ဒေါက်တာလစ်ဗင်းစတုန်း၏နာမည်အပြည့်အစုံမှာ ဒေါက်တာဒေးဗစ်လစ်ဗင်းစတုန်း ဖြစ်၏။ လစ်ဗင်းစတုန်းသည် ဆင်းရဲသော မိသားစု တစုတွင် ဒုတိယမြောက်သား ဖြစ်လေသည်။ ငယ်စဉ်က ချည်စက် တစက်တွင် တနေ့ ၁၄ နာရီအလုပ်လုပ်ပြီး ရရှိသော ငွေဖြင့် ပညာသင်ကြားခဲ့ရ၏။ သူ၏ရည်ရွယ်ချက်မှာ သာသနာပြုဆရာဝန်တယောက် ဖြစ်ရန်ပင်ဖြစ်သည်။ ရည်ရွယ်ချက်အတိုင်းပင် အသက် ၂၇ နှစ်အရွယ်တွင် ဆရာဝန်ဖြစ်ရုံမျှမက သာသနာပြု သင်တန်းများကိုလည်း တက်ရောက်ပြီးလေပြီ။



ထိုအချိန်တွင် ဒေါက်တာ မော့ဖတ်ဆိုသူ သာသနာပြု ပုဂ္ဂိုလ်တဦးနှင့် အဆက်အသွယ်ရရှိပြီး အာဖရိကတိုက်သို့ ရောက်ရှိသွား လေသည်။ သူသည် အာဖရိကတိုက်အလယ်ပိုင်းရှိ ကူရူမန် မြို့ကလေးတွင် နေထိုင်ပြီး သာသနာပြုနှင့် ဆေးဝါးကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်နေလေသည်။ ထို့ပြင် ရက်စက်ကြမ်းကြုတ်သော ကျွန်ကုန်ကူးခြင်းလုပ်ငန်းကိုလည်း ဆန့်ကျင် တိုက်ခိုက်ခဲ့၏။

၁၈၄၄ ခုနှစ်တွင် ဒေါက်တာမော့ဖတ်၏သမီး မေရီနှင့်လက်ထပ်လိုက်၏။ ၁၈၄၉ ခုနှစ်ရောက်သော် သူသည် မည်သူမျှ မရောက်ဘူးသေးသော ကလဟာရီ သဲကန္တာရသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်၏။ ထို့နောက် မိသားစုနှင့်အတူ တပည့်အချို့ကို ခေါ်ဆောင်ကာ နွားလှည်းဖြင့်ခရီးစတင်ခဲ့လေသည်။



ဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကာ သဲကန္တာရ အတွင်းတွင် နှစ်နှစ်ခန့် လှည့်လည် သွားလာ စူးစမ်းနေခဲ့လေသည်။ ထို့နောက် ဇနီးနှင့် သားသမီးများကို မိတ်ဆွေ တယောက်ထံ အပ်နှံထားခဲ့ပြီးလျှင် ဇမ်ဘီဇီ မြစ်သို့ ရောက်သည်အထိ ခရီးပြင်းနှင်ခဲ့၏။ ဇမ်ဘီဇီမြစ်သည် အာဖရိကတိုက်တွင်း ခရီးသွားလာရေးအတွက် အသုံးဝင်နိုင်သည်ကို သိရှိသဖြင့် ဆက်လက်လေ့လာရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဇနီးနှင့် သားသမီး



များကိုအင်္ဂလန်သို့ပြန်ပို့လိုက်ပြီးဇမ်ဘီဇီမြစ်လေ့လာရေးခရီးကို စတင်လေတော့သည်။

လစ်ဗင်းစတုန်းသည် လှေဖြင့် ဇမ်ဘီဇီမြစ်ကို ဆန်တက်ခဲ့၏။ တခါတရံ မြစ်ရေတိမ်သဖြင့် လှေမသွားနိုင်ပါက ကုန်းပေါ်သို့တက်ကာနွားဖြင့် ခရီးဆက်ရ၏။ဤသို့ပင်ပန်းဆင်းရဲစွာရက်ပေါင်းများစွာခရီးနှင်ပြီးသောအခါတွင် ဇမ်ဘီဇီမြစ်တခုလုံးကို လေ့လာပြီးစီးလေတော့သည်။ သို့ရာတွင် ဇမ်ဘီဇီမြစ်သည် ရေစီးသန်၍ အချို့နေရာတွင် ရေတံခွန်များ ရှိသဖြင့် ခရီးသွားလာရန် အသုံးမဝင်ကြောင်း သိရှိခဲ့ရ၏။

ထို့နောက် ကျန်းမာရေး ချို့တဲ့လာသဖြင့် လစ်ဗင်းစတုန်းသည် အင်္ဂလန်သို့ ပြန်ခဲ့လေသည်။ အင်္ဂလန်သို့ရောက်သော် လစ်ဗင်းစတုန်းမှာ ခမ်းနားစွာ ဂုဏ်ပြုခြင်း ခံရလေသည်။

မကြာမီ သူသည်အာဖရိကသို့ပြန်လာခဲ့ပြီး ဇမ်ဘီဇီမြစ် မြေပုံရေးဆွဲရေးလုပ်ငန်းများ၊ကျွန်စံနစ်ပပျောက်ရေး လုပ်ငန်းများ စသည်တို့ကိုဆက်လက် ဆောင်ရွက်နေခဲ့သည်။ ၁၈၆၅ ခုနှစ်တွင် လစ်ဗင်းစတုန်းသည် နိုင်းမြစ်ကို လေ့လာရန် ခရီးထွက်ပြန်သည်။ ထိုခရီးသည် သူ၏နောက်ဆုံးခရီးဖြစ်၏။ သူခရီးထွက်ပြီး ငါးနှစ်အကြာတွင် သူ့အကြောင်းကို ဘာမျှမကြားသိရတော့ပေ။ ထိုစဉ် စတန်လေ အမည်ရှိ အမေရိကန် သတင်းထောက် တယောက်သည် လစ်ဗင်းစတုန်း၏ အခြေအနေကို စုံစမ်းရန် ခရီးထွက်ခဲ့သည်။ တန်ဂန်ယိကားရေအိုင်ကြီးအနီးတွင် အစာငတ်ပြတ်ကာ သေလှုမျှောပါး ဖြစ်နေသော လစ်ဗင်းစတုန်းကို တွေ့ရှိရပြီး ပြုစုစောင့်ရှောက်သဖြင့် ပြန်လည်ကျန်းမာလာ၏။ထို့နောက် သူတို့နှစ်ယောက် ပူးပေါင်း၍ တန်ဂန်ယိကားရေအိုင်ကြီးကို စူးစမ်း လေ့လာကြသေးသည်။

စတန်လေ ပြန်သွားသောအခါ လစ်ဗင်းစတုန်းသည် ပြန်မလိုက်ပဲ နေရစ်ခဲ့၏။ တနှစ်ခန့်ကြာသော် လစ်ဗင်းစတုန်းမှာ ကွယ်လွန်သွားရှာ တော့သည်။


အာဖရိက တိုက်သား တပည့်တပန်း များသည် ကိုးလကြာမျှ ခရီးပြင်းနှင်ပြီး လစ်ဗင်းစတုန်း၏ အလောင်းကို ကူရှုမန်မြို့သို့ ယူလာကြသည်။ ထို့နောက် အင်္ဂလန်သို့ ပို့လိုက်ကြလေသည်။ အင်္ဂလန်ပြည်တွင် သူ၏အလောင်းကို သူ့ရဲကောင်းများ သင်းချိုင်း၌ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြ၏။




ဒေါက်တာ ဒေးဗစ်လစ်ဗင်း စတုန်းကား အာဖရိကတိုက်ကြီးကို အလင်းရောင် ပေးခဲ့သူ ဖြစ်၏။ ကျွန်စံနစ်ပပျောက်အောင် ဆောင်ရွက်ခဲ့သူ ဖြစ်၏။ သူ့နာမည်ကား ကမ္ဘာ့ သမိုင်းတွင်ထင်ရှားလျက်ရှိပေသည်။


ဘယ့်နှယ်ရှိစ
ဇာတ်လမ်းဝင်းထွန်း
သရုပ်ဖော်-ကျော်မျိုးဝင်း
ထင်းမျိုးထင်း - - ထင်းမျိုးထင်း
တခါ တုန်းက ထင်းသည် တယောက် ရှိခဲ့သည်။
ထင်း ဘယ်ဈေးရောင်းလဲ
ဆယ်ချောင်းကို တကျပ်ပါခင်ဗျာ
တနေ့တွင် ဆံပင်ညှပ်သမား တဦးက ခေါ်ဝယ်သည်။
ဈော့ပါဦး သုံးမတ်ထားပါ
မဈော့နိုင်ဘူး ဒါရောင်းဈေးပါဘဲ
မြားကိုဆယ်ထားဗျာ
တပြားမှ မဈော့နိုင်ဘူးဗျာ
ငါ့သူ့ဆီက ဘယ်လို အမြတ်ထုတ်ရမလဲ?
အင်း-အကြံရပြီ
ဆစ်၍ မရသောအခါ ဆံပင်ညှပ်သမားသည် မတရား အမြတ်ထုတ်လိုသဖြင့်—
မြည်းပေါ်ရှိသမျှ အားလုံးယူယင် ဘယ်လောက်ပေးရမလဲ·
အားလုံး ဆိုယင် ငါးကျပ် ကျပါတယ်
ရော့ငါး ကျပ် အားလုံးချထားခဲ့.
မြည်းပေါ်ရှိသမျှ အားလုံး ချထားခဲ့နော်
ထင်းသည်က ငွေငါးကျပ်ကို ယူပြီးလျှင် ထင်း အားလုံးကို ချပေးလေသည်။


မြည်းပေါ်ကအားလုံးဆိုတာ ဒါပါ ပါတယ်ဗျ
ဒါတော့ -- မယူပါနဲ့ဗျာ -
ဆံပင်ညှပ်သမားသည် မြည်းပေါ်မှ ထင်းစင်ကိုပါ ဆွဲယူတော့သည်။
ကျွန်တော်က ထင်းကိုဘဲ ရောင်းတာပါဗျာ ဒီအတိုင်းဆိုယင်တော့ မရောင်းပါရစေနဲ့တော့ဗျာ
မလိုချင်ဘူး --- အစက-အာမပြုလို့ ခွဲခွဲခြားခြား မပြောလဲ -ခင်ဗျားပိုက်ဆံယူပြီးပြီ မဟုတ်လား - အခုထွက်သွားပါ
ကျွန်တော့် ထင်းစင် ကို ဆံပင်ညှပ်သမား က လုယူထားလိုက်ပါတယ် ---!-
အင်း - ဒါဖြင့် ဒီလိုလုပ် xx --xx---
ထို့ကြောင့် ထင်းသည်သည် သူကြီးထံသွား၍ ဖြစ်ပျက်ပုံကို ပြောပြ၍ တိုင်လေသည်။
ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေရဲ့ အမွေးအမှင်တွေကိုရိတ်ချင်ပါတယ် ဘယ်လောက်ပေးရမလဲခင်ဗျာ
နှစ်ကျပ်
တပတ်ခန့် ကြာသောအခါ ထင်းသည်သည် ဆံပင်ညှပ်ဆိုင်သို့ ရောက်လာပြီး-
ဒါဖြင့်ကျွန်တော့်ကို အရင်ရိတ်ပေးပါ-- ရော့ပိုက်ဆံနှစ်ကျပ် ယူထားပေတော့
ဟုတ်ကဲ့
ဆံပင် ညှပ်သမားသည် ထင်းသည်၏ဆံပင်၊နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး များကို ရိတ်ပေးလေသည်။
ခင်ဗျားတော့ပြီးပြီ ခင်ဗျားမိတ်ဆွေ ဘယ်မှာလဲ
ဟုတ်ကဲ့ သွားခေါ်ပါ့မယ်


ဒါ ကျွန်တော့် ဖိတ်ဆွေ ဘဲ
သူ့ အမွေးတွေကို ရိတ်ပေးပါ
ကျုပ်လူ့အမွေးဘဲရိတ်တယ်
မြည်း အမွေးမရိတ်ဘူးဗျ
ထင်းသည်သည် တနေ့ရာတွင် ထားခဲ့သော သူ၏မြည်းကို ဆိုင်သို့ခေါ်လာလေသည်။
ကျွန်တော့်ဖိတ်ဆွေရဲ့ အမွေးတွေကိုရိတ်ပေးဖို့ ခင်ဗျား ပိုက်ဆံယူထားတာဘဲ လူရယ်မြည်းရယ် မပြောတတ်ပါဘူး ဖိတ်ဆွေဟာဖိတ်ဆွေဘဲ၊ ဒီတော့ ရိတ်မှာသာ ရိတ်ပေးပါ
မြည်းအမွေးကိုတော့ ဘယ်နည်းနဲ့မှရိတ်မပေးနိုင်ဘူး၊ ပိုက်ဆံတကျပ်သာပြန်ယူပါ - -
မယူချင်လဲမတတ်နိုင်ဘူး ဒါဘဲ - - -
ကျုပ်ကလဲ ဘယ်နည်းနဲ့မှ ပိုက်ဆံပြန်မယူနိုင်ဘူး၊ သူကြီးသွားတိုင်မယ်
ထင်းသည်ဆီက ပိုက်ဆံယူပြီး - ယူတဲ့ အတိုင်း ဘာကြောင့် အမွေးရိတ်မပေးသလဲ
ကျွန်တော်လူ့အမွေးဘဲရိတ်ပါတယ် မြည်း အမွေးမရိတ်ပါဘူး - -
အစက ဒီလိုဘဲ ခွဲခြားပြောခဲ့သလား
မပြောခဲ့မိပါဘူး
ထို့ကြောင့် သူတို့နှစ်ယောက် သူကြီးရှေ့သို့ ရောက်ခဲ့တော့သည်။
ထင်းသည်ဟာထင်းဘဲရောင်းတယ်၊ ထင်းတင်တဲ့ စင်ကိုမရောင်းဘူးဆိုတာ သိရက်နဲ့ - ဘာဖြစ်လို့ ထင်းစင်ကိုပါ ယူထားလိုက်သလဲ
ထင်းသည်ဟာ ထင်းနဲ့ - စင် ကို ခွဲခြားမပြောလို့ အားလုံးယူထားလိုက်တာပါ - - -
သင်လဲလူနဲ့မြည်းကို ခွဲခြားမပြောဘဲ ပိုက်ဆံယူထားပြီးဖြစ်ကဲ့အတွက် မြည်းရဲ့ အမွေးကိုရိတ်ပေးစေ
ဟိုက်
ဆံပင်ညှပ်သမားသည် မြည်းအမွေးကို ရိတ်ပေးရသဖြင့် လူအများ ပိုင်းဝန်းလှောင်ပြောင်ခံရ၍ အရှက်ရသွားလေသတည်း။

# သင်အဘယ်ပုံ ကြီးထွားသနည်း





သင့်တွင်ရှိသော အရိုး၊အရေ၊ အသည်း၊ နှလုံး၊ ကြွက်သား စသည်များမှာ သန်းပေါင်းများစွာသော ဆဲလ်ကလေးများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ဆဲလ်များမှာ သေးငယ်လွန်းသဖြင့် အလွန်အားကောင်းသော မှန်ဘီလူးများဖြင့်သာ ကြည့်မြင်နိုင်ပေသည်။ ယင်းတို့သည် သင်ကဲ့သို့ပင် အသက်ရှင်နေကြသည်။ ယင်းတို့သည် သင်စားလိုက်သော အစာကို စားသုံးပြီး ကြီးထွားလာကြသည်။ ယင်းသို့ကြီးထွားရင်းမှ ဆဲလ်နှစ်ခုအဖြစ် ကွဲထွက်သွားလေသည်။ ယင်း ဆဲလ်နှစ်ခု ဆက်လက် ကြီးထွားသောအခါ ဆဲလ်လေးခုဖြစ်သွားပြန်သည်။ ဤနည်းဖြင့်သင်၏ကိုယ်ခန္ဓာမှာတဖြည်းဖြည်း ကြီးထွားလာခြင်းဖြစ်သည်။

ဆဲလ်များသည် ကြီးထွားရင့်ကျက်ပြီး လူကဲ့သို့ သေဆုံးကြသည်။ ငယ်ရွယ်သူများအဖို့ ဆဲလ် သေဆုံးနှုန်း နှေးပြီး အသက်ကြီးသူများအဖို့ မြန်လေသည်။ သေဆုံးသော ဆဲလ်များ၏နေရာတွင် ဆဲလ်အသစ်များက ဝင်ရောက်ရလေသည်။ သို့ဖြင့် သင်၏ ကြီးထွားနှုန်းသည် တဖြည်းဖြည်း နှေးသွားပြီး တချိန်တွင် ရပ်ဆိုင်းသွားပေလိမ့်မည်။

ကြယ်ဖြူ





# အထက်

မောဗိသာဖြူ

"ကော်လေးက မိန်းမရှာကွ သိလား"

"ကော်လေးက ဘာဖြစ်လို့ မိန်းမရှာ ဖြစ်ရတာလဲကွ"

ကျွန်တော်က ဖက်တီးကို မေးလိုက်သည်။ ဖက်တီးက ငဖြိုးကို မျက်နှာရိပ် ပြလိုက်သည်နှင့် ငဖြိုးက –

"ကော်လေးကထမင်းဟင်း ချက်တယ်ကွ။ ဟိုနေ့ကလဲ ချက်နည်း ပြုတ်နည်း စာအုပ်ကြီး ဖတ်လို့"

"ဝါး – ဟား – ဟား"

ငဖြိုး၏စကား ဆုံးသည်နှင့် ပေသီး၊ ဖိုးထော်၊ ဖက်တီးနှင့် ကျွန်တော်ပါ အားလုံးဝိုင်းရယ်လိုက် ကြသည်။ ပြီးနောက် ကော်လေးကို ကျွန်တော်တို့ အုပ်စုမှ ထုတ်ပစ်ရန်ကိုလည်း ဆွေးနွေးကြသည်။ ကျွန်တော်တို့အဖွဲ့သည် ယောကျ်ားပီသသောအဖွဲ့ ဖြစ်သည်။ ထမင်းဟင်း ချက်ပြုတ်သည်ဆိုသည်မှာ ယောကျ်ားမပီသသောသဘော ရောက်နေသည်။ ယခု ကော်လေးက ယောကျ်ားဈေးဖျက်၍ ထမင်းဟင်း ချက်သည်မှာ အပေါင်းအသင်း ဖြစ်သော ကျွန်တော်တို့၏ ဂုဏ်သိက္ခာကိုပါ ညှိုးယော်စေတော့သည်။

"ကော်လေးက သတ္တိတော့ ရှိသွားဘဲကွ။ ဟိုနေ့က ဟိုဖက်လမ်းက သူ့ထက်ကြီးတဲ့ ပွကြီးနဲ့ တောင် ထိုးကြသေးတယ်"

ပေသီးက ညွှာတာစွာဖြင့် ကော်လေး၏ အစွမ်းကို ပြောပြသည်။ ဖိုးထော်က လုံးဝ လက်မခံပါ။

"သတ္တိရှိတာ ရှိတာဘဲကွ။ ထမင်းဟင်း ချက်တာကတော့ မိန်းမအလုပ်မို့ ဒီကောင် မိန်းမရှာတဲ့"

ကျွန်တော်တို့ စကားပြောနေစဉ်တွင် ကော်လေးသည် ကျွန်တော်တို့ရှိရာသို့ အားရရွှင်မြူးစွာ ပြေးလာသည်။ ကျွန်တော်တို့အနီးသို့ ရောက်လျှင် –

"ဟေ့ကောင်တွေ – ဘောလုံး ကန်မယ်လေကွာ။ ကျော်ကျော် ဘောလုံးသွားယူကွာ"

ကျွန်တော်က –

"ဟေ့ ကော်လေး – နေစမ်းပါအုံးကွ၊ မင်းက အခု ထမင်းဟင်း ချက်ပြုတ်နည်းတွေ ဖတ်နေတယ်ဆို"

"အေးလေ – စာအုပ်ဖတ်တာ ဘာဖြစ်လဲကွ။ နောက်ပြီး ငါ့အိမ်မှာ ငါ့အမေနဲ့ညီမလေးဘဲရှိတယ်။ ညီမလေးက ငယ်သေးတော့ ဘာမှ မလုပ်နိုင်ဘူး။ ဒီတော့ အကြီးဖြစ်တဲ့ငါက အမေ့ကို ကူညီလုပ်ကိုင် ချက်ပြုတ်ပေးရတာပေါ့ကွ။ ဒါများ အဆန်းလုပ်လို့"

"အဆန်းလုပ်လို့ မဟုတ်ဘူး ကော်လေး။ ထမင်းဟင်းချက်တာ မိန်းမ အလုပ်ကွ။ မိန်းမအလုပ်လုပ်တဲ့သူဟာ မိန်းမရှာဘဲ။ ဒါကြောင့် မင်းကို ဒို့အုပ်စုက ပယ်ထုတ်လိုက်ပြီ"

ကျွန်တော်တို့သည် ပြောပြောဆိုဆို ကော်လေးကို ထားခဲ့ပြီး လှည့်ထွက်ခဲ့ကြသည်။ ကော်လေးသည် မျက်ရည်ဝဲလျက် ကျန်နေခဲ့ပေသည်။

× × ×

လပြည့်နေ့ ညတည ဖြစ်ပါသည်။ ကျွန်တော်တို့သည် သူငယ်ချင်းများထံမှ ငွေတကျပ်စီ ကောက်ပြီး ပျော်ပွဲစားအနေဖြင့် ထမင်းဟင်း ချက်ပြုတ်စားရန် စီစဉ်ကြပါသည်။ ညနေကတည်းက ဟင်းလျာများကို ဝယ်ထားကြသည်။ ချက်ပြုတ်စရာ အိုးခွက်များကို ဖက်တီးကသူ့အိမ်မှ ယူလာသည်။ ကောင်းကင်တွင် လမင်းကြီးက ထိန်ထိန်သာနေသဖြင့် ကျွန်တော်တို့မှာ လရောင်အောက်တွင် အပျော်ကြီး ပျော်နေကြပါသည်။ ပထားခြင်း ခံရသော ကော်လေးခမျာ ကျွန်တော်တို့နှင့်မနီးမဝေးခတ်တိုင်အောက်ဝယ် ငိုင်တိုင်တိုင်ဖြင့် ထိုင်နေသည်။

"ဟေ့– ဟေ့– နေပါအုံးကွ၊ ထမင်းဟင်း ဘယ်သူချက်မှာလဲ။ ငါတော့ မချက်တတ်ဘူးနော်"

ငဖြိုး၏ အလန့်တကြားပြောသံကြောင့် ကျွန်တော်ပင် လန့်ဖျပ်သွားပါသည်။

"ဒို့အထဲက ဘယ်သူချက်တတ်လဲကွာ"

"ဒို့တော့ မချက်တတ်ဘူး"

အားလုံး၏ ပြိုင်တူပြောသံကြောင့် ကျွန်တော် အတော်စိတ်ညစ်သွားပါသည်။ ဆင်ကောင်ကြီး အမြီးကျမှ တစ်ရမည်ကဲ့သို့ ဖြစ်နေသည်။ သည်အတိုင်းဆိုလျှင် ကျွန်တော်တို့၏ ပျော်ပွဲစားပွဲမှာပျက်ရပေတော့မည်။

"အား–သိပြီး။ ကော်လေးက ချက်ပြုတ်တတ်တယ်ကွ။ ကော်လေးကို ဒို့အဖွဲ့ထဲပြန်သွင်းရအောင်ကွာ"

"အေး – ကောင်းတယ်"

အားလုံးကပင် သဘောတူသဖြင့် ကော်လေးကိုကျွန်တော်တို့ ခေါ်လိုက်သည်။ ကော်လေးသည် ခတ်တိုင်အောက်တွင် ထိုင်နေရာမှ ကျွန်တော်တို့ထံ ဝမ်းသာအားရ ပြေးလာပါသည်။ ကျွန်တော်တို့က –

"ကော်လေး – ဒို့ကို စိတ်မဆိုးနဲ့နော်။ မင်းကို အထင်မြင်သေးမိတာ ဒို့ဝမ်းနည်းပါတယ်ကွာ။ မင်းသာ ချက်ပြုတ်မတတ်ယင် ဒို့ ပျော်ပွဲစားတော့ပျက်မှာဘဲ"

"စိတ်မဆိုးပါဘူးကွာ။ မိန်းမဘဲ ဖြစ်ဖြစ်၊ ယောကျ်ားဘဲဖြစ်ဖြစ် ဘယ်အလုပ်မျိုး မဆိုတတ်ထားယင် မကောင်းဘူးလားကွာ"

"ကောင်းတာပေါ့ကွာ"

ကော်လေး၏ စကားကို ကျွန်တော်တို့အားလုံးက ပြိုင်တူထောက်ခံလိုက်ကြပါသည်။ ထို့နောက် လမင်း ဝိုင်းဝိုင်းစက်စက်ကြီး အောက်ဝယ် ကော်လေး လက်ရာဖြစ်သော ကြက်သားနှင့် ဗူးသီးဟင်းကို ကျွန်တော်တို့အားလုံး အားပါးတရ အရသာရှိစွာ စားသောက်ကြပါတော့သည်။

## မြန်မာ့
## ငှက်ကြီးတောင်

အသွားထက်မြက်
ဝင်းလက်ပြောင်၊
မြန်မာ့လက်စွဲ ငှက်ကြီးတောင်။
အိမ်ရွှေခန်းဆောင်
ဝင့်ဝင့်ကြွား၊
အလှပြင်ကာ ဆွဲချိတ်ထား။
ရှေးအတိတ်များ တွေးဆမြင်၊
ငှက်ကြီးတောင်နဲ့ မြန်မာ့သွင်။
တိုင်းပြည်တခွင် ဝင်လာကျူး၊
နယ်ချဲ့ခေါ်တဲ့ စစ်ဘီလူး။
မကြောက်ဘူးဟေ့ ကြွေးကြွေးခဲ့၊
မြန်မာ့သတ္တိ ရဲသွေးမာန်။
တယောက်မကျန် တွန်းလှန်ချီး၊
မြန်မာတို့သည် သခင်မျိုး။
နယ်ချဲ့ဂုပ်ရိုး ခုတ်ထိုးမွှေ၊
ရင်ဆိုင်တိုက်ပွဲ ဝင်ခဲ့ပေ။
မြန်မာတွေ ဂုဏ်ယူကြွား၊
ငှက်ကြီးတောင်ခေါ်
မြန်မာ့ဓား။ ။

သလ္လာမြတ်လေးဆွေ



R. 517





လဲပင်ရှိုပင်ဟုလည်းခေါ် **လက်ပံပွင့်**

ကြသော လက်ပံပင်သည် နတ်တော်၊ပြာသိုတွင် ရွက်ဟောင်းများကြွေ၍ အပင်ခြောက်ကြီးသဖွယ် ဖြစ်နေသည်။ တပို့တွဲလတွင် အပွေးထနေသော အကိုင်းအခက်များမှ အဖူးအငုံများ ထွက်လာသည်။

လက်ပံပွင့်သည် ကြီးမားသော်လည်း ပွင့်ညှာတံတိုသည်။ ကြက်သွေးရောင် ချောမွတ် ပြောင်လက်သောပွင့်ချပ်ထူထူငါးခုသည်ကော့နေသည်။ ဝတ်ဆံများမှာ ၆၀ ကျော်ရှိ၍ အရင်းကရွှေရောင်၊ အလယ်တွင် အနီ၊ ထိပ်ပိုင်းမှာ အနက်ဖြစ်သည်။ ကြက်သွေးရောင်ဖျော့၊ လိမ္မော်ရောင်နှင့် ပန်းရောင် အပွင့်ပွင့်သော လက်ပံပင်များလည်းရှိသည်။ အပွင့်များသည် မနွမ်းသေးမီ ကြွေသည်။ ကျေးလက်များတွင် အပွင့်များကို ကောက်ယူ အခြောက် လှန်း၍ သိမ်းထားပြီး လိုသည့်အခါ ဟင်းချက်စားကြသည်။ အဖူးနှင့် အသီးနုနုကိုလည်း ချက်စားနိုင်သည်။

## ဝိုင်ပန်းစုံ



လက်ပံပွင့်ချိန်တွင် ဝတ်ရည်သောက်ရန် လာကြသော ကျေးငှက်တို့ဖြင့် အပင်ထက်တွင် ဆူညံနေတတ်သည်။

တန်ခူး၊ ကဆုန်လ များတွင် ဝဖောင်းသော လက်ချောင်းများနှင့် တူသည့် အသီးတောင့်များသီး၍ ရင့်ခြောက်လာလျှင် ပေါက်ကွဲကာ ပိုးရောင်လဲမှိုများ ထွက်ကျလာသည်။ ယင်းတို့သည် ချည်မျှင်ထုတ်၍ မကောင်း၊ မွေ့ရာ၊ ခေါင်းအုံးတို့တွင် မှိုသွတ်ရန်သာ ကောင်းသည်။

လက်ပံပင်သည် အပင်ကြီးမျိုးဖြစ်သည်။ အိန္ဒိယ၊ မြန်မာနိုင်ငံနှင့် မလေးကျွန်းစုတို့တွင် မူလပေါက်သည်။ အကိုင်း အခက်များသည် အပေါ်မထောင်ဘဲ ဘေးသို့ကားထွက်သည်။ ရွက်လက်တခုတွင် ရွက်မြှာသုံးခုမှ ခြောက်ခုအထိပါ၍ လက်ချောင်းများ ထွက်သကဲ့သို့ ဖြန့်၍ ထွက်သည်။ လက်ပံသားသည် ပွသည်။ ပင်စည်၏အစေးနှင့် အပင်ငယ်များ၏ အမြစ်သည် ဆေးဖက်ဝင်သည်။

တပွံ့တပွံ့

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄။ အမှတ်-၅။

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တပို့တွဲလဆန်း ၁၄ ရက် (၂၉-၁-၇၂)

## ရတနာ


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ပိုးချစ်လှိုင် (မြေလတ်)




စနေနေ့တိုင်း ထုတ်ဝေသည်။


သို့ဖြင့် ထိုသူသည် ကြီးပွားချမ်းသာလာလေ၏။
ဒီရွှေစလေးတွေဟာ မြစ်ညာမှာရှိတဲ့ ရွှေတောင်ကို ရေတိုက်စားပြီး - ရေစီးနဲ့ မျောပါလာတဲ့ ဟာတွေဘဲ ဖြစ်ရမယ်။ ဒီတော့ မြစ်ဖျားမှာ သွားရှာ ရအောင်
အေး - မင်းအကြံ မဆိုးဘူး
တစတစနှင့် ထိုအကြောင်းကို လူအများက သိလာပြီး နေရာအနှံ့မှ ရွှေရှာသူများ ရောက်လာကြတော့သည်။
အချို့က မြစ်ကမ်းစပ်တွင် ရွှေကျင်ကြ၏။
အချို့က မြစ်ကမ်းပါးတလျှောက်တွင် မြေဝယ်ပြီး တူးကြဆွကြသည်။
ရွှေအမြောက်အမြား ရကြသူများ ရှိသကဲ့သို့ လုံးဝ မရသူများလည်း ရှိပေသည်။
....ရှိတဲ့ ငွေရင်း ငွေနှီး ကလဲ နဲ့နေတော့ မြစ်နဲ့ ခပ်လှမ်းလှမ်း မြေကွက်ဘဲ ရ,မယ်၊ လှံ့ထမ်းလာတာ သာဖြင့်ရတယ် ကံ - ထမ်းလာတာ မဖြင့်ရဘူး ဆိုတဲ့ စကားရှိ သားဘဲ ----- ကံစမ်းတဲ့ သဘောနဲ့ လုပ်ကြည့် မှာဘဲ.......
ထိုသူများထဲတွင် လူရိုး လူကောင်း လူအေး ဖြစ်သည့် ကိုအေးကျော်ဆိုသူလည်း ပါဝင်၏။



အင်း..... ခက်ကပြီ ရွှေလဲ မတွေ့— ငွေလဲ ကုန်ပြီ ထမင်းစားဘို့တောင် ခက်နေပြီ
သူများနည်းတူ မြေတူး၍ ရှာသော်လည်း ခြောက်လခန့်ထိ ရွှေတရွေးသားမျှမတွေ့ရပေ။
..... ဒီမြေကွက် ရောင်းပြီး ဒီရွာက ခွါမယ်အောက်မေ့ပါတယ်..တကတဲ.. ဝယ်မယ့်လူတောင် မရှိဘူး ဒုက္ခပါဘဲ..
တညနေ မိုးကြီး သည်းထန်စွာ ရွာချလေ၏။
နံနက် မိုးလင်းသောအခါ ....
အလို...... တူးထားတဲ့ကျင်းတွေ အားလုံး မိုးရွာတာနဲ့ ရေကျော်ပြီး မြေနုတွေနဲ့ပြည့်သွား ပါပြီလား၊ ချောက်နု လေးတောင်ရှိလို..... ....ဘယ်ဆိုးလို့လဲ .....
မိတ်ဆွေအချို၏ စောင့်ရှောက်မှုကြောင့် ရွှေလီမြစ်မှ မခွာနိုင်ပဲ ရှိနေစဉ် အချိန်အတွင်း—
အင်း... အသီး-အရွက် တွေက-စားလို့တောင် ရမှာကိုး .......
ထိုကြောင့် အားအားရှိ မြေပေါက်၊ မြောင်း ဖောက်ပြီး နံနံ၊ သခွား၊ မုန်လာတို့ကိုစိုက်သည်။



အချို့ကိုစား၊ အချို့ကိုရောင်းပြီး အောင်မြင်မှု ရ၍ သီးပင်၊ ပန်းပင်များ ဆက်လက်စိုက်ပျိုး၏။





မြို့ထွက်ပစ္စည်းများမှာ လှပ လတ်ဆတ်၍ အရပ်သားများမှာလည်း ချမ်းသာကြသဖြင့် ပြောသမျှဈေးနှင့်ပင် ဝယ်ယူကြလေသည်။




သည်လိုနှင့် ကိုအေးကျော်တွင် ငွေအတော် အတန် စုမိလာရာ မြေအချို့ကို ထပ်ဝယ်၍ တိုးချဲ့စိုက် ပျိုးဖြန့်ဖြူးနိုင်သဖြင့် ချမ်းသာလာ၏။



ထိုအရပ်သူ တယောက်နှင့် အိမ်ထောင်ကျပြီး ယခုသော် သားသုံးယောက်ပင် ရရှိနေလေပြီ။




ဦးအေးကျော်မှာ သားများက ဥယျာဉ်ကြီးကို ဆက်လက်လုပ်ကိုင်လျက် ရှိသည်ကို နေ့စဉ် လိုက်ကြည့်ပြီး မကြာခဏ ဂုဏ်ယူပြောဆိုလေ့ ရှိသည်ကတော့ – – –


ဖြတ်ထိုးဉာဏ် ကောင်းသော
စားတော်ကဲ
ရေး-မြဲသွေး
သရုပ်ဖော်★ မောင်မောင်သက်
ဒီနေ့မြို့စားကြီးစားဖို့ တောဘဲ တကောင်လုံး ပြုတ်ကြော် ချက်ရအုံးမယ်
တခါက မြို့စားကြီးတဦးတွင် ဖြတ်ထိုးဉာဏ် ကောင်းသော စားတော်ကဲတဦးရှိ၏။
အား-ဟင်းကမွှေး လိုက်တာ၊ ငါနည်းနည်း စားကြည့်အုံးမယ်
အင်း-ဘဲကောင်လုံး ပြုတ်ကြော်က စားလို့ကောင်း လိုက်တာ-
ဟိုက်-ငါစားတာ ဘဲခြေတချောင်းကုန် သွားပြီ-ခက်ပြီဘဲ
ခြေတောက်တချောင်းမရှိတဲ့ ဖက်ကို မြို့စားကြီးမမြင် အောင် ဒီဖက်လှည့် ထားမှဖြစ်မယ်
ထမင်းစားချိန်၌-
ဟဲ့-ဘဲတကောင်လုံးပြုတ်ကြော် ချက်ထားတာလား
မှန်လှပါ
မြို့စားကြီးရောက်လာသော် ....
မောင်မင်း ဘဲကလဲ ခြေတချောင်းဘဲ ရှိပါလား
ဒီဘဲက တောဘဲပါ


မှန်လှပါ၊ တောဘဲဟာ ခြေတချောင်း သာရှိပါတယ်
တောဘဲမှာ ခြေတချောင်း တည်းရှိတယ် ဆိုတာ မင်းပြော မှ အခုကြားဘူးတယ်
ကျွန်တော်မျိုး ပြောတဲ့ စကား ကိုမယုံယင် မြို့စားကြီး လိုက် ကြည့်ပါ၊ ခြေတချောင်းသာ ရှိတဲ့ တောဘဲကို ပြပါ့မယ်
အေး-ငါကိုယ်တိုင် လိုက်ကြည့်မယ် မင်းပြောတာ မှန်ယင် ဆုတော်ငွေ ချီးမြှင့်မယ်၊ မှားယင် တော့ ဒဏ်ခတ်ခံရလိမ့်မယ်
ညအချိန် လိုက်ကြည့်ပါ
မိုးချုပ်သော် တောဘဲများနေသောနေရာသို့ သွားကြလေသည်။
တောဘဲများသည် ခြေထောက်တချောင်းကို တောင်ပံအောက် သွင်းပြီး ခြေတချောင်းထဲ ထောက်၍ အိပ်ကြသည်။
ဟိုမှာ ကြည့်ပါ၊ တောဘဲ ဟာ ခြေတချောင်း ဘဲ ရှိပါတယ်
ဒီလိုတော့လဲ အမြင်မှာ ဟုတ် သလိုပေါ့


ငါ-ကောင်းကောင်းမမြင်ရဘူး တောဘဲတွေအနီးကိုသွားကြည့်မယ်
ဝါး
တောဘဲများအနီးသို့ရောက်သော်....
တောဘဲများလည်း လန့်ပြီး ပျံကြ၏။
ဟိုမှာကြည့်စမ်း တောဘဲတွေက ခြေနှစ်ချောင်း ရှိတယ်ဘဲ ကွ
မြို့စားကြီး ပြောတာမှန် ပါတယ်
ဒါပေမဲ့ မြို့စားကြီး တောဘဲတကောင် လိုးစားတုန်းက အခုလို "ဝါး" လို့ သမ်းလိုက်ယင်၊ ဒုတိယ ခြေတ ချောင်းထွက်လာနိုင် ပါတယ်၊
အဲဒီတုန်းက မြို့စားကြီးက အခုလို "ဝါး" လို့မှ မသမ်းလိုက်ဘဲ---
မြို့စားကြီးမှာ ရယ်မောရင်း ခွင့်လွှတ်လိုက်ရ လေသတည်း။



# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်

## ဟာန့်၊ ဟီလာရီနှင့် တင်ဇင်း

အိန္ဒိယပြည် ဟိမဝန္တာတောင်တန်းရှိ ဧဝရက်တောင်ထိပ်သည် ပေပေါင်း ၂၉,၀၀၂ ပေ မြင့်၏။ ကမ္ဘာပေါ်တွင် အမြင့်ဆုံး ဖြစ်ပေသည်။ တောင်ထိပ်တွင် လေထုသည် အလွန် ကျဲပါးနေသဖြင့် လူတို့အသက်ရှူရန် မလုံလောက်ပေ။ ထို့ပြင် တနာရီလျှင် မိုင်တရာနှုန်းကျော်သော လေမုန်တိုင်းလည်း တိုက်ခတ်နေ၏။ ထို့ကြောင့် တောင်ထိပ်သို့ တက်ရောက်ရန် အလွန်ခဲယဉ်းပေသည်။ ကြိုးစား တက်ရောက်ခဲ့ကြသူများရှိသော်လည်း မည်သူမျှ မအောင်မြင်ကြပေ။ အချို့ဆိုလျှင် အသက်ပင် စွန့်ခဲ့ကြရ၏။

၁၉၅၃ ခုနှစ်တွင်မူ ဆာဂျွန်ဟန့် ခေါင်းဆောင်သော ဗြိတိသျှ တောင်တက်အဖွဲ့သည် ဧဝရက်တောင်ထိပ်ကို တက်ရောက်ခဲ့ကြပြန်သည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်သော တောင်တက်သမားများနှင့် အတူ ဆရာဝန်၊ သိပ္ပံပညာရှင်၊ ဓာတ်ပုံဆရာ စသည်ဖြင့် စုံလင်စွာ ပါရှိ၏။



တောင်တက် အဖွဲ့ဝင်များသည် အောက်ဆီဂျင်ဗူး၊ အနွေးထည်ဝတ်စုံ၊ မိုးကာ၊ ဒန်လှေကား၊ ပုဆိန်၊ သေနတ်၊ ရေဒီယို၊ ဆေးဝါး၊ အစားအစာ စသည့် ပစ္စည်းကရိယာများကို စုံလင်စွာ သယ်ဆောင်လာကြရ၏။ ထိုပစ္စည်းများကို သယ်ဆောင်ရန်အတွက် အထမ်းသမား ၃၃ ယောက်ကို ခေါ်ဆောင်လာခဲ့ရသည်။ ထိုအထမ်းသမားများကို တောင်တက်အဖွဲ့ဝင် တဦးဖြစ်သူ နီပေါလ်လူမျိုး တင်ဇင်းက ဦးစီးကွပ်ကဲလေသည်။



ဟန့် ခေါင်းဆောင်သော တောင်တက်အဖွဲ့သည် ၁၉၅၃ ခုနှစ် မတ်လတွင် ဧဝရက်တောင်ထိပ်သို့ စတင်တက်ရောက်ခဲ့ကြသည်။ မတ်လ ၂၅ ရက်နေ့တွင် ဧဝရက်တောင်ထိပ်ကို မြင်ကြရ၏။ သို့သော် ရေခဲမြစ်တစင်းနှင့် တွေ့ဆုံနေရသဖြင့် ရှေ့ဆက်ရန်မဖြစ်ပဲ ရပ်တန့်နေကြရသည်။

ဟန့်သည် ကျွမ်းကျင်သော တောင်တက်သမား တဦးဖြစ်သူ နယူးဇီလန် နိုင်ငံသား အက်ဒမန်ဟီလာရီနှင့်အဖွဲ့ကို စေလွှတ်၍ ရေခဲမြစ်ကို ဖြတ်ကျော်နိုင်ရန် နည်းလမ်း ရှာဖွေစေ၏။

ဟီလာရီနှင့်အဖွဲ့သည် ရေခဲမြစ်ကို ခဲယဉ်းစွာ ဖြတ်ကျော်ပြီးလျှင် တန်တားထိုးနိုင်ခဲ့ကြပေသည်။ သို့ဖြင့် တောင်တက်အဖွဲ့သည် ပေ ၁၉,၄၀၀ အမြင့်ထိ တက်ရောက်နိုင်ကာ ခေတ္တစခန်းချ ရပ်နားနေခဲ့ကြ၏။


ထို့နောက် ရာသီဥတုဒဏ်၊ လေပြင်းမုန်တိုင်းဒဏ် စသည်တို့ကို ကြံ့ကြံ့ခံကာ မေလတွင် ပေ ၂၂,၀၀၀ အထိရောက်အောင် တက်ရောက်နိုင်ခဲ့ကြ၏။ ဟန့်သည် ဆက်လက် တက်ခဲ့ရာ တောင်ထိပ်ရောက်ရန် ပေ ၃,၀၀၀ အလိုတွင်ပင်ပန်းလာသဖြင့် ရပ်နားနေခဲ့ရ၏။

ဟီလာရီနှင့် တင်ဇင်းတို့သည် ပေ ၂၇,၉၀၀ အထိ ဆက်လက် တက်ရောက်ခဲ့ပြီးလျှင် ညအိပ်ရပ်နားနေကြ၏။ နောက်တနေ့ (မေလ ၂၉ ရက်) နံနက်တွင် တဖန် ဆက်တက်ကြပြန်သည်။ ပေ ၄၀ ခန့်မြင့်သော ရေခဲတုံးကြီးတခု ပိတ်ဆို့နေသဖြင့် စိတ်ပျက်နေကြစဉ်၊ ဟီလာရီသည် ရေခဲတုံးကြီး၏ ကွဲအက်နေသော နေရာတခုကို ရှာဖွေ တွေ့ရှိသဖြင့် ကုပ်တွယ်ကာ တောင်ထိပ်အရောက် တက်ရောက်နိုင်ခဲ့ကြပေသည်။

တောင်ထိပ်၌ ခြေချမိသောအခါ ဟီလာရီနှင့် တင်ဇင်းတို့သည် ဗြိတိသျှအလံနှင့် နီပေါလ် အလံတို့ကို စိုက်ထူလိုက်ကြသည်။ ဧဝရက် တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ပြီဟူသော သတင်းသည် ဇွန်လ ၂ ရက်နေ့တွင် ကမ္ဘာ့တဝှမ်းလုံးသို့ ပြန့်နှံ့သွားတော့၏။




ဗြိတိန်သို့ ပြန်ရောက်သောအခါ တောင်တက်အဖွဲ့ခေါင်းဆောင် ဟန့်ကိုရင်း၊ တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သူ ဟီလာရီနှင့် တင်ဇင်းတို့ကိုရင်း လူအများက သောင်းသောင်းဖျဖျ ချီးကျူးဂုဏ်ပြုကြလေသည်။


တိုးတိုးသည် သူများကို နောက်ပြောင်နေရမှ ကျေနပ်သူဖြစ်၏။ ထနေ့တွင် –
ဟေ့! ဖင်းနောက်မှာ ခွေး .... ခွေး ..
အမလေး
ဟား .. ဟား ..
ငါ ချောက်တာ ကြောက်တယ်ပေါ့
ဟား . ဟား . ဟား
ဟင်း
ဟေ့! ဖင်းနောက် မှာ ခွေး
ဟင်း . ဟင်း . ခု
ဟိုမြင်လုံးတွေက
အရိုးဖေကိုယ်ဆီက
ဖြစ်သွားတော့ပါ
အား
ကျွတ် . ကျွတ်
နောက်လိုက်တာ
ကိုယ့်ဒုက္ခကိုယ်
မြန်ထိ
တော့ဘဲ ..


မောင်မောင်ဝင်း ၏

# ပိုင်တယ်ကွာ




ပိတ်တဲ့နေ့
ဟာ - ဂျာရစ်နဲ့ မဲလုံးပါလား၊ မင်းတို့ဘယ်တုန်းကရောက်လဲ
ဦး၊ အဖေနဲ့ အလယ်လိုက်လာတာကွ
တရက် - နှစ်ရက် ကြာယင် - ပြန်မယ်
ဪ၊ - ဒါဖြင့် - သူတို့ကို တနေ့ရာရာ လိုက်ပို့ လိုက်ပါလားကွယ် ~
ဟုတ်ကဲ့ - ဒီလိုဆိုယင် အမျိုးသားပြတိုက်ကို လိုက်ပို့ယင် - မကောင်းဘူးလား ~
ဟာ - ပွဲတော်ဘဲ
ကောင်းတယ် ~ မေမေ တောင် မရောက်ဖူးသေးဘူး ~ ဒါပေမဲ့ ~ သားတို့ သွားရမှာ အဝေးကြီး
ဟုတ်မှလဲ လုပ်ပါ တော်ကြာ - မျက်စိ လယ်နေလို့ ~
အမလေး - မင်းက - စိုးရိမ်မနေပါနဲ့ ~ ဒီပြတိုက်ကို - ဖေဖေနဲ့ သွားလေ့လာပြီးပြီကွ ~ ဟဲ ဟဲ
ကဲ - ကဲ သွားကြ - အချိန် မရှိဘူး
တွေ့တယ် မဟုတ်လား ဟိုမှာ - အမျိုးသား ပြတိုက်
ပြတိုက်က လူလဲ မစည် ပါလား
ဟေ
ဟိုက် - သောကြာနေ့ - ပိတ်သည် ဆိုပါလား ~ ငါက ဒီနေ့ ဖွင့်တယ် မှတ်လို့ ~
- ပိတ်ရက် - သောကြာနေ့နှင့်
အကိုလေ့လာတဲ့ အထဲမှာ - ပိတ်တဲ့ နေ့ - ချန်ထား တယ်ထင်ပါရဲ့ ဟဲ ဟဲ
ပြီး

# လက်သည်း၊ ခြေသည်းနှင့် ဆံပင်တို့ကို လှီးဖြတ်လျှင်အဘယ်ကြောင့် မနာကျင်သနည်း



သင်၏ ကိုယ်ခန္ဓာအတွင်းရှိ အာရုံကြော များကြောင့် ထိတွေ့ခံစားမှုများကို သိရှိခံစားရခြင်း ဖြစ်ပေသည်။ အာရုံကြောများသည် သင်၏ကိုယ်ခန္ဓာအနှံ့တွင်ပြန့်လျက်ရှိပြီး ခံစားမှုမျိုးစုံကို ဦးနှောက်သို့ ပို့ပေးလေသည်။ သင်၏ အရေပြား အတွင်းရှိ အာရုံကြောများက သင်ထိတွေ့မိသော အရာများ အကြောင်းနှင့် သင့်ကို လာရောက်ထိတွေ့သော အရာများ အကြောင်းကို သတင်းယူ၍ ဦးနှောက်သို့ ပို့ပေးသည်။ သို့ဖြင့် အေးခြင်း၊ ပူခြင်း၊ စွတ်စိုခြင်း၊ ခြောက်သွေ့ခြင်း၊ ကြမ်းတမ်းခြင်း၊ ချောမွတ်ခြင်း၊ သက်တောင့်သက်သာရှိခြင်း၊ နာကျင်ခြင်းစသည့် ခံစားမှုများကို ဦးနှောက်က သိရှိလာရသည်။



သို့သော် သင်၏ လက်သည်း၊ ခြေသည်းနှင့် ဆံပင်တို့တွင် အသား၊ အသွေး၊ အာရုံကြောများ ပါဝင်ဖွဲ့စည်းထားခြင်း မရှိပေ။ ထို့ကြောင့် ဦးနှောက်သို့ သတင်းပို့မည့် အာရုံကြောများ မပါရှိသဖြင့် လက်သည်း၊ ခြေသည်းနှင့် ဆံပင်တို့ကို လှီးဖြတ်လျှင် မည်သို့မျှ မနာကျင့်ခြင်း ဖြစ်ပေသည်။ ကြယ်ဖြူ



# တက်ပု

စောမဥ္ဇူ (ဖျာပုံ)



တက်ပု ကျောင်းသို့ မသွား သေးချေ။ သူ့အမေ အနီးတွင် မယောင်မလည် လုပ်နေ၏။ မျက်စိကလည်း ပိုက်ဆံ ဗူးက လေးဆီသို့ရောက်နေလေသည်။ အမေသည် တက်ပုကို သတိ မထားမိပေ။ ဈေးဝယ်သူများ နှင့် အလုပ်များနေ၏။

သူ့အမေ တဖက်သို့ လှည့်၍ ချိန်ခွင် ချိန်ပေးနေစဉ် တက်ပု သည် သွက်သွက်ကလေးပိုက်ဆံ ကို နှိုက်ယူလိုက်၏။ အမေ လှည့် လိုက်သောအခါ တက်ပုကို မြင် သွားလေသည်။

"ဟဲ့ သား၊ ကျောင်းမသွား သေးဘူးလား"

"သွားမယ်အမေ"

တက်ပုသည် လန့်လန့် ဖျပ် ဖျပ်နှင့် ပြေလိုက်ပြီး ထွက်လာ ၏။ လမ်းဝသို့ ရောက်သည်အ ထိ တက်ပုမှာ လန့်စိတ် မပြေ သေးပေ။ သူ့လက်ထဲတွင် ဖွက် ယူလာသော ပိုက်ဆံကို ဖြန့် ကြည့် လိုက်၏။ ဆယ်ပြားစေ့ တစေ့နှင့် မတ်စေ့တစေ့ဖြစ်လေ သည်။

စောစောက အမေ ပေး ထားသော ပိုက်ဆံကို သတိရ သွားပြန်၏။ အိတ်ထဲမှ အမေ ပေးလိုက်သော ပိုက်ဆံအကြေ များကိုကြည့်ရင်း သဘောကျ သွားလေသည်။

နေ့လယ် ကျောင်း လွှတ် ခေါင်းလောင်း ထိုးသောအခါ တက်ပုသည် ပဌမဆုံး ပြေး ထွက်လာ၏။ ရေခဲခြစ်ဆိုင်သို့ အရောက်သွားလေသည်။ ရေခဲ ခြစ်ဆိုင်သို့ ရောက်သောအခါ ခေတ္တမျှ ရပ်လိုက်၏။ သူ့လက် ထဲမှ ပိုက်ဆံအကြွေများကို ငုံ့ ကြည့်လေသည်။ ထိုအခါ ရေ ခဲခြစ်ကို သူမစားချင်တော့ပေ။

လက်သုပ်ဆိုင်နှင့် သာဂူ ဆိုင် ရှိရာသို့ ထွက်လာလေ သည်။ မန်ကျည်းပင်အနီးတွင် မောင်ချစ်ကို တွေ့ရသည်။ မောင်ချစ်သည် တစုံတရာကို ရှာနေ၏။

"မောင်ချစ်ရေ– မုန့်မစား သေးဘူးလားကွ" ဟု မေးရင်း တက်ပုသည် မောင်ချစ်အနီးသို့ သွားလေသည်။

"စားမလို့ဘဲ ကွ၊ ပိုက်ဆံ ပျောက်သွားလို့"

မောင်ချစ်က တက်ပုကို မကြည့်ပဲ ဖြေလိုက်၏။ တက်ပု သည် မုန့်ဆိုင်သို့ မသွားသေး ပဲ မောင်ချစ်နှင့်အတူ ပိုက်ဆံ ကို ကူရှာပေး၏။

"ဆာလိုက်တာကွာ"

မောင်ချစ်သည် တုတ်က လေးနှင့် အမှိုက်များကိုမွှေရင်း ပြောလိုက်လေသည်။

"အိမ် ပြန်တောင်းပါလား ကွ"

တက်ပုက အကြံပေး၏။

"ပေးပြီးမှဘဲ၊ ရမှာမဟုတ် ဘူးကွ" ဟု မောင်ချစ်က အသံ

ပျော့ ကလေးဖြင့် ဖြေလေသည်။

"မင့်အမေ ဈေးဗန်းထဲက တိတ်တိတ် နှိုက်ပါလားကွ"

တက်ပုက အားတက်သရော ပြောလိုက်လေသည်။ မောင်ချစ်က တက်ပုကို မော့ကြည့်လိုက်၏။

"တိတ်တိတ်ယူတာဘဲ၊ သိတာမှတ်လို့ကွာ"

တက်ပုက ပြုံးပြီး စိတ်ပါလက်ပါ ပြောပြန်လေသည်။ မောင်ချစ်က မျက်နှာငယ်ကလေးဖြင့် ခေါင်းရမ်းပြလိုက်ပြီး ရှာလက်စ ပိုက်ဆံကိုသာ ဆက်ရှာနေလေသည်။

"ဘာဖြစ်လို့လဲ မောင်ချစ်ရ"

တက်ပုက ဘာမျှပြန်မပြောသော မောင်ချစ်ကို အားမလိုအားမရဖြင့် မေးလေသည်။

"အမေက နေပူကြီးထဲမှာ ဈေးရောင်းရတာ၊ သနားတယ်ကွ။ မုံ့ဘိုး နေ့တိုင်း ပေးရက်သားနဲ့ တိတ်တိတ် မယူချင်ပါဘူးကွာ။ တိတ်တိတ် ယူတာ မကောင်းဘူးတဲ့။ ခိုးတာနဲ့အတူတူဘဲလို့ အမေက ပြောဘူးတယ်"

မောင်ချစ်သည် သဲထဲတွင် ရှာရင်း ပြောလေသည်။ တက်ပုသည် လက်ထဲမှ ပိုက်ဆံအကြွေများကို ရုတ်တရက်ငုံ့ကြည့်လိုက်လေသည်။

"မတွေ့ပါဘူး၊ နက်ဖြန်မှဘဲ မုံ့စားတော့မယ်။ သွားကစားတော့မယ်ကွာ"

မောင်ချစ်သည် ဘောလုံးကစားနေသော နေရာဖက်သို့ ထွက်သွားလေသည်။ တက်ပုသည် မောင်ချစ်ကို ကြည့်ကာ ငိုင်ကျန်ခဲ့၏။ နောက်မှ မောင်ချစ်နောက်သို့ ပြေးလိုက်လေသည်။

"ဟေ့ မောင်ချစ်ရေ၊ နေပါအုံးကွ"

မောင်ချစ်သည် တက်ပုကို ရပ်၍ စောင့်နေလေသည်။

"ငါ့မှာ အမေ ပေးလိုက်တဲ့ ပိုက်ဆံ ပြားနှစ်ဆယ် ရှိတယ်။ မင်းဆာနေတယ် မဟုတ်လား။ ရော့ မင်းဆယ်ပြားယူ၊ ဒီပိုက်ဆံတွေကိုတော့ အမေ့ကို ငါ ပြန်ပေး လိုက်တော့မယ်။ နောက် အမေ မသိဘဲ ဘယ်တော့မှ ဈေးဗန်းထဲက မနှိုက်တော့ဘူးကွာ။ ငါလဲ အမေ့ကို သနားလာပြီ"

တက်ပုနှင့် မောင်ချစ်တို့သည် လက်တွဲကာ ကောက်ညှင်းပေါင်းဆိုင်သို့ ပြေးသွားကြလေသည်။

× × × ×

# ကြောက်စိတ်

နေဝင်ပြီးစ မှိုင်းပျပျုန်၊
မောင်ထွေး ရွှေရင်ခုန်။

ဟောဒရွှေချုံမှာ ငုတ်တုတ်ကြီး၊
သရဲ စပ်ဖြည်းဖြည်း။

ကိုယ်ကြီးဝလို့ မွဲပြာပြာ၊
မောင်ထွေး ကြောက်လို့လာ။

သူ့ဆရာလေး သင်ခဲ့သေး၊
ရဲစိတ် မွေးဘို့လေး။

ဗမာ့သွေးမို့ သတိဝင်၊
မနေး စိတ်ကိုပြင်။

ရွှေရင်ခုန်တာ အတန်ပျောက်၊
မောင်ထွေး ခဲကိုကောက်။

ပေါက်လိုက်ပြီပေါ့ ထိုနေရာ၊
ကြည့်လိုက်ပြန်သောခါ။

သရဲဆိုတာ ဘယ်ကိုပျောက်၊
သစ်ငုတ်ကြီးသာ
ငေါက်တောက်တောက်။ ။

အေးရှေစင် (သာကေတ)



R. 517

# တမာပန်း



# ခိုင်ပန်းစုံ

တမာပွင့်ချိန်သည် တပေါင်းလမှ ကဆုန်လတိုင်အောင်ဖြစ်သည်။ ပန်းတခိုင်လျှင် စိမ်းဖန့်ဖန့် အရောင် သန်းသော အပွင့်ဖြူဖြူ သေးသေး အများအပြားပါရှိ၍ ပန်းခိုင်တံကမူ သေးသွယ်သည်။ ကြယ်ပုံသဏ္ဌာန် အပွင့်ကလေးများတွင် ပွင့်ချပ်ငါးခုပါရှိ၍ ဝတ်ဆံကဝါသည်။ ပျားပိတုန်းများ နှစ်သက်သော ချိုအီအီပျားရည်ရနံ့မျိုးရှိ၍ ညအချိန်တွင် ပို၍ ရနံ့မွှေးသည်။

တမာပင်သည် အပင် အလတ်စားမျိုးဖြစ်၍ အလွန်ဆုံး ပေ ၅၀ ခန့်အထိသာ မြင့်သည်။ စိမ်းစိုသော အရွက်များဖြင့် အုပ်ဆိုင်းနေသည်။ ရွက်လက်တခုတွင် ရွက်မြွှာအစုံ ၃၀ ခန့် ရှိတတ်သည်။ တံစဉ်ပုံ ခပ်ကွေးကွေးနေသော အရွက်များသည် အဖျားသွယ်ချွန်၍ ခွေးသွားစိတ်များရှိသည်။ ဆောင်းရာသီတွင် အရွက်ကြွေ၍ မကြာမီ ဝေဝေစီစီ ထွက်လာသော ရွက်နု၊ ရွက်သစ်များနှင့်အတူ အဖူးတံများ ပါလာသည်။ တမာရွက်နုနှင့် တမာဖူးကို အချဉ်ထည့်သော တမာချဉ်သည် ခါးသက်သက်နှင့် အလွန် ခံတွင်းလိုက်သော တို့စရာတမျိုးဖြစ်သည်။ တမာသီးသည် ဝဲလုံးအကြီးစားခန့်ရှိသည်။

ယခုဖော်ပြသော တမာမှာ တမာကြီး ဟူ၍၎င်း၊ တမာခါး ဟူ၍၎င်း ခေါ်သည်။ အိန္ဒိယနှင့် မလေးကျွန်းစုတွင် မူလပေါက်သည်။ တောင်တမာ၊ ရေတမာ၊ တောတမာ၊ သဘော်ပန်းတမာဟူ၍ ရှိသေးသည်။ တမာရွက်၊ အပွင့်၊ အသီး၊ အခေါက်၊ အစေး စသည်တို့သည် ဆေးဖက်ဝင်သည်။ လေနှင့် အတူပါလာသော အပွင့်နံ့၊ အရွက်နံ့တို့ကပင် ပတ်ဝန်းကျင်ရှိ ရောဂါပိုးမွှားများကို တိုက်ဖျက်သည်ဟု အဆိုရှိ လေသည်။



တင့်တင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တပို့တွဲလဆုတ် ၆ ရက် (၅-၂-၇၂)

# ညီ သာ လျှင်

ပဝါနု


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ကျော်မြင့်တင် (အင်း၀)





ပါပ ဆိုတဲ့ နာမယ်ဟာ ကျက်သရေ မရှိဘူး ကွ
ခွေးကောင်နဲ့ ပေါင်းယင်.... ငါတို့ပါ -ကျက်သရေ တုံးကုန်မှာ ပေါ့
ခွေးကောင်ကို ဝိုင်းပယ် ကြစို့
အေး..... ဟုတ်တယ်
တနေ့တွင် မောင်ပါပသည် သူငယ်ချင်းများ၏လှောင်ပြောင်ခြင်းကို ခံလိုက်ရသဖြင့် -
အကိုကြီးရယ်-ညီလေး ရှက်လိုက်တာ - ....ပါပဆိုတဲ့ နာမယ်ကို သူတို့က××× ×××× ××××
နာမယ် ပြောင်း ပေးပါ
မခံမရပ်နိုင်ဖြစ်ကာ အိမ်ပြန်လာပြီး အစ်ကိုကြီးအား နာမည်ပြောင်းပေးရန် ပူဆာတော့၏။
ညီလေး–လူ့ဆိုတာ နာမယ်က အဓိက မဟုတ်ပါဘူး၊ အရည်အချင်းကောင်း ရှိဖို့သာ လိုတယ် ကွဲ ××××××××× ×××××××××××××××
ဟင်အင်း - ဟင်အင်း နာမယ် ပြောင်း ပေး ရမယ်...... ဒါဘဲ
ကဲ-- ဒီလို ပြောမရယင်လဲ မင်း ကြိုက်တဲ့ နာမယ် လိုက် ရှာပေတော့ ။ ရ တဲ့ နေ့ ကျမှ ပြန်လာ.... ဟုတ်ပလား
အင်း.. သွားမယ်...
နာမယ်ရှာတာ များ ခက်တာလိုက်လို့
ရွှီး
လျှောက် ရှာ လိုက်ယင် ခဏလေး နဲ့ ကြိုက်တာ တွေ့ မှာဘဲ
သူတို့နာမယ်တွေနဲ့ မတူအောင်-ရှယ် ပေးမှာ ရှာမယ်
ကိုကြီးတို့များ နဲနဲ ကို-မှိုပါတယ်--


ဒီမှာ-ခင်ဗျား နာမယ် ဘယ်လို ခေါ်သလဲ - ဟင်
မောင်ချမ်းသာ -----တဲ့
ရွာတရွာ ရောက်သော် သစ်ခုတ်သမားတဦး နှင့်တွေ့၍ စုံစမ်းလိုသဖြင့်....
အင့်ဟင်...... နာမယ်က, ချမ်းသာ-ဆိုပေမယ့် လူက-မချမ်းသာနိုင်ပါလား........ ဆင်းရဲလို့သာ - သစ်ခုတ်လုပ်သား လုပ်စားနေရတာဘဲ.....
ဒီနာမယ်-မစွဲသေးဘူး ....သိုက်ရှာအုံး မှဘဲ....
မောင်ပါပ စဉ်းစားမိပြီး ထွက်ခွါသွားလေ၏။
နောင်ကြီး နာမယ်-ဘယ်လို ခေါ်ပါသလဲ ခင်ဗျာ...
ကိုလိမ်မာ--တဲ့ဗျာ. ကိုလိမ်မာ--- ဟားဟား - ဟားဟား
ထို့နောက် ထန်းပင်အောက်တွင် ထန်းရည်မူးနေသောသူကို မေးပြန်၏။
အမေ-အဖေ-က-လိမ်မာ ကြောင်းရည်သန်ပြီး-မောင် လိမ်မာလို့မှည့်ခေါ်ပေမယ့် - မလိမ်မာပါလား......
ဒီနာမယ်လဲ မကြိုက် သေးဘူး
ရှာအုံးမယ်
မောင်ပါပ တွေးမိပြန်သည်။
ဦးလေးနာမယ် ဘယ်လိုများ ခေါ်ပါသလဲ ဦးလေးရယ်
ဦးမေတ္တာလို့ခေါ် တယ်-မောင် ရေ့
တောစပ်အနီးသို့ ရောက်သောအခါ ချေသေကောင် ထမ်းလာသော မုဆိုးတယောက်နှင့် တွေ့၍—
နာမယ်ကတော့-မေတ္တာ - သတ္တဝါ အများပေါ် မေတ္တာမထားလို့သာ လိုက်သတ်နေတာဘဲ
တယ်ခွကျပါလား
ကဲလေ-ဆက်ရှာဦးမှ ရသေးတာပေါ့
မောင်ပါပ ချင့်ချိန်ကာ ခရီးဆက်ပြန်သည်။


အလို .... ဒီရွာက အရင်ကလို မဟုတ်တော့ပါလား ....
မောင်ပါပသည် ရက်၊ လ အတော်ကြာမျှ စိတ်ကြိုက် နာမည်ရှာသော်လည်း မရသည့်အဆုံး၌ စိတ်မာန်လျှော့ကာ အိမ်သို့ ပြန်လာလေသည်။
.....တွေလါး ငါ့ညီ... မင်း ထွက်သွားတဲ့ အချိန် တွေကို အသုံး ချတတ်တော့ - ဘယ်လောက် အကျိုး ရှိသလဲ။ တို့ရွာသူ ရွာသား တွေဟာ - ရွာအနားမှ ဖက်က - သဲချောင်းကြီးကို - တမံ ဖို့ပြီး ဆည်ကြီး လုပ်လိုက်တယ်
.... ဒီ ဆည်ရဲ့ အကျိုး ကျေးဇူးကြောင့် မြေ အလွတ်တွေဟာ စပါး ခင်းကြီး တွေ ဖြစ်လာ တယ် ကွ .....
.... ဒီတော့ - မင်း လိုက်ရှာနေတဲ့ နာမယ်ကောင်းဟာ - လူ့အတွက် - အဓိက - မဟုတ်ဘူး ကွဲ၊ ဉာဏ်နဲ့ လုပ်အား ဖွံ့သာ အဓိက - ကွ--- ဒါကြောင့် - လူသာလျှင် - မဓါန ပါကွာ.....
ကျနော် နားလည်ပါပြီ အကိုကြီး။ ဒီနေ့က စ ပြီး အကိုကြီးနဲ့ လက်တွဲကာ ကျနော့် လုပ်အားကို အသုံး ချပါတော့မယ်...လို့ ကတိပြုပါတယ်။ မိုက်မိတာတွေကိုလဲ - ခွင့်လွှတ်ပါ
အေး.... သာရ - သာရ၊ မင်းသတိတရားရမှ - ငါ ကျေနပ် ပါတယ်
အစ်ကိုကြီးစကားဆုံးသောအခါ၌ကား—


ပညာသိဂိုဏ်ကျော်
နှင့်
ကြေးရုပ်သုံးရုပ်
ဇာတ်လမ်း…မောင်မြတ်မင်း
သရုပ်ဖော်
အမတ်ကြီး ပညာသိဂိုဏ်ကျော်သည် ဉာဏ် အမြော်အမြင်နှင့် ပြည့်စုံ သူပညာရှိတပါးဖြစ်သည်။
အိမ်နီးချင်းနိုင်ငံများက ပညာလာစမ်းသမျှကို လည်းပြေလည်အောင်ဖြေဆိုနိုင်ခဲ့ဖူးသည်··
ထို့ကြောင့် ပညာသိဂိုဏ်ကျော်၏ဂုဏ် သတင်းမှာပြည်တွင်း သာမက ပြည်ပ သို့ပင် ပြန့်နှံ့သင်းကြိုင်နေတော့၏၊ သီဟရာဇာဘုရင်ကြီးသည် မိမိ၏ အမတ်ကြီးအတွက် ဂုဏ်ယူမဆုံး နိုင်ဖြစ်နေသည်…။ တနေ့သော်
သက္ကတပြည်မှ အမတ်ကြီးတပါးသံတမန်အဖြစ်နှင့်ရောက် လာသည်။ သူနှင့်အတူကြေးရုပ်သုံးရုပ်လည်းပါရှိလာသည်။
အကြည်တော်မင်းတရားကြီးထံတွင်ပညာသိဂိုဏ်ကျော်အ မည်ရှိအမတ်သည်လွန်စွာပညာကြီးသည်ဟုကြားသိရ သည်…၊ ယခုယူဆောင်လာသောကြေးရုပ်သုံး ရုပ်တွင် ထူးခြားချက်များပါရှိပါသည်…။
မည်သည့်အရုပ်က မည်သို့ထူးခြားသည် ကို ခုနစ်ရက်အတွင်း ဖော်ထုတ်ပေးစေလိုပါ ကြောင်း လေးစားချစ် ကြည်စွာပန်ကြားအပ် ပါသည်အကြည်တော်


ကြေးရုပ်သုံးရုပ်မှာ အရွယ်ပမာဏ အချိုးအစားကအစ. အလေးချိန်ပါမကျန် တခုနှင့် တခု ရွေးမရအောင် တူလွန်းလှသည်...
အမေးရှိယင် အဖြေရှိရမှာပေါ့...
ထို့ကြောင့် အိမ်သို့သယ်ယူကာ အနီးကပ်လေ့လာသည်။
အင်း...နှာခေါင်း နဲ့နားပေါက်တွေကိုဘဲ ရှုစမ်းကြည့်ရတော့မှာဘဲ
လိုအပ်သောနှီးစ ရသောအခါ အရုပ်များ၏ နှာခေါင်းပေါက်ထဲ ထိုးကြည့်၏...
အင်း...နှာခေါင်းပေါက်တွေက.တော့ ထူးမခြားနားဘဲ.....
ထို့နောက် နားပေါက်များကို ထိုးကြည့်၏၊
အလို...ဒီနားပေါက်က.ထုတ်ချင်းပေါက်ကြီးပါလား...
ဒုတိယ အရုပ်တွင်
ဒီအရုပ်ရဲ့နားပေါက်က.နှီးစ ဝင်ရုံဘဲ ဘာနဲ့မှ မဆက်စပ်ပါလား
ဒီအရုပ်ရဲ့နားပေါက်တွေကျတော့ဝမ်းဗိုက်ထဲ အထိ ပေါက်ထားပါကလား...
မင်းပရိသတ်အားလုံးသည် ရင်တထိတ်ထိတ်နှင့် အဖြေကိုင့်လင့်နေကြသည်။
ဟုတ်ပြီ...ဟန်ကျပြီ ဒါ အဖြေမှန် ဖြစ်ရမယ်...


နောက်တနေ့တွင်…ပညာသိဒ္ဓိကျော်သည် ရဲဝံ့ပြတ်သားသော လေသံဖြင့် အဖြေကိုဖော် ထုတ်လိုက်သည်…
ပထမကြေးရုပ်သည် တဖက်နားမှဝင်သော ပညာဗဟုသုတများကို အခြားနားတဖက်မှ ပြန်ထွက်စေတဲ့ ပညာမဲ့လူလေလူလွင့်ရုပ်ဖြစ်ပါသည်…
ဒုတိယအရုပ်၏နားသည် မည်သည့်နေရာနှင့်မှ ဆက်စပ်မှုမရှိသောကြောင့် ဆိုဆုံးမရ. ခက်ခဲသော ပညာခေါင်းပါးသည့် လူမိုက်ရုပ်ဖြစ်ပါသည်၊
တတိယအရုပ်၏နားများမှာ ဝမ်းဗိုက်နှင့် ဆက်သွယ်နေသောကြောင့် ကြားသိရသမျှ ပညာဗဟုသုတ ဝမ်းကို
ဂရုတစိုက် ဝမ်းထဲတွင် မှတ်သားထိန်းသိမ်းတတ်သူ ပညာရှိရုပ်ဖြစ်ကြောင်းပါ အမတ်မင်း…
တော်ပါပေတယ် တော်ပါပေတယ်၊
အဖြေသံဆုံးသည်နှင့် တပြိုင်နက် တနန်းတော်လုံး မိုးကြိုးချုန်းဘိအလား ကြွဘာသံများ ဘဝင်လျှံမျှ ဆူညံသွားလေသည်…
သက္ကတ.မြည်မှ အမတ်ကြီးသည် လက်ဆောင်ပဏ္ဏာများဖြင့် ပညာသိဒ္ဓိကျော်ကို ပူဇော်က–
လျှို့ဝှက်နက်နဲသော ပုစ္ဆာကို တရက်မျှ အချိန်ယူကာ ဖြေဆိုသည်မှာ အံ့ဩဖွယ်ရှိလေစွ…



# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်


## ရိုးအမန်ဆင်

ရိုးအမန်ဆင်သည် ပင်လယ်၌ ကျွမ်းကျင်သည့် နော်ဝေ လူမျိုး ဖြစ်၏။ အရွယ်ရောက်သော် နော်ဝေရေတပ်တွင် ဝင်ရောက် အမှုထမ်းသည်။ ၁၉၀၃ ခုနှစ် အသက် ၃၁ နှစ် အရွယ်တွင် အမန်ဆင်သည် အဖော်ခြောက်ယောက်နှင့်အတူ ဂျိုအာအမည်ရှိ သင်္ဘောဖြင့် ခရီးထွက်ခဲ့၏။ သူတို့သည် ဂရင်းလန်ကျွန်းတောင်ပိုင်း ကို ဖြတ်ကျော်ပြီးလျှင် ကနေဒါ မြောက်ပိုင်းရှိ ကျွန်းများဆီသို့ ဦးတည်ရွက်လွှင့်ကြလေသည်။ ထို့နောက် ဘယ်ရင် ရေလက်ကြား သို့ ရောက်ရှိ၏။ သို့ဖြင့် အမန်ဆင်သည် အနောက်မြောက် ခရီး လမ်းကို ဖော်ထုတ်နိုင်ခဲ့ပေသည်။



ထို့နောက် အမန်ဆင်သည် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်ရန် ဆုံးဖြတ် လိုက်၏။ ဖရမ် အမည်ရှိ သင်္ဘောကိုလည်း ငှားရမ်း ထား၏။ သို့သော် ပီရီဆိုသူ အမေရိကန်တဦး မြောက်ဝင်ရိုးစွန်းသို့ ရောက် ခဲ့ပြီ ဟူသော သတင်းထွက်ပေါ်လာသဖြင့် အစီအစဉ် ပြောင်းလိုက်လေသည်။

ပဌမ ကမ္ဘာစစ်အပြီး ၁၉၁၈ ခုနှစ်တွင် ရိုးအမန်ဆင်သည် မော့ခေါ် သင်္ဘောကလေးဖြင့် ရုရှားပြည် မြောက်ပိုင်းအထိ ရွက်လွှင့်သွားလာ ခဲ့ပြန်သည်။ ထို့နောက် သူသည် လေကြောင်း ခရီးဖြင့် မြောက်ဝင်ရိုးစွန်းသို့သွားရန် ကြိုးစည် အားထုတ်ပြန်၏။ ထိုစဉ်က မြောက်ဝင်ရိုးစွန်းမှာ ရေခဲဖုံးလွှမ်းသော ဒေသ



ဖြစ်သဖြင့် လေကြောင်းဖြင့် သွားခြင်းက ပို၍ လွယ်ကူမည် ဟု အမန်ဆင် ယုံကြည်ခဲ့သည်။





ထို့ကြောင့် ၁၉၂၅ ခု မေလတွင် လေကြောင်းဖြင့် ခရီး စခဲ့ပေသည်။ သို့သော် မအောင်မြင်ပဲ မြောက်ဝင်ရိုးစွန်းသို့ ရောက်ရန် မိုင် ၁၂၀ ခန့် အလိုတွင် ပြန်လှည့်ခဲ့ရလေသည်။ လေသင်္ဘောဖြင့် ခရီးသွားလျှင် ပို၍ သင့်လျော်မည် ဟု အမန်ဆင် ယူဆပြီး နောက်တကြိမ်တွင် အီတာလျံ လေသူရဲဗိုလ်ချုပ် နိုဗိုင်းဆိုသူနှင့် ဆက်သွယ်ခဲ့၏။ ထို့နောက် ၁၉၂၆ ခု မေလ ၁၁ ရက်နေ့တွင် စပစ်ဘာဂင်ဒေသမှ ထွက်ခွာ၍ မြောက်ဝင်ရိုးစွန်းသို့ ဖြောင့်တန်း ပျံသန်းခဲ့၏။ ထိုမှတဆင့် အလက်စကာအရောက် ပျံသန်း ခဲ့၏။ အမန်ဆင်သည် မြောက်ဝင်ရိုးစွန်းပေါ်တွင် သူ၏ အမျိုးသား အလံများကို အထိမ်းအမှတ်အဖြစ် ချထားခဲ့လေသည်။ ဤသို့ဖြင့် ရိုးအမန်ဆင်သည် မြောက်ဝင်ရိုးစွန်းပေါ်တွင် အောင်မြင်စွာ ပျံသန်းနိုင်ခဲ့၏။

၁၉၂၈ ခုနှစ် မေလတွင် နိုဗိုင်းနှင့်အီတာလျံ လေသူရဲ ၁၇ ဦးတို့သည် မြောက်ဝင်ရိုးစွန်းပေါ် ပျံသန်းနေကြစဉ် လေသင်္ဘောသည် ရေခဲပြင်နှင့်တိုက်မိ၍ ဆက်လက် မပျံသန်းနိုင်ပဲ ရေခဲပြင်ကြားတွင် ပျောက်နေ၏။ ထိုသတင်းကိုကြားသိရသောအခါ နိုင်ငံအသီးသီးမှ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကြ၏။ စွန့်စားမှုတွင် ဝါသနာထုံသော ရိုးအမန်ဆင်သည်လည်း အီတာလျံ လေသူရဲများကို ကယ်ဆယ်ရန် လေယာဉ်ဖြင့် ထွက်ခွာခဲ့သည်။

ရက်ပေါင်း အတော်ကြာသော် အီတာလျံ လေသူရဲများကို ကယ်ဆယ်ရေးအဖွဲ့များက တွေ့ရှိပြီး ပြန်လည်ခေါ်ဆောင်လာခဲ့ကြ၏။ သို့သော် ရိုးအမန်ဆင်၏သတင်းကိုကား ဘာမျှ မကြား သိကြရတော့ချေ။

လပေါင်းအတန်ကြာသော် မြောက်ဖက် ပင်လယ်ပြင်ထဲတွင် လေယာဉ်ပျက် အစအန




များ တရွေ့ရွေ့ မျောနေသည်ကို တွေ့ကြရ၏။ အမန်ဆင် စီးနင်းသွားသော လေယာဉ်ပျံမှ အစအနများပင် ဖြစ်ပေသည်။

ရိုးအမန်ဆင်ကား သူ အလွန် သွားလိုလှသော ဝင်ရိုးစွန်းဒေသတွင် အမြဲတမ်းနေရစ်ခဲ့လေပြီ။


မြင်းကျားကြီး
ဟူး - မျှောက်ကြည့်ရတာ မစားသာဘူး - တယ်မောတာဘဲ -
ခုနေ - ဇိမ်နဲ့ မှိန်းဘို့ ခုံတခုံ ရယင် - သိပ်ကောင်းမှာဘဲ -
တနေ့တွင် မိုးမိုးတို့ သူငယ်ချင်း တစု တိရစ္ဆာန်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ထွက်ပေါက်သို့ ပြန်အလာ–
နေပူလွန်းသဖြင့် မိုးမိုးတို့အားလုံး မောနေကြ၏။
ဟေ့ကွာ - ဟိုမှာ ခုံတန်းရှည်လေးတလုံး
ညောင်းနေတာနဲ့ အတော်ဘဲ -
လောလှချည်လား အတူတူ - ထိုင်ဖို့ အမောဖြေလို့ ရပါတယ် -
ဒိုး - လျှင်သူဦးတမ်းပေါ့
ဖိုးထူးက သစ်ပင်ရိပ်အောက်မှ ခုံရှည်လေး တလုံးကိုတွေ့သွားရာ –
သူများထက် လျှင်တော့ ခုဆို - ခြေဆန့်လက်ဆန့် အနားယူနိုင်တာပေါ့
ဟိုက်
ဆေး - မခြောက်သေး ဆိုပါလား - ဒါ - ဒါ ဒါ .. ဖြင့် ..
ဆေး မခြောက်သေး
ဘဲ့နှယ် - လျှင်သူဦးတမ်း ဆို - ခုတော့ မြင်းကျားကြီး ဖြစ်နေပါလား - ဟားဟား
ဟား - ဟား ဟီး - ဟီး


ကြားရမလားလို့ပါ
အောင်ဘုတို့ အိမ်သွားလည် အုံးမှဘဲ
ဇာတ်လမ်း - မြသွေး
သရုပ်ဖော်- ကြွယ်လေး
ဟာ!..လင်းအောင် ပါလား လာ...ဝင်ခဲ့လေကွာ
ငါမင်းတို့အိမ် မရောက်တာ အတော် တောင် ကြာပြီ-အတော် ပြောင်းလဲနေပါလား.. ...ဟိုဟာဘာလဲကွ
အဲဒါ ကမ္ဘာလုံးကြီး ပေါ့ ၊ ငါ့ဖေဖေဟာပါ
အနားသွား အုံးမှဘဲ
မင်းဘာလုပ်နေတာလဲ လင်းအောင်
သမုဒ္ဒရာရဲ့ လှိုင်းသံများ ကြားရမလားလို့ နားထောင် ကြည့်တာကွ


တင်မောင်ဝင်း - ၏
စေ့စေ့ စပ်စပ်
ဒီလောက် ဂိုက်ဖမ်းနေယင်. လူဆိုး ဘဲဖြစ်ရမယ် --- ရဲသား သွားတိုင် မယ် ..
မတရားဂိုက် နေတယ်ထင် တယ်
သနားပါတယ် နာလှရောပေါ့!
မြန်မြန် ခင်ဗျ -- အဲဒီမှာလူဆိုး သောင်းကျန်း နေတယ် ----
အင်း! ဂျုံ ဒီအခနေ ဆိုယင်. နံပြားဖုတ် လို့ရပြီ ----
နောက်မှတ်ထား ကွ.. ဘယ်အလုပ် မဆို... စေ့စေ့ စပ်စပ်လေ့လာ ရတယ် ----

တခါတရံ သင်၏ အသား အရေများအဘယ်ကြောင့် ပူနွေး လာသနည်းဟု သင်ကိုယ်တိုင် တွေးမိကောင်း တွေးမိပေလိမ့်မည်။ ယင်းသို့ ဖြစ်ခြင်းမှာ သင်၏ အရေပြားအတွင်း၌ မပြတ်စီး နေသော သွေးနီနီ များကြောင့် ဖြစ်သည်။ သင်၏ နှလုံးသည် နေ့ ည မပြတ် ခုန်လျက်ရှိပြီး သွေးများကို သင့် ကိုယ်ခန္ဓာ အနှံ့သို့ လှည့်ပတ် ပို့ဆောင်လျက် ရှိသည်။




## သင် ပြေးခုန် ကစားလျှင်
## သင့်ကိုယ်တွင် အဘယ်ကြောင့် ပူလာသနည်း


သင် ငြိမ်နေလျှင် သင့် နှလုံးသည် ဖြည်းဖြည်း မှန်မှန် ခုန်နေသည်။ နှလုံးမှ စုတ်ထုတ်လွှတ်ပေးသော သွေး သွားနှုန်းမှာလည်း မှန်မှန်ပင် ဖြစ်သည်။ သို့သော် သင်ပြေးခုန်ကစားသည့် အခါ သင့် နှလုံးသည် မြန်မြန်ခုန်လာသည်။ နှလုံး မြန်မြန်ခုန်သဖြင့် နှလုံးမှ သွေးစုတ် ထုတ်လွှတ်နှုန်းလည်း မြန်လာသည်။ ထိုအခါ သင်၏ အရေပြားလည်း ပူနွေးလာသည်။ ထိုအတူ သင့်တကိုယ်လုံး ပူလာလေသည်။

ကြယ်ဖြူ

## လေ ညွှန်တံ လုပ်ရအောင်



ဝါခြမ်း တစကို ခွဲ၍ အလယ်တွင်အပ်ချည်ဘီးလုံး ထည့်ပြီး တဖက် တချက်တွင် ကြိုးဖြင့် ချည်ပါ။ နောက်ဖက်တွင် မြားမြီး ကပ်ပြားတပ်၍ တိုင်ထိပ် တခုတွင် သံရိုက်ပြီး ဘီးလုံးကိုစွပ်ပါ။ လေတိုက် ရာဖက်သို့ မြားဦးလှည့်ပြ ပါလိမ့်မည်။



# ရင်တထိတ်ထိတ်ခုန်

ဇူဇူ

မောင်သာထူး ကျောင်းတက်ရန် အလာ လမ်းဘေးပလက်ဖောင်းပေါ်တွင် လူများစုအုံ နေသည်ကို တွေ့ရသည်။ သိလိုဇောဖြင့် တိုးဝှေ့ပြီး ဝင်ကြည့်သည့်အခါ မြွေအလမ္ပာယ်ပြနေသည်ကို တွေ့ရသည်။

မြွေဆရာသည် အာပေါင်အာရင်းသန်သန်ဖြင့် ပြောရင်းဟိုသည် လျှောက်နေသည်။ ပြီးလျှင် မြွေများကို ထင်းရှူးသေတ္တာငယ်မှရင်း၊ ပခြုပ်ငယ်မှရင်း တကောင်ပြီး တကောင်ထုတ်ပြသည်။ ဘာမြွေတွေမှန်း မောင်သာထူး မသိ။ အဝါနှင့်အနက်ကျား ဖြစ်သော မြွေတကောင်သည် ကြည့်၍ အလွန်လှသည်။ မြွေဆရာသည် မြွေများကို အမြီးမှရင်း၊ ခေါင်းမှရင်း ကိုင်ပြီး မိမိပါးစပ်ဖြင့် မြွေခေါင်းကို ကိုက်၍ရင်း၊ ငုံ၍ရင်း ပြုလုပ်ပြလေသည်။ မောင်သာထူး အလွန်သဘောကျမိသည်။ မြွေဆရာကိုလည်း စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိသည်။ "ငါလဲဒီလိုပြတတ်ယင် သိပ်ကောင်းမှာဘဲ" ဟုတွေးမိပြန်သည်။ ရပ်ကြည့်နေကြသော ပရိသတ် အချို့ကား ငြိမ်နေကြလေသည်။ အချို့က အံ့သြသော အမူအရာပြသည်။ အချို့ကလည်း ပြုံးစေ့စေ့ဖြင့် ကြည့်နေကြသည်။

အတန်ကြာသော် မြွေဆရာသည် မြွေများကို သိမ်းပြီး –

"လေးစားအပ်သော အားပေး ကြည့်ရှုကြတဲ့ လုပ်သားပြည်သူများ ခင်ဗျား။ ကျွန်တော် ဒီတခါ နောက်ဆုံး အကြိမ် အဖြစ် အင်မတန်အဆိပ်ပြင်းတဲ့ မြွေနဲ့ ကစားပြပါမယ်။ ဒီတခန်း ပြပြီးယင်တော့ ပွဲသိမ်းပါမယ်။ ဒီတော့ခါ ခုနက လူကြီး မင်းများ မြင်တွေ့ ခဲ့ရတဲ့ မြွေများကို အစာကျွေးဖို့ မြွေစာအတွက် ငါးပြား ဆယ်ပြား ကူညီ အားပေးကြပါ။ မြွေစာဘိုးရယင် နောက်ဆုံးအခန်းကို ဆက်ပြပါမယ်"

ဘေးမှ ဝိုင်းကြည့်နေသည့် ပရိသတ်များက ငါးပြားစေ့၊ ဆယ်ပြားစေ့များကို ပစ်ထည့်ပေးကြသည်။ မြွေဆရာက ဆက်လက်ပြီး –

"ကျွန်တော် စော စော က လူကြီးမင်းများ ရှေ့မှောက်မှာ မြွေတွေနဲ့ ကစားပြီး ပြသခဲ့ပါတယ်။ ကျွန်တော် ဘာကြောင့် ဒီမြွေတွေကို မကြောက် မရွံ့ ကိုင်တွယ် ပြသနိုင်သလဲ ဆိုယင် ကျွန်တော့်မှာ မြွေကိုနိုင်တဲ့ မြွေပီးဆေး ရှိလို့ပါဘဲ။ အများမြင်တဲ့ အတိုင်း ကျွန်တော့် လက်မောင်းမှာ ပတ်ထားတဲ့ လက်ဖွဲ့ဟာ မြွေပီးဆေးပါဘဲ။ အဲဒါ လူကြီးမင်းများ အလိုရှိယင် ကျွန်တော့်မှာ ရောင်းဖို့ များများ မပါပါဘူး။ ၁၅ ခုလောက် ကျန်ပါသေးတယ်။ တခုတကျပ်နဲ့ လိုက်ရောင်းပါမယ်။ ဦးရာလူကိုသာ ရောင်းပါမယ်။ ဒီဆေး

လက်ဖွဲ့ စွမ်း မစွမ်း၊ မြွေ ပီးမပီး ဆိုတာကို လူကြီးမင်းများစည်း ဝိုင်းတွင်းဝင်ပြီး လက်တွေ့ စမ်း သပ်နိုင်ပါတယ်"

မောင်သာထူးမှာ မြွေဆရာ ရောင်းသည့် လက်ဖွဲ့ကို အလွန် လိုချင် နေပေသည်။ မြွေဆရာ ကဲ့သို့ မြွေများ ကို ကိုင် ပြီး ကျောင်းမှ သူငယ်ချင်းများကို ကြွားချင်သည်။ သို့သော် သူ့ တွင် မုံ့ဖိုး ၁၀ ပြားသာ ပါ သည်။ ထို့ကြောင့် စိတ် မ ကောင်း။

ရပ်ကြည့်နေသော ပရိသတ် ထဲမှ လေးငါးယောက်ခန့် လက် ဖွဲ့ ဝယ်ကြသည်။ မြွေဆရာသည် မြွေစာ အတွက် ပစ်ထည့်ထား သော အကြွေများကို သိမ်း လိုက်သည်။

"ကျွန်တော် အခု နောက် ဆုံး အခန်းဖြစ်တဲ့ အဆိပ်ပြင်း တဲ့ မြွေနဲ့ ကစား ပြ ပါ တော့ မယ်"

မြွေဆရာသည် ပခြုပ်တခု တွင်းမှ မြွေကိုထုတ်ကာ မြေကြီး ပေါ် သို့ ချလိုက်သည်။ ထိုမြွေ သည် ညိုမည်းမည်းနှင့် ကျက် သရေ မရှိ။ လျှာတစ်လစ်ဖြင့် ကြောက်စရာ ကောင်းလှသည်။ မောင်သာထူးလည်း နောက်သို့ ခြေတလှမ်း ဆုတ်မိသည်။

မြွေဆရာသည် မြွေနှင့် က စားပြရန် အမြီးကို ကိုင်လိုက် သည်နှင့် တပြိုင်နက် မြွေသည် မြွေဆရာ၏ လက်ကို ပေါက် လိုက်သည်။ မြွေဆရာ လည်း ရုတ်တရက် "အား"ဟု အော် လိုက်မိသည်။ မျက်နှာလည်း ပျက် သွား သည်။ ထို့ နောက် မြွေကို ပခြုပ်တွင်းသို့ ထိန်း၍ ထည့် လိုက် သည်။ ထို့ နောက် မြွေဆရာက –

"ကျွန်တော့်လက်တော့ ထိ သွားပြီ။ ကျွန်တော့်ကို ဆေးရုံ မြန်မြန် ပို့ပေးကြပါ"ဟု ငိုမလို ဖြင့် ပြောလေသည်။ ထိုအခါ ပရိသတ်ထဲမှ လူကြီး သုံးလေး ယောက်က သုံးဘီးကား ငှား၍ တွဲတင်ကာခေါ် သွားကြသည်။

မြွေဆရာ၏ အဖြစ်ကို မြင် တွေ့ရသော မောင် သာ ထူး လည်း အလိုလို ကြောက်လာ သည်။ အ ကယ်၍ မြွေဆရာ လိမ်ရောင်းသော လက်ဖွဲ့ကိုဝယ် မိပါက ငွေဆုံးမည့် အပြင် အ သက် ဘေး ပါ အန္တရာယ် ရှိ ကြောင်း သူ ကောင်း ကောင်း သဘော ပေါက်သွားပါသည်။ မောင် သာ ထူး မှာ တွေးရင်း တွေးရင်းဖြင့် ကျော ချမ်း နေ တော့သည်။ သူ့ရင်ထဲတွင်လည်း တ ထိတ် ထိတ် ခုန် နေ တော့ သည်။

# ကလေးများနေ့

ဖေဖော်ဝါရီ ဆယ့်သုံးမှာ၊
ဗိုလ်ချုပ်မွေးနေ့ပါ။

ပျော်ရွှင်ကာ စိတ်ချမ်းမြေ့၊
တို့ကလေးများနေ့။

မမေ့သင့်တဲ့ ဗိုလ်ချုပ်ကို၊
အမှတ်ရစေလို့။

ဗိုလ်ချုပ်လိုကွယ် ကြိုးစားလို့၊
တို့တွေကျင့်ပါစို့။

တို့ကလေးများ နောင်ချိန်မှာ၊
ခေါင်းဆောင်ဖြစ်တဲ့ခါ။

တို့ပြည်သာအောင်
ဆောင်ရွက်ပေး၊
မျိုးချစ်စိတ်ကိုမွေး။ ။

ကြည်ဇော်



R. 517

## သဘော်ပန်းတမာ



အပွင့်၏အရောင် ချစ်စဖွယ် ကောင်းသလို ရနံ့ကလည်း သင်းသည်။ အဖြူနှင့် ခရမ်းပြာရောင် ရောနှောသော အပွင့်များလည် ခပ်ငယ်ငယ်ပင် ဖြစ်သည်။အပွင့်တပွင့်တွင် ပွင့်ချပ် ငါးခု၊ ခြောက်ခုပါ၍ အလယ်မှဝတ်ဆံမှာ ခရမ်းပြာရင့်ရောင် ပြွန်ချောင်း တိုတိုကလေးနှင့် တူသည်။

သဘော်ပန်းတမာပင်သည် ပေ ၄၀ ခန့်သာမြင့်၍ ကြီးထွားမြန်သည်။ အပင် အနေအထားမှာ တမာကြီးပင် ကဲ့သို့ပင် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်သည်။ အဖျားချွန်သော အရွက်များတွင် ခွေးသွားစိတ်များ ပါသော်လည်း တမာကြီး ရွက်ကဲ့သို့ ခပ်ကွေးကွေး မနေပေ။

# ခိုင်ပန်းစုံ



ဆောင်းရာသီတွင် အရွက်ကြွေ၍ တပို့တွဲ၊ တပေါင်းတွင် ရွက်သစ်လောင်းသည်နှင့် တချိန်တည်းပင် ဖူးတံများ ပါလာသည်။ မကြာမီ ရွန်းစိုသော အရွက်များ အကြားတွင် လှပသော ဖြူပြာပြာ ပန်းခိုင်များကို တွေ့ကြရသည်။

မိုးကုန်လျှင် အသီးများ သီးစပြု၍ အရွက်ကြွေချိန်တွင် ဝင်းဝါသော အသီးမှည့်များသာ ကျန်ရစ်သည်။ အသီးတလုံးတွင် အစေ့ငါးစေ့ပါ၍ အစေ့တိုင်းတွင် ကြိုးနှင့်ဖောက်၍ သီနိုင်သော ဖိုးယိုပေါက် ငယ်ပါသည်။ ထို့ကြောင့် သဘော် ပန်းတမာကို အနောက်တိုင်းသားတို့က ပုတီးပင်ဟု ခေါ်ကြ၍ အစေ့များကို စိပ်ပုတီးသီကြသည်။ သဘော် ပန်းတမာပင် သည်လည်း ပဉ္စဝါးပါး ဆေးဖက်ဝင်သည်။ သို့သော် လို သည်ထက် ပိုသွားလျှင် အဆိပ်ဖြစ်တတ်သည်။

သဘော် ပန်းတမာပင်၏ မူလဇာတိမှာ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံ ဖြစ်လေသည်။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထွန်းကြိုင်က ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၈၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ—၄။ အမှတ်—၇။

# ရွှေသွေး ဂျာနယ်


၁၃၃၃ ခု၊ တပို့တွဲလဆုတ် ၁၃ ရက် (၁၂-၂-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။

# သစ်တပင်ကောင်းသော်......

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-သာညွန့်





တပတ်မျှ အကြာတွင် တောင်ပင်အောက်သို့ လူတစု ရောက်ရှိလာလေသည်။
အားလုံး ငှက်တွေ - သတိ ထားကြပါလို့ ရှောင်ကြလော့ .. ........
ထိုအခါ လင်းယုန်ကြီးက သတိပေး၍ ငှက်အချို့ ပြောင်းပြေးကြသော်လည်း—
ခစ်ခစ် - ခစ်ခစ် ...
ဟား ဟား
ဟီးဟီး
ငှက်အငယ်စားများကား-
ပျံထွက်သွားသော ငှက်တို့သည် မနီးမဝေး ဒေသ၌ ပုန်းအောင်းနေကြ၏။
ခဏမျှကြာလျှင်........
ဝုန်း
အမယ်လေးလေး .....
မုံးသံစဲသော်—


ဟါဗျာ.. အပင်ကြီးဖို့ ကြာမှာပေါ့ဗျာ...
ကြာတာနဲ့ . မကြာတာ မထူးပါဘူး... တို့မှနေ ရတောင် . နောင်လာ . နောက် သားတွေ အတွက် ပေါ့
ဟုတ်တယ်
ဟုတ်တယ်
မှန်တယ်
ပညာရှိ ဦးဇီးကွက် ရဲ့ အကြံကို ထောက်ခံ ပါတယ်
သဘောတူတယ်
ဦးရသေ့ကြီး ...ကျနော်များကို သစ်တပင်လောက် မ,စ,ပါ
ငါလဲမြင်လိုက်ရတဲ့ စိတ်မချမ်းသာဘူးကွဲ... ရော့-ငါ-တောင်ဝှေး လုပ်ဖို့ ထားတဲ့ -သံလွင်ကိုင်း ကို ယူသွား ပြီးစိုက်ကြ...
ရေလဲ - မှန်မှန် လောင်းကြပေါ့
သို့ဖြင့် ရသေ့ကြီးထံသွားရောက်ကြပြီး –
ကဲ . ရေလိုတယ်ဟေ့ ..... မနက်တကြိမ် ညတကြိမ် လောင်းမှ ဖြစ်မယ်...
သံလွင် ကိုင်းကို ယူလာကြပြီး ဩောင်ပင် ဟောင်း နေရာတွင် စိုက်ကြလေသည်။
ငှက်ကြီးငှက်ငယ် အသွယ်သွယ်တို့သည် ဝေး လံသောအရပ်မှ ရေကို ငုံယူလာပြီး လောင်း ကြ၏။
ပျော်တယ် ပျော်တယ် - ငှက်ပျော်တယ်
မိုးပေါ်က ဝင်းပတဲ့ မိုးလမင်းနှယ်...
မရ တရွက်ကလေး မြင်ရတော့ ... ပြတယ်
များမကြာမီ ---
အင်း ....ငါတို့ကျေးဇူးဖြစ် လာခဲ့ရတဲ့ ... မသေး
နှစ်ကာလ
အတန် ကြာလတ်သော် သံလွင်ပင်ကြီးသည် အသီးအပွင့်များ ဝေဆာလာလေတော့သည်။


ခွေးလိမ္မာ
ငသောကြာ
ဒီခွေးကလေးကို ငါမွေးထားမှဘဲ
တနေ့တွင် လယ်သမားကြီး ဦးတိုးဝသည် လမ်းသွား ရင်း ခွေးငယ်တကောင် ကောက်ရလေသည်။
ဒီနေ့ သောကြာနေ့ ဆိုတော့ မင်းနာမယ် ကို ငသောကြာလို့ ခေါ်ရမယ်
ဒီနေ့ကစပြီး မင်းဟာ ငါ့အဖော်ဘဲ ကဲ-စားစား ကွာ
အိမ် ပြန်ရောက်လျှင် ခွေးကလေးကို ကောင်း စွာ ကျွေးမွေးထားလေသည်။
နံနက်တိုင်း ဦးတိုးဝ လယ်တော သွားလျှင် ငသောကြာလည်း လိုက်လေ့ရှိသည်။
တညနေတွင်မူ ငသော ကြာ တကောင် တည်း ရွာသို့ပြန်လာပြီး....
ဟေ့-ဟိုမှာ ငသောကြာ တကောင်တည်းပြန်လာပါလား ဦးတိုးဝ လာမပါဘူး၊
အေးကွ၊ အခုလဲ ဒို့ဆီကိုပြေး လာနေတယ်၊


ဟဲ့-ခွေး
ဟဲ့-ခွေး
ဝုတ်
ရွာသားနှစ်ဦး အနီးသို့ရောက်လျှင်—
ဦးကိုဟောင်ပြီ ထွက်ပြေးပြန်ပြီ
ဒီခွေးမှာတခုခု ဖြစ်နေပြီ ထင်တယ်-ကွ
ဟော-ဒီဆီပြန်လာပြန်ပြီ
အေးကွ
ဝုတ်
ဝုတ်
ဦးကိုခေါ်တာနဲ့တူတယ်၊ လာသူ့နောက် လိုက်သွားကြည့်ရအောင်
အေး-ကောင်းသားဘဲ
ဝုတ်
ဦးဘိုးဝ လယ်တဲကို သွားတယ်-ကွ
သို့ဖြင့် ခွေးကလေး ငသောကြာ နောက်သို့ လိုက်သွားကြ၏။
ဦးဘိုးဝလဲ မတွေ့ဘူး၊ ဟို-မြေပုံဟာတခုခု ဖြစ်ထားတာဖြစ်လိမ့်မယ်ထင်တယ် ဖော်ကြည့်ရအောင်
ကောင်းသားဘဲ
ဦးဘိုးဝ၏ လယ်တဲအနီးသို့ ရောက်သော်—



ကဲ-မြန်မြန်ပေါ့ဟေ့
ဟာ-ဦးဘိုးဝ အလောင်းကြီးပါလား သူ့ပစ္စည်းတွေယူပြီး သတ်ထားတာ ဖြစ်မှာဘဲ
ကဲ-ရဲစခန်းကိုသွားပြီး အကြောင်းကြားမှဖြစ်မယ်
ဦးဘိုးဝသတ်တဲ့လူသတ်သမားကို အမြန်ဆုံးရှာဖမ်း အရေးယူပါမယ်
ရဲစခန်း ရောက်သောအခါ —
ရဲသားများသည် ခွေးလိမ်မာကို ခေါ်ပြီး လူသတ်သမားကို ရှာဖွေကြသည်။
ကဲ-ဦးဘိုးဝကိုသတ်တာမင်းဘဲမဟုတ်လား မှန်မှန်ပြောနော်၊ ရာဇဝတ်ဘေးကပြေး လို့မလွတ်ဘူး-ကွ
ဟုတ်ပါတယ်-ဆရာ
ကျေးဇူးရှင်မှန်းသိတတ်တဲ့ ခွေးကလေးကို ဒို့ကဘဲဆက်ပြီး ကျွေးမွေးထားကြတာပေါ့-ကွာ
မကြာမီ ရဲအဖွဲ့၏ ကြိုးစား ထောက်လှမ်းမှု ကြောင့် လူသတ်တရားခံကို ဖမ်းမိလေ၏။
ပြီး




# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်

## ကက်ပတိန်စကော့

ကက်ပတိန်စကော့သည် အင်္ဂလိပ်လူမျိုး ရေတပ်အရာရှိတဦး ဖြစ်သည်။ သူသည် တောင်ဝင်ရိုးစွန်းသို့ အရောက်သွားနိုင်ခဲ့သော သူရဲကောင်းတယောက်ဖြစ်၏။

၁၉၁၀ ခု အောက်တိုဘာလတွင် စကော့သည် နယူးဇီလန်မှနေ၍ ခရီးစခဲ့ပေသည်။ သူနှင့်အတူ အဖွဲ့ဝင်ပေါင်း ၆၀ ပါရှိ၏။ မော်တော်စွပ်ဖားများ၊ မြင်းပုများနှင့် စွပ်ဖားဆွဲ ခွေးများကိုလည်း ယူဆောင်လာခဲ့ကြသည်။ တောင်ဝင်ရိုးစွန်း ခရီးကား မိုင် ၉၅၀ ခန့်ရှိသော ခရီးရှည်ကြီးဖြစ်၏။

ခရီးစသော် မော်တော်စွပ်ဖားများက ပဋ္ဌမထွက်သွားကြ၏။ သို့သော် များမကြာမီ အင်ဂျင်စက်များပျက်သွားသဖြင့် ယင်းတို့ကိုအသုံးမပြုနိုင်တော့ချေ။ ထို့ကြောင့် မြင်းများနှင့် ခွေးများက ရိက္ခာအပြည့်ပါသော စွပ်ဖားများကိုဆွဲကြရ၏။ အေးမြသော ဆီးနှင်းဒဏ်ကြောင့် မြင်းအချို့မှာ သေဆုံးကုန်ကြလေသည်။

တောင်ဝင်ရိုးစွန်းမှ မိုင် ၄၀၀ ကွာဝေးသည့်အရပ်သို့ ရောက်သောအခါ ကြောက်မက်ဘွယ်ကောင်းသော ရေခဲမြစ်တစင်းနှင့်ရင်ဆိုင်ကြုံတွေ့ကြရသည်။ တောင်ဝင်ရိုးစွန်းသို့ သွားသောလမ်းသည် ထိုရေခဲမြစ်၏ အထက်ပိုင်း၌ရှိ၏။ စကော့သည် မသေပဲ ကျန်ရှိနေသေးသော မြင်းများကို အစာအလို့ငှာ သတ်ပစ်လိုက်ပြီး ခွေးများကို လူနှစ်ယောက်နှင့် အတူ လာရာအရပ်သို့ ပြန်ပို့လိုက်၏။ ထို့ကြောင့် စကော့နှင့် သူ့လူများသည် စွပ်ဖားများကိုကိုယ်တိုင်ဆွဲကာ ရေခဲမြစ်ကို ပင်ပန်းစွာ ဆန်တက်ကြရပေသည်။






တောင်ဝင်ရိုးစွန်းမှ မိုင် ၂၀၀ အကွာသို့ ရောက်သောအခါ စကော့သည် ဒုတိယ အသုတ်အဖြစ် လူလေးဦးမှအပ ကျန်လူအားလုံးကို ပြန်လွှတ်လိုက်၏။ ထိုသို့ပြန်လွှတ်ရခြင်းမှာ လမ်းခရီးသည် လွန်စွာကြမ်းတမ်းလာပြီ ဖြစ်သဖြင့် သူတို့ကို အကြောင်းမဲ့ မသေ စေချင်သောကြောင့် ဖြစ်ပေသည်။

စကော့နှင့်အတူ ဝိလဆင်၊ အုတ်၊ ဗိုးဝါး၊ အီဗင်အမည်ရှိသောအဖော်လေးဦးတို့သည်ဆက်၍ ခရီးနှင်ခဲ့ကြ၏။ ၁၉၁၂ ခု ဇန်နဝါရီလ ၁၈ ရက်နေ့တွင် တောင်ဝင်ရိုးစွန်းသို့ရောက်ရှိကြပေသည်။ သူတို့သည် တောင်ဝင်ရိုးစွန်းတွင် ယူနီယံဂျက်အလံကို စိုက်ထူပြီး ပြန်လာခဲ့ကြ၏။

အပြန်ခရီးတွင် ရာသီဥတုသည် တနေ့ တခြား ဆိုးရွားလာ၏။ နှင်းမုန်တိုင်း များလည်း ကျရောက်လာသည်။ အစားအစာလည်း ခေါင်းပါးလာလေပြီ။ အီဗင်မှာ ဆင်းရဲမှုဒဏ်ကို ကြာရှည် ခံနိုင်စွမ်းမရှိတော့ပဲ သေဆုံးသွားရှာ၏။ စကော့ကိုယ်တိုင်လည်း လက်မောင်းတွင် ဒဏ်ရာရရှိပြီးလျှင် ကျန်သုံးဦးမှာလည်း နှင်းခဲများဒဏ်ကို အလူးအလဲ ခံနေကြရသည်။



အလွန်ဖျားနာနေသော အုတ်သည် မိမိရှိနေလျှင် အဖော်များအဖို့ ဝန်လေးနေတော့မည် စိုးသဖြင့် မတ်လ ၁၇ ရက်နေ့တွင် သူကိုယ်သူသတ်သေသွားရှာသည်။ မတ်လ ၂၉ ရက်နေ့တွင် ကျန်လူ သုံးဦးမှာလည်း နှင်းမုန်တိုင်းဒဏ်ကြောင့် သေဆုံးကြရရှာတော့သည်။

ကက်ပတိန်စကော့သည် သူ၏ ခရီးစဉ်ကို မှတ်တမ်း စာအုပ်တွင် ရေးသားထားခဲ့ပေသည်။ စကော့တို့ သေဆုံးပြီး ရှစ်လခန့် အကြာတွင် စကော့၏ အလောင်းနှင့် အတူ ထိုမှတ်တမ်း စာအုပ်ကလေးကို အခြား ခရီးသည်များတွေ့ကြရ၏။ ထိုခရီးသည်များသည် စကော့နှင့် သူ့လူများ၏ အလောင်းများကို ကောင်းစွာ မြှုပ်နှံလိုက်ကြ၏။ ထို့နောက် မြေပုံပေါ်တွင် လက်ဝါးကပ်တိုင်များ စိုက်ထူပြီးလျှင် ''စိတ်မလျှော့ပဲကြိုးစား ရှာဖွေ စွန့်စားခဲ့သော အာဇာနည် သူရဲကောင်းများ'' ဟူ၍ စာတမ်း ရေးထိုးထားခဲ့ကြလေသည်။





မမပြောတာ မှန်သားဘဲ
တနေ့ ဖိုးနီသည် စွန်လိုက်ရင်း ခလုတ်တိုက်ရာ–
အောင်မယ်လေးဗျ–
ထိုစဉ် ဖိုးနီ၏မမ ခင်သန်းဆွေ ရောက်လာပြီး –
သွေးတွေ ထွက်လာပြီဟေ့
အာရိုးရိုး.. ကျွတ်ကျွတ်
အိမ်သို့ ပြန်ရောက်သော် ဖိုးနီအား မေမေက ရိုက်၏။
ထို့နောက် မေမေက ဆေးထည့်ပေးလေသည်။



တနေ့တွင် ခင်သန်းဆွေသည် မေမေ နိုင်း
သဖြင့် လမ်းထိပ်ဆိုင်သို့ ထွက်လာစဉ် –
ဟေ-
ဖိုးနီသည် တံယောက်တည်း ခြေဖဝါးမှ ပုလင်းကွဲစူး
သော ဒဏ်ရာကို သဖြင့် သိပ်နေသည်။
ခင်သန်းဆွေက အတင်းဆွဲခေါ်သော်လည်း
ဖိုးနီက ပေကတ်ကတ် လုပ်နေသဖြင့် –
အိမ်သို့ ပြန်ရောက်သော် မေမေက ဝိုးရိမ်တကြီးဖြင့်-


ဆွေမျိုး
သားချင်းများ
ကိုတုး- သားတို့ကြီးကြီး အိမ်ကို သွားလယ်မလို့ လိုက်အုံးမလား
ဟင့်အင်း-မလိုက်ချင် ပါဘူး
ဖိုးတုးသည် ဆွေမျိုးကို မခင်တွယ် တတ်ပေ။
သူ့မေမေ၏ ဆွေမျိုးများ အိမ်သို့ လည်း မလိုက်ချင်ပေ။
သူ့ဖေဖေ၏ ဆွေမျိုးများအိမ်သို့ သွားရန် ခေါ်လျှင်လည်း မလိုက်ပေ။
သားဘောလုံးကစားဘို့ သူငယ်ချင်းတွေကို ပြောပြီးပြီ
ဆွေမျိုးများ အိမ်တွင်မည်မျှအကြောင်း ကြီးငယ်ရှိရှိ ဖိုးတုး စိတ်မဝင်စားပေ။
ကိုယ့်ထမင်း ကိုယ်စားနေ တာဘဲ - အပိုအလုပ်တွေ ဘယ်သူ့အိမ်မှ မသွားချင် ပေါင်
တခါသော် ဖိုးတုး အကြီး အကျယ်ဖျားသဖြင့် ဆေး ရုံတင်ရစဉ် -
သက်သာရဲ့ လားဟေ့
စားချင်တာရှိယင် ပြောနော်
ကောင်းသွား မှာပါ
ဆွေမျိုးများက နေ့စဉ် လာပြီး -
သတင်းမေး အားပေးကြသဖြင့် ဖိုးတုး အလွန် အားတက်မိသည်၊
အင်း -ငါကသာ ဝတ်တရား ပျက်ပေမဲ့ -ဆွေမျိုးတွေကတော့ ငါ့ကို ဂရုစိုက်ပါလား



# သင် အဘယ်ကြောင့် မျက်တောင်ခတ်သနည်း

သင်၏ မျက်တောင်များသည် တနေကုန် မှန်မှန်လှုပ်ခတ်နေကြသည်။ သင်အိပ်ပျော်နေမှသာ မလှုပ်ခတ်ပဲ ငြိမ်နေကြသည်။ သင်မျက်တောင်ခတ်လိုလျှင် မျက်တောင်များက ခတ်ပေးသည်။ သို့သော် မျက်တောင်များသည် သင့်ဆန္ဒမပါပဲ အလိုအလျောက် ခတ်နေကြခြင်း ဖြစ်သည်။ မျက်တောင်ခတ်ခြင်းဖြင့် သင်၏နုနယ်သော မျက်စိများကို ဒဏ်ရာအနာတရ မဖြစ်အောင် ကာကွယ်ထားသည်။ သင်၏မျက်စိများ တည့်တည့်သို့ တစုံတရာတိုးဝင်လာလျှင် မျက်တောင်က သင့်မျက်စိကို လျင်မြန်စွာပိတ်ထားပေးသည်။

မျက်တောင် ခတ်ခြင်းသည် မျက်စိများကို ဆေးကြောပေးခြင်းလည်း ဖြစ်သည်။ ဤသို့ မျက်တောင် ခတ်ခြင်းကြောင့် သင်၏မျက်ခွံများမှာ စွတ်စိုနေကြသည်။ ယင်းအချက်မှာ အရေးပါလှသည်။ ဖုန်မှုန့်ကလေးတခု သင်၏ မျက်ခွံများအောက်သို့ ဝင်သွားပါက စွတ်စိုနေသော မျက်လုံးတွင် ကပ်နေလိမ့်မည်။ ထိုအခါ မျက်ရည်များ ထွက်လာပြီး မျက်တောင် ခတ်လိမ့်မည်။ မျက်တောင်ခတ်သဖြင့် မျက်ရည်နှင့်အတူ ဖုန်မှုန့်ပါ ထွက်သွားပေလိမ့်မည်။

ကြယ်ဖြူ



ဝါ၊ နီ၊ ပြာ၊ အနုအရင့် ဆေးရောင်ခြယ်ပါ။




ဒီဇင်ဘာ အားကစားလသို့ ရောက်တိုင်း ကျွန်တော်တို့ ရပ်ကွက်တွင် အပြေး ပြိုင်ပွဲနှင့် ဘောလုံးပွဲများ ကျင်းပလေ့ရှိပါသည်။

ကျွန်တော်သည် ဘောလုံးကန်ခြင်းကို အလွန် ဝါသနာပါ၍ ဘောလုံးကန်တော်သူ တယောက်အဖြစ် ရပ်ကွက်ထဲတွင် နာမည်ကြီးသူဖြစ်ပါသည်။

ကျွန်တော်တို့ ဘောလုံးပွဲမှာ လူငယ်ဘောလုံးပွဲ ဖြစ်သဖြင့် တဖက်လျှင် ကိုးယောက်သာ ပါဝင် ကစားရပါသည်။ အသက် ကန့်သတ်ချက်မှာ ၁၃ နှစ်အောက် ဖြစ်ပြီး အရပ်မှာ ၄ ပေ ၉ လက်မအောက် ဖြစ်ရပါမည်။

ကျွန်တော်သည် အသက်ကန့်သတ်ချက်ကို မီသော်လည်း အရပ်ကမူ ၄ ပေ ၉ လက်မထက် အနည်းငယ် ကျော်လွန်နေပြီဖြစ်ပါသည်။ ထို့ကြောင့် ယခုနှစ် ဘောလုံးပွဲတွင် ပါဝင်ဆင်နွှဲနိုင်ခွင့် ရှိတော့မည် မဟုတ်သည့် အခြေသို့ ရောက်နေပါသည်။

ကျွန်တော်သည် ကျွန်တော်၏အရပ်ရှည်လာခြင်းကို အလွန်စိတ်ပျက်နေပါသည်။ လမ်းထဲမှ ထွန်းအေး၊ ထွန်းမြင့်နှင့် ချစ်စောတို့မှာ အရပ်ကန့်သတ်ချက်ကို မီကြပါသည်။ သူတို့နှင့် တွေ့စဉ် –

"ဒီနှစ် ငါတော့ ပွဲကြည့်ပရိသတ်ဘဲကွာ"ဟု ကျွန်တော်က စိတ်ပျက်ပျက်နှင့်ပြောလိုက်ပါသည်။

"အို – ဘာမှမပူပါနဲ့သူငယ်ချင်းရာ။ အရပ် ပေတိုင်းမှာက မင်း ဦးလေး ဦးဘထင်ကြီးဘဲဟာ၊ ဘာများ ပူနေရတာလဲ။ နဲနဲပါးပါးဆိုယင် ခိုးတိုင်းလိုက်လို့ဖြစ်ပါတယ်" ဟု ထွန်းအေးက အားပေးရှာပါသည်။

"မင်းမပါ ယင်တော့ ဒို့အသင်း သိပ်မလွယ်ဘူး ထင်တယ် သူငယ်ချင်း။ ဒီတော့ ဘာဘဲဖြစ်ဖြစ်ကွာ၊ ဖြစ်တဲ့နည်းနဲ့ လုပ်စမ်းပါ။ ဒီနှစ် ဒို့ဒိုင်းပိုင်ဖို့ အရေးကြီးတယ်"ဟု ဂျပုချစ်စောကဆို၏။

"ဟာကွာ သူများတွေ သိသွား ယင် မကောင်း ဘူး" ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

"အို – သူများ အသင်းတွေလဲ ဒီလိုဘဲ လုပ်ကြတာဘဲကွ" ဟု ထွန်းမြင့်က ပြောပြန် ပါသည်။

ထိုသို့ ကျွန်တော်တို့ပြောဆိုနေကြစဉ် ဦးလေးဘထင်ရောက်လာပြီး –

"ဟေ့ ကောင်တွေ – ဘာ

တိုင်ပင် နေကြတာလဲကွ” ဟု မေးပါသည်။

“ဒီကောင်က ဒီနှစ် ဘောလုံးပွဲမှာ သူ မကစားရတော့ဘူး လို့ပြောနေတယ် ဦးလေးရဲ့။ အဲဒါကြည့်လုပ်ပါအုံး”ဟု ထွန်းအေးက ကျွန်တော့်ကိုကြည့်ပြီး ပြောပါသည်။

“ဘာဖြစ်လို့ မကစားရမှာလဲကွ”

“ကျွန်တော့်အရပ် မကိုက်တော့ဘူး ဦးလေး”

“အိုး– ဒီအတွက်တော့မင်း ဘာမှမပူနဲ့။ နံနံပါးပါးဘဲ ခိုးတိုင်းလိုက်ယင် ရပါတယ်”

ဦးလေးဘထင်က ပေါ့ပေါ့ကလေးပင် ပြောပြီး ထွက်သွားပါသည်။

× × ×

ဘောလုံးပြိုင်ပွဲနေ့သို့ရောက်လာ လေသည်။ အသင်းများမှာ အလွန်များနေသဖြင့် ပဌမတွင် လေးသင်းကို တအုပ်စုဖွဲ့ကာ ရှုံးထွက်ကန်စေပြီး၊နောက်ဆုံး ကျန်သော တသင်းကိုသာ ယူ၏။ ထိုနောက်အုပ်စုဗိုလ်ဖြစ်သော အသင်းများကို တဖန်ပတ်လည် အမှတ်ပေးစနစ်ဖြင့် ကစားစေပြန်ပါသည်။

ကျွန်တော်တို့ သူငယ်ချင်းတသိုက်သည် ပွဲတိုင်းလိုလိုပင် ခြေစွမ်းပြ ကစားနိုင်ခဲ့ပါသည်။ ကျွန်တော်တို့ အသင်းကို အုပ်ချုပ်သူ ဦးစောက ကစားရာတွင် သူတပါးကိုမထိခိုက်စေရန်နှင့် မိမိကိုလည်း မထိခိုက်မိစေရန် အထူးသန့်ရှင်းစွာ ကစားဖို့ အမြဲ မှာကြားပါသည်။ စိတ်မဆိုးရန်၊ လူချ မကစားရန်နှင့် အားကစားစိတ်ဓာတ် ရှိစေရန်လည်း အထူး မှာကြားပြီးမှ ကွင်းထဲသို့ ဆင်းစေပါသည်။

နောက်ဆုံး ဗိုလ်လုပွဲနေ့သို့ ရောက်လာပါတော့သည်။ ကျွန်တော်တို့အသင်း ကျိန်းသေနိုင်မည်ကို အားလုံးက သိပြီးဖြစ်ပါသည်။ သိထားသည့်အတိုင်း နိုင်လည်းနိုင်ခဲ့ပါသည်။

သို့သော် ဆုယူသည့် နေရာတွင် လူငယ်ကလေး တယောက်က ကျွန်တော့် အနားမှ ကပ်၍ မကြား တကြား ပြောသွားသည်။ သူ့စကားကို ကြားလိုက်သောအခါ ကျွန်တော် အလွန်ရှက်သွားမိပါ တော့သည်။ သူ့စကားမှာ –

“နိုင်မှာပေါ့ကွာ– ဒီကောင်က အရပ် လိမ်ပြီး ဝင်ကစားတာကိုး။ မယုံ တိုင်းကြည့်ပါလား။ လေးပေ ကိုးလက်မ ကျော်နေပါပြီကွာ....”

× × ×

## ပြည်ထောင်စုနေ့

မြို့ခြေဆိုင်းဆို့ မှိုင်းညိုညို၊
ပင်လုံခေါ် တဲ့မြို့။

ညီနောင်စုတို့ ဟိုရှေးခါ၊
ပေါင်းစည်းတိုင်ပင်ကာ။

ညီညွတ်စွာ ချစ်ပင်ပျိုး၊
မော်ကွန်း လက်မှတ်ထိုး။

တထောင့်ကိုးရာ့ လေးဆဲ့ခုနှ်၊
ဖေဖော်ဝါရီ လပြတ်မှန်။

နေ့ကိုညွှန် ဆဲ့နှစ်ရက်၊
လက်ချင်းတွဲလို့ဆက်။

မပျက်မကွက် ချစ်ခမတ္တာ၊
ရှမ်း ချင်း ကရင်ပါ။

မွန်မြန်မာ ကချင် ကယား၊
စိတ်တူ ကိုယ်တူထား။

ညီနောင်ဖွားတို့ ယုံယုံကြည်၊
အောင်ပွဲယူခဲ့သည်။

ပေါင်းစုညီ တို့မမေ့၊
ပြည်ထောင်စုရဲ့နေ့။ ။

စန္ဒာမြင့်



B. 517



ပန်းခြံ ဥယျာဉ်များ၌ အလှစိုက်ပန်းသစ်ပင်အဖြစ် တွေ့ရခဲသော်လည်း

# လက်ထုတ်ပွင့်

လက်ထုတ်ပင်တို့သည် တပို့တွဲ၊ တပေါင်းမှစ၍ ကဆုန်၊ နယုန်တိုင်အောင် ပင်လုံးကျွတ် ဝေဝေဆာဆာ ဖူးပွင့်ကြသည်။ ပန်းခိုင်တခိုင်တွင် လှပသော အဖြူရောင်အပွင့်များ တော်တော်များများ ပါရှိပါသည်။ ပွင့်ညှာတံသည် ရှည်၍ သေးသည်။ ပွင့်ချပ်အုံသည် အရင်းပိုင်းမှာ ရှည်ရှည်လုံးလုံးဖြစ်ပြီးလျှင် အနီရောင် ပြေးနေတတ်သည်။ ပွင့်ချပ်အုံ၏ ထိပ်ဝ ရှိပွင့်ချပ် ငါးခုတို့သည် ဖယောင်းတိုက်ထားသည့်နှယ် ခပ်မာမာဖြစ်သည်။ ဝတ်ဆံများကိုမူ မမြင်ရ။ ရနံ့မှာ သင်းသည်ဆိုရုံမျှသာ။

အပင် အလတ်စားမျိုးဖြစ်သော လက်ထုတ်ပင်၏ အစိမ်းရင့်ရောင် အရွက်ကြီးများသည် ခြောက်လက်မမှ ဆယ့်နှစ်လက်မခန့်အထိရှိသည်။ အကြောများထင်ရှားသည်။ အသီးမှာ ဝှသီးနှင့် တူ၍ တပေခန့်ရှည်သည်။ အညိုရောင် အစေ့များ ရှိသည်။

လက်ထုတ်ပင်သည် ဆေးဖက် ဝင်သည်။ အထူးသဖြင့် အမြစ်နှင့် အခေါက်သည် ဝမ်းကိုက်ပျောက် ဆေးအတွက် အသုံးဝင်လှသည်။ လက်ထုတ်ကြီးနှင့် လက်ထုတ်သိမ်ဟူ၍ နှစ်မျိုးရှိရာ ဆေးဖက်ဝင်ရာ၌ နှစ်မျိုးလုံးအကျိုးတူဟု ဆိုကြသည်။ လက်ထုတ်သိမ်သည် အရွက် ပို၍သေးပြီးလျှင် အပွင့်အရောင်တွင် အနီရောင် နှောသည်။

## ခိုင်ပန်းစုံ



လက်ထုတ်ပင်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသစ်တောများ၌ အပေါက်အရောက်များသောအပင်မျိုးဖြစ်သည်။ ပေါက်ရောက်ဖြစ်ထွန်းလွယ်၍ မီးလောင်ခံရသည့်တိုင်အောင် ပြန်ပြီး ရှင်သန်လွယ်လေသည်။

တပွဲတပွဲ


၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ ၁၈ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တပေါင်းလဆန်း ၆ ရက် (၁၉ ၂ ၇၂)




ထင်းများကို တခေါက်ပြီးတခေါက် သယ်တိုင်းတွင် ဘယ်မှာ ထားရမလဲဟု မေးနေကြသဖြင့်—
ဘယ်မှာထားရ မလဲအဖွားရဲ့
ငါ့ခေါင်းပေါ်မှာ လာထားကြဟဲ့
ဟုတ်ကဲ့ အဖွား
အမယ်အိုကြီးက စိတ်တိုတိုဖြင့် အရွဲ့တိုက်၍ ပြောကြားလိုက်လေ၏။
သူတို့လည်း အဟုတ်မှတ်၍ အမယ်အို ခေါင်းပေါ်တွင် ပစ်ချကြရာ—
အမယ်အိုကြီးမှာ ထင်းပိ၍ သေရလေ၏။
ထိုအဖြစ်အပျက်ကို အိမ်နီးချင်းတို့ သိသွား၍ စိတ်ဆိုးပြီး ဝိုင်းရိုက်ကြ၏။
အမယ်လေး ကြောက်ပါပြီ
နောက်မဆိုက် တော့ပါဘူးဗျ
ကဲဒါဖြင့်ကောပေါက်ဆိန်၊ခေါင်းခံပ် ဖိုတောထဲမှာသစ်သွားခုတ်ကြ
ကောင်းပါပြီ ခင်ဗျာ


တောနက်ထဲသို့ ရောက်လာသောအခါ –
ဒီအပင်ကြီးကို ခုတ်မယ်
အေး ခုတ်ခုတ်
ဆိုဖြင့် တယောက်က သစ်ပင်ထိပ်ဖျား သို့တက်၍ လေကို ခေါ်၏။
နှစ်ယောက်က သစ်ပင်ကြီး လဲကျလာလျှင် ထမ်းရန် ပခုံးဖြင့် အသင့်ခံနေ၏။
ထို့နောက် ကျန်တယောက်က သစ်ပင်ကြီးကို ခုတ်လှဲချလိုက်သောအခါ –
ဝုန်း
ပခုံးဖြင့်ထမ်းရန် ခံနေသူ နှစ်ဦးမှာ သစ်ပင်ပိ၍ သေလေ၏။
လေခေါ်သူမှာမူ မေ့ရုံသာ မူးမေ့သွားပြီး သတိ ပြန်ရလာသောအခါတွင် –
ဟေ့မင်း နိုးလာပြီလား
အေးနိုးလာပြီကွ




ဟိုနှစ်ယောက်တော့မနိုး
သေးဘူးကွ၊ နိုးတဲ့အထိ
စောင့်နေမှဖြစ်မယ်
အေးပေါ့
ဤသို့ တိုင်ပင်၍ ထိုင်စောင့်နေကြလေ၏။
သုံးရက်ကြာသောအခါ ထိုနေရာသို့ ထင်းခုတ်
သမားတယောက် ရောက်လာ၍—
မင်းတို့ဘာထိုင်
လုပ်နေကြလဲ
သူငယ်ချင်းနှစ်ယောက်
မနိုးသေးလို့စောင့်နေတာပါ
ဖြစ်မှဖြစ်ရလေကွာ၊ အဲဒါ
အိပ်နေတာမဟုတ်ဘူးဟ၊
သေနေတာကွ၊ သေနေတာ
သေနေတာ ဘယ်လို
လုပ်ပြီးသိလဲဗျ
အပုပ်နံ့ထွက်နေလို့
သိတာပေါ့ဟ
အပုပ်နံ့ထွက်ယင်
သေတာဘဲလားဗျ
အေး
သေတယ်ဆိုယင်
ယုန်ဖြီးမရှုင်တော့
ဘူးလားဗျာ
မရှုင်တော့
ဘူး
ဟင်
သို့ဖြင့် သူတို့နှစ်ဦးသည် သေသူနှစ်ယောက်ကို
ထားရစ်ခဲ့ပြီး ခြေဦးတည့်ရာသို့ ထွက်လာခဲ့ကြ
လေ၏။
ဆက်ရန်—

# ကြက်တော လေမပေါနိုင်ပြီ

ဇါတ်လမ်း/မောင်မြေး


မောင်ရှင် သရုပ်ဖော်

ကြောင်တိုးတိုး၏ သူငယ်ချင်း ကြက်တောကား အလွန် လေပေါပြီး နေရာတကာတွင် ဝင်ရှုပ်တတ်၏။ ထို့ကြောင့် အတူနေကြသော်လည်း တကျက်ကျက် ရန်ဖြစ်နေတတ်ကြသည်။










ပြေးကြဟေ့ ငတိုး လာနေပြီ
မင်းက ဒီလိုလား - မင်းကို မိုးရေထဲမှာ ထားရမယ် ငါပြန်မလာမချင်း နေပေတော့
သိကြ တာပေါ့
ဟေ့ - သူငယ်ချင်းတို့ လာကြဟေ့ - သူသွားပြီကွ
ငါ့ခြေထောက်က ကြိုးဖြေပေးစမ်းကွာ
ကလစ်
ဘာလေး ညာလေး ရှာစားရ အောင်
ဒီအထဲမှာ ပြောင်နေ ပါလား - စိတ်မပျက် ကြနဲ့ဟုံ့
သော့ထားတဲ့နေရာကို ငါသိတယ်
တွေ့လား - ဒီမှာ
ဟုတ်ပြီ ဟေ့
- ကလစ်


အမျိုးကြီးဘဲဟေ့ စားကြ သောက်ကြ သယ်ကြ ပိုးကြ
ကျွိ-ကျွိ ဆိုတယ်ကောင်း
ကြောင်ဝတိုးပြန်လာသောအခါ-
မင်းအိမ်ထဲကိုဝင်နိုင်ပြီ မင်းအပြစ် မင်းနားလည် ပြီလို့ ယူဆတယ်
ကဲ့-မင်းအတွက် ငှက်ပျောသီး
ငါမစားပါဘူး
ရယ်စရာပါလား အူဆာနေမှာပါ
ဟာ- ဘာမှ မရှိတော့ဘူး ကုန်ပြီ
ကြည့်စမ်း-ခေါင်းအုံးပေါ်မှာ ကြက်တော်
မင်းလက်ချက် ပေါ့
ဘယ်လောက်ကြာကြာ ခံရမလဲ မသိဘူး
ထိုနေ့ည
နောက်ဆိုယင်-မင်း ဘာမှ မကြားနိုင် တော့ဘူး-မြင်လဲ မမြင်နိုင်တော့ ဘူး-လေလဲမပေါ နိုင်တော့ဘူး ပေါ့

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်



## ချားဒေါက်တီ

ချားဒေါက်တီသည် အင်္ဂလိပ်လူမျိုး တယောက် ဖြစ်၏။ သူသည် ငယ်စဉ်က သင်္ဘောသား ဖြစ်ရန် ဆန္ဒပြင်းပြခဲ့သူ ဖြစ်သည်။ သို့သော် စကား ထစ်အသော ရောဂါကြောင့် သင်္ဘောသားလုပ်ရန် လက်လျှော့ခဲ့ ရ၏။ ထို့နောက် သူသည် ကိမ်းဗရစ် တက္ကသိုလ်သို့ သွားရောက်ကာ သိပ္ပံပညာ လေ့လာ သင်ကြားခဲ့လေသည်။

၁၈၆၅ ခုနှစ် ချားဒေါက်တီ ၂၂ နှစ် အရွယ်တွင် အရှေ့အလယ်ပိုင်း ဒေသများသို့ ခွန့်စားသွားရောက်ရန် ဆုံးဖြတ်လိုက်၏။ အရှေ့အလယ်ပိုင်း ဟူသည်ကား အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယား စသည့် အာရပ် နယ်မြေများပင် ဖြစ်၏။

ယင်း ဒေသများမှာ အလွန်ပူပြင်းသော သဲကန္တာရဒေသများ ဖြစ်သည်။ထို့ပြင် အာရပ် လူမျိုးများမှာ မွတ်စလင်ဘာသာဝင်များ ဖြစ်ရာ ခရစ်ယာန်ဘာသာဝင် အင်္ဂလိပ်လူမျိုးများ ကို ရန်မူလေ့ ရှိ၏။ သို့ဖြစ်ရာ အင်္ဂလိပ်တို့မှာ အာရပ်ဒေသသို့ သွားရောက်ရန် စိတ်ကူးပင် မထည့်ရဲကြပေ။ ၁၈၅၃ ခုနှစ်က အာရပ် ဒေသသို့သွားရောက်ခဲ့သော ရစ်ချတ်ဗာတန် ဆိုသူပင်လျှင် မွတ်စလင် အယောင်ဆောင်၍ သွားခဲ့ရခြင်း ဖြစ်ပေသည်။



သို့သော် ချားဒေါက်တီမှာမူကား မွတ်စလင်ဘာသာဝင် ဟန်မဆောင်ပဲနှင့် အာရပ်ဒေသများသို့ သွားရောက်ရန် ရဲဝံ့စွာ ဆုံးဖြတ်ခဲ့လေသည်။

ပဌမ သူသည် အီတလီပြည်သို့ သွားရောက်ကာ ဗီဆူးဗီးယပ် မီးတောင်ကိုပင် တက်ခဲ့သေး၏။ ထို့နောက် ဆိုင်နိုင်းကျွန်းဆွယ်ကိုဖြတ်ကာ ဂျော်ဒန်မြစ်အနီးရှိ ပီထရာ

မြို့သို့ သွားရောက်ခဲ့လေသည်။ ထိုမှ တဆင့် ဆီးရီးယားပြည် ဒမတ်စကတ်မြို့သို့ အရောက်တွင် အာရပ်ဘာသာစကားကို သင်ကြားခဲ့သည်။




၁၈၇၆ ခုနှစ်တွင် ဒေါက်တီသည် ခရီးသွား မွတ်စလင် ဘုန်းကြီးများနှင့် ဆက်သွယ်မိပြီး သဲကန္တာရခရီးကို စတင်ခဲ့၏။ သူသည် အာရပ်ဘာသာစကားကို ကောင်းစွာ ပြောဆိုနိုင်ပြီဖြစ်သဖြင့် တိုင်းရင်းသားများနှင့် ရင်းနှီးမှုရခဲ့သည်။ သို့သော် လမ်းခရီးတွင် ရန်သူများနှင့် ရင်ဆိုင်ခဲ့ရပေသေးသည်။ ထို့နောက် သူသည် မွတ်စလင် ဘုန်းကြီးများနှင့် လမ်းခွဲကာ အာရပ်လူမျိုး လမ်းပြအချို့ကို ခေါ်ဆောင်၍ သဲကန္တာရအတွင်း အနှံ့အပြားလှည့်လည်ခဲ့၏။ သဲကန္တာရအတွင်းမှာ အစားအစာ ခေါင်းပါးလှပြီး သောက်ရေလည်းရှားပါးလှပေသည်။ သို့သော် ရေနှင့်သီးနှံ ရရှိနိုင်သည့်နေရာများတွင် တည်ထောင်ထားသော အာရပ်မြို့ရွာများသို့လည်း သူရောက်ရှိခဲ့၏။


ဗက်ဒွင်းတို့မှ အပ အခြား မည်သူမျှ မနေထိုင်သော ခြောက်သွေ့ ခေါင်းပါးသည့် တောင်တန်း ဒေသသို့လည်း ချားဒေါက်တီ ရောက်ရှိခဲ့သည်။ ဗက်ဒွင်းဆိုသည်ကား နေရာအတည် တကျ မရှိပဲ လှည့်လည် သွားလာနေကြသော အာရပ် တောတွင်းသားများပင် ဖြစ်၏။ ဒေါက်တီသည် ဗက်ဒွင်းတစုနှင့် ရင်းနှီးခင်မင်မှုရရှိပြီး ယင်းတို့နှင့်အတူ လှည့်လည်သွားလာ နေခဲ့ပေသည်။

၁၈၇၈ ခုနှစ်တွင် ချားဒေါက်တီသည်ပင်လယ်နီ၏ ဆိပ်ကမ်းမြို့တမြို့ဖြစ်သော ဂျစ်ဒါးသို့ ရောက်ရှိခဲ့၏။ ထိုအခါ သူသည် ကျန်းမာရေးချို့တဲ့လာပြီး မျက်စိပင် ကွယ်လု နီးနီး ဖြစ်နေပေပြီ။ ထို့ကြောင့် အင်္ဂလန်ပြည်သို့ ပြန်လာခဲ့တော့၏။


အင်္ဂလန်သို့ ရောက်သောအခါ "အာရေဗျ သဲကန္တာရခရီး" အမည်ရှိ စာအုပ်တအုပ် ရေးသားပြုစု ခဲ့လေသည်။

လမ်းပန်း အဆက်အသွယ် မလွယ်ကူခြင်း၊ ဘေးအန္တရာယ်များခြင်း စသည်တို့ကြောင့် ယခုကာလမှာပင် အာရပ်သဲကန္တာရများဆီသို့ သွားရောက်ရန် ခဲယဉ်း လှပေ၏။ သို့သော် ချားဒေါက်တီ၏ ကျေးဇူးကြောင့် အာရပ်သဲကန္တာရများ အကြောင်းကို ကျွန်ုပ်တို့သိရှိ နေကြရပေပြီ။




ဖြစ်လေရာ-
ဟောက်! ဒီနားရွက်ရှည်ကြီး . တွေနဲ့တော့ဒုက္ခပါဘဲ - အဆင်မပြေလိုက်ထါနော်
ဟော်ဗျ - ခြေထောက်ကိုပတ်မိလို့လဲပြန်ပြီ . အွတ်
ဟားဟား - - ရယ်စရာကောင်းတဲ့လူရွှင်တော်ကြီးပါလားနော် ဟီးဟီး
မဖြစ်ဘူး-ဒီအတိုင်းအလှောင်ခံနေရယင်တနေ့နေ့ပြဿနာတက်လိမ့်မယ်
ဖိုးရွှေဝါတော့ဒို့နဲ့ဝေးရာကိုပြေးပြီ - နောက်ကနေလိုက်ပြောင်အုံးမှဘဲ - ဟဲဟဲ


ဟျို - ကိုရွှေဂါကြီး - ဒီကဆိုင်း
ဘုတ်ကိုဖတ်ကြည့်ပါအုံး
အောင်မယ်လေး
ဒုက္ခဘဲ - ငါတော့ရေနစ်ပြီ -
ရေလဲမကူးတတ်ဘူး
ကယ်ကြပါလိုကြပါ
ဒို့လဲရေမကူးတတ်ဘူး - ဘယ်
လိုလုပ်ကြမလဲ
ဟာ - ဒါ - ညိုဖြူလေးရဲ့အသံ
ဘဲ - ဘာဖြစ်လဲမသိ
ဘူး



အကျိုးအကြောင်းသိရအောင် အမြန်ပြေးကြည့်မှ -
ဟာ - ညိုပြာလေးရေနစ်နေတာကိုး
အကြံရပြီ.
ငါ့နားရွက်ကိုဆွဲပြီးကမ်း ပေါ်ကိုတက်ခဲ့ဟေ့
သူရဲကောင်းကြီး ရွှေဝါကွ -
သတ္တိခဲ ပါပြီဟေ့
အရပ်ဆိုးအကျည်းတန်တဲ့ ထက်ဖြစ်ရာဘဝကအကျိုး ပြုနိုင်လို့ကျုပ်တော့ဂုဏ်ယူ သဗျာ -
ပြီး


# အိုးခွက်များကို အဘယ်ကြောင့်

# သတ္တုဖြင့် ပြုလုပ်သနည်း

မီးဖိုပေါ်တွင် တည်၍ ထမင်းဟင်း ချက်ပြုတ်သော အိုးခွက်များကိုကြည့်ပါ။ ယင်း အိုးခွက်များသည် အောက်မှ တောက်လောင်နေသော မီးကြောင့် လောင်ကျွမ်းခြင်း၊ ကွဲအက်ခြင်း၊ အရည်ပျော်ခြင်း လုံးဝမရှိကြောင်း တွေ့ရပေမည်။ သတ္တု အရည်ပျော်စေရန် အလွန်ပူသော မီးအားလိုပေသည်။ သို့သော် ကျွန်ုပ်တို့ အသုံးပြုလျက်ရှိသော မီးဖိုမှမီးမှာ သတ္တုအရည် ပျော်နိုင်လောက်အောင် မပူပေ။ မီးတောက် အပူဓာတ်သည် သတ္တုအိုးအတွင်းသို့ စီးဝင်လေသည်။ အိုးမှအပူဓာတ်သည် ချက်ပြုတ်နေသော အစားအစာတွင်းသို့ စီးဝင်ပြန်သည်။ ဤသို့ဖြင့် အစားအစာသည် တဖြည်းဖြည်း ကျက်သွား လေသည်။ အိုးခွက်များ ပြုလုပ်ရန်အတွက် သတ္တုသည် အကောင်းဆုံးပစ္စည်း ဖြစ်သည်။ သတ္တုသည် မီးဖိုမီးတွင် အရည်မပျော်နိုင်သည်သာ မက အပူစီးလည်း မြန်လေသည်။



ကြယ်ဖြူ



## ညဉ့်ငှက်ကွယ်ပျောက် ငွေကြယ်ရောက်

မျဉ်းစက်များနေရာ၌ ပုံတွင် ပြထားသည့် အတိုင်း ခေါက်ပါက ဇီးကွက်ရုပ် ပျောက်ပြီး ကြယ်ပုံပေါ် လာလိမ့်မည်။






ဖိုးဆယ်သည် အငြင်းသန်သူ၊ စိတ်ထားမကောင်းသူ သူညစ်ကလေး ဖြစ်သည်။ ကစားတိုင်း သူသာ အမြဲအနိုင်လိုချင်သည်။ သူရှုံးလျှင် ငြင်းတတ်သည်။ မရှုံးရန်လည်း အမြဲညစ်၍ ကစားသည်။

ဂေါ်လီရိုက်လျှင် စည်းခိုး၍ ကစားသည်။ သားရေကွင်းပစ်လျှင်လည်း ထိုအတိုင်းပင် ဖြစ်သည်။ ဘောလုံး ကစားလျှင်လည်း အတိုက်ခံကို နောက်မှ ဆွဲခြင်း၊ ခြေခုတ်ခြင်း နည်းတို့ဖြင့် ညစ်ကတတ်သည်။ သူပါသော ဘောလုံးပွဲဆိုလျှင် သူ့အသံသာ ဆူညံနေသည်။ သူပါသောဘက်မှ နိုင်နေလျှင် "ဘယ်ရမလဲကွ၊ နုပါသေးတယ်၊ ဆက်ကြိုးစားလိုက်အုံးဟေ့" ဟု နောက်ပြောင်တတ်သည်။ သူပါသောဘက်မှ ရှုံးလျှင် အတင်းငြင်းပြီး အတင်းညစ်သည်။ ထို့ကြောင့် အချို့တို့ ဖိုးဆယ်နှင့်မည်သူမျှ မကစားချင်ကြပေ။

ကျောင်းတွင်လည်းဖိုးဆယ်ကို အငြင်းသန်သူ၊ အညစ်သန်သူ တယောက်အဖြစ် အသိအမှတ်ပြုထားကြသည်။ ဆရာက စိတ်ထားမညွှန့်ရန် မကြာမကြာ ပြောဆိုဆုံးမသည်။ သို့သော် ဖိုးဆယ်သည် ဆရာ့စကားကို နားမထောင်ပေ။ သူငယ်ချင်းများက သူ့ကို "လူငြင်းကလေး"၊ "လူညစ်ကလေး" ဟု ခေါ်ကြသည်။

ကျောင်းပိတ်သော နေ့တနေ့တွင် ဖြစ်သည်။ လမ်းထိပ် ညောင်ပင် အောက်တွင် သံချောင်း၊ ဆိပ်ကွက်၊ ကျွန်ရစ်နှင့်ကုလားတို့ ဂျင်ပေါက်ကစားနေကြသည်။ ထိုသို့ကစားနေကြစဉ် ဖိုးဆယ်ရောက်လာပြီး--

"ငါလဲ ပါမယ်ဟေ့"

"ဟေ့ အေး--မပါရဘူးမင်းက သိပ်ညစ်တဲ့ကောင်၊ အငြင်းလဲသန်တယ်"

"ဟုတ်တယ်၊ ဆော်ကြာမင်းကြောင့် ငါတို့ ကစားဝိုင်း ပျက်သွားအုံးမယ်"

"ငါမငြင်းပါဘူးကွာ၊ ညစ်လဲ မညစ်ပါဘူး။ ပါပါရစေကွာ နော်"

ဖိုးဆယ်က ချော့နှာ ငယ်ကလေးဖြင့် ပြန်ပြောသည်။ သူငယ်ချင်းများက သူ့ကို သနားလာ၍ အတူကစားခွင့် ပြုလိုက်ကြ၏။ အတူကစားခွင့်ရလျှင် "ဝင်ဗျို့" ဟု အော်ပြီး ဖိုးဆယ်သည် သူ့ဂျင်ကို ပေါက်လိုက်လေသည်။ သူတို့သည် "ဝိုင်းကျယ်" ခေါ် စည်းဝိုင်းကြီး ကစားကြခြင်း ဖြစ်၏။

ဖိုးဆယ်၏ ဂျင်သည် သံတိုင်နေ၏။ သံတိုင်နေ၍ အလည်ရပ်သွားသောအခါ စည်းဝိုင်းအပြင်သို့ ဖြန့်ပြီး ကန်မထွက်နိုင်ပေ။ ထို့ကြောင့် ဖိုးဆယ်၏ ဂျင်ခံရလေသည်။ တလှည့်၊ နှစ်လှည့်အကြာတွင် သံချောင်းက သူ့ဂျင်ဖြင့် ပေါက်ထုတ်လိုက်၍ ဖိုးဆယ်ဂျင် စည်းဝိုင်းအပြင်သို့ ထွက်သွားလေသည်။ ယခုအခါ ခံရသော ဂျင်မှာ ကုလား၏ဂျင် ဖြစ်သည်။

သူဂျင် ပြန်ခံရမည်ကို ဖိုး ဆယ်စိုးရိမ်နေသည်။ ထို့ကြောင့် ဂျင်ပေါက်တိုင်း စည်းဝိုင်း အ တွင်း၌ မလည်စေပဲ စည်းဝိုင်း အပြင်သို့ ခုတ်ဆွဲ ဆွဲ၍ ပေါက် လေသည်။

"ဟေ့ကောင် ဖိုးဆယ်၊ ခုတ် ဆွဲ မဆွဲနဲ့ကွာ"ဟု သံချောင်းက ပြောလိုက်သည်။

"ငါ့ သဘောပါကွ၊ မင်းနဲ့ ဘာဆိုင်လဲ" ဟု ပြန်ပြောရင်း ဖိုးဆယ်သည် သူ့ဂျင်ကို တအား ခုတ်ဆွဲ ဆွဲပြီး ပေါက်လိုက် လေ၏။ ထိုသို့ ခုတ်ဆွဲ ဆွဲ၍ ပေါက် လိုက်ရာ ညစ်ချင်သည့်စိတ် ပြင်း ပြ၍ ချိန်သားမကိုက်ပဲ ဂျင်ကြိုး တုပ်သွားကာ ဖိုးဆယ်၏ ခြေ ထောက်၌ ဂျင်သံ စူးဝင်သွား လေသည်။

နာလွန်း၍ ဖိုးဆယ်၏ မျက် နှာမှာ ရှုံ့မဲ့နေသည်။ သွေးများ လည်း ထွက်လာသည်။ မျက် ရည်များလည်း ကျလာသည်။ လမ်းလည်း ကောင်း ကောင်း မလျှောက် နိုင်တော့ပေ။ ထို့ ကြောင့် သူငယ်ချင်းများက ဖိုးဆယ်ကို တွဲ၍ သူ့ အိမ် သို့ လိုက်ပို့ပေးကြရသည်။

ဖိုးဆယ် အား လိုက်ပို့ပြီး ပြန်ခါနီးတွင် သံချောင်းက –

"အဲဒါ မင်းညစ်ချင်လို့ သိ လား။ ငါပြောတာ နားထောင် ယင် မင်း ဒီလိုဖြစ်မှာ မဟုတ် ဘူး"ဟု ဖိုးဆယ်ကို ပြောလိုက် ၏။

ဖိုးဆယ်က ရှုံ့မဲ့မဲ့ မျက်နှာ ဖြင့်–

"အေးကွာ–ငါ နားလည်ပါ ပြီ။ ညစ်တာဟာ ဘယ်တော့မှ မကောင်းပါဘူး။ ငါ နောက်ကို ဘယ်တော့မှ မညစ်တော့ပါဘူး ကွာ" ဟု သူငယ်ချင်းများကို ပြန်ပြောရင်း တောင်းပန်လိုက် လေသည်။









## ပြည်ထောင်စု သားများ

ချစ်ကြမယ် ခင်ကြမယ်၊
သွေးစည်းကြစို့ကွယ်။

ရှမ်းရယ်၊ ချင်းရယ်၊
ကရင်၊ ကယား၊
မွန်နဲ့ ရခိုင်များ။

ဗိုလ်သွေးဗိုလ်သား ညီအကို၊
ကချင်၊ ဂျင်းဖောဆို။

တောင်ညိုညိုက နာဂလဲ၊
ညီအကိုတွေဘဲ။

လက်တွဲကြစို့ ဒို့တတွေ၊
ညီညွတ်ကြစို့လေ။

တိုင်းပြည်အတွက်တိုးတက်ရေး၊
ဝိုင်းကာလုပ်စို့လေး။ ။

မောင်မင်းယဉ် (ကူမဲ)

R. 517



ယုဇနပန်းများ ပွင့်ပြီဆိုလျှင် အဝေးကပင် သိနိုင်ပါသည်။ အလွန်မွှေးသော ယုဇနပန်း၏ ရနံ့သည် ပတ်ဝန်းကျင် လေထုကို ထုံသင်းကြိုင်လှိုင်စေသည်။ ရနံ့လည်း သင်း၍ အဆင်းလည်းလှသော ယုဇနပန်းများသည် မြစိမ်းရောင်ရွက်အုပ်အကြားမှ အဆုပ်လိုက် အဆုပ်လိုက် ထွက်ပြူကာ ပင်လုံးကျွတ် ဖူးပွင့်လေသည်။ ကော့ကွေးသော အဖြူရောင် ပွင့်ချပ်ငါးခုသည် အဝါရောင် ထိပ်ဖူးကလေးပါသော ဝတ်ဆံတိုကလေးများကို ဝိုင်းပတ်ထားသည်။ ယဉ်စစနှင့် ချစ်စရာပန်းဆုပ်ကလေးတခုတွင် အဖူးအပွင့် ဆယ်ခုခန့်ပါရှိတတ်သည်။

မိုးနံ့သင်းသော ကဆုန်လမှသည် မိုးကြွင်း မိုးကျန်များ ရွာတတ်သေးသော တန်ဆောင်မုန်းလအထိ ယုဇနပန်းများ ပြတ်တောင်း ပြတ်တောင်း ဖူးပွင့်သည်။ တကြိမ်ပွင့်လျှင် တရက် နှစ်ရက်ခန့်သာ များများ ပွင့်သည်။ အပွင့်များသည် ကြာရှည်မခံ။ အကြွေမြန်လှသည်။

ယုဇနပင်သည် အပင်ငယ်မျိုး ဖြစ်သည်။ အမြဲစိမ်းလန်းနေသည်။ အရှေ့နိုင်ငံအပူပိုင်း ဒေသများ၌ ပေါက်ရောက်ခဲ့ရာ အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်နှင့် အထက်အောက်မြန်မာနိုင်ငံတို့၌ အတွေ့ရများသည်။ အရွက်များသည် အဖျားချွန်၍ ရွက်ပေါင်း ဖြစ်သည်။ အသီးလုံးလုံးကလေးသည် ထိပ်အနည်းငယ် ချွန်သည်။ မှည့်လျှင် နီဝါဝါအရောင် ဖြစ်လာသည်။ အစေ့ တစေ့တည်းရှိသည်။ ယုဇနပင်ကို မိုးရာသီအခါတွင် အစေ့ပျိုး၍ ၎င်း၊ ကိုင်းစည်း၍၎င်း စိုက်ပျိုးကြသည်။ အမေရိကတိုက်အပူပိုင်း ဒေသနိုင်ငံများတွင် ခြံစည်းရိုးပင်အဖြစ် စိုက်ပျိုးပြုပြင် ပေးကြသည်။

တင့်တင့်

# ဗိုင်ပန်းစုံ




၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးသင်ကြိုးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀ဂ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# တိရစ္ဆာန်ဥယျာဉ်သို့ တစ်ခေါက်

ပန်းချီ ဦးစိန်  ဇာတ်လမ်း မြသွေး

တိရစ္ဆာန်ဥယျာဉ်တွင် လေ့လာသူများ၊ ပျော်ပွဲစား ထွက်သူများ စည်ကားနေသည်။ ထိုအထဲတွင် ကိုမြင့်နှင့် မိမြို့တို့လည်း ပါဝင်လေသည်။

ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တပေါင်းလဆန်း ၁၃ ရက် (၂၆-၂-၇၂)




တိရစ္ဆာန်ရုံကြီးထဲမှာ ကြည့်စရာ သိပ်များတယ် စုံအောင် လေ့လာနိုင်မှ လဲကောင်းမယ်
ရှေးက သားမင်းကို တောင်ဆိတ်တမျိုးလို့ ယူဆခဲ့တယ်-ခုတော့ တောနွား တမျိုးလို့ယူဆနေကြတယ်
ကြံ့ကြီးတွေကို ပဲခူးရိုးမ ရခိုင်ရိုးမ လို တောတောင်ထူ ထပ်တဲ့နေရာများမှာတွေ့ ရတတ်တယ်
ခြင်္သေ့ အထီးမှာသာ လည်ဆံမွေး ရှိတယ်
ကျားသစ်ဟာ အပြေးသိပ်မြန်ပြီး သစ်ပင်တက်လဲ ကျွမ်းကျင်တယ်
မိုးမိုး ဆိုတဲ့ ဆင်မကလေး ဟာ-သိပ်လိမ်မာတာဘဲ တဲ့-သွားကြည့်ရအောင်


ချွမ်း ဝိုက် ပြနိုင် အောင်သင်ထားတာ အံ့ဩစရာပဲ နော်
ယုန်ကလေးတွေ.. သိပ်ချစ် စရာကောင်းတာပဲ-သူတို့ဘာ စားနေကြသလဲ-ကန်စွန်းရွက် တွေလား...ဟင်
တိရစ္ဆာန် အမျိုးမျိုး ကို မြင်ရ တော့ တောထဲသွားပြီး တာဇံ လုပ် ချင်လိုက်တာ
ရေမြင်းကြီး အစာတောင်း နေပြီ ငှက်ပျောသီးတ လုံးတော့ ကျွေးလိုက် မယ်
ဟာ!
သစ်ကုလားအုပ် ကြီး
ကျားတွေကိုတော့ အမဲသား ကျွေးရတယ်-အသားစား သတ္တဝါကိုး


ဟောဒီ ငှက်ရုံကြီးထဲမှာ ငှက်တွေတော်တော်စုံတယ်
ငှက်ရဲ့ သဘာဝ အရောင်တွေကို ကြည့်စမ်း-ဘယ်လောက်လှသလဲ လို့
မျောက်တောင်မှ သင်ယင်တတ်တာဘ်
ဒီလိုတော့လဲ ခြေသောင်းပေမဲ့ အကျိုးရှိသားနော်
သို့သော် လေ့လာမှုမပြုပဲ ပျော်ပွဲစား သက်သက် လာကြသူများ အကြောင်းကို စဉ်းစားမိသောအခါ—
တိရစ္ဆာန်ရုံထဲကို ပျော်ပွဲစား ထွက်လာတော့ - ဘာအကျိုး ရှိသလဲဟင်
ဗိုက်ကားပြီး အိပ်ချင်စိတ် ပေါ်လာမှာပေါ့

ယခင်အပတ်မှအဆက်

# လူမိုက်ကြီး

## လေးယောက် (၂)

ရေးသူ - သိန်းဦး (ဆမ)
သရုပ်ဖော် - ကသ





မသေဘဲ ကျန်သူ လူမိုက်နှစ်ယောက်မှာ ခြေဦး တည့်ရာသို့ ထွက်လာခဲ့ကြရာတွင်—













ကျုပ်တို့သေနေကြတယ်၊ မဖယ်နိုင်ဘူးဗျ
ဟေ
အေး၊ မင်းတို့သေနေကြတယ်ဆိုယင် ပြန်ရှင်အောင်လုပ်ပေးရသေးတာပေါ့ကွ
ဆင်ဦးစီးသည် ထိုသို့ပြောပြီး ချွန်းနှင့် ဆင်းပေါက်တော့ရာ—
အောင်းမယ်လေးဗျ
အောင်းမယ်လေးဗျ
နာလွန်း၍ အတင်းထပြေးကြလေ၏။
ခင်ဗျာ့ချွန်းက တယ်စွမ်းပါလား – သေတဲ့လူကိုပြန်ရှင်အောင်လုပ်နိုင်တယ် ကျုပ်တို့ပေါက်ဆိန်နဲ့လဲပါလားဗျာ
အေးလဲတာပေါ့
လူမိုက်နှစ်ယောက်သည် ပေါက်ဆိန်နှင့်ချွန်းကို လဲခဲ့ပြီးနောက် ခရီးဆက်ခဲ့ပြန်ရာ –
အသုဘအိမ်ရှေ့သို့ ရောက်ရှိလာလေ၏။
ခင်ဗျားတို့ဘာလို့ငိုနေကြတာလဲ
ကျုပ်တို့သမီးလေးသေသွားလို့ပါကွယ်


ခင်ဗျာ့သမီးလေးပြန်ရှင်လာအောင် ကုပေးမယ်၊ ဘယ်လောက်ပေးမလဲ
တောင်းသလောက်ပေးပါ့မယ်၊ ကုသာကုပေးပါကွယ်
ဒါဖြင့်ကောင်းပြီ ကုပေးမယ် ခင်ဗျားတို့ခဏရှောင်ပေးကြ
ရှောင်ပေးပါ့မယ် ရှောင်ပေးပါ့မယ်
သူတို့ နှစ်ဦးတည်း ကျန်သော အခါ၌ အလောင်းကို ပေါက်ချွန်းဖြင့် တဒုန်း ဒုန်း ပေါက်တော့၏။
မှားမှား ချပေးကွ
အသုဘရှင်များ သိရှိသွားကြသောအခါ အလွန် တရာမှ စိတ်ဆိုးပြီး ဝိုင်းရိုက်ကြ၏။
ချပေးကွ
ရိုက်ပေးကွ
အမယ်လေးကြောက် ပါပြီခင်ဗျ-ဟီးဟီး
ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ
ကျနော်တို့ထမင်း စားရအောင်လို့ပါ
ထမင်းစားချင်ယင် ဒီလိုမလုပ်ရဘူး။မင်း တို့ပါဝင်ပြီးငိုရတယ်
ဟုတ်ကဲ့ကျနော်တို့ နောက်တခါငိုပါ့မယ် ခင်ဗျာ
ထို့နောက် လူမိုက်နှစ်ဦးသည် ခရီးဆက်ကြပြန် လေ၏။
ဆက်ရန်-



# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ ကျော်ကျော်

## ဂါဂါရင်

ဂါဂါရင်၏နာမည်အပြည့်အစုံမှာ ယူရီ အလက်ဇီယီဗစ် ဂါဂါရင် ဖြစ်၏။ သူသည် လက်သမား တဦး၏ သား ဖြစ်၍ ၁၉၃၄ ခုနှစ်တွင် ဆိုဗီယက် ရုရှားပြည်၌ ဖွားမြင်သည်။ ပညာ သင်ကြားပြီးသောအခါ ဆိုဗီယက် လေတပ်သို့ ဝင်ရောက် အမှုထမ်းသည်။ ဂျက်လေယာဉ်မောင်း သင်တန်းကို အောင်မြင်သော အခါတွင် ဗိုလ်မှူးရာထူးသို့ တိုးမြှင့်ခြင်း ခံရပေသည်။


ဒုတိယ ကမ္ဘာစစ် အပြီးတွင် ရုရှားတို့သည် အာကာသခရီးအတွက် လေ့ကျင့်စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ ကမ္ဘာမြေကြီးကို လေထုက ပိုင်းရံထားသည်။ သို့သော် ကမ္ဘာမြေပြင်မှ အထက် မိုင်ပေါင်းများစွာအထိ လေထုသည် ကျယ်ပြန့်ခြင်း မရှိပေ။ ကမ္ဘာမြေပြင်မှ ဆယ်မိုင်ခန့် ကွာသည်ဆိုလျှင်ပင် လေထုသည် ကျဲပါးသွားပြီး သာမန် လေယာဉ်များ မပျံသန်းနိုင်တော့ပေ။ ယင်းဒေသများကို အာကာသ ဟင်းလင်းပြင်ဟု ခေါ်၏။ ဟင်းလင်းပြင်တွင် ဒုံးပျံများသာလျှင် ပျံသန်းနိုင်၏။ ရုရှားတို့သည် ပဌမအကြိမ်တွင် သိပ္ပံ ကရိယာများ ထည့်၍၎င်း၊ ဒုတိယအကြိမ်တွင် တိရစ္ဆာန်များ ထည့်၍၎င်း ဒုံးပျံများ လွှတ်တင်ခဲ့ကြသည်။

တတိယအကြိမ်တွင်မူ ဒုံးပျံကို လူနှင့်အတူလွှတ်ရန် ဆုံးဖြတ်ကြပြီး ဗိုလ်မှူးဂါဂါရင်ကို ရွေးချယ်လိုက်ကြသည်။ ဂါဂါရင် ကိုယ်တိုင်ကလည်း အာကာသအတွက် စွန့်စားရန် ဆန္ဒ ပြင်းထန်နေသူ ဖြစ်၏။ သူသည် အာကာသခရီး အတွက် ခက်ခဲသော လေ့ကျင့်မှုများကို ရက်ပေါင်းများစွာ လေ့ကျင့်ရသည်။ အာကာသယာဉ်ကိုလည်း စေ့စပ်သေချာစွာ စစ်ဆေးရသည်။ အသက်နှင့်ရင်းကာ စွန့်စား ရသော အလုပ်ဖြစ်ရာ တစုံတရာ မှားယွင်း၍ မဖြစ်ပေ။



၁၉၆၁ ခု ဧပြီလ ၁၂ ရက်နေ့တွင်မူ ဂါဂါရင်

သည် ဗော့စတော့ အမည်ရှိ အာကာသယာဉ်နှင့် အတူ အာကာသခရီး ကို စတင်ခဲ့ပေသည်။



အာကာသယာဉ် မောင်းနှင်ရခြင်းကား သာမန် လေယာဉ်ပျံ မောင်းနှင်ရခြင်းနှင့် မတူပေ။ လေသူရဲသည် ထိုင်မနေရပဲ ခုတင် ကဲ့သို့သော ခုံပေါ်တွင် လဲလျောင်းနေရ၏။ အမှားအယွင်း မရှိအောင်လည်း ဂရုစိုက်ရပေသည်။

ဗော့စတော့သည် တစက္ကန့်လျှင် ၅ မိုင်နှုန်းဖြင့် ပျံသန်းနေပေသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော ယာဉ်သွားနှုန်းပင် ဖြစ်၏။ အာကာသ ယာဉ်သည် တဖြည်းဖြည်း မြင့်တက်လာသောအခါ ဂါဂါရင်သည် ကမ္ဘာမြေပြင်ကို မြေပြန့်လွင်ပြင်ကြီး အတိုင်း မြင်နေရာမှ လုံးဝန်းသော အလုံးပုံသဏ္ဌာန်သို့ ပြောင်းလဲ၍ မြင်လာရ၏။


ဂါဂါရင်သည် ပျံသန်းနေစဉ် အတွင်း အာကာသ ဆိုင်ရာ တိုင်းတာမှု များ ကိုလည်း ပြုလုပ်ရသေး၏။ ကမ္ဘာမြေပြင်သို့လည်း ရေဒီယိုဖြင့် သတင်းပို့ရသေး၏။ အာကာသမှ ကြည့်ရှုသောအခါ မိုးကုပ် စက်ဝိုင်းသည် လိမ်မော်ရောင် တောက်နေပြီး ကောင်းကင်သည် မပြာပဲ နက်နေလေသည်။

အာကာသတွင် တနာရီကျော်မျှ ကြာသောအခါ ဂါဂါရင်သည် ကမ္ဘာကို လက်ျာရစ် တပတ် ပတ်မိလေပြီ။ မြေပြင်သို့ ပြန်ဆင်းရန် သင့်တော်ပြီ ဖြစ်၏။


ဗော့စတော့သည် မြေပြင်ဆီသို့ ပြန်လည်ဆင်းသက်လာပေပြီ။ မြေပြင်နှင့် နီးကပ်လာသော အခါတွင် ဂါဂါရင် ပါရှိသော ပွဲထိန်းယာဉ်ငယ်သည် ယာဉ်မကြီးနှင့် တခြားစီ ဖြစ်သွား၏။ ထိုအချိန်တွင် လေထီး ပွင့်လာပြီးလျှင် ပွဲထိန်း ယာဉ်ငယ်သည် လေထီးနှင့် အတူ မြေပြင်သို့ ငြင်သာစွာ ကျလာလေသည်။ ဂါဂါရင်သည် ပွဲထိန်းယာဉ်ခန်းထဲမှ ထွက်လာပြီးလျှင် မြေပြင်ပေါ်သို့ ချောမောစွာ ခြေချနိုင်လေတော့၏။




၁၀၈ မိနစ် ခန့် ကြာရှိသော ဂါဂါရင်၏ အာကာသခရီးကား အောင်မြင်စွာ ပြီးဆုံးခဲ့လေပြီ။





မျိုးမင်း၊ မျိုးဝင်းနှင့် မျိုးလင်းတို့သည် ကျောင်းအားသော တနေ့တွင် တဖက်လမ်းမှ ကလေးများနှင့် ဘောလုံးချိန်းကန်ကြ၏။
ရန်တိုက် ပေးလို့
အောင်မယ် လေးဗျ-
ဟာ- မျိုးဝင်း လဲသွားပြီ- ဟေ့ကောင်-မင်း ဘာဖြစ်လို့ တွန်းချတာလဲ-ဟေ
ဘောလုံးလုရင်း–
တဖက်လမ်းမှ ကလေးက–
ငါ တွန်းချတာ မှုတ်ပါဘူးကွာ- မတော်တဆ ဖြစ်တာပါ-
ဘာ မတော်တဆလဲ- မင်း တမင်လုပ်တာ-
တောင်းပန်သော်လည်း မျိုးမင်းတို့က မကျေနပ် သဖြင့် ရန်ဖြစ်ကြ၏။
ခွပ်
ကဲကွာ
အမယ် လေးဗျ-
ခွပ်
ဘွန်း
သို့သော် အင်အားချင်း မမျှသဖြင့် မျိုးမင်းတို့ပင် ထွက်ပြေးလာခဲ့ရ၏။
အမလေးဗျ
ဘွန်း
အိမ်သို့ ပြန်ရောက်သော် သူတို့ အစ်ကိုဖြစ်သော မျိုးဇော်အား တိုင်ပြောရာ–
ဘာ-မင်းတို့ ခံလာခဲ့ရတယ်- ဟုတ်လား-



မျိုးဇော်သည် သူဖတ်ဘူးသော ဝတ္ထုများနှင့် ကြည့်ဘူးသော ရုပ်ရှင်များမှ ထိုးခန်းကြိတ်ခန်းတို့ကို မြင်ယောင်လာကာ –
ဒီကောင်တွေ ဆော်ဆို မငွေတို့ကို ဒီလိုဘဲ အနိုင်ကျင့်နေမှာ- မခံနဲ့ သွားဖြန်ချ-
သို့ဖြင့် တဖက်လမ်းမှ ကလေးများ ထံသို့ ပြန်သွားပြီး ရန်ဖြစ်ကြပြန်သည်။
အွန်း
ခွပ်
အား
ကျွတ်-
အွန်.
ကျိုး
သို့သော် မျိုးမင်းတို့ပင် ထွက်ပြေးခဲ့ရပြန်၏။
လာဟေ့ လာ လာ- မေမေနဲ့ သွားတိုင်မယ်
အွန်း.
အိမ်သို့ပြန်ရောက်၍ မေမေနှင့်တိုင်ပြောရာ –
ဘာ- မျိုးဇော်က ပြန်လုပ်ခိုင်းလို့- ဟုတ်လား တောက်- ကြည့်စမ်း- ဘယ်မလဲ ဒီကောင်- ဟဲ့ မျိုးဇော်- လာစမ်း-
ခလေးတွေကို ဆော်ဖို့ ရှမ်မ ဖြစ်စေအောင် သွားမဆုံးမတဲ့ အာ ဖြင့် ရန်တိုက်ပေးအုံး- ကိုင်း ကိုင်း
ဖြိုး


အမေးရှိမှ အဖြေသိ
မောင်မိုးလေး
မောင်ကျော်မိုးသည် စာမေးရာတွင် ဆရာမကို အလွန်ကြောက်တတ်၏။
ဆရာမသင်တာ မရှင်းယင်.. မေးကြနော်..
ဆရာမသင်တာရှင်းလဲ မရှင်းဘူး.. ထမေးရမှာလဲ ကြောက်တယ်.
မုန့်စားလွှတ်သော်—
ဆရာမသင်တာ ရှင်းလဲ မရှင်းဘူးကွာ.. ထလဲ မမေးရဲဘူး.. ကြောက်တယ်..
အဲဒါမှ မှားတာပေါ့..
ကျောင်းသားတွေက အများကြီးကွ ဆရာမက တယောက်ထဲ.. မရှင်း မသိတာမေးမှ ဆရာမကသိမှာပေါ့.
ဆရာမက ပြောထားတယ် မဟုတ်လား.. မတတ်လို့ လာသင်တာ.. မရှက်ရဘူး.. မကြောက်ရဘူးတဲ့. အမေး ရှိမှ အဖြေသိမယ်တဲ့..
အေးဟုတ်သားဘဲ..
ပြီး

အစားအစာတို့၏ အရသာကို ပါးစပ်ဖြင့်သာ ခံစားသိရှိသည်ဟု သင်တို့ထင်မိကောင်း ထင်မိကြပေမည်။ အမှန်ကား ထိုသို့မဟုတ်ပေ။ နှာခေါင်းသည်လည်း အရေးပါသော အခန်းမှ ပါဝင်နေပေသည်။ နှာစေးနေလျှင် အစားအစာတို့၏ အနံ့အရသာကို ကောင်းစွာ မရရှိနိုင်တော့ကြောင်း တွေ့ရပေမည်။ ထိုသို့ဖြစ်ရသည်မှာ အနံ့အာရုံ ချွတ်ယွင်းနေသောကြောင့် ဖြစ်၏။




## အစားအစာတို့၏ အရသာကို သင်တို့ အဘယ်ပုံ ခံစားသနည်း

သင်တို့၏ ပါးစပ်အတွင်းမှ လျှာသည် အရသာခံသော အင်္ဂါဖြစ်ပေသည်။ လျှာတွင် အထူးဆဲလ်ကလေးများ ရှိသည်။ ထိုဆဲလ်များသည် ပုံတွင် ပြထားသည့်အတိုင်း အချို၊အချဉ်၊အငန်၊အခါးဟူ၍ အရသာ လေးမျိုးကို သီးခြားစီ ခံစားနိုင်အောင် တည်ရှိပေသည်။ သို့ရာတွင် အနံ့အာရုံနှင့် အရသာအာရုံနှစ်ခု ပေါင်းခြင်းဖြင့် အစားအစာတိုင်း၏ သီးခြား အရသာကို သင်တို့ ခံစားသိရှိနိုင်ကြပေသည်။

ကြယ်ဖြူ



# အကြွေးပြားနှစ်ဆယ်

မြမိုး



တညနေဖြစ်ပါသည်။ ကျွန်တော်နှင့်ညီညီ ကျောင်းမှ အတူ ပြန်လာကြပါသည်။

"သူငယ်ချင်း၊ ငါ အိမ်မပြန်ရသေးဘူးကွ။ မေမေက ဦးလေးတို့အိမ် သွားခိုင်းလို့ ရွှေကနေ ကားစီးသွားရမယ်"

ညီညီက လျှောက်လာရင်း ကျွန်တော့်ကို ပြောပါသည်။

"အေးလေ – ဒီလိုဆိုလဲ ငါ တယောက်ထဲ ပြန်တော့မယ်"

"ငါဗိုက်ဆာလိုက်တာကွာ၊ အမေကလဲ ခိုင်းထားလို့၊ ဒုက္ခပါဘဲ"

ထိုစဉ် မုံ့ဖက်ထုပ်သည်ကြီး ရောက်လာ၍ ကျွန်တော်တို့ မုံ့ဖက်ထုပ် ဝယ်စားကြပါသည်။ ကျွန်တော့်တွင် မေမေပေးလိုက်သော မုံ့ဖိုးပြားနှစ်ဆယ် ရှိပါသည်။ တနေ့လုံး ကျွန်တော် ကျောင်းတွင် ဘာမျှ ဝယ်မစားခဲ့ပါ။

"ညီညီ စားလေကွာ၊ရော့"

ညီညီသည် ကျွန်တော်ပေးသော မုံ့ဖက်ထုပ်ကို ယူစားနေပါသည်။သူသည် အမှန်တကယ် ဆာနေပုံရပါသည်။

"ဦးလေး နောက်တခု ပေးပါအုံး"

ကျွန်တော်လည်း စားချင်၍ နောက်တခု ထပ်ယူလိုက်ပါသည်။

"ကျေးဇူးတင်တယ် သူငယ်ချင်းရာ၊ ငါ မေမေခိုင်းထားလို့ သွားတော့မယ်"

ညီညီသည် မုံ့ဖက်ထုပ် စားပြီး ထွက် သွား ပါ တော့သည်။ ကျွန် တော် လည်း ညီညီထွက်သွားသည်ကိုမုံ့ဖက်ထုပ်စားရင်း အတန်ကြာကြည့်နေမိပါသည်။

"ဟာ – ဦးလေး မုံ့ဖက်ထုပ်က တထုပ် ဘယ်လောက်လဲ"

ကျွန်တော်လည်း မုံ့ဖက်ထုပ်ဖိုးပေးရန် ယခုမှပင် သတိရ၍ ပျာပျာသလဲမေးလိုက်ပါသည်။

"တထုပ်ဆယ်ပြားကွ"

ကျွန်တော်သည် အိတ်ထဲသို့ ပိုက်ဆံ နှိုက် ယူ လိုက် ပါ သည်။ အိတ်ထဲတွင် ပိုက် ဆံ မ တွေ့ ပါ။ ကျွန်တော် လွယ်အိတ်ထဲ နှိုက်၍ ကြည့်ပါသည်။ မတွေ့ပါ။

ကျွန်တော် အနည်းငယ် စိုးရိမ်လာမိပါသည်။ မုံ့ဖက်ထုပ်သည်ကြီးသည် ကျွန်တော့်ကို စိုက်ကြည့်နေပါသည်။

"ဘာလဲကွ– ပိုက်ဆံမပါလို့လား"

"ဟုတ်–ဟုတ်ကဲ့ ဦးလေး။ ကျနော် မနက်က အသေအချာ ထဲ့လာပါတယ်။ ပိုက်ဆံပါတယ် ထင်ပြီး ဝယ်စားမိတာပါ"

ကျွန်တော်က ငိုသံပါနှင့် ပြန်ပြောမိပါသည်။ ကျွန်တော် ရှက်လည်းရှက်၊ ငိုလည်း ငိုချင်နေပါတော့သည်။

"အေး–ကိစ္စမရှိပါဘူး။ ဦးလေးမင်းကိုယုံပါတယ်။နောက်ကြုံတော့ ပေးပေါ့ကွာ"

မုံ့ဖက်ထုပ်သည်ကြီးက ထိုသို့ပြောပြီး တလှုပ်လှုပ်နှင့်ထွက်သွားပါတော့သည်။

ကျွန်တော် ယခုမှပင် အနည်းငယ် စိတ် အေး သွား ပါ တော့သည်။ ကျွန်တော်အိမ်သို့

ပြေး၍ ပြန်လာခဲ့ပါသည်။ အိမ်သို့ ရောက်သောအခါ မနက်က မေမေပေးလိုက်သော မုံ့ဖိုး ပြားနှစ်ဆယ်ကို အင်္ကျီ အပေါင်း အိတ် ထဲ တွင် တွေ့ ရ ပါ သည်။ ကျွန်တော် အလွန်ပျော်သွားပါသည်။

နောက်တနေ့ ကျောင်းသူ ကျောင်း သား များ ကျောင်း လွှတ် ၍ ပြန် သွား ကြ ပေ ပြီ။ ကျောင်းဝင်းထဲတွင် ကျောင်း သား အချို့သာ ဘောလုံး ကန် နေကြပါသည်။

ကျွန် တော် သည် သစ် ပင် အောက်တွင် တယောက်တည်း ရပ်နေပါသည်။ ထိုနေ့က ညီညီ ကျောင်းမတက်ပါ။ ကျွန်တော်၏ လက်ထဲတွင် ပိုက်ဆံ ပြားနှစ်ဆယ်ကို ကိုင်ထားပါသည်။

နေပင်အတော်စောင်းသွားပေပြီ။ မေမေတို့ ကျွန်တော့်ကို စိတ် ပူ နေ ကြ မည် လား ဟူ ၍ လည်း တွေးမိပါသည်။ ကျွန်တော် ပြန် လျှင် ကောင်း မည် လား ဟူ၍လည်း စိတ် ကူး မိ ပါ သည်။

ထိုစဉ် "မုံ့ဖက်ထုပ် ပူပူ နွေး နွေး....." ဟု အော်သံ သဲ့သဲ့ကို ကြား ရ ၍ လှမ်း မျှော် ကြည့် လိုက်မိသည်။ မနေ့က မုံ့ဖက် ထုပ်သည် ဦး လေး ကြီး သည် အော် ရင်း တ လှုပ် လှုပ် နှင့် လျှောက်လာပါသည်။

"ဦးလေး"

ကျွန်တော် သူ့ထံ ပြေးသွားပါသည်။

"အော် - မင်းကိုး"

"ရော့ ဦးလေး၊ မနေ့ကမုံ့ ဖက်ထုပ်ဖိုးပြားနှစ်ဆယ်"

"အေး အေး- ကျေးဇူးတင်ပါတယ်ကွာ"

"မနေ့က ကျနော် အိမ်မှာ မေ့ကျန် ခဲ့ တာ ပိုက် ဆံ ပါ လာ တယ်ထင်ပြီး ဝယ်စားမိတာပါ"

ကျွန် တော် က ရှင်း ပြ ပါ သည်။

"အေး ကွာ – ဝမ်း သာ ပါ တယ်။ လွန်ခဲ့တဲ့အပတ်က မင်း လိုဘဲ ကောင် လေး တ ယောက် မုံ့ဖက်ထုပ်ဝယ်စားပြီး ပိုက်ဆံပါ မလာဘူး။ နောက်နေ့လဲ လာ မပေးတော့ဘူးကွ"

"ရော့–မင်းအတွက် မုံ့ဖက် ထုပ်တခု ဦးလေးဆုချမယ်"

"ဟင်အင်း–ကျနော်မဆာပါဘူး"

"ယူ ပါ ကွ၊ လမ်း လျှောက် ရင်း စားသွားပေါ့"

မုံ့ဖက်ထုပ်သည်ဦးလေးကြီး က ကျွန်တော့်ကို အတင်းပေးပါသည်။ ကျွန်တော် ငြင်း ၍ မ ရ တော့ပါ။ ထိုနောက် ကျွန်တော့် ကို နှုတ် ဆက် ၍ ထွက် သွား ပါ သည်။

ကျွန် တော် လည်း ထို အ ကြောင်း ကို သူ ငယ် ချင်း များ အား ပြော ပြ ရန် အိမ် ဖက် သို့ ပြေး၍လာခဲ့ပါတော့သည်။

## နွေဦးအောင်ပွဲ

ရွှက်ဟောင်းကြွေကာ
ရာသီပြောင်းလို့၊
ခါမှီတပေါင်း ရောက်ပေါ့ကွယ်။
ရာသီကိုကွယ် ချိန်ခါလှသမို့၊
မိန်မောသလို့ ခေါ်ကြတယ်။
ပန်းဆိုယင်ကွယ် တကယ်ကြည်
လန်းတဲ့၊
သရဖီပန်းတို့ ပွင့်ကြတယ်။
စေတီမြတ်ကွယ် သဲပုံစုနဲ့၊
အမြဲဂုဏ်ပြုလို့ ပူဇော်တယ်။
ဥသြငှက်ငယ် လေချိုအေးနဲ့၊
နွေကြိုတေးကို ဆိုကြတယ်။
စာကျက်စိုက်ကွယ် မြော်မြင်တွေးလို့၊
ပျော်ရွှင်ရေးတော့ ဘေးကိုဖယ်။
သိဘွယ်မှတ်ဘွယ်
တကယ်ရေးတော့၊
အလွယ်ကလေးနဲ့ အောင်ရမယ်။
အောင်ရမယ် အောင်ရမယ်။

ဖိုးလမင်း



R. 517



# ဆီမီးတောက်ပွင့်

အပွင့် အရောင်အသွေး ပုံပန်းသဏ္ဍာန်မှာ မီးတောက် မီးလျှံနှင့်လည်း ဆင်ဆင်တူသည်။ နုစဉ်အခါ အပွင့်သည် အရင်းနားတွင် စိမ်းနုရောင်ပါသော အဝါ၊ တဖြည်းဖြည်း ရင့်လာလျှင် တပိုင်းက အဝါ၊ တပိုင်းကလိမ်မော်။ ထို့နောက် လိမ်မော်နှင့် ကြက်သွေး၊ နောက်ဆုံးတွင် တပွင့်လုံး ကြက်သွေးရောင် ဖြစ်သွားလေသည်။ အရောင်အသွေးသာမက ပုံပန်းသဏ္ဍာန်ကလည်း ထူးခြားသည်။ ပွင့်ချပ်ခြောက်ခု ပါရှိရာ ရှည်မျော့မျော့ ပွင့်ချပ်တို့၏ အလယ်ကြောသည် ထင်ရှား၍ အနားသားတို့သည် ဇာတွန့် တွန့်နေကြသည်။ ဝတ်ဆံဖို၊ ဝတ်ဆံမ နှစ်မျိုးစလုံး ပါရှိရာ အဝါရောင် ဝတ်ဆံဖိုခြောက်ခုသည် လက်ရိုက်ကလေးများနှင့်တူ၍ ပွင့်ချပ်များ၏ အောက်ခြေအရင်းမှ တေးပတ်လည်သို့ ဖြန့်ကားထွက်သည်။ ဝတ်ဆံမကမူ အစိမ်းရောင် အစေ့အိမ်မှ တေးသို့ထိုးထွက်သည်။ တပွင့်ချင်း ဖူးပွင့်၍ ပွင့်ချိန်မှာ မိုးရာသီဖြစ်သည်။



ဆီမီးတောက်ပင်သည် အရိုးပွသော နွယ်ပင်မျိုးဖြစ်သည်။ နွေအခါ အပင်ကျသွား၍ သေသလို ဖြစ်သွားသော်လည်း မိုးကျလာလျှင် ပြန်လည်ရှင်သန် လာသည်။ အစိမ်းနုရောင် အရွက်တို့သည်အဖျား ချွန်သည်။ ရွက်ထိပ်နှာမောင်းနွယ်များ ပါရှိတတ်၍ ယင်းတို့ဖြင့် အခြားသစ်ပင် ချုံပင်များကို ချိတ်တွယ်ထားတတ်လေသည်။

ဥ ရှိသော အပင်မျိုး ဖြစ်သော ဆီမီး တောက်သည် အဖိုပင် အမပင် ဟူ၍ ရှိရာ အဖိုပင်၏ ဥသည် ရှည်သည်။ အမပင်၏ ဥသည် လုံးသည်။ နှစ်မျိုးစလုံး ဆေးဖက်ဝင်ဥမျိုး ဖြစ်သည်။ သို့သော် မျောက်ဥနှင့်တူသဖြင့် များများစားမိလျှင်မူ အဆိပ် ဖြစ်တတ်သည်ဟု ဆိုကြလေသည်။

တာပွဲတာပွဲ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၀ ကုန်သည်လမ်း၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၀၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄။ အမှတ်–၁၀။

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တပေါင်းလဆုတ် ၅ ရက် (၄-၃-၇၂)

## လက်မှုပညာ


ပန်းချီ- ဦးဘကြည်

ဇာတ်လမ်း-မောင်ဆောင်းဦး (နတ္တလင်း)




စနေနေ့တိုင်းထုတ်ဝေသည်။


ချစ်လိုက်တာနော်.... ငုံ့သာထားလိုက် ချင်တော့တယ်
တခါက တိုင်းပြည်တပြည်က ဘုရင်ကြီး တပါးမှာ သားတော်တပါးတည်းရှိသတဲ့။
အရွယ်ရောက်တော့ မင်းတို့တတ်အပ်တဲ့ ပညာသင်ရန် တက္ကသိုလ်ကို လွှတ်လိုက်သတဲ့။
အလို..... မြင်ရုံနဲ့ ရင်ထဲခုန်ပြီး မေတ္တာစိတ် လှိုင်းတွေ လှုပ်ရှား လှချေလား.... နှမျိုးသာ-ရွာလယ် ဆိုတာများ လား...... ......ဟင်း
ပညာစုံလို့ ပြန်လာတော့ ရွာတရွာက လက်သမားဆရာကြီးရဲ့ သမီးကို မြင်မြင် ချင်း—
မှန်လှပါဘုရား......လက်သမားဆရာကြီးရဲ့သမီးကို အလွန်တရာမှ ချစ်မေတ္တာရှိနေပါသည်ဖြစ်၍ ကြင်ရာတော် မြှောက်ခွင့်ပြုတော်မူပါဘုရား.....
သားတော်-လက်သမားဆရာရဲ့ သမီးဆိုတာ-ခမည်းတော်တို့ထက် လွန်စွာ နိမ့်ကျလှတယ်...... နန်းတွင်း မင်းသမီးများထဲက နှစ်သက်ရာကိုသာ ကြင်ဖက် မြှောက်ပါတော့လား သားတော်.....
တိုင်းပြည်သို့ ပြန်ရောက်ပြီး များမကြာမီဘဲ ခမည်းတော်ဘုရားထံ လျှောက်တင်သတဲ့။
ခမည်းတော်ဘုရား-မင်းသမီးတွေကို-မနှစ်သက်ပါ လက်သမားသမီးကိုသာ ချစ်မေတ္တာကြီးလှကြောင်း ပါဘုရား၊ သူ့ကိုသာ မရယင် သားတော် စိတ် အဆင်းရဲကြီး ဆင်းရဲရပါတော့မည်။ သားတော်၏ ဆန္ဒကို လိုက် တော်မူပါရန် အသနားခံ ပါရစေ.... ခ-မည်း--တော်..
အိမ်း.... ကောင်းကပြီ- ဒီလိုဆို -သားတော် ဆန္ဒ ပြည့်စေရမည်၊ ထိုလုံမကို ထိမ်းမြှားရန် ကိစ္စအတွက် မင်းချင်းတယောက်ကို စုံစမ်း စေမည်၊ သားတော် စိတ်အေးချမ်းသာစွာ နေလော့....
ဒုက္ခပါဘဲ--- ပရိယာယ်သုံး အုံးမှပါဘဲ


...လုံမငယ်... မြည်းရှင်ဘုရင်မင်းဖြတ်၏သားတော်
ဟာ-စုံမက်တော်မူ၍ လက်ဆက်တော်မူလို
သည့် ဆန္ဒရှိသည်၊ လုံမငယ်စိတ်ထားကို
မှန်းဟန်၍ လျှောက်ထားလော့
သားတော်ဟာ
ဘာလက်မှုပညာများ
တတ်ပါသလဲ-ဘဘုရား
အို-လက်မှုပညာ တတ်စရာမလိုပါဘူး၊တနေ့ကျ
ရှင်ဘုရင်ဖြစ်မယ့်မင်းသား ကဘဲ.....
လက်မှုပညာ မတတ်ပါမင်တော့
မင်းသားဘဲဖြစ်ဖြစ် ဆန္ဒ မပြုလိုပါ
ဘဘုရား၊ယောက်ျား
ဆိုတာ လက်မှုပညာ
တခုခုတတ်သင့်
တယ်လို့ကြားဘူး
ပါတယ်ဘုရား
သို့ဖြင့် မကြာမီ လက်သမား သမီးလေးထံ
မင်းချင်းတယောက် ရောက်လာပြီး –
လက်မှုပညာ မတတ်ယင် လက်မဆက်လို
ကြောင်း လက်သမားသမီးက ငြင်းလိုက်
သတဲ့။
ဟဲ-သားတော်... လက်သမားဆရာသမီးဟာ
သားတော် လက်မှုပညာ မတတ်လို့ လက်ဆက်
ရန်ငြင်းပယ်သတဲ့၊.....
ဒီလိုဆိုယင် သားတော်အား
နန်းတွင်းပန်းပုဆရာကြီး
ထံမှာ ပညာဆည်းပူး
ခွင့်ပြုတော်မူပါ
ခမည်းတော်
ဘုရား
ထိုသတင်းကို မင်းကြီး ကြားလေသော် –
ခပ်ဆတ်ဆတ်ရိုက် ပါ-ပဲ့သွားနိုင်တယ်
ကိုယ်တော်လေး
သို့ဖြင့်ပန်းပုဆရာကြီးထံ ပညာသင်စဉ် –
မင်းသားလေးဟာ စိတ်ပါလက်ပါ ကြိုးစား
သင်တဲ့အတွက် လက်ယာမြောက်တဲ့ အခါ
မှာ သစ်တုံးတတုံးနှင့် လက်သမားဆရာ
ရှိရာ ရွာသို့သွားပြီး –
မှန်လှပါ-အရှင်မင်းသားရဲ့ ပြောင်မြောက်တဲ့
လက်မှုပညာကို ယျက်စီးထင်ထင်တွေ့
မြင်ရပါပြီ.....
....သို့ဖြစ်၍ အရှင့်သား
ဓိမ့်သလို ခံရန် အသင့်
ရှိကြောင်းပါဘုရား---
လက်သမားသမီးရဲ့ ပုံတူကို ထုလိုက်ရာ–


သို့ဖြင့် မင်းသားလေးအား လက်ထပ်ပေးပြီး နှစ် အနည်းငယ် ကြာသော် ခမည်းတော်က
မင်းသားလေးဟာ သူဆင်းရဲယောင်ဆောင် ပြီး လေလာခဲ့ရာ မြို့လေးတမြို့ -
ဆိုင်ရှင်လူဆိုးများက ပစ္စည်းယူပြီး ဆိုင် အောက်ရှိ မြေအောက်ခန်းထဲမှာ ဖမ်းထား သတဲ့။
တနေ့တော့ မင်းသားကလေးက လူဆိုးဗိုလ် ကြီးကို —

(ဆက်ရန်)

ယခင်အပတ်မှအဆက်

# လူမိုက်ကြီး လေးယောက် (၂)

ရေးသူ - သိန်းဦး (ဆမ)
သရုပ်ဖော် - ကဆု

လူမိုက်နှစ်ဦးသည် မင်္ဂလာဆောင်အိမ်ရှေ့သို့ ရောက်သောအခါ ဝမ်းနည်း ပန်းနည်းဖြင့် --



မင်္ဂလာဆောင် အိမ်တွင် ဝင်၍ ငိုလေ၏။

သတိုးသားသတိုးသမီး ရှင်များသည် အလွန် စိတ်ဆိုးပြီး ဝိုင်းရိုက်ကြ၏။













လူမိုက် နှစ်ဦးသည် မင်္ဂလာဆောင်အိမ်မှ ဟန်မကျ၍ ခရီးဆက်ခဲ့ပြန်၏။


လင်မယားနှစ်ယောက် ရန်ဖြစ်နေသည်ကို တွေ့ရသောအခါ ဝမ်းသာအားရဖြင့် —
ဟိတ်
ရန်ဖြစ်နေသော လင်မယားကို ဝိုင်းကြီးပတ်ပတ်လှည့်၍ ကခုန်ကြလေ၏။
ရန်ဖြစ်နေသော လင်မယားလည်း အလွန်စိတ်ဆိုးပြီး သူတို့နှစ်ဦးကို ဝိုင်းရိုက်ကြပြန်၏။
အမယ်လေးကြောက်ပါပြီခင်ဗျာ နောက်မလုပ်တော့ပါဘူးခင်ဗျာ
ဒီလင်မယားရန်ဖြစ်တာ ဘာဖြစ်လို့ကရတာလဲ
ကျနော်တို့ ထမင်းစားရ အောင်လို့ပါ
ထမင်းစားချင်ရင် ရန်ဖြစ်နေတာ ဝင်ဖြီး ခဲ့ရတယ်ကွ
ဟုတ်ကဲ့ခင်ဗျာ၊ နောက်တခါ ဝင်ဖြီးခဲ့ပါ့မယ်ခင်ဗျာ
လူမိုက် နှစ်ယောက်သည် ထိုနေရာတွင်လည်း မစားသာ၍ ခရီးဆက်ခဲ့ကြပြန်ရာ—



ကျွဲနှစ်ကောင်ခတ်နေသည်ကို တွေ့ရသော အခါ၌....
ဟာ ဒီတခါတော့ နေ့ကျပြီကွ
အေးဟုတ်တယ်ကွ လင်မယားရန်ဖြစ်နေတာ သွားခွဲကြမယ်
ကျွဲလင်မယား ရန်ဖြစ်နေသည်ဟု ထင်မှတ်ကာ ခွဲရန် အကြံဖြင့် –
လူမိုက် နှစ်ယောက်သည် ဝမ်းသာအားရ ပြေး သွားကြပြီး ---
လင်နဲ့မယားဆိုတာ လျှာနဲ့သွားပါခင်ဗျာ
ဒေါသဂျောထားယင် မှားကြမှာပေါ့
တယောက်ကိုတယောက် သည်းခံကြပါခင်ဗျာ
မဆင်မခြင်ဘဲနှင့် ဝင်ပြီးခွဲတော့ရာ –
အဆင်ခြင်ဉာဏ် နည်းပါးလှသော လူမိုက်နှစ်ယောက်မှာ ကျွဲခတ်၍ သေဆုံးရလေသတည်း။
ပြီး






ရှေးကျောက်ခေတ်မှ စတင်၍ လူတို့သည် ဓား များကို တီထွင်အသုံးပြုခဲ့ကြလေသည်။ ထိုခေတ် ဓား များသည် မီးခတ်ကျောက်မှ ပြုလုပ်ထားသော ဓား ရွက်များသာ ဖြစ်ကြသည်။




သေနတ် မပေါ်သေးမီက လူတို့သည် ရန်သူကို တိုက်ခိုက်ရာ၌ ဓားလွယ်စသော ဓားလက်နက်တို့ကို သုံးကြသည်။

ဓားလက်နက်မျိုးကို ဓားအရင်းမှ ဆုပ်ကိုင်၍ တိုက် ခိုက် အသုံးပြုရခြင်းကြောင့်၊ ဓားရင်းတွင်ရှိသော ဓား ရိုးကို မြဲမြဲစွာနှင့် ကြာရှည်စွာ ဆုပ်ကိုင်နိုင်လေအောင် စီမံထားကြသည်။

၁၇ ရာစု နှစ်များတွင် ဥရောပ တိုက်၌ အသုံးများသော ဓားလွယ်မျိုးကား အသွားနှစ်ဖက်ရှိ သော ဓားမျိုး ဖြစ်၏။

အာရှတိုက်တွင် ဖြောင့်တန်းသော ဓားမျိုးကို မသုံးကြပဲ ဓားကော့၊ ဓားကောက် စသည်ဖြင့် ငှက်တောင်နှင့် သဏ္ဍာန် တူသော ဓားမျိုးကို သုံးစွဲကြသည်။

မြန်မာတို့တွင် ငှက်ကြီးတောင်ဟု ခေါ်သော ဓားလွယ် ပုံသဏ္ဍာန်မှာ ထင်ရှား ကျော်ကြားခဲ့သည်။



# စန်းဖေအောင်

(ကာတွန်း)




ဓားရေး လှံရေး အတတ်သည် ယောကျ်ားကောင်းတို့ တတ်မြောက်အပ်သော ပညာတရပ် ဖြစ်လေသည်။ သူရသတ္တိကိုလေးစားသော သူရဲကောင်းခေတ်က ဓားရှည်ကိုင် ဆောင်ခြင်းသည် များစွာအရေးပါ အရာရောက်သည်။




ဓားပုံသဏ္ဍာန်အမျိုးမျိုးတွင် အရှေ့တိုင်း ဓားပုံသဏ္ဍာန်များမှာ ထူးခြားသည်။

ဓားသွားများ ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲသည့်နည်း တူ ဓားရိုးများ ပြုလုပ်ပုံလည်း ပြောင်းလဲလာသည်။ နောင်အခါတွင် ဓားရိုးများကို လှပစေရန် အမျိုးမျိုးခြယ်လှယ်လာကြသည်။




မူလက ဓားပုံသဏ္ဍာန်မှာ သစ်ဝါး၊ အသားများ ခုတ်ဖြတ်ရန် ဖြစ်၍ တုံးပိုင်းသော သဏ္ဍာန် ဖြစ်သည်။ စစ်တိုက်ရာ၌ အသုံးပြုရန် အလို့ငှာ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာအောင် ပြုပြင်လာကြရာ နှောင်းခေတ်များတွင် ပါးလွှာချွန်မြသော ဓားလွယ်များ ပေါ်ပေါက် လာလေသည်။




မြန်မာဓားများကို ပုံသဏ္ဍာန်လိုက်၍ အမျိုးအစား ခွဲခြားခေါ်ဝေါ်ကြသည်။ ငှက်ကြီးတောင်ဓား၊ လေးကင်းဓား၊ စလွယ်ဖူးဓား စသည်တို့ ဖြစ်သည်။

ယခုအခါ ကမ္ဘာအရပ်ရပ်တွင် လုပ်ငန်းဆောင်တာကို လိုက်၍ ဓားအမျိုးမျိုးကို အသုံးပြုလျက် ရှိပေသည်။


မြင့်မောင်လွင် ၏
မောင်စူးစမ်း
တခါက ကျေးရွာ တရွာတွင် ဆင်းရဲ နွမ်းပါး၍ ဟင်းသီး ဟင်းရွက် များကို ရှာဖွေရောင်းချကာ မိခင် မုဆိုးမကြီးကို လုပ်ကျွေးနေရှာသော မောင်စူးစမ်း ဆိုသူ ရှိ၏။ တနေ့တွင် ရွာ၏မြောက်ဖက် တောထဲသို့ ထင်းခွေသွားစဉ် —
ဟာ! ဟိုတောင်ပေါ်မှာ တလက်လက် တောက်နေတာ ရတနာတွေဖြစ်မှာဘဲ မေမေ့ကို ပြောပြီးတက်သွားမယ်..
သို့နှင့်
ရတနာတွေ တက်ယူသူမှန်သမျှ သေကြရတယ် သား . မတက်ချင်စမ်းပါနဲ့ကွယ်..
မောင်စူးစမ်းသည် စိတ်ဝင်စားလွန်း သဖြင့် နေ့စဉ် လေ့လာစူးစမ်းခဲ့၏။
ဟင်! ကျိုင်း တကောင်ယံ့ ရင်း ပြုတ်ကျသေသွားပြီ
အင်း! ဟို မြောက်ဖက်က ယံ့လာတဲ့ ကျိုင်းက-ဘာမှ မဖြစ်ပါလား ...


ထိုသတင်းမှာ တဖြည်းဖြည်းပြန့်နှံ့သွားပြီး ဘုရင့် ရွှေနားတော်သို့ ပေါက်ကြားသွား၏။
မကြာမီ ရတနာများနှင့်အတူ ဘုရင်ကြီးကို ဆက်သနိုင်လေ၏။



အိမ်း
ထိုအခါ ဘုရင်ကြီးက ဆင်ထိန်းကို ပြန်ဆင်း ခိုင်းပြီး –
ကဲ-မောင်စူးစမ်း သင်ရဲ့ ဂါထာမန္တရားကောင်းကို ဆက်သပေတော့
သို့ဖြင့် မည်သို့စူးစမ်းသိရှိခဲ့ရပုံကို တင်ပြလိုက်၏။
တောင်ပေါ်တွင် ထူးခြားသည့်အဆိပ်ငွေ့များ ထွက်နေသည်ကို တွေ့ရပါတယ်
ဘုရင်ကြီးမှာ မောင်စူးစမ်း၏ စဉ်းစား တတ်ပုံကို သဘောကျ၍ –




# သင်တို့သည် အဘယ်ကြောင့် ကြက်သီးမွေးညှင်းထသနည်း

အလွန်အေးသော အအေးဓာတ်ကို ရုတ်တရက် ခံစားလိုက်ရစဉ်ဖြစ်စေ၊ သို့မဟုတ် ရုတ်တရက် ထိတ်လန့်စိတ်ဖြစ်ပေါ်စဉ်ဖြစ်စေ သင်တို့ကြက်သီးမွေးညှင်း ထလာတတ်သည်ကို တွေ့ရပေမည်။ သင့်ကိုယ်ခန္ဓာတွင် ယင်းသို့ ကြက်သီးမွေးညှင်း ထနေသည်ကို အသေအချာ ကြည့်ပါက အမွေးနုကလေးများ ထောင်နေသည်ကို တွေ့ရမည်။ အမွေးတပင်စီ၏ အခြေပတ်လည်တွင် အရေပြား မောက်တက်နေလိမ့်မည်။ အရေပြားအောက်ရှိ သေးငယ်သော အကြောမျှင်ကလေးများ လုံးကျစ်မှုမောက်လာခြင်း ဖြစ်ပေသည်။

ကိုယ်ခန္ဓာအတွင်းသို့ ဝင်လာသော အအေးဓာတ်ကို အရေပြားက ပြန်တွန်းထုတ်ခြင်းကြောင့် ဤသို့ ကြက်သီးထခြင်းဖြစ်သည်ဟု အချို့သိပ္ပံပညာရှင်များက ယူဆကြသည်။ အချို့ကလည်း အရာမရောက်သော ဟန်ပြကာကွယ်မှုတမျိုးဟု ယူဆကြသည်။ ကြောက်လန့်နေသော ကြောင်တကောင်တွင် အမွေးများ ထောင်ထလာပြီး ပို၍ ကြီးလာဟန်၊ ပို၍ ကြောက်မက်ဖွယ် ကောင်းလာဟန် အသွင်ပြောင်းသွားပုံနည်းမျိုးပင် ဖြစ်သည်ဟု ဆိုလေသည်။

ကြယ်ဖြူ



ဝါ၊ နီ၊ ညို၊ ပြာ ဆေးရောင်ခြယ်ပါ။

# စက္ကူဒိုင်း

မောင်လှိုဇော် (ဥဏ္ဏလာ)



အောင်ဘနှင့် ချစ်စိန်တို့ လူစု နှစ်ဖက်ခွဲ၍ ဘောလုံး ကန်နေကြသည်။ တဖက်နှင့်တဖက် ခြေညီနေ၍ ဂိုးသွင်းနိုင်ရန် သဲသဲမဲမဲ ကြိုးစားနေကြရသည်။ သူတို့၏ ကိုယ်၌ ချွေးများ ရွှဲရွှဲစိုနေသည်။ အလွန်လည်း မောနေကြပေပြီ။ သို့သော် သူတို့သည် မောပန်းသည်ကို နည်းနည်းမျှ ဂရုမမူကြ။ ကိုယ့်ဖက်က အနိုင်ရရေးကိုသာ ဦးစိုက်၍ ကစားနေကြလေသည်။

မကြာမီ ချစ်စိန်တို့ ဖက်က တဂိုးစ၍ သွင်းလိုက်လေသည်။ ဆက်၍ ကစား သော်လည်း အောင်ဘတို့ဖက်မှ ချေပဂိုး မသွင်းနိုင် သောကြောင့် ချစ်စိန်တို့က တဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားလေသည်။

ဘောလုံးပွဲ ပြီးသောအခါ သူတို့သည် ကြို တင် စီ စဉ် ထားသည့် အတိုင်း ဒိုင်းဆုပေးပွဲ ပြုလုပ်လေသည်။ ဖိုးပုက ဒိုင်းပေးသူ လုပ်သည်။ ချစ်စိန်က သူ့အသင်း အတွက် ဒိုင်းဆု တက်ယူသည်။ တကယ့်လူကြီးဘောလုံးပွဲများမှ ဒိုင်းယူသည့်ပုံစံအတိုင်း ပြုလုပ်ကြလေသည်။

သို့သော် သူတို့၏ ဒိုင်းကား သစ်သားဖြင့် ပြုလုပ်ထားသည့် တကယ့်ဒိုင်း မဟုတ်ပေ။ ထိုဒိုင်းနှင့် ဆင်တူ ပုံစံ ညှပ်ထားသော စက္ကူဒိုင်းသာ ဖြစ်သည်။ ရယ်ဖွယ် ကောင်းလှ ပါသည်။ သို့သော် သူတို့မရယ်ကြ။ မှင်သေသေဖြင့် ဒိုင်း တက် ယူ သည်။ ကျန်ဘောသမားများက လက်ခုပ်သြဘာ ပေးသည်။ အောင်ဘပွဲရ ဒိုင်းဟူ၍ ကြွေး ကြော်ကြသည်။

ဤ အခြင်းအရာကို အောင်ဘတို့၏ ရန်ဘက်ဖြစ်သည့် တာတေနှင့် ဝတုတ်တို့က မြင်သည်။ သည်တော့ သူတို့အဖို့ နောက်စရာ၊ ရယ်စရာ တကွက် တိုးလာသည် မဟုတ်ပါလော။ တာတေက စနောက်သည်။

"ဟား–ဟား–ဟား၊ ဒိုင်းကြီးကလဲကွာ – စက္ကူစုတ်ကြီးဟေ့"ဟု မကြားတကြားအော်သည်။

ဝတုတ်ကလည်း –

"ဟုတ် တယ် ဟေ့ – ဘယ်မြောင်းထဲက ကောက်လာတာလဲ မသိဘူး။ ပေါလဲ ပေါကြပါ့ကွာ"ဟု ဝင်ပြောသည်။

အောင်ဘက ကြားသွားရာ မခံမရပ်နိုင်ဖြစ်ပြီး –

"ဟေ့–တာတေနဲ့ ဝတုတ်၊ ဒို့ဟာဒို့ကစားနေတာကို မင်းတို့က ဘာဖြစ်လို့ လာနောက်တာလဲကွ"ဟု ပြောလိုက်သည်။

"ဟေ့ – ငပေါတွေ။ ပေါလို့ ပေါတယ် ပြောတာ ဘာဖြစ်သလဲ"ဟု တာတေက ပြန်ပြောသည်။

အောင်ဘမှာ မ ခံ ချင် စိတ်များ ပြည့်ကျပ်လာသည်နှင့် –

"ကဲကွာ–ပြောအုံး"ဟု ဆိုကာ လက်သီးဖြင့် စထိုးပါတော့သည်။

တာတေနှင့် အောင်ဘတို့ လက်သီးပွဲ နွှဲပေပြီ။ အပြန် အလှန် သတ်ပုတ်ကြ၏။ ကျန်လူ

စုက ဝိုင်း၍ ကြည့်နေကြသည်။ ဤသို့ ဖြစ်နေစဉ် လူကြီး တ ယောက် ဝင်လာပြီး–

"ဟေ့–ကလေးတွေ၊ တော် ကြစမ်း"ဟု ဝင်ပြောလေသည်။

တာတေနှင့်ဝတုတ်တို့လည်း ပူးနေရာမှ ကွဲသွားလေသည်။

"မင်းတို့ အချင်းချင်း သင့် သင့်မြတ်မြတ် ကစားကြမှပေါ့ ကွ။ ဘယ်လိုက စဖြစ်တာလဲ"

"ဒီလိုပါခင်ဗျာ၊ ဒီကောင် က ကျွန်တော်တို့ ဘောလုံး က စားပြီး တော့ ဒိုင်း ယူ တာ ကို ကြည့်ပြီး နောက် လို့ ပါ" ဟု အောင်ဘက ရှင်းပြသည်။

"ဟေ–ဟုတ်လား"

လူကြီးသည် တာ တေ ဖက် သို့ လှည့်၍ –

"မင်းက ဘာလို့ နောက်ရ တာလဲ"

တာ တေ က အ နည်း ငယ် တုန်ရီသော အသံဖြင့် –

"ဒိုင်းကတကယ့်ဒိုင်းမဟုတ် ဘဲ စက္ကူဒိုင်းကြီး ဖြစ်နေလို့ပါ" ဟု ဖြေသည်။

"ဟေ – စ က္ကူ ဒိုင်း ဟုတ် လား။ ကဲ ပြစမ်းပါအုံးကွာ – မင်းတို့ စက္ကူဒိုင်းကို ကြည့်ရ အောင်"

အောင်ဘက ချစ်စိန် လက် ထဲမှ စက္ကူဒိုင်းကို ယူပြလိုက် သည်။ လူကြီးက သေချာစွာ ကြည့်ပြီး –

"အင်း – မင်းတို့ ဒီဒိုင်းကို အတော် နှစ်သက်ကြတယ် ထင် တယ်"

"ဟုတ်ပါတယ်"ဟု ချစ်စိန် က ဖြေသည်။

"ကဲ–ဘာကြောင့် နှစ်သက် တာလဲကွာ"

လူကြီးက မေးပြန်သည်။

"ကျွန်တော်တို့ ဒီဒိုင်းရဘို့ အတွက် အောင်ဘတို့နဲ့ အလု အယက် ကြိုးစားကန်ပြီးမှ ရ တာ ဖြစ်လို့ပါခင်ဗျာ"

"အေး–မင်းပြောတာဟုတ် တယ်။ ဒီစက္ကူဒိုင်းဟာ တကယ် တော့ မင်း တို့ ရဲ့ ဇွဲ လုံ့ လ ရဲ့ အထိမ်းအမှတ်ဘဲ။ ဒိုင်းအနေနဲ့ အဖိုးမတန်ပေမဲ့ ဒီဒိုင်း ရဘို့ ကြိုးစားထားတဲ့ မင်းတို့ရဲ့ ဇွဲ လုံ့လ ဝီရိယဟာ အလွန်အဖိုး တန်တယ်ကွ။ ဟုတ်တယ် မဟုတ် လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ထို့နောက်လူကြီးသည် တာ တေနှင့် ဝတုတ်တို့ဖက်လှည့်၍ –

"ဟေ့–ညီလေးတို့၊ မင်းတို့ ဒီစက္ကူဒိုင်းရဲ့ တန်ဖိုးကို သိနား လည်ကြပြီ မ ဟုတ် လား" ဟု မေးလိုက်သည်။

တာတေနှင့် ဝတုတ်တို့က –

"ဟုတ်ကဲ့ သိပါပြီ ခင်ဗျာ။ ကျွန်တော်တို့ သူတို့ကိုမနောက် တော့ပါဘူး။ သင့်မြတ်အောင် ကစား ပါ တော့ မယ်"ဟူ၍ အ သီးသီး ကတိ ပေးလိုက်ကြလေ သတည်း။


# တောင်သူ
# လယ်သမားနေ့

ဖူးနဲ့ဖရုံ သခွားစုံ၊
တို့ယာတောမှာ တောင်လိုပုံ။
ဝါ၊ ပဲ၊ ပြောင်းကို စိုက်လို့ထား၊
တို့ယာတောက တို့လုပ်သား။
ကောက်နှံစပါး ဝါဝင်းရွှေ၊
ထွန်ပျိုးစိုက်ကြ ခင်းလယ်မြေ။
ဖြိုးဖြိုးဝေဝေ ရှုမငြီး၊
စားသုံးမကုန် ရွှေတွေသီး။
ဇွဲနဲ့ရင်းနှီး ဦးကြီးတွေ၊
ဂုဏ်ပြုကြစို့လေ။
တို့တတွေရဲ့ လွတ်လပ်ရေး၊
မျိုးစေ့ချလို့ လမ်းစဉ်ပေး။
သတ္တိသွေးနဲ့ နယ်ချဲ့ရန်၊
လက်နက်စွဲလို့ တွန်းပယ်လှန်။
ဆရာစံကို တို့မမေ့၊
တောင်သူလယ်သမားနေ့။ ။

ဗန္ဓုရဝင်း



R. 517



# အဲမောင်း

အဲမောင်းဟူသည်မှာ ရှေး မြန်မာဘုရင်များ လက်ထက်က စစ်သည်တော်များ အသုံးပြု ကိုင်စွဲကြသော စစ်လက်နက်တမျိုး ဖြစ်သည်။ လေးမြား၊ အဲမောင်း၊ လှံ၊ ဓား၊ ဒိုင်း စသည် ဖြင့် ရှေးခေတ် စစ်လက်နက် ပစ္စည်းများစွာရှိရာ အဲမောင်းသည် အရေးပါ အသုံးဝင်သော စစ်လက်နက် ဖြစ်၏။

အဲမောင်းကို ပုဂံခေတ် အနော်ရထာမင်း လက်ထက်ကတည်းက သုံးစွဲခဲ့သည်။ ကုန်းဘောင်ခေတ်နောက်ဆုံး သီပေါမင်း လက်ထက်အထိ သုံးစွဲဆဲပင် ဖြစ်၏။

အဲမောင်းသည် လှံရှည်တမျိုးပင် ဖြစ်၏။ လူတရပ်ခန့် ရှည်လျား လေသည်။

အဲမောင်းကို မြင်းတပ်သားများ ကိုင်ဆောင်ကြရသည်။ ပြာသိုလအခါတွင် ကျင်းပသော မြင်းခင်းသဘင်တွင် မြင်းတပ်သားများသည် မြင်းရေးပြကာ မြင်းစီး ယှဉ်ပြိုင်ကြရ၏။ ထိုအခါတွင် မြင်းစီးရင်းဖြင့် ကတ္တီပါ ပန်းပွား တပ်ထားသည့် အဲမောင်းများကို စွဲကိုင်ကာအလှကစား ပြကြရလေသည်။



မုံရွာ ဝင်းဇော်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၁၁၂၈၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဇံက ရိုက်နှိပ်သည်။

အတွဲ-၄။ အမှတ်-၁၁။

ရွှေသွေး ဂျာနယ်

# လက်ဖွဲ့ပညာ ၂

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မောင်ဆောင်းဦး(နတ္တလင်း)


၁၃၃၃ ခု၊ တပေါင်းလဆုတ် ၁၂ ရက် (၁၀-၃-၇၂)





ချွေးမတော်အဆောင်သို့ရောက်သော် —
ချွေးမတော် .... ဒီရုပ်လုံးကို သေသေချာချာ ကြည့်လော့။ သားတော်၏လက်ရာ အဖြစ် မဟုတ်သလော
ဟုတ်မှန်ကြောင်းပါဘုရား - မောင်တော် ဘယ် ရောက်နေပြီ ဆိုတာ - သိတော်မူရ ပါပြီလား ဘုရား
အိမ်း ...... တန်တော့ ..... ဧကန္တ - သားတော်
ဒုက္ခတွေ့နေပြီ ထင်တယ်
ရုပ်ထုလာရောင်းတဲ့ လူတွေကလဲ - အတော်ရိုင်းတယ်။ လူဆိုးတွေများ ဖြစ်နေမလား မသိဘူး
ဒီလိုဆို မောင်တော်တော့ ဒုက္ခရောက်နေကြောင်း သိစေလို၍ ဉာဏ်ဆင်ပြီး သတင်းပို့ပုံ
ရကြောင်းပါဘုရား
မောင်တော့်ကို ကယ်တော်မူရန် - အမြန် စီစဉ်တော်မူသင့်ကြောင်းပါဘုရား
..... မောင်မင်း - ဒီလူတွေကို နောက်ယောင်ခံလိုက်ပြီး ထောက်လှမ်းရေး လုပ်ခဲ့စမ်း၊
စနစ်တကျ ပိပိရိရိ ရှိစေ....
မှန်ပါဘုရား
မကြာမီ မင်းလုလင်တယောက်အား —
မောင်မင်းတို့ ပန်းပုလက်ရာက - ပြောင်မြောက်လှပေစွ၊ ဟဲ - ဆုတော်ငွေ အသပြာများ ယူ၍ပြန်ကြလော့....
ဟုတ်ကဲ့ဘုရား
ဟီးဟီး
ဟီး
ဟဲဟဲ
ဘုရင်ကြီးသည် ရုပ်တုလာရောင်းသော လူဆိုးများကို ဣန္ဒြေမပျက် ဆုတော်ငွေများပေး၍ လွှတ်လိုက်၏။


လူဆိုးများကား နောက်ယောင်ခံလိုက်လာ
သော ·မင်းစေလုလင်ကို မရိပ်စားမိချေ။
တဖန် အရပ်ထဲ၌ စနည်းနာလေရာ—
မင်းလုလင်သည် သိခဲ့ရသမျှအကြောင်းစုံကို
မင်းကြီးထံ သံတော်ဦးတင်လေသော်—
ဘုရင်ကြီးသည် ဗိုလ်မှူးတယောက်ကိုခေါ်ပြီး—


သတ္တိရှိယင် အထဲဝင်ခဲ့ဟေ့- ဗိုလ်ဖိုက်ခဲ့တဲ့ကွ
တပည့်တို့... လက်နက်ကိုင်ပြီး အသင့်ဖြင့် ထားကြ-
လေးသည်တော်များ - မြှား.......ချွတ်
လှံတပ်စိပ် - ၁ ဓါးတပ်စိပ် - ၃ - ၅... တမြိုင်နက် - ...
ဟင်- ကိုယ်တော်လေးဘုရား မဟုတ်လား
ဟုတ်ပ- ဗိုလ်မှူး
များမကြာမီ လူဆိုးများကျကုန်ပြီး ဆိုင်တွင်း ဝင်ရှာကြရာ မြေအောက်ခန်း၌ -
ခမည်းတော် ဘုရား
သားတော်-
နန်းတော်သို့သားတော်ပြန်ရောက်သောအခါ -
မောင်တော် ဘုရား -
နှမတော် - ကျေးဇူး ကြီးလှပါပေတယ်။ နှမတော် ၏ လက်မှုပညာ သင် ...
ထို့နောက်-
... အဲဒီလိုနဲ့ အဲ မင်းသားလေး နဲ့ (လက်သမားဆရာ သမီး) မင်းသမီးလေး တို့ဟာ နန်းတက် ပြီး - အသက် ထက်ဆုံး - အုပ် စိုးသွား ကြသတဲ့။
အဖိုးရယ် - လက်မှုပညာပုံပြင် က သိပ် ကောင်းတာဘဲ။
ကျနော်လဲ ယောကျ်ားဖြစ်သ အောင်- အဖိုး ထံက - ပန်းပု ပညာ သင် ပါတော့မယ် .... သင်ပေးနော် ဖိုးဖိုး ..


အချိုးကျကျ
သားတို့ရေ၊ ထ ထ - ဟာ ဒီကောင်တွေ ခုထိ ကွေးနေကြတုန်းပါလား၊ အပြောင်းမှာ အမှားအဆုံးရှိ ခံမယ်၊ ထ - ထ လမ်းလျှောက် လျှောက်ကြရအောင်-
ဟဲ့ - ဘယ်နှယ့် ချမ်းချမ်းစိုးစိုးထဲ လမ်းလျှောက်လျှောက်မယ်လို့ ခလေးတွေ အိပ်ရေးဝအောင် အိပ်ပါစေကွဲ့၊ ငါတော့ချမ်းလို့ ပြန်အိပ်အုံးမလို့-
ဟုတ်သားဘဲ ဖေဖေရယ်၊ ကြီးကြီးမြတောင်မှ ချမ်းလို့ မလှုပ်ချင် မရှားချင်ဖြစ်နေတာ သမီးတို့ ခလေးတွေဆို ပိုဆိုးတော့ မပေါ့!-
ဟုတ်တယ် ဖေဖေ အိပ်အုံးမယ်
ဟာ ဒီကောင်တွေ အေး အေး၊ မင်းတို့ကြီးကြီးမြလို မလှုပ်ချင် မရှားချင်နဲ့ အပျင်းထူနေယင် ကြီးလာယင် အဲလို ခန္ဓာကိုယ်ကြီး ဖြစ်နေလိမ့်မယ် ဟင်း
အေးဟယ်၊ ဒို့သာ ကြီးကြီးမြလို ဝဝ တုတ်တုတ်ကြီး ဖြစ်နေယင်တော့! ဒုက္ခဘဲ.
အင်းနော်
ကြီးကြီးမြဟာ လှုပ်လှုပ်ရှားရှား မနေဘဲ စားလိုက် အိပ်လိုက်နဲ့မို့ သူ့အသားဟာ မကျစ်ဘဲ ခန္ဓာကိုယ်မှာ အဆီတွေများနေပြီး ခုလို ပုံစံကြီး ဖြစ်နေတာကွ။
မင်းတို့ ကိုယ်တိုင်လဲ တွေးကြည့်ကြပေါ့.


ဝတဲ့လူတွေဟာ အမြဲတမ်း လေးတွဲတွဲ ဖြစ်နေတတ်တယ်။ ဖျတ်လတ်မှုမရှိဘူးတွဲ့။
အပင်ပန်းလဲ မခံနိုင်ကြဘူး။
သဘာဝဒဏ်ကိုလဲ ခံနိုင်ရည် မရှိဘူး။ ပူတဲ့ရာသီမှာ နင်းကန်အိုက်ပြီး –
အေးတဲ့ရာသီကျတော့ သူများတွေထက် ပိုပြီး ချမ်းတတ်တယ်ကွဲ့။
ကြွက်သားတွေဟာ သန်မာ တောင့်တင်းမှုမရှိဘဲ ပွတာမို့ ကြမ်းကြမ်းတမ်းတမ်း မကစားနိုင်ဘူး။



ခန္ဓာကိုယ် အချိုးကျပြေပြစ်ပြီး ကျန်းမာတဲ့လူကျတော့ အမြဲ ဖျတ်လတ် ပေါ့ပါးတယ်။
ဖြောင်း
ဖြောင်း
ကိုတိုးက
ဖြောင်း!
သဘာဝရဲ့ ဒဏ်ကိုလဲ ခံနိုင်ရည် ရှိကြတယ်ကွဲ့။
ဟဲ့၊ ဘယ်သွားကြမလို့လဲ၊ ချမ်းချမ်းစီးစီးထဲမှာ၊ အအေးမိနေပါဦးမယ်
မချမ်းပါဘူး မေမေရဲ့ လမ်းလျှောက်လိုက်ယင် နွေးထွက်လာမှာပါ
ကြွက်သားတွေဟာ သန်မာ တောင့်တင်းပြီး အသားအရေ ကျစ်ကျစ်လစ်လစ် ရှိတာမို့ အကြမ်းပတမ်း ခံနိုင်ကြတယ်ကွဲ့။
ကဲကဲ... လာ လမ်းထွက်လျှောက်ကြရအောင်၊ ဒါမှ အရိုးတွေ သန်မာပြီး အသား ကျစ်ကျစ်လစ်လစ် ရှိမှာ၊ ကြွက်သားတွေ တောင့်တင်းပြီး အသက်ရှည်မှာ
နောက်နေ့
နံနက်လင်းသော် —
ထို့နောက်
ဟာ... ဟိုမှာ ဘိုးဘိုးမြ လိုက်လာနေပြီ
ဟဲ့ဟဲ့... နေကြအုံး ငါလဲ အသားကျစ်ပြီး အရိုးမာအောင် လမ်းလျှောက်လိုက်ဦးမလို့ဟေ့... ဟော်ဟဲ ဟော်ဟဲ
ပြီးပြီ။

# ဆင် ▪ သိမ်မွေ့သောခွန်အားရှင်

ရဲမြင့်
လှစိန်

လွန်ခဲ့သော နှစ်သန်းပေါင်း ၆၀ ခန့်က အမြင့် သုံးပေခန့်ရှိသော ဆင်နှင့်တူသည့် သတ္တဝါများ ရှိခဲ့သည်။ ယင်းတို့၏ နှာမောင်းတို့ တခုလည်း ပါရှိသည်။ ယင်းတို့၏ နှာရွက်များမှာ ဝက်နှာရွက်နှင့်တူ၍ အစွယ်တို့ နှစ်ချောင်းနှင့် နှာမောင်းတို့ တခုလည်း ပါရှိသည်။ ယင်းတို့ကား ယနေ့ ဆင်များ၏ ဘိုးဘေးများပင် ဖြစ်သည်။ ယင်းတို့မှ အာဖရိကဆင်နှင့် အာရှဆင်ဟူ၍ နှစ်မျိုးဖြစ်လာပြီး အာဖရိကဆင်တွင် နားရွက်ပို၍ ကြီးသည်။




ဆင်ကို အသိဉာဏ်သာသော လူက ယဉ်ပါးအောင်ပြု၍ အသုံးချခဲ့သည်။ ဘီစီ ၂၀၀၀ ခန့်က ဒင်္ဂါးပြားတခုပေါ်တွင် လေးလံသောအရာများကို ကြိုးဖြင့် ရုန်းဆွဲနေသော ဆင်ပုံကို သရုပ်ဖော်ထားလေသည်။



ဂရိတို့၏သမိုင်းတွင် စစ်ရေးစစ်ရာ၌ထင်ရှားသော အလက်ဇန္ဒာ-သ-ဂရိတ်ဘုရင် (ဘီစီ–၃၅၆–၃၂၃)သည် အိန္ဒိယသို့ ဝင်ရောက်တိုက်ခိုက်စဉ် အိန္ဒိယတို့၏ ဆင်တပ်ကို ရင်ဆိုင်တိုက်ခဲ့ရလေသည်။ အိန္ဒိယနိုင်ငံသားတို့သည် ဆင်ရိုင်းများကို ဖမ်းယူ၍ ယဉ်ပါးအောင်ပြုပြီး စစ်ပွဲများတွင် အသုံးချခဲ့ကြလေသည်။

ဘီစီ ၂၁၈ တွင် ကာသေ့တို့၏ ဗိုလ်ချုပ်ကြီး ဟန်နီဗောသည် ဆွစ်နိုင်ငံ အဲလပ တောင်ကြားကို ဆင်တပ်ကြီးဖြင့် ကျော်ဖြတ်ပြီး ရောမမြို့ကို တိုက်ခိုက်ရန် ချီတက်ခဲ့လေသည်။ ပြင်းထန်သော အအေးဒဏ်နှင့် နှင်းမုန်တိုင်းများကြောင့် ဟန်နီဗော၏ ဆင်တပ်မှာ ပျက်ခဲ့ရသည်။ မအောင်ပွဲရသောအခါ ဟန်နီဗော စီးသော ဆင်တကောင်သာ အသက်ရှင် ကျန်ရစ်ခဲ့လေသည်။






အေဒီ ၄၃ တွင် ရောမစစ်သည်တို့ ဗြိတိန်ကျွန်းကို တိုက်ခိုက် သိမ်းပိုက်ကြလေသည်။ ထိုစဉ်က ရောမစစ်တပ်တွင် ဆင်များပါဝင်ခဲ့သည်ဟု ဆိုသည်။ ရောမတို့သည် ဗြိတိန်ကျွန်းကို နှစ်ပေါင်း ၄၀၀ ခန့် အုပ်စိုးခဲ့လေသည်။

အာရှဆင်များကိုဖမ်းယူ၍ယဉ်ပါးအောင်လေ့ကျင့်ပြီး အမျိုးမျိုးအသုံးချကြသည်။ အလှစီးဆင်များတွင် ကကြိုးတန်ဆာများ ဆင်ယင်ပေးလေ့ရှိသည်။ ဆင်၏လမ်းလျှောက်ဟန်မှာ ညင်သာ၍ ကြည့်ကောင်းသည်။



အာဖရိကဆင်များကို အစွယ်အတွက် ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ ဆင်စွယ်သည် ပန်းပုလုပ်ငန်းတွင် များစွာ အသုံးဝင်၍ အခြား အသုံးအဆောင်ပစ္စည်းများ တွင်လည်း အသုံးပြုခဲ့သည်။ ယခုအခါ ပလပ်စတစ်ကို ဆင်စွယ်အစား အသုံးပြုလာကြသည်။





မြန်မာ၊ အိန္ဒိယနှင့် ယိုးဒယားနိုင်ငံများတွင် ဆင်များကို ဝန်လေးများကို ချီမရွှေ့ပြောင်းရန်အတွက် အသုံးချကြသည်။

ဆပ်က အဖွဲ့များတွင် ဆင်လိမ်မာများ ပါဝင်တတ်သည်။ ဆင်၏သိမ်မွေ့သော လှုပ်ရှားဟန်၊ သခင်၏ အမိန့်ကို နာခံတတ်ပုံများကိုတွေ့နိုင်သည်။

ဆင်သည် လူသားအဖို့ ချစ်ဖွယ်ကောင်းသော မိတ်ဆွေပင်ဖြစ်သည်။







တခါက ဘုရင် တပါးသည် မိမိ ကိုယ်ကို အပါးနပ်ဆုံးဟု အထင်ကြီးလျက် ရှိသည်။

မောင်ဉာဏ်ဝင်းက လိမ်ညာ လိုကြောင်းပြော၏။

နန်းတော်တွင်းသို့ ရောက်လျှင် —



လိမ္မာတဲ့ပန္နည်းတွေ များလို့ သယ်ပိုးရန် အစေခံများ ပေးတော်မူပါ-
အမတ်ကြီး ကျေးကျွန်များကိုခေါ်ယူပေးစေ
တပတ်ခန့် ကြာသော် မောင်ဉာဏ်ဝင်း ပြန်ရောက်လာသည်။
ထိုစဉ် ဘုရင်၏ ကြောင်သည် မောင်ဉာဏ်ဝင်း နားကို လျှာဖြင့် လာလျက်သည်။
အို-ဒုက္ခပါဘဲ ဘုရင်ကြီးရဲ့ ကြောင်ကြီးက ကျွန်တော်မျိုးရဲ့နားနဲ့ ကောင်းဘူးလို့ပြောပါတယ်၊ ဒါကိုမခံကာယန်ပါရစေ-
သွားဖြီး မြန်မြန်ပြန်ခဲ့
မြန်မြန်ပြန်လာဘို့ အရှင်မင်းကြီးရဲ့မြင်းကို ခကာမျှ ပေးပါ
ခကာမျှ ယူသွားပါ ပြန်လာလျှင် လိမ်ရမယ်-နော်
မှန်လှပါ-အရှင်မင်းကြီးရဲ့ မြင်းကိုစီးသွားတဲ့အခါ မြင်းအဖြစ်မှ မြည်း အဖြစ်ပြောင်းလို့ သွားပါတယ်
သုံးရက်ခန့် ကြာသော် မောင်ဉာဏ်ဝင်းသည် မြည်း တကောင်ကို စီးပြီးပြန်လာသည်။
အို-ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး
မင်းကြီးမင်းရဲ့ ကကြိုးတန်ဆာများ အားလုံး ရှိနေပါတယ် ယူတော်မူပါ-
ကဲ-မောင်မင်းငါ့ကို အမြန်ဆုံးသာ လိမ်ညာ ပေတော့-
ကျွန်တော်မျိုး လိမ်ပြီး ပါပြီ
ဟေ-ငါ့ကို မောင်မင်းဘယ် လိုလိမ်ညာခဲ့ တယ်ဆိုတာ ပြောစမ်း


အရှင်မင်းကြီး လူအများကို လိမ်ညာတဲ့ အခါ ပန္နည်းများကို အသုံး ပြုတတ်ပါသလား
မသုံးခဲ့ဘူး
ဒါ.ပထမဆုံး လိမ်ခဲ့တာပါဘဲ
အရှင်မင်းကြီးလို ကြောင်လာမင်းကြီး ကိုလူခကါးပြောဘူး ပါသလား
မပြောခဲ့ဘူး
မင်းကြီးကို မပြောယင် ကျွန်တော်ဆို ကိုလိဘယ်ပြော မလဲ၊ ဒါဟာလဲ လိမ်တာပါဘဲ
မင်းကြီးရဲ့မြင်းဟာ မြည်းအဖြစ်ပြောင်း လွဲခဲ့ဘူးပါသလား ဘုရား
ငါ့မြင်းဟာ ဘယ်တုန်းကမှ မြည်းအဖြစ်မ ပြောင်းလွဲခဲ့ဘူး
ဒါဟာ.တတိယအကြိမ် လိမ်ခြင်းပါဘဲ
အင်း-လောကမှာ ငါ့ထက် လိမ်မာပါးနပ်တဲ့သူတွေ ရှိသေးတာဘဲ
ဒီလိုနဲ့ မင်းကြီးကိုသုံးကြိမ် တိတိ လိမ်ညာ ခဲ့ပါတယ်
မောင်မင်းတော်ပါပေတယ် တောင်းလိုတဲ့ဆု ကိုသာ တောင်း ပေတော့-
ကျွန်တော်မျိုးရွာအနီးမှ လယ်ယာမြေများကို အခွန်အကောက်မဲ့ အဖြစ်ရာသက်ပန် ပေးတော်မူပါ.
အမတ်ကြီးများ မောင်ဉာဏ်ဝင်း တောင်းသော ဆုတော်ကို အမြန်ဆုံးပေး ကြစေ--
ပြီး

နို့၏ မူလအရသာမှာ ချိုသည်။ နို့တွင် သကြားတမျိုးပါ ဝင်ခြင်းကြောင့်ဖြစ်သည်။ ဗက်တီးရီးယားဟုခေါ်သော အပင်မှုန်ကလေးများသည် နို့ထဲတွင်ရှိနေပြီး နို့ထဲမှသကြားကို စားသုံး၍ ရှင်သန်နေကြသည်။ ယင်းဗက်တီးရီးယားအပင်မှုန်ကလေးများကား အလွန်သေးငယ်လှသဖြင့် မိုက်ကရိုစကုပ်ခေါ် အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်မှ မြင်နိုင်သည်။ အခြားအပင်များကဲ့သို့ပင်




## နို့အဘယ်ကြောင့် ချဉ်ရသနည်း

ဗက်တီးရီးယားအပင်မှုန်ကလေးများသည်လည်း အနွေးဓာတ်ရမှ ရှင်သန်ကြသည်။

ထို့ကြောင့် အနွေးဓာတ်ရှိသောနေရာ၌ နို့ကိုအတန်ကြာကြာထားပါက ဗက်တီးရီးယားတို့သည် ပိုမို၍ ကြီးထွား များပြားလာကြသည်။ ထိုအခါ ယင်းတို့သည် နို့ထဲမှ သကြားကိုစားသုံးပစ်ကြပြီး၊ အက်ဆစ်ဓာတ်ဖြစ်အောင်ပြောင်းလဲပစ်လိုက်ကြသည်။ ထိုအခါ နို့၏ အရသာမှာ ချဉ်လာတော့သည်။

သို့ရာတွင် နို့ကို အအေးဓာတ်များများပေးထားပါက လျင်မြန်စွာ ချဉ်အောင် မပြုလုပ်နိုင်ကြပေ။

ကြယ်ဖြူ



## မုန်လာဥ စားပွဲ ကုလားထိုင်

ကလေးတို့ မေမေ ဈေးမှ ဝယ်လာသော မုန်လာဥ၊ ကန်စွန်းဥ စသည်များကို ပုံတွင် ပြထားသည့်အတိုင်း လှီးဖြတ်ပြီး မီးခြစ်ဆံ ချောင်းများဖြင့် မီးအိမ်၊ စားပွဲ၊ ခွေးခြေပု ကလေးများ လုပ်ကစားကြည့်ပါ။

(ဇော်မှူ)

# ဝါဝါရှည်ရှင်

နန်းခမ်းအေး



"သကလ၊ ဝဋ္ဋ၊ ဒုက္ခ၊ နိဿရဏ၊ နိဗ္ဗာနဿ၊ သစ္ဆိကရဏတ္တာယ...."

"အင်း–ဟုတ်ပြီ၊ ထပ်ဆို"

"သက္ကလ၊ ဝဋ္ဋ၊ ဒုက္ခ...."

"လာ ပြန် ပြီလား–ဒီ သက္ကလ။ ဒီလိုမှတ်ဖူးကွ၊ အသံကို ဖော့ပြီး သကလ လို့ဘဲ ဆိုရတယ်။ ကဲ–ပြန်ဆိုစမ်း"

"သကလ၊ ဝဋ္ဋ၊ ဒုက္ခ...."

"အေး–ဟုတ်ပြီ၊ ဟုတ်ပြီ"

ကျော်သူသည် ရှစ်နှစ်သား ရှိနေပြီ။ ကျောင်းပိတ်ရက်တွင် ရှင်ပြုရန် မိဘများက ဘုန်းတော်ကြီးထံ ကြိုတင် အပ်နှံထားသည်။ ပုတီးစိပ်နှင့်သင်္ကန်းတောင်း သင်ရန် ဖြစ်သည်။ ကျော်သူနှင့် သက်တူရွယ်တူဖြစ်သည့် ဝါရင့်သော ကိုရင်သုတ အား ကျော်သူကို သင်ပေးရန် ဘုန်းတော်ကြီးက တာဝန်ပေးထားသည်။

သင်္ကန်း ဝါဝါလေး စည်းထားသော ကိုရင်သုတက ရှေ့မှ တင်ပလ္လင်ခွေ၍ ထိုင်နေသည်။ အလွန် ဣန္ဒြေရှိ၏။ ကိုရင်က ကျော်သူကို ပုဆစ်တုပ်ထိုင်နေစေသည်။ ထို့နောက် သူ့အား ရှိခိုးဦးချစေသည်။ ပြီးမှ လက်အုပ်ချီကာ လိုက်ဆိုရသည်။

ကျော်သူက မကျေနပ်။ သူနှင့် ရွယ်တူအား မရှိခိုးချင်။ စိတ်မှာ ခံပြင်းလှသည်။

"ဒီ ကိုရင် သုတကို မရှိခိုးရအောင် ဘယ်လို လုပ်ရပါ့မလဲ" ဟုလည်း အထပ်ထပ် တွေးနေမိသည်။ ပုတီး စိပ်နှင့် သင်္ကန်းတောင်းကိုလည်း ရအောင်သင်အံနေရသည်။

ကျောင်းဝိုင်းတွင်းရှိသစ်ပင်ကြီးများကို လေတိုက်နေသည်။ တရှဲရှဲမြည်သံကို ကြားနေရ၏။ ပတ် ဝန်း ကျင်က တိတ် ဆိတ်အေးချမ်းလှသည်။ ခရေပင်ကြီးမှ ခရေပန်းနံ့များ မွှေးကြိုင်နေသည်။ ကျော်သူ့ မေမေသည် ပန်းမွှေးမွှေး ကြိုက်တတ်၏။ လူကြုံလျှင် မေမေ့ဘို့ပေးလိုက်ချင်သည်။ ထို့ကြောင့် ပုတီးစိပ်သင်အပြီးတွင် သစ်ပင်ပေါ် တွယ်တက်တော့သည်။

"ဟဲ့–ကျော် သူ၊ ဘာ လို့ သစ်ပင်တက်ရတာလဲ၊ ဆင်းခဲ့။ ကိုရင်ဝတ်မဲ့လူဟာ မျောက်လို မဆော့ရဘူး"

ကိုရင်သုတက ပြန်ဆင်းခဲ့ရန် အောက်မှ အော်ငေါက်ခေါ်နေသည်။

"ဒီကိုရင်က သိပ်လူပါးဝတယ်၊ ငါ့ထက်လဲ မကြီးဘဲနဲ့"

ကျော်သူက မကျေမနပ်ရေရွတ်ရင်း ပြန်ဆင်းလာရသည်။

"ဖုန်းဖုန်းသိရင် မင်းကို ဆူလိမ့်မည်။ နောက် ဒါမျိုးမလုပ်ရဘူး - လာ"

ကိုရင် သုတက ပြောရင်း ကျောင်းပေါ် ဆွဲခေါ် သွားသည်။ ကျော်သူက ရုန်းကန်ရင်း လိုက်ပါ သွားရသည်။

× × ×

"တုတ်–တုတ်–ဗြုန်း"

ဗြောသံ၊ အိုးစည်သံ တည်

ည့်ဖြင့် ရှင်လောင်းလှည့်ရန် စီစဉ်နေကြသည်။ ရှင်လောင်း အဝတ်အစားများ ဆင်ထားသော ကျော်သူသည် အလွန် သဘောကျနေသည်။ တခဏ အကြာတွင်ကားကြီးကားငယ်များဖြင့် မြို့တပတ် ရှင်လောင်း လှည့်ရသည်။ ရွှေထီးဆောင်းရပြီး သူ့ကို လူငယ်များက ချီပိုးကြသည်ကို ကျော်သူ သဘောကျလှသည်။ စိတ်ထဲတွင် အလွန်ပျော်မြူးနေသည်။ မိဘများကလည်း ပြုံးရွှင်နေကာ ပရိသတ်များကလည်း ရယ်ကြ မောကြ စားကြ သောက်ကြနှင့် အားလုံး ကြည်သာ နေကြသည်။

ရှင်လောင်းလှည့်အပြီး ညနေပိုင်းတွင် ကျော်သူအား ဆံချကာ ခေါင်းတုံး တုံးကြသည်။ ထို့နောက် သင်္ကန်းတောင်းခိုင်း၍ စည်းပေးလိုက်တော့သည်။

"ဒီအချိန်ကစပြီး မောင်ကျော်သူ ဟာ ကိုရင်ဘဝကို ရောက်သွားပြီ။ လူနာမည် ကျော်သူ ပျောက်ပြီး ကိုရင်ကေသရ ဖြစ်သွားပြီ။ မှတ်ထားနော် ကိုရင်ကေသရ။ ဣန္ဒြေနဲ့ နေရမယ်၊ မဆော့ရဘူး"

ဘုန်းတော်ကြီးက အသံကျယ်ကျယ်ဖြင့်–

"ကဲ–ကဲ– တရားနာကြရအောင်"ဟု ပရိသတ်အား မိန့်ဆိုပြီးနောက် တရားနာ၊ရေစက်ချ၊ အမျှအတန်းပေးဝေကာ အလှူကို ရုပ်သိမ်းလိုက်ကြသည်။ တရားနာနေစဉ် ပရိသတ်အားလုံးက လက်အုပ်ချီ ထားကြ၍ ကိုရင်ကေသရက ဘုန်းတော်ကြီးနှင့်အတူ ရှေ့မှ ဣန္ဒြေနှင့် ထိုင်နေရသည်။

"တုတ်–တုတ်–ဖြုန်း" ဟူသော ဗြောသံနှင့်အတူ ဘုန်းတော်ကြီးများ၏ နောက်မှ ကိုရင်ကေသရသည် သင်္ကန်းဝါဝါ ကတုံးစိမ်းလေးနှင့် သပိတ်ပိုက်ကာ ကျောင်းသင်္ခမ်း ရှိရာသို့ လိုက်ပါသွားရသည်။

"ဟော–ကိုရင်လေး ပါလာပြီ" ဟု အသံတသံကို ကြားလိုက်ရ၍ ဤအသံကို ကြားဘူးသလိုလို ရှိသည်ဟု ထင်နေမိသည်။ ဣန္ဒြေနှင့် နေရ၍ အသံရှင်ကို လိုက်မကြည့်လိုက်ရပေ။

"ကိုရင်လေး–တပည့်တော်တို့ ပြန်တော့မယ်"

လာနှုတ်ဆက်သူ ရွယ်တူယောကျ်ားလေးတဦး၊ အရပ်ဝတ်နှင့် ဦးခေါင်းစိမ်းစိမ်းလေးအား တွေ့လိုက်ရသည်။

"ငါလဲ သူ့ကိုမသိပါလား" ဟု ကြောင်စီစီနှင့်တွေးနေစဉ်–

"ကိုရင်လေး–တပည့်တော် ကိုရင်သုတလူထွက်ပါ။ အခု လူဝတ်လဲပြီး အိမ်ပြန်တော့မလို့" ဟု ပြောကာ လက်အုပ်ချီကန်တော့နေသည်ကို အံ့သြစွာ တွေ့လိုက်ရသည်။

ကျော်သူ မရှိခိုးချင်ပဲနှင့် ရှိခိုးခဲ့ရသော ကိုရင်သုတကို ယခုမှ မှတ်မိသွားပြီး ကိုရင်ကေသရက ပြုံးနေလိုက်မိတော့သည်။

# ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ

လက်ချင်းဆက်လို့ ဝိုင်းပါလေ၊
ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ။

ဘယ်သူတွေ ဘယ်လိုခွဲ၊
တွဲပါ့ လက်မြဲမြဲ။

လက်မြဲ စိတ်မြဲ ရဲပါစေ၊
ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ။

ဘယ်သူတွေ ဘယ်လိုဆွဲ၊
ခွဲမထွက်ဘို့ဘဲ။

မခွဲခြားနဲ့ ဆွေတို့ရေ၊
ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ။


ဒို့ပိုင်မြေ အမွေနှစ်၊
ညီညာနေ ကျွန်မဖြစ်၊
ဒို့ဆွေ ဒို့မျိုး ချစ်။ ။

စောသိန်းပန် (လယ်ယာမြေ)



R. 517


# ပြာသာဒ်



ရှေးမြန်မာဘုရင်များ လက်ထက်က နန်းတော်အတွင်း တွင် ရှိသော စုလစ်မွန်းချွန်များ ပါရှိသည့် မြင့်မားသောအဆောက်အအုံများကို ပြာသာဒ်ဟု ခေါ်သည်။ ပြာသာဒ် ဟူသော စကား၏ အဓိပ္ပါယ်မှာ ''ရှုဖွယ်၊ ကြည်ညိုဖွယ်''ဟူ၍ ဖြစ်သည်။ သို့ဖြစ်ရာ ကြည်ညိုဖွယ်၊ ရှုချင်စဖွယ်၊ တင့်တယ်သော အဆောက်အအုံ ဖြစ်သဖြင့် ပြာသာဒ်ဟုခေါ်ခြင်းဖြစ်၏။

ဘုံငါးဆင့်ရှိသော ပြာသာဒ်၊ ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်၊ ဘုံကိုးဆင့်ရှိသော ပြာသာဒ် ဟူ၍ ပြာသာဒ်အမျိုးမျိုးရှိသည်။ အခုအခါ ဘုရား ကျောင်းကန်များ အတွင်းတွင် ပြာသာဒ်ဆောင်များကို တွေ့မြင်နိုင်ပေသေးသည်။

ယခုခေတ် ဘုန်းကြီးပျံများတွင် ဂျပ်စက္ကူကို ပန်းချီရေးခြယ်ကာ ပြာသာဒ် ပုံသဏ္ဍာန် ယာယီ အဆောက်အအုံများ ဆောက်လုပ်လေ့ရှိကြသည်။ ယင်းပြာသာဒ်ပေါ်တွင် ဘုန်းကြီး အလောင်းထည့်သွင်းသည့် ခေါင်းကို တင်ထားသည်။ လူတို့ ကြည်ညိုဖူးမြော်နိုင်ကြ၏။



ရှေးမြန်မာ ဘုရင်များ၏ နန်းတော်တွင် ''ကြေးပြာသာဒ်တော်'' ဟု ခေါ်သည့် ကြေးဖြင့် ပြုလုပ်ထားသော ပြာသာဒ်တဆောင် ရှိပေသည်။ နန်းတက်စ ဘုရင်များသည် ယင်း ကြေးပြာသာဒ်တော်တွင် ခုနစ်ရက် အိပ်စက်ပြီးမှ အခြား နှစ်သက်ရာ အဆောင်သို့ ပြောင်းရွှေ့ အိပ်စက်ကြရလေသည်။

မုံရွာ ဝင်းဓမ္မ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးဌာန၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၈၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဖန်းက ရိုက်နှိပ်သည်။

အတွဲ–၄။ အမှတ်–၁၂။

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တန်ခူးလဆန်း ၄ ရက် (၁၈-၃-၇၂)

## ဒါ-ဥပဒေကွ

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း- ဖိုးချစ်လှိုင် (မြေလတ်)




ဒါတော့ သိတာပေါ့၊ ငါ့ပိုင်နက်ထဲမှာဘာလို့ မင်း လာရှာ ရတာလဲ
ကျနော် မသိလို့ပါဗျာ
သိတာမသိတာ - ငါ နားမလည်ဘူး — ငါ့ ပိုင်နက် ထဲစီး နေတဲ့ ချောင်းဟာ ငါ့ချောင်းဘဲ၊ ငါ့ချောင်းထဲက ငါးတွေဟာလဲ - ငါ့ငါးတွေဘဲ မှတ်ရမယ် - ဒါဥပဒေကွ- မင်း ရထားတဲ့ ငါးတွေ အားလုံး ထားခဲ့ — ခု - ထွက်သွား - သွား သွား
ဟုတ် - ဟုတ်ကဲ့
...ဟော့ ----နေအုံး..... မင်းဘယ်သူလဲဆိုတာ မပြောခဲ့အုံး
ကျနော့် နာမယ် ရွှေတိုး လို့ခေါ်ပါတယ်
ထိုသူက ငါးများထားခဲ့ပြီး ထွက်သွားစဉ်—
ဟင့်အင် - ခါတိုင်း ဆိုယင် အစာ ကျွေးချိန် နီးယင် အနားလာ ပါတယ်......
ဒီခွေး ဘယ်များ ရောက်နေ ပါလိမ့်
နောက်တလလောက် ကြာသောအခါ ဦးဒွေး အိမ်မှ ခွေးကြီးပျောက်သွားလေသည်။
တိုးလုံ - တိုးလုံ
အှီ-အှီ-အှီ
ဦးဒွေးသည် နေရာအနှံ့ ရှာသော်လည်း ရက်သာကုန်သွားပြီး ခွေးကိုမတွေ့သည့်အဆုံး၌—
××× ခွေးက - အဖြူရောင်ပါ၊ မျက်နှာရဲ့ ဘယ်ဘက်မှာ အနက်ကွက် တကွက်ရှိပါတယ် -- ဒီမြို့မှာ ဒီတကောင်ဘဲ ရှိပါတယ်×××××
သက်ဆိုင်ရာ ရဲစခန်းမှာ အကူအညီ တောင်း ရတော့၏။



ဒုက္ခပါဘဲ.... ဒီခွေး ရှာရတာ
အပျက်အပျက်နဲ့ - အရက် နှစ်ဆယ်လောက် တောင် ရှိသွားပြီ....
တခြားမြို့ကို မို့လိုက်ဖြစ်နဲ့ တူတယ်
ရဲသားများပင် လက်လျှော့ရမည်လို ဖြစ်နေပြီး
ဂုံ့ စခန်း က-ပါ --- ခွေးတွေ ပါပြီ-- .......
ဟုတ်ကဲ့ - ဆက်မ ပြောပါနဲ့တော့ ---- ခွေးတွေ့ပြီဆိုပါ- အခု လိုက်ခဲ့မယ်- ဟဲ - ဟဲ
တနေ့တွင် လူတယောက်က ဖုံးဆက်သည်။
ဦးခွေးရဲ့ ခွေးကို တွေ့ပါပြီ
ဟုတ်လား ဝမ်းသာလိုက်တာ .... ကျုပ်ခွေး ကျုပ်ပြန် ယူသွားတော့မယ်
ရဲစခန်းရောက်သော် ဝမ်းမြောက်ဝမ်းသာဖြင့်
ခွေးကို တွေ့ခဲ့ပေမယ့် --- ခွေးကို မရခဲ့သေးဘူး ခင်ဗျာ
ဗျာ — ဘယ့်နှယ် — ခင်ဗျားပြောတာ ကျုပ်နားမလည်နိုင်ပါဘူး
ဒီလိုပါ.... ဒီနေ့မနက် အိမ်တအိမ်ရဲ့ ရှေ့မှာ ဦးခွေး ပြောခဲ့တဲ့ပုံစံ အတိုင်း ခွေးတကောင်ကို ရဲသားတွေက တွေ့ပါတယ်..... ဦးခွေးရဲ့ခွေးဘဲ ဖြစ်မယ်ဆိုပြီး အဲဒီအိမ်ကလူကို မေးတော့ ..... သူက... ဘာဖြစ်လို့လဲလို့ ပြန်မေးသတဲ့
ခွေးပျောက် တိုင်ထားတာရှိလို့ပါ- ဒီခွေး - ဘယ်က ရသလဲ-- ------ -----
ဒီလို ကျနေ့ရဲသားက ပြန်ဖြေတော့—



....တလကျော်လောက်က - ဒီခွေးဟာ သူ့ဖါသာ
သူ - ကျနော့် အိမ်ထဲ ဝင်လာတာနဲ့ - ကျနော်
အစါရေစါ ကျွေးပြီး ထားလိုက်တာဘဲ...
ဒါပေမယ့် - ဒီခွေးဟာ ဟိုဘက်
လမ်းက - အိမ်ကြီး မှာနေတဲ့ ဦးခွေး၏
ခွေးဗျ ။ ခင်ဗျား မသိဘူးလား ....
သိပါတယ်လို့ ပြောသတဲ့
ဒါနဲ့ ခင်ဗျား ရဲ့သားက ခွေးကို ဘာဖြစ်လို့
တခါထဲ ယူမလာတာလဲ ....
နေပါအုံးလေ... ဒီလူကပြောတာက ။။
သူ့အိမ်တုန်းက သူ့ခွေးဟုတ်ပေမယ့်
ကျနော့်အိမ် ရောက်နေတဲ့အတွက် - သူ့ခွေး
မဟုတ်တော့ဘူး ၊ ကျနော့်ခွေး ဖြစ်သွားပြီ
လို့ - ဦးခွေးကို
ပြောပြပေးပါ ။
ဒီအကြောင်းကို
သူကောင်းကောင်း
သိပါတယ် ။
ပြောပေးပါ
နော် ...
ဘယ်နှဲ့လဲ-ဦးခွေး-
သူပြောတာ
သိသလား
သူပြောတာ
နားလယ်
ပါ
သလား
အင်း ........... သိတယ် ၊ နားလယ်
တယ် ဆိုပါတော့ -----
သူ့နာမယ်က
ခွေးတိုး
မဟုတ်ပါလား
ဟုတ်
ပါ
တယ်
အင်း ........
ငါ့ဥပဒေ - ငါ့ပတ်နေ
မှကိုး ...



ရေသည်ကလေး
ဇာတ်လမ်း ． မောင်ကြည်သစ်
သရုပ်ဖော် ． အောင်ခင်
ရထားမထွက်မီ မုန့်များ အဝအပြဲစားထားသော နိုင်နိုင်သည် ရေဆာသဖြင့်–
ဦးလေးကျော်–နိုင်နိုင် ရေသောက်ချင်တယ်
အေး–အေး
နိုင်နိုင်နှင့် ဦးလေးကျော်တို့သည် ပခုက္ကူရှိ ဆွေမျိုးများထံ အလည်အပတ်သွားပြီးနောက် ရန်ကုန်သို့ ပြန်ရန် ရထားပေါ် ရောက်နေကြသည်။
ဦးလေးကျော်က ရေသည်အား လှမ်းခေါ်လိုက်သည်။
ရေသည် လာအုံး
ရေရောင်းသော ကလေးတယောက်သည် ရေအိုးကို ခေါင်းပေါ်ရွက်ကာ နိုင်နိုင်တို့ရှိရာ ရထားပြတင်းပေါက်သို့ ရောက်လာသည်။
ဦးကြီး–ဘယ်နှစ်ခွက်လဲ
တခွက်ပေးပါကွယ်
နိုင်နိုင်သည် ရေကို တကျိုက်ကျိုက်ဖြင့် မော့သောက်လိုက်သည်။
ဦးလေးကျော်သည် ရေခွက်ကို ရေသည်ကလေးထံလှမ်းပေး လိုက်ပြီး–
ဝပြီလားကွ
ဟုတ်ကဲ့
ဘယ်လောက်ကျသလဲကွဲ့
ငါးပြားပါ


ရေသည်ကလေးသည် ဦးလေးကျော် ပေးလိုက်သော ပိုက်ဆံကို လှမ်းယူလိုက်သည်။
ဟင်-ငါးမူးစေ့ကြီး ပါလား
အကြွေ မပြည့်ပြင် သွားလဲလေ
ရေသည်ကလေးသည် ဘူတာအပြင်သို့ ခပ်သုတ်သုတ်ထွက်သွားသည်။
တအောင့်ခန့်ကြာသော်—
ဒီကောင် -ငါးမူးစေ့ပေးလိုက်တာနဲ့ ပြန်မလာတော့ဘူး ထင်တယ်၊ ဦးလေးကျော် ပိုက်ဆံတော့ ဆုံးပြီ
နိုင်နိုင်သည် ရေသည်လေးကို မကျေမနပ် ဖြစ်နေ၏။
ကျွန်တော်ဆင်းပြီး လိုက်ရှာလိုက်မယ်လေ
ဒီက -ဘယ်ဖြစ်မလဲ ရထားထွက်တော့မယ်
ဂျု ဂျု
ဟော-ရထားတောင် ထွက်ခဲ့လို့ ခုတ်ဆွဲနေပြီ ဦးလေးကျော်တော့ - လေးဆယ့်ငါးပြားဆုံးပြီ
ရထားသည် အရှိန်ယူ၍ ဘီးလိမ့်စပြုလာစဉ် –
ဖောက်-တော်တော် လူပါးဝတဲ့ကောင်
ဦးကြီး ဦးကြီး
ဟင်


ရှေ့-ရှေ့ ဦးကြီး-ပိုက်ဆံ
ဟာ ရေသည်လေး ပါလား
ရေသည်ကလေးသည် အရှိန်ရစ ပြုနေသော ရထားနှင့် အပြိုင်ပြေးလိုက်ရင်း ပိုက်ဆံကို လှမ်းပေးသည်။
ဦးလေး-မယူတော့ ဘူး-ခင်ဗျားဘဲ ယူထား လိုက်တော့ဗျေ
နိုင်နိုင်သည် ဦးလေးကျော်အား မကျေမနပ် နှင့် လှမ်းကြည့်လိုက်ပြီး –
ဦးလေးကျော်က ပြုံးလျက်–
ဦးလေးကျော်က-ဘာဖြစ်လို့ ဟိုကောင့်ကို ပိုက်ဆံတွေ ပေးလိုက်ရတာလဲ ဟိုကောင် အချောင် ရသွားတာပေါ့
ဘယ်က အချောင်ရမှာလဲ နိုင်နိုင်ရဲ့
ဟုတ်တာပေါ့-နိုင်နိုင်တို့ မုန့်ဘိုး တောင်းယင်တောင် ဒီလောက်-လွယ်လွယ် မှ မရဘူးဘဲ
အော်-ဒါကြောင့်လား -ဒီမှာ နိုင်နိုင်-ခုန ရထားထွက်နေပြီ ဘဲ -ရေသည်လေးက ဦးလေးကျော် ကိုပိုက်ဆံ မပေးယင် ဘယ်လို လုပ်မလဲ
ဘယ်လို မှ လုပ်လို့ရမှာ - မဟုတ်ဘူး
အေး-ဒါပေမဲ့ ရေသည်လေးက ကြိုးစားပြီး-မရ-ရအောင်လိုက် ပေးတယ် မဟုတ်လား-ဒါတာဝန် သိတဲ့ စိတ်-သစ္စာရှိတဲ့ စိတ်- ကောင်းမြတ်တဲ့ စိတ်ထားကွဲ့. ဒါကြောင့် ဦးလေးက ဆုချလိုက် တာဘဲ
ဖြိုး



# ရေနံ



ရေနံသည် ကျွန်ုပ်တို့၏ အရေးပါဆုံး လောင်စာဆီ ဖြစ်သည်။ မြေအောက်မှ တူးဖော်ရရှိသော ရေနံစိမ်းကို နည်းအမျိုးမျိုးဖြင့် ချက်ထုတ်လိုက်ပါက ဓာတ်ဆီ၊ ဒီဆယ်ဆီ၊ ဂျက်အင်ဂျင်ဆီ၊ စက်ဆီ၊ ဖယောင်းစသည်များ ရရှိလာသည်။

ရှေးနှစ် သန်းပေါင်းများစွာက ပင်လယ်ရေပြင် အောက်ခြေရှိ တိရစ္ဆာန်များ၊ အပင်များမှ ကြွင်းကျန်ရစ်သော ဟိုက်ဒရိုကာဗွန်ဓာတ်ပစ္စည်း များကြောင့် ရေနံ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ တိရစ္ဆာန်သေများနှင့် အပင်သေများသည် သဲနုံတို့၏ အထပ်ထပ်ဖုံးလွှမ်းမှုကို ခံရကာ ကျောက်လွှာများ အဖြစ်သို့ ကူးပြောင်းသွားသည်။ အပူ၊ ဖိနှိပ်အားနှင့် ဆွေးမြည့်မှုများကြောင့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များဖြစ်ပေါ်လာသည်။ ယင်းတို့သည် ကျောက်လွှာများ၏အောက်တွင် လှောင်ပိတ် မိနေကြသည်။





ရေနံကို ရှေးခေတ် အီဂျစ်လူမျိုးများက စတင်တွေ့ရှိပြီး အသုံးပြုခဲ့ကြသည်ဟု ယူဆရသည်။ မြေလွှာထဲမှ သဘာဝအလျောက် ထွက်လာသော ရေနံစိမ်းများကို လှည်းဆီအဖြစ် အသုံးပြုခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်က တရုပ်လူမျိုးတို့သည် လက်လှည့်ကြိုးမောင်းများဖြင့် ရေနံကို ခပ်ယူခဲ့ကြသည်။

မြေလွှာအောက်တွင် ရေနံ ရှိ မရှိ ရှာဖွေရသည်မှာ မလွယ်ကူပေ။ ဘူမိဗေဒ ပညာရှင်များသည် ရေနံကို တိုက်ရိုက်ရှာတွေ့ခြင်းမဟုတ်








၍ ရေနံရှိနိုင်မည့် နေရာများကို ဦးစွာ ရှာတွေ့ခြင်းဖြစ်သည်။ တိုင်းတာရေး ကရိယာများကို အသုံးပြုပြီး ရေနံရှိမည့် နေရာ၏အနက်၊ အကျယ်အဝန်း စသည်တို့ကို တိုင်းရသည်။ ထို့နောက် သံမဏိပိုက်များ၊ အဆင့်ဆင့်ဆက်ထားသော လွန်သွားများဖြင့် တူးရသည်။


ရေနံရှိရာသို့ တူးဖောက်မိပါက ရေနံသည် မြေပြင်ပေါ်သို့ အလိုအလျောက် ထွက်လာတတ်သည်။ ရေနံ၏အောက်တွင်ရှိသော ရေ၏တွန်းကန်မှုကြောင့်၎င်း၊ အပေါ်ဖက်တွင် လှောင်ပိတ်မိနေသော ဓာတ်ငွေ့၏ တွန်းကန်မှုကြောင့်၎င်း ရေနံများ အလိုအလျောက် ပန်းထွက်ခြင်းဖြစ်သည်။


တူးဖော်ရရှိသော ရေနံစိမ်းများကို ပိုက်လိုင်းများ သို့မဟုတ် ယာဉ်များဖြင့် ရေနံချက်ရုံသို့ ပို့ရသည်။ ရေနံစိမ်းကို နည်းအမျိုးမျိုးဖြင့် ချက်ထုတ်လိုက်ပြီး ရရှိလာသော လောင်စာဆီ အမျိုးမျိုးကို လှောင်ကန်တွင် သိုလှောင်ထားသည်။ ထိုမှတဆင့် ယာဉ်များဖြင့် အသုံးပြုရန် သယ်ယူရလေသည်။

ရုရှ၊ အမေရိကန်၊ ဗင်နီဇွဲလားနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများတွင် ရေနံလုပ်ငန်းကို ကြီးကျယ်စွာ လုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံတွင် ရေနံချောင်း၊ ချောက်၊ မြန်အောင်မြို့များတွင် ရေနံတွင်းများရှိပြီး တူးဖော်ရေး လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ ရန်ကုန်တဖက်ကမ်း သံလျင်၌ ရေနံချက်ရုံ ရှိသည်။




နှစ်ဘဝ
ပညာနန္ဒသည် သီလဝတိုင်းပြည်မှ ပန်းချီကျော်ကြီးတယောက် ဖြစ်၏။ တနေ့သော်—
ဇာတ်လမ်း…
သရုပ်ဖော်…
ငါတို့ခေတ်က.သက်ရှိပုဂ္ဂိုလ်ထဲမှာ အဆိုးသွမ်းဆုံး.လူကို ရှာပြီး ပုံတူဆွဲ မှတ်တမ်းတင်ထားရင် ကောင်းမယ်၊
ငါလိုချင်တဲ့ပုဂ္ဂိုလ်မျိုးက. ထောင်ထဲမှာသာရှိမှာမို့ ထောင်မှူးကြီးဆီ စုံစမ်းယင် ရနိုင်မယ်…
ထောင်မှူးကြီးထံမှ အကူအညီ လွယ်လွယ်နှင့်ပင် ရသည်။
ဒီပုဂ္ဂိုလ်ဟာ ဆရာပညာနန္ဒ လိုချင်နေသူဖြစ်မှာဘဲ…၊ အမည်က. ဂေါဓာမာလတဲ့ …
သူဟာ လွန်ခဲ့တဲ့နှစ်က. မိခင်ကို သတ်မှုနဲ့ ဒီကိုရောက်လာတာပါ၊ ကျုပ်တို့ခေတ်ထဲမှာ သူ့လောက် ဆိုးတဲ့လူ မရှိတာ သေချာတယ်…
ပညာနန္ဒသည် ထောင်ပိုင်ကြီး၏ခွင့်ပြုချက်အရ ဂေါဓာမာလ၏ပုံတူကို ရေးဆွဲ မှတ်တမ်း တင်ထားလိုက်လေသည်။
မလှုပ်နဲ့နော်


ပုံတူပြီးသောအခါ ကားချပ် အောက်၌ ကမ္ပည်းထိုးထားလိုက်လေသည်။
ဆယ်နှစ်ခန့်ကြာလတ်သော် ပညာနန္ဒတွင် စိတ်ကူးတမျိုး ပေါ်ပေါက်လာပြန်သည်။
ခုခေတ်မှာအမွန်မြတ်ဆုံးပုဂ္ဂိုလ်ရဲ့ ရုပ်ပုံကို မှတ်တမ်းတင်ထားယင်ကောင်းမယ်၊
အမွန်မြတ်ဆုံး ပုဂ္ဂိုလ်ကိုရှာဖို့ကတော့ သိပ်မလွယ်လှဘူး ... အချိန်ယူစုံစမ်းမှ ....၊
များမကြာမီ သီလဝတိုင်းပြည်အနီးရှိ တောအုပ်ကြီးထဲမှ ပုဂ္ဂိုလ်ထူးတဦး၏ သတင်းကို ကြားသိရသည်။
သူတော်စင်ရသေ့တပါးဆိုဘဲ သွားစုံစမ်းအုံးမှ…
တောအုပ်ကြီးအတွင်းသို့ ရောက်သော် ပညာနန္ဒသည် လွယ်လွယ်ကူကူပင် သူတော်စင်ပုဂ္ဂိုလ်ထူးနှင့် တွေ့ခွင့်ရသည်။
ဒီပုဂ္ဂိုလ်ဟာ ရသေ့ဘဝမရောက်မီ သူ့ကိုတသက်လုံး သေကြောင်းကြံနေတဲ့ရန်သူကိုတောင်ကယ်ခဲ့ဘူးတယ်
ပညာနန္ဒသည် စိတ်ထားမွန်မြတ်သော ရသေ့ကြီး၏ ပုံတူကို တထိုင်တည်းဖြင့် ရေးဆွဲယူလိုက်သည်။


ပြီးသော် ပုံတူ၏အောက်နားတွင် ကမ္ပည်း
ထိုးထားလိုက်လေသည်။
အိမ်သို့ပြန်ရောက်၍ ဧည့်ခန်းရှိ ပထမပုံနှင့် ယှဉ်
တွဲ၍ ချိတ်ဆွဲလိုက်သောအခါ—
မျက်နှာပုံ ပန်းချင်း တူပြန
ပါလား...၊ ထူးဆန်းလိုက်တာ
မကြာမီ တောတွင်းမှ ပုံတူဆွဲခဲ့သော သူတော်စင်
ရသေ့ကြီးထံမှ ပန်းချီကျော်ကြီး ပညာနန္ဒထံသို့ စာ
တစောင် ရောက်ရှိလာသည်။
ဒကာကြီး
ကျုပ်ဟာ အရင် ဆယ်နှစ်လောက်က
ဒကာကြီးပုံတူ ဆွဲခဲ့တဲ့ ဂေါ်ဇာမာလ ဘဲ
ဖြစ်ပါတယ်...
ကျုပ်ဟာ လူကြုံ ဘဝက အရက်မူး
မူးနဲ့ ကိုယ့်မိခင်အရင်းကိုတောင်သတ်မိလို့
သတ်မိမှန်းမသိခဲ့ဘူး၊ ထောင်ထဲရောက်မှ
သံဝေဂ များများ ရခဲ့တယ်၊ ဒကာကြီးပထမ
ပုံတူလာဆွဲတုန်းက ကျုပ်ဖြင့် လူယုတ်မာအ
ဖြစ်မှတ်တမ်းတင်ခံရလို့ ရှက်လိုက်တာမ
ပြောပါနဲ့တော့...၊ အဲဒီရှက်စိတ်ကြောင့်
ထောင်ထဲမှာကောင်းကောင်းနေခဲ့လို့
ထောင်က စောစောလွတ်ခဲ့တယ်...
အဖြင့်ရောက်တော့ ကျုပ်ရဲ့ လူ
ဆိုးဘဝက ရုပ်သွင်ပုံဟာ ကျုပ်ကို သတိ
ပေးလိုက်အချောင်း၊ ချောက်ထဲကျလို့ ကျုပ်
ကယ်ခဲ့ရတယ်၊ ဒါပေမဲ့ သူများအသက်
မရှည်ရှာဘူး၊ ကျုပ်လည်း မိုက်စိတ်ကုန်
သွားလို့ ခုတော့ ဒကာကြီးမြင်တဲ့အတိုင်း
လူ့ဘောင်ကိုစွန့်တွေကိုဖျက်ကွယ်ပြလိုက်
ပါပြီ... ကျမ်းမာရွှင်လန်းပါစေ
သူ‌တော်စင်ရသေ့
စာရပြီးသည့်နောက် ကမ္ပည်းတွေကို
ပြန်ပြင်ထိုးလိုက်သည်မှာ—
အကောင်းဆုံး
အဆိုးကို အချိန်မီ
သတိရတာ ဝမ်း
သာစရာပါ

သင်၏ခြေလက် မျက်နှာစသည်တို့တွင် ကြေး(ဂျီး)များ ကပ်တင်လေ့ရှိပေသည်။ ယင်းသို့ ကြေးများ ကပ်တင်နေခြင်းမှာ သင့်ကိုယ်ခန္ဓာမှ ထွက်သော အဆီတမျိုးကြောင့် ဖြစ်၏။ ကြေးများသည် အဆီနှင့်အတူ သင့်ကိုယ်တွင် ကပ်နေကြသည်။

ထိုကြေးများကို ရေရိုးရိုးဖြင့် ဆေးကြောပါက ကြေးအချို့သာ ထွက်သွားမည် ဖြစ်ပြီး သင့်ကိုယ်တွင် ကြေးများ ကပ်ကျန်နေဦးမည် ဖြစ်ပေသည်။ ရေနှင့်အဆီသည် မည်သည့်အခါမျှ မရောနိုင်ပေ။ ထို့ကြောင့် ရေသည် အဆီ၏ အတွင်းပိုင်းသို့ မဝင်နိုင်ဲ ပြန်၍ကွာကျသွားသည်။ ထို့ကြောင့် အဆီ၏အတွင်းပိုင်းတွင် ကပ်နေသော ကြေးများအားလုံး သင့်ကိုယ်တွင် ကပ်ကျန်နေခဲ့ခြင်း ဖြစ်သည်။



## ဆပ်ပြာသည် အဘယ်ကြောင့် ကြေးညှော်များကို စင်စေနိုင်သနည်း

သို့သော် သင်သည် ရေနှင့်အတူ ဆပ်ပြာကို သုံးပါက ဆပ်ပြာမြှုပ်များသည် အဆီအတွင်းသို့ ဝင်သွားပြီး အဆီကို ဖြိုခွဲပစ်လိုက်သည်။ ထိုအခါ ရေသည် ဖြိုကွဲသွားသောအဆီမှုန်ကလေးများကို သယ်ယူ သွားလေသည်။ အဆီမှုန်များနှင့်အတူ ကြေးများလည်း ပါသွားလေသည်။

ကြယ်ဖြူ



### ပန်းချီမျက်စိ ရှိရဲ့လား

ဖော်ပြပါပုံကို သေချာစွာ စူးစိုက်၍ကြည့်ပါ။ ဘာပုံပေါ်သလဲ။ ရုပ်ပုံမပေါ်သေးလျှင် အဝေး၌ ထား၍ကြည့်ပါ။ အနက်ကွက်များကို စိတ်မှန်း မျဉ်းဆက်များဆွဲ၍ ကြည့်လျှင် ရုပ်ပုံ ပေါ်လာ နိုင်ပါသည်။

ဂွဲငှထခငြငါလး၃၅–ၛဂ၅၁ဃ

# အလုပ် လုပ်ခြင်းသာ အဓိက

ရေဝင်းကြည်



နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကျွန်တော်တို့ကျောင်းမှ လုပ်အားပေး ခရီးထွက်ရန် စီစဉ်နေပါသည်။ လိုက်ပါလိုသူများ အမည်စာရင်း ပေးကြရပါသည်။ မိဘတို့၏ ခွင့်ပြုချက်ကိုလည်း ရယူရပါသည်။

"ဝင်းမော် - မင်း လိုက်မလား။ ငါစာရင်းပေးရင် မင်းနာမယ်ကိုပါ ထည့်လိုက်မယ်"

"နေပါအုံး သန်းလှိုင်ရာ၊ ငါစဉ်းစားရအုံးမယ်ကွ"

"ဒါများ စဉ်း စား နေ ရသေးလားကွာ။ ဒို့ဖာသာ သွားမယ်ဆိုယင် ရောက်မှာ မဟုတ်ဘူး။ ခုလို စု သွား တော့မှ ရောက် မှာ။ လိုက်ခဲ့ပါကွာ"

ကျွန်တော်သည် သန်းလှိုင်၏ တိုက်တွန်းသော စကားတို့ကြောင့် စိတ်ပါလာမိပါသည်။ သို့သော် ကျွန်တော့်တွင်နောက်ဆံတင်းနေရသည်။ ကျွန်တော့်မိဘများမှာ ငွေကြေး ပြည့်စုံသူများ မဟုတ်ကြပါ။ ကျွန်တော် အိမ်တွင်မရှိလျှင် မဖြစ်ပေ။ ယင်းသို့ တွေးနေစဉ် သန်းလှိုင်သည် ကျွန်တော့် အနီးသို့ လာ၍ —

"မင်း နာမယ်ကို ငါပေး လိုက်တယ်"

"ဟာကွာ — ငါ မသေချာဘူး။ အိမ်ကို မေးကြည့်အုံးမယ်လို့ ဆရာ့ကို သွား ပြော ထား အုံးမယ်" ဟု ပြောရင်း၊ ဆရာ့ကို အကျိုးအကြောင်း သွားပြောပြလိုက်ပါသည်။

"မနက်ဖြန် အကြောင်းပြန်ပေါ့။ အိမ်ကခွင့်ပြုမှ ဆရာတို့ခေါ်မှာဘဲ" ဟု ဆရာက ပြန်ပြောပါသည်။

အိမ်သို့ ပြန်ရောက်လျှင် အမေ့ကို ချက်ချင်း မပြောရဲသေးပါ။ အမေသည် အဖေ့အလုပ်ကို ကူလုပ် ပေးနေရသည်။ အဖေသည်ရေခဲ၊ကြံရည်၊သံပရာရည်၊ လိမ်မော်ရည် စသည့် အအေးဆိုင် အလုပ်များကို လုပ်ပါသည်။

ကျွန်တော်သည် အမေ့အနီးသို့ကပ်ကာ အလုပ်ကို ဝိုင်းကူလုပ်ပေးလိုက်ရင်း မရဲတရဲဖြင့်—

"မေမေ၊ ကျွန်တော် နွေရာသီ လုပ်အား ပေး ခ ရီး အ ဖွဲ့ နဲ့ လိုက်သွားချင်တယ်။ ကျောင်းက တော်တော်များများ လိုက်ကြမယ်"

အမေသည် ကျွန်တော့်ကို ချက်ချင်း ပြန်မဖြေသေးဘဲ။ ကြံချောင်းများ၏ အခွံကိုသာ ခြစ်ချနေပါသည်။ ပြီးမှ —

"မေမေတို့မှာ ပိုက်ဆံမရှိဘူးဆိုတာ မင်းအသိဆုံးဘဲ မဟုတ်လား။ မင်းက အပြောလွယ်ပေမဲ့ မေမေတို့မှာ ငွေပိုငွေလျှံဆိုတာ မရှိလေတော့ခက်တယ်။ ဒီနှစ် မလိုက်ပါနဲ့အုံး သားရယ်"

အမေပြောသည့် စကားမှာ အမှန်ပင် ဖြစ်ပါသည်။ ခရီးစရိတ်အတွက် ကုန်ကျစရိတ်ကို သူတို့ ပေးနိုင်မည် မဟုတ်ပေ။ သို့သော် ကျွန်တော့် အပေါင်းအသင်းအချို့ လိုက်သွားကြပြီး ကျွန်တော် မလိုက်ရသည့် အတွက် ဝမ်းနည်းမိပါသည်။

ဤသို့ဖြင့် နွေရာသီ လုပ်အားပေးစခန်းသို့ ကျွန်တော် မလိုက်နိုင်တော့ပါ။ ကျောင်းပိတ်သည်နှင့် ကျွန်တော်လည်း မအားလပ်တော့ပါ။ အဖေဆိုင်ထွက်ရာသို့ နေ့စဉ် လိုက်ရပါသည်။ သို့သော် အလုပ်တွင် စိတ်ဝင်စားခြင်း မရှိပါ။

"ဝင်းမော် မင်း ဆိုင်ထွက်နေပြီလားကွ။ ဒို့ကိုကော ကြံရည်မတိုက်တော့ဘူးလား"

ကျွန်တော့် လမ်း ထဲ မှ သူငယ်ချင်း သိန်းမောင်၊ အောင်ခင်နှင့် မောင်ဇော်တို့က ကျွန်တော်ကိုယ်တိုင် ကြံရည်ညှစ်နေသည်ကိုတွေ့၍ ပြောလိုက်ခြင်းဖြစ်ပါသည်။

"သောက် ရ ပါ တယ် ကွာ။ ငါလဲ ကျောင်း အား နေ တာ နဲ့ ဆိုင် ထွက် နေ တာ ပါ။ မင်းတို့ကော ကျောင်းအားတုန်း ဘာလုပ်ကြမလဲ"

"ငါတို့တော့ ဘာလုပ်ရမှန်း မသိဘူးကွာ။ ဒီလိုဘဲ လျှောက်သွားနေတာဘဲ။ ဒါပေမဲ့ ဒီနေ့ မင်းကို ကူညီတဲ့အနေနဲ့ ဒို့ပါ ဝိုင်းရောင်းပေးမယ်လေ။ ကဲ – ဘာလုပ်ပေးရမလဲ"

"တ ကယ် လား။ ဒါဖြင့် သိန်းမောင်က ကြံချောင်းတွေကို အခွံခြစ်ပေးကွာ။ မောင်ဇော်က ဟိုပုံးထဲက ရေခဲကို ဖန်ခွက်ထဲ ခွဲထည့်ပေး။ အောင်ခင်က ဆိုင်ရှေ့မှာ လိုက်ချပေးပေါ့။ ငါက ကြံရည်ညှစ်မယ်"

"အေး ကောင်းတယ်" ဟု မောင်ဇော်က ပြောပါသည်။

"ကြံရည် ချိုချို အေးအေး ရမယ်၊ သံပရာရည် ရမယ်၊ လိမ်မော်ရည် ရမယ်"ဟု အောင်ခင်က အော်ဟစ်ကာ ဈေးခေါ်ရင်း ကြံရည်ခွက်များကို လိုက်ချပေးသည်။

"ဝင်းမော်တို့ လူစုပါလား။ ဟန်ကျတာဘဲဟေ့။ ဦးတို့တော့ ကိုယ့်ရပ်ကွက်ထဲက ဆိုင် ကို ဘဲ အားပေးရမှာဘဲ"ဟု လမ်းထိပ်မှ ဦးဘအောင်က ကျွန်တော်တို့ကို ချီးကျူးရင်း ကြံရည်ဝင်သောက် သွား ပါ သည်။ လူအ တော် များ များ ပင် ကျွန်တော်တို့ကို အား ပေးကာ ဝင်သောက်သွားကြပါသည်။

ကျွန်တော်တို့လည်း တနေ့တာအတွက် မောရ မှန်း မ သိအောင် အလုပ် လုပ်လိုက်ရ၍ စိတ်ကျေနပ်သွားမိပါသည်။

ကျွန်တော်သည် လုပ်အားပေးစခန်းသို့ မ သွား နိုင် သော်လည်း မိဘ၏ အလုပ်ကို ကူလုပ်ပေးခြင်းဖြင့် ဝမ်း နည်း ခြင်း၊ စိတ် ပျက် နေ ခြင်း တို့ ပျောက်သွားပါသည်။ ဘာအလုပ် လုပ်ရမလဲ ဟူသော အ တွေး သည်လည်း လက်တွေ့အလုပ်ကို စိတ်ဝင်စားစွာ လုပ် လိုက် ခြင်း ဖြင့် အဖြေရလာပါသည်။

အကျိုးရှိသော အလုပ် ဟူသည် နေရာမရွေး၊ ဒေသမရွေး လုပ်နိုင်ပေသည်တကား။

# မီးကင်းစောင့်

မီးအိမ်ဆွဲသွား၊
ညဉ့်မှောင်ကြား၊
ညီလေးကင်းသမား။

မီးသတိထား၊ တုံးခေါက်သွား၊
ညီလေးကင်းသမား။

လမ်းကြိုလမ်းကြား၊
လျှောက်ကာသွား၊
ညီလေးကင်းသမား။

နိုးနိုးကြားကြား၊ မရပ်နား၊
ညီလေး ကင်းသမား။

မီးကြွင်းကျန်များ၊
ငြိမ်းသတ်ထား၊
ညီလေး နှိုးဆော်သွား။

ရန်သူမျိုးငါး၊ မီးတပါး၊
မလောင်ခင်က တား။ ။

သလ္လာ–မောင်လှသွေး






# ဓားလွယ်

ဓားရှည်ကို အသုံးမပြုသော အခါတွင် ဓားအိမ်ထဲ၌ ထည့်၍ ထားရ၏။ လွယ်ရန်ကြိုးကို ဓားအိမ်၏အရင်းနှင့်အဖျားတွင် တဖက်စီ ချည်နှောင် ထားသည်။ ထိုအခါ ပခုံးတွင်သော်၎င်း၊ ခါးတွင် သော်၎င်း သိုင်းလွယ်နိုင်သဖြင့် ယင်းဓားကို ဓားလွယ်ဟု ခေါ်ခြင်းဖြစ်သည်။

ဓားလွယ်သည် ရှေးခေတ် မြန်မာဘုရင်တို့၏ အရေးပါသော စစ်လက်နက်ပစ္စည်း ဖြစ်ခဲ့ပေသည်။ မြန်မာဘုရင်တို့သည် ဓားလွယ်ကိုရွှေချကာ ကျောက်သံပတ္တမြားများ အလှစီခြယ်ပြီးလျှင် အဆောင်အယောင်တရပ် အနေဖြင့်၎င်း၊ လက်နက်အနေဖြင့်၎င်း စွဲကိုင်ကြသည်။ မင်းအဆက်ဆက် အသုံးပြုရသော ဓားကောင်း ဓားမြတ်များကို ''နန်းစဉ်ဓား'' ဟုခေါ်သည်။ ရွှေဓားလွယ်၊ ငွေဓားလွယ်၊ ပတ္တမြား ကျောက်စီဓားလွယ် ဟူ၍ ဓားလွယ် အမျိုးမျိုးရှိသည်။

ဓားများကိုလည်း ပုံသဏ္ဌာန်လိုက်၍ ၄က်ကြီးတောင်ဓား၊ လေးကင်းဓား၊ စလူဖူးဓား စသည်ဖြင့် အမျိုးအစား ခွဲခြားထားသည်။

၄က်တောင်ကဲ့သို့ အသွားကော့နေသောဓားကို ၄က်ကြီးတောင်ဓားဟု၎င်း၊ လေးကင်းပုံကဲ့သို့ အသွားရှိသောဓားကို လေးကင်းဓားဟု၎င်း၊ ပန်းဖူးပန်းငုံကဲ့သို့ အသွားရှိသောဓားကို စလူဖူးဓားဟု၎င်း ခေါ်ကြခြင်းဖြစ်သည်။



မို့ရွာဝင်းဗေ

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးယဉ်ကြိုင်က ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၈၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


၂၅ ပြား

အတွဲ-၄။ အမှတ်-၁၃။

# ရွှေသွေး ဂျာနယ်


၁၃၃၃ ခု၊ တန်ခူးလဆန်း ၁၁ ရက် (၂၅-၃-၇၂)







စနေနေ့တိုင်းထုတ်ဝေသည်။


တော်လှန်ရေးကာလ မြင်ကွင်းတခု
ပန်းချီ-ဦးဘကြည်
ဇါတ်ဂါမ်း·ဂယက်နု
တော်လှန်ရေးနေ့တွင် ဖြစ်သည်။ တပ်မတော်စစ်ကြောင်းများ တော်လှန်ရေးပန်းခြံသို့ ချီတက်လာစဉ်....
စောင့်ကြည့်နေသော ပရိသတ်များက ပန်းကုံးစွပ်ခြင်း၊ ပန်းစည်းကမ်းခြင်းဖြင့် အားပေးနေကြ၏။
ထိုအထဲတွင် တော်လှန်ရေး ရဲဘော်ဟောင်း ဦးမြမောင်လည်း ပါဝင်သည်။
သူသည် တက်ကြွသောအားမာန်ဖြင့် ချီတက်နေကြသော တပ်မတော်သားများကို ကြည့်နေရင်း အတိတ်မှ ဖြစ်ရပ်တခုကို ပြန်လည်မြင်ယောင်လာလေသည်။





ဖက်ဆစ် ဂျပန်များသည် တောင်ကုန်း နှစ်ခုကို ခွ၍ တပ်စွဲထားသည်။ တော်လှန်ရေး ရဲဘော်များမှာ တောင်ကြားတွင် ရောက်နေပြီး ဂျပန်တို့၏ ညှပ်ပူး ညှပ်ပိတ် ပစ်ခတ်ခြင်းကို ခံနေရသည်။





အလစ်တွင် ခံလိုက်ရ၍ အကျအဆုံးများနေသည်။










ရန်သူ၏ ကျည်ဆံများကို ဝပ်၍ ရှောင်လိုက် တိမ်းလိုက်ဖြင့် တက်သွားပြီး....
အောင်ဒင် -
သူငယ်ချင်း - - - ငါ့ကိုထိသွားပြီ
ဟာ
အား
တောင်ကုန်း၏ လေးပုံ သုံးပုံသို့ အရောက်တွင် ရဲဘော်တယောက်ကို ထိမှန်သွား၍–
သူငယ်ချင်း အောင်ဒင်သည် ရဲဘော်လဲနေရာသို့ ပြန်လှည့် ပြေးဆင်း လေသည်။ သို့သော် လမ်းတဝက်တွင် တုံ့ရပ်ကာ တောင်ထိပ်သို့ ပြန်လှည့်တက်သွားသည်။
လျှပ်တပြက်အတွင်း တောင်ကုန်း ထိပ်သို့ ရောက်သော် ရန်သူများကို အနိုင်စီးလိုက်လေသည်။
ဟဲ - သူငယ်ချင်း - အသက်တောင်မရှိ တော့ပါလား ကွယ်။ မင်း - ငါ့ကို အပြစ်တင်ချင်သလိုသာ - တင်ပေတော့......
မင်း - အိမ်ကိုမှာချင် တာတွေကို နားထောင်ခွင့် တောင်မရ လိုက်ပါလား
သူငယ်ချင်းရယ်....
ငါ့ကို - သူငယ်ချင်းတို့ထားအပ်တဲ့ တာဝန်မကျေဘူးရယ်လို့... သတ်မှတ်လိုက်ပေတော့....
တိုက်ပွဲအောင်မြင်သည်နှင့် အောင်ဒင်သည် ဒလကြမ်း ပြေးဆင်းလာခဲ့၏။ သို့သော် သူငယ်ချင်း၏ အလောင်းကိုသာ တွေ့ရသဖြင့်
သူငယ်ချင်း ပေါ် ထားအပ်တဲ့ တာဝန်ဆိုတာ - ဒီရွာမှာ ရှိနေပေမယ့် - ရဲဘော်ဟာ - တိုင်းပြည် တာဝန်ကို အလေးပေးပြီး ထမ်းဆောင်ခဲ့တာပဲ ။ ရဲဘော်လုပ်တာ မှန်ပါတယ် - ရဲဘော် ။...............
ထိုအချိန်က မိမိနှစ်သိမ့် ခဲ့ရပုံကို ဦးမြမောင် ပြန်လည်တွေးမိနေလေသတည်း။
ပြီး




ကျွန်တော်၏ ကိုယ်ထည်မှာ အနီရောင် ဖြစ်ပြီး ကျွန်တော်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း အားလုံးမှာ စက်ပစ္စည်းများ၊ မီးသတ်ကရိယာများနှင့် ပြည့်နှက်လျက်ရှိပါသည်။ ယင်း အစိတ်အပိုင်းများမှာ သူ့နေရာနှင့်သူ အသုံးဝင်သည်ချည်း ဖြစ်ပါသည်။

ကျွန်တော်၏ တကိုယ်လုံးမှာ မီးသတ်ရဲဘော်ကြီးများ၏ နေ့စဉ် တိုက်ချွတ်ဆေးကြော ပေးမှုကြောင့် အမြဲတစေ တောက်ပြောင် လျက် ရှိပါသည်။




ကျွန်တော်၏ ခန့်ညားသော အသွင်အပြင်ကို မြင်သူတိုင်း မချီးမွမ်းပဲ မနေနိုင်ပါ။ မြို့သူမြို့သား အချို့နှင့် ကလေးများကမူ ကျွန်တော့်ကို တွေ့တိုင်းအားကိုးတကြီးဖြင့် နှုတ်ခွန်းဆက်လေ့ ရှိပါသည်။



ကျွန်တော့် အပေါ် ယုံကြည် စိတ်ချသည့် အတိုင်း ကျွန်တော်ကလည်း မြို့သူ မြို့သားများ၏ အသက် အိုးအိမ် စည်းစိမ် ဥစ္စာကို ကျေပြွန်စွာ ကာကွယ် စောင့်ရှောက် ပေးခဲ့ပါသည်။ တနေ့တွင် ကျွန်တော် အနားယူနေခိုက် ရုတ်တရက် ဆူညံသောအသံများ ကို ကြားလိုက်ရသဖြင့်—





မျက်စိကို ဖွင့်၍ သေသေချာချာ ကြည့်လိုက်ရာ ကျွန်တော့်နံဘေးတွင် ကျွန်တော်ထက် ပို၍ ကြံ့ခိုင်တောင့်တင်းသော မီးသတ်ကား ကြီးတစီး အခန့်သား ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရပါသည်။



ထိုအခါမှစ၍ မြို့သူမြို့သားများ အတွက် ထို မီးသတ်ကားကြီးသည် ကျွန်တော်ထက် ပို၍ စိတ်ဝင်စား စရာ၊ အားထားစရာ ဖြစ်သွားပါတော့သည်။ တချိန်က မြို့သူမြို့သားများ၏ ယုံကြည် အားကိုး ခြင်းကို ခံခဲ့ရသော ကျွန်တော့်အဖို့ ထိုမီးသတ်ကားကြီးသည် နံပတ်တစ်ပြိုင်ဖက်ကြီးသဖွယ် ဖြစ်နေ ပါတော့သည်။




တနေ့တွင် မြို့လယ်မှ စက်ရုံကြီးတရုံ မီးလောင်ရာ ကျွန်တော်နှင့် ထိုကားကြီးနှစ်စီးစလုံး မီးလောင်ရာသို့ အပြေးအလွှား ထွက်ခဲ့ကြပါသည်။



ကျွန်တော်သည် ကားကြီးကို မကျေနပ်တိုင်း မတောင်းသင့်သောဆုကို တောင်းနေမိပါသည်။ သို့သော် မီးလောင်ရာ နေရာသို့ ရောက်သွားသောအခါ ထိုဆုတောင်း မှားယွင်းနေကြောင်း တွေ့ရှိရပါသည်။






ကျွန်တော်သည် ချက်ချင်း အခြေအနေမှန်ကို နားလည်မိကာ တည်ငြိမ်အေးဆေးစွာ ဝတ္တရား ဆောင်ရွက်နေသော ကားကြီးနှင့်အတူ တက်ညီလက်ညီ အစွမ်းကုန် ပါဝင် ကူညီခဲ့သဖြင့် မီးတောက်ကြီးများမှာ မကြာမီ ငြိမ်းကျသွားပါတော့သည်။

တချိန်က ထို ကားကြီးသည် ကျွန်တော်၏ နံပတ်တစ် ပြိုင်ဖက်ကြီးဟုလွဲမှားစွာမှတ်ထင်ခဲ့သော်လည်း လက်တွေ့တွင် ကျွန်တော်အတွက် အားထားဘွယ်ရာ မိတ်ဆွေသစ်ကြီးသာဖြစ်ကြောင်း ကောင်းစွာ သဘော ပေါက် မိ ပါ တော့ သည်။





# သိမှတ်ဖွယ်ရာအလီအလွှာ

သင်းဦးလေး

ရှေးခေတ် အီဂျစ်ဘုရင်တဦး တည်ဆောက်ခဲ့သော ဖေးရော့မီးပြတိုက်ကြီးသည် ကမ္ဘာ့အံ့ချီးဖွယ်ရာတခု ဖြစ်၏။ ကျောက်သားအစစ်ဖြင့် တည်ဆောက်ထားပြီးအမြင့်ပေ၄၀၀ ကျော်ရှိ၍ အချက်ပြ မီးတောက်ကို ၂၇ မိုင် အဝေးကပင် မြင်နိုင်သည်ဟု ဆိုသည်။




၁၇ ရာစုနှစ်အတွင်းက ဗွန်ဂျက်ဆန် ဆိုသူ အင်္ဂလိပ် အမျိုးသား တဦးသည် လက်သန်းတွင် အလေးတုံးကြီးတခု ချိတ်ဆွဲကာ သူ၏ အမည်ကို ရေးပြခြင်းဖြင့် သူမည်မျှ သန်ကြောင်း ပြခဲ့သည်။

၁၈ ရာစုနှစ် မကုန်မီက အင်္ဂလန်နိုင်ငံတွင် ဒန်နီယယ်လင်းမတ် ဆိုသူ ထောင်မှူးကြီး တဦးရှိခဲ့သည်။ သူသည် ကိုယ်အလေးချိန် ပေါင် ၇၀၀ ကျော်ရှိပြီး တနေ့လျှင် နို့ငါးပိဿာနှင့် ပေါင်မုန့် ဆယ်လုံးစားရ မှ ကျေနပ်သောဟူ၏။







ဩစထရီးယား နိုင်ငံသား ဆီးဖရီး ဆိုသူသည် လောင်းကြေးစားကြေးဖြင့် ဗီယင်နာမြို့မှ ၁၇၅ မိုင်ဝေးသော ဆားလ်ဗက်မြို့သို့ အိပ်ချိန် စားချိန် နားချိန်မှအပ ကင်းမြီးကောက်ထောင်၍ လျှောက်ပြကာ လောင်းကြေး ပေါင် ၂၀၀ ကျော် ရယူခဲ့ဘူးသည်။




နှစ်ပေါင်း ၂၀၀ အတွင်းက ပစိဖိတ်ကျွန်း ပါလူး ရွာ၌ နယ်မြေလဲလှယ်ရာတွင်၎င်း၊ မြေအရောင်း အဝယ် ပြုရာတွင်၎င်း အလယ်တွင် အပေါက်ပါသော ကျောက်ပြားပိုင်းကြီးများကို ငွေကြေး အမှတ်ဖြင့် သုံးစွဲခဲ့ကြသည်။



အင်္ဂလန်နိုင်ငံ၊ ဝစ်ရှင်ယာနယ်၊ဆော့စဗာရီလွင်ပြင်ရှိ ရှေးခေတ် အဆောက်အအုံတခု၏ အကြွင်းအကျန်မှ ကျောက်တုံးကြီး သုံးတုံး ပုံဖြစ်သည်။ ဘီစီ ၁၇ ရာစုလောက်က တည်ဆောက်ခဲ့ဟန် တူသော် လည်း မည်သူက မည်သည့်အတွက် တည်ဆောက်ခဲ့ကြောင်း အတိအကျ မပြောနိုင်ပေ။





ပြင်သစ်နိုင်ငံ၊ လန်းခရိုင်မှ တောသူတောင်သားများသည် စိမ့်စမ်း ပေါသော အရပ်၌ သွားလာရာတွင်၎င်း၊ အားကစားတရပ် အနေဖြင့် ၎င်း ကုလားမ ခြေထောက်ကို အသုံးပြုကြသည်။



တောင်အမေရိကတိုက်မှ စူရီနမ်ခေါ် ဖားတမျိုးတွင် စေးကပ် သော ဥများကို ဖားထီးက ဖားမကိုယ်ပေါ်၌ တင်ပေး၍ မျိုးအောင် စေသည်။ ဖားမ၏ အရေပြားမှ အိတ်ကလေးများ ဖြစ်လာကာ အချိန်တန်သော် ဖားကလေးများ ပေါက်ဖွားလာသည်။

ထိပ်တွင် ကား၍ ပြားသော နှုတ်သီးရှိသဖြင့် ဇွန်းနှုတ်သီးငှက်ဟု အမည်တွင်သော ငှက်တမျိုးကို ဥရောပတိုက်၌ တွေ့ရသည်။ ခရုစုတ် ငှက်နှင့် အမျိုးချင်း နွယ်၍ ယင်းအမျိုးဝင် အခြား ငှက်မျိုးများကို အမေရိက၊ အာဖရိက၊ ဩစတြေလျ တိုက်နှင့် ဂျပန်နိုင်ငံတွင်လည်း တွေ့ရသည်။




လူတော်လူကောင်း ရွေးနည်း
ဇာတ်လမ်းနှင့် သရုပ်ဖော်- မြဖက်ဖိုး
တချိန်က ဗာရာဏသီပြည်တွင် ဦးနန္ဒ ဆိုသူ ပညာရှိ အမတ်ကြီးတဦး ရှိလေသည်။
နန်းတွင်းမှာ အမှုထမ်းရန် အတွက် ဆိုယင် ဦးနန္ဒ ထံမှ ထောက်ခံချက် ရမှ ဆိုဘဲ....
အကြည်တော် ပြောတာ မှန်ပေမဲ့ လွယ်လွယ်နဲ့ မထောက်ခံပေဘူး ဗျ
အမတ်ကြီး ဦးနန္ဒ အကြောင်းကို ဤသို့ အချင်းချင်း ပြောဆိုသံ ကြားရသည်။
အမတ်ကြီး ကျွန်တော် နန်းတွင်းမှာ အမှုထမ်းလိုပါသည်....
တနေ့တွင် လူရွယ်တယောက် အမတ်ကြီးထံ ထောက်ခံချက်တောင်းရန် ရောက်လာသည်။
အင်း....
အကြံရပြီ
အမတ်ကြီးသည် လူရွယ်အား စမ်းသပ်လိုသဖြင့် နည်းလမ်း ရှာလေသည်။
ကောင်းပါပြီ ခင်ဗျာ၊ သစ္စာရှိစွာဖြင့်
ဆောင်ရွက်ပါမည်
မောင်မင်း ကျိုခချို့ယ ရွာက ဦးဘောဂထံသို့ အရေးကြီးသော ပစ္စည်းတခု ပေးခဲ့ရမယ်..


ဟောဒီသေတ္တာဟာ အမျိုးအနွယ် ထိုက်တန်တဲ့ပစ္စည်းပါ တဲ့ ဒါကြောင့် လမ်းခရီး တွင်လုံးဝမဖွင့်ပါနှင့်
အမတ်ကြီးသည် လမ်းတွင် သေတ္တာကို မဖွင့်ရန် အသေအချာ မှာကြားလိုက်သည်။
ရော့.. ချိပ်ဒိုင်ဖြင့် ပိတ်ပြီးသော့ခတ်ထားတယ်၊ သော့ရော ချိပ်ပါ ပေးလိုက်တယ်
ကောင်းပါပြီ ခင်ဗျာ
လုလ္လယ်သည် နောက်တနေ့ နံနက်တွင် မဝေးလှသော ခတ္တိယရွာသို့ ခြေလျင်ထွက်ခဲ့သည်။
အင်း..... ဒီသေတ္တာထဲ ဘာများ ထည့်ထား ပါ လိမ့်...
တောနက် တနေရာအရောက်တွင် သေတ္တာကို ဖွင့်ကြည့်လိုစိတ် ဖြစ်ပေါ်လာသည်။
နန်းစဉ်ရတနာတွေများလား- လျှို့ဝှက်ချက်စာရွက် စာတမ်းတွေများလား- ဖွင့်ကြည့်ရင် အပြစ်များသွားမလား ...
လုလ္လယ်သည် ဖွင့်ကြည့်ရန် သင့်မသင့်ချီတုံချတုံ ဖြစ်နေ၏။
ငါ့ဆရာ.. သော့ရော ချိပ်ပါ ပါသား ဘဲ ဖွင့်ပြီး သေသေချာချာ ပြန်ပိတ်ရင် ပြီးတာ ဘဲ..
နောက်ဆုံးတွင် သစ်ပင်အောက် ချုံစပ်၌ ထိုင်ချကာ—


ဟဲ…ခုထဲမှာပါတဲ့ ပစ္စည်းအားလုံး ငါ့အတွက်ဘဲ
သေတ္တာကို ဖွင့်လိုက်လေရာ—
ဟာ!!
မြွေ…မြွေ… မြွေတကောင် ပါလား
သေတ္တာအတွင်းမှ မြွေတကောင်သည် ထွက်လာ၍ ချုံဖုတ်အတွင်းဝင်ပြေးသွားလေသည်။
အင်း ခုတွေ့ပါဘဲ ငါ့ထင်တာနဲ့ တခြားစီဖြစ်နေပြီ… ဦးနန္ဒထံလဲ မပြန်ရ ဦးဘောဂထံလဲ မသွားရ…
ဒါကြောင့်လဲ အမတ်ကြီး ဟာပညာရှိ ပြီး ဝေဖန်ချက် ကိုလွယ်လွယ်နဲ့ မပေးတာဘဲ ကိုး…..
လုလင်ငယ်သည် သူ၏သစ္စာမရှိမှုနှင့် လောဘစိတ်ကို နောင်တရကာ သူ၏ နေရပ်ဒေသသို့ ပြန်သွားလေတော့၏။
ပြီး
အမတ်ကြီး ဦးနန္ဒလည်း သူ့ထံသို့ ပြန်မလာသော လုလင်ငယ်၏ အကြောင်းကို စဉ်းစား၍ နေလေသတည်း။


## ဒဏ်ရာတွင် အနာဖေး အဘယ်ပုံ ဖြစ်ပေါ်လာသနည်း

သင့်တွင် ထိခိုက်မိသော ဒဏ်ရာတခုရပြီဆိုပါစို့။ ထိုဒဏ်ရာမှ သွေးများ ထွက်လာလိမ့်မည်။ သို့သော် မကြာမီ သွေးအထွက်ရပ်သွားလိမ့်မည်။ ထို့နောက် ဒဏ်ရာတွင် အနာဖေး တက်လာသည်ကို တွေ့ရမည်။ ထိုအနာဖေးကား အဘယ်ပုံဖြစ်ပေါ် လာသနည်း။



ပေါက်ပြဲသွားသော သင့်အရေပြားထဲတွင် အရည်တမျိုး ရှိသည်။ ထိုအရည်နှင့် သွေးအတွင်းရှိ ပစ္စည်းတမျိုးတို့ ရောနှောမိသောအခါ စေးကပ်သောအရည်တမျိုး ဖြစ်လာသည်။ ထိုအရည်မှာ လေထဲတွင် ခြောက်ပြီး မာတတ်သောသဘော ရှိသည်။ ထိုအခါ အနာဖေး တက်သည်ဟု ပြောကြသည်။ ပေါက်ထွက်သောသွေးများ အလိုအလျောက် ပြန်ပိတ်သွားခြင်းဖြစ်သည်။ ထိုအနာဖေးက လေထဲရှိပိုးများ သင့်ကိုယ်တွင်းသို့ မဝင်ရောက်နိုင်အောင် ကာကွယ်ပေးသည်။ အနာဖေးသည် အရေပြားအသစ် ဖြစ်ပေါ် လာသည်အထိ ဖုံးအုပ်နေပြီးနောက် ခြောက်၍ ကွာကျသွားတော့သည်။

ကြယ်ဖြူ



ပြာနှ၊ နီ၊ လိမ်မော် ဆေးရောင်ခြယ်ပါ။

# ငှက်ပျောသီးမုန့် ချိုချိုလေး

ခင်မောင်တိုး



"ဟဲ့– ကျောက်ဖိုး၊ နင့်အဖွားဆုံးသွားပြီဟဲ့။ အိမ်ပြန်ပါတော့လား"

"ဗျာ"

ကျွန်တော့်နားကိုပင် မယုံသလိုဖြစ်နေမိသည်။ ဒေါ်တုတ်ပြောသွားသည်နှင့် ဆက်တွေးမနေတော့ပဲ အိမ်သို့ သုတ်ခြေတင်ကာပြန်ခဲ့မိပါသည်။ အိမ်ရောက်သော် အဖွား ဒေါ်စောလှ၏ ရုပ်အလောင်းကြီးက ကြို ဆိုနေနှင့်ပါသည်။

ကျွန်တော့် ရင်မှာ ဆို့နင့်လာသည်။ မျက် ရည် ပူ များ တလိမ့်လိမ့် ကျဆင်းလာသည်။ အဖွား၏ အလောင်း အနီးတွင် ကျုံ့ကျုံ့ကလေး ထိုင်ငိုနေသော ညီမလေး မိချမ်းမြ၏ ဘေးနားတွင် ဝင်ထိုင်လိုက်မိပါသည်။

"ခုတော့ ကျနော်တို့မောင်နှမ သောင်ပြင်လွှတ်တဲ့ ငှေးလို ဖြစ်ရပါပြီကော အဖွားရယ်"

ကျွန်တော် အဖွားအပေါ် နွဲ့ဆိုး ဆိုးခဲ့မိပါသည်။ အဖွား သေခါမှ အမှားများကို မြင်လာပြီး နောင်တ ရနေ မိပါ သည်။

"ကျနော် မိုက်ခဲ့တာတွေ ခွင့်လွှတ်ပါ–အဖွားရယ်"

ဝမ်းနည်းလွန်းသဖြင့် နှုတ်မှလည်းပြောမိသည်။ ကျူ ကျူ ပါအောင်လည်း ငိုကြွေးနေမိလေသည်။ တယောက်တည်းသော အား ကိုး ရာ ပုဂ္ဂိုလ်က မျက် ကွယ် ပြု သွား သဖြင့် ဖြေ ဆည်၍မရနိုင်တော့ပါ။ ရှေ့ရေးကို မတွေးဝံ့ပါ။

"ဘာ ခက် သလဲ၊ သူ တို့ မောင်နှမကို မိဘမဲ့ကျောင်း ပို့ လိုက်ရုံပေါ့"

"ကောင်လေးက လူဆိုး လေးအေ့၊ အဲဒါဘဲ ကောင်း တယ်"

"အိုဗျာ–မိဘမဲ့ ကျောင်း ကိုတော့မသွားဘူး၊ မသွားနိုင် ဘူး"

"ဟဲ့–ကျောက်ဖိုး၊ ဘာဖြစ် နေတာလဲ။ နင် မသွားချင်လဲ ငါမလွှတ်ပါဘူးဟဲ့။ မိချမ်းမြကို ဘဲ ဈေးဝမှာ သွားရောင်းခိုင်း မှာပါ။ ကဲကဲ–ထ၊ ရေနံဆီသွား ဝယ်ပေး"

"ခင်ဗျာ၊ အို–ဟင် အဖွား၊ အဖွားမသေဘူးနော်။ ဝမ်းသာ လိုက်တာဗျာ"

ကျွန်တော်သည် အဖွားကို ပြောပြောဆိုဆို ပြေးဖက်လိုက် မိသည်။ ကျွန်တော့် အပြုအမူ ထူးကြောင့် အဖွားမှာ ငိုရမလို၊ ရယ်ရမလိုဖြစ်နေပါသည်။

"ဟဲ့–ငါက ဘာဖြစ်လို့သေ ရမှာလဲ။ မသေ နိုင် သေးဘူး။ နင်တို့ မောင်နှမ ကြီးလာလို့ လက်လွှတ်မှ ငါသေမှာပါ"

"ကျနော်အဖွားကို သေပြီ လို့ အိပ်မက် မက်လို့ အဖွား ဘေးမှာထိုင်ပြီးငိုနေတာ။ အဲ– အဲ အဖွားသေသွားလို့ ကျနော် တို့ မောင်နှမကိုတောင် မိဘမဲ့ ကျောင်းပို့ကြမလို့တဲ့ဗျ"

"ပယ်–မဟုတ် တရုတ်"

ကျွန်တော့် အသက်မှာ ၁၀ နှစ်ကျော်ခဲ့ပါပြီ။ တကြိမ်မျှ သည်ကဲ့သို့ စိတ်လှုပ်ရှားမှုမဖြစ်

ခဲ့ဘူးပါ။ အိပ်မက်ကို တကယ် ထင်၍ ပူဆွေးခဲ့ရသည်။ ယခု မဟုတ်မှန်းသိရသဖြင့် ဝမ်းသာ ရပါသည်။

"ကဲ–ကဲ အဖွား၊ ကျနော့် အတွက် မုံ့တောင်း ပြင်ပေး၊ သွားမယ်"

"ဟုတ် မှ ဟုတ် ရဲ့ လား ကျောက်ဖိုးရယ်၊ နင့်စကားက"

"သိပ် ဟုတ်ပေါ့ဗျာ။ ကျနော် ဈေးထဲရော ရပ်ကွက်ထဲပါ လည်ရောင်းမယ်။ မိချမ်းမြကို အဖွားအိမ်မှာ ခိုင်းစရာရှိတာ ခိုင်း။ ကဲ သွားမယ်"

ကျွန်တော့်ကြောင့် အဖွားနှင့်မိချမ်းမြတို့ အမြဲ စိတ်ဆင်းရဲခဲ့ရသည်။ မုံ့ရောင်းခိုင်းလျှင် ကုန်အောင်မရောင်းပဲ ရောင်းရသော ပိုက်ဆံကို လည်း ကျပျောက် သည်ဟု ပြော ပြီး မြောက်ပန်းလှုပ်ပစ်သည်။

ကျွန် တော် တို့ တွင် အဖေ အမေ မရှိတော့ပါ။ အဖေဆုံးသည်မှာ မကြာသေး၍ အဖေ၏အလုပ်မှ ကျွန်တော်တို့မောင်နှမနှစ်ယောက် ပညာသင်စရိတ် ရရှိ ခဲ့ သည်။ အခြား ဝင် ငွေလည်း မရှိသဖြင့် အဖွားဒေါ်စောလှက ငှက်ပျောသီး မုံ့ကလေးများ လုပ်ကာ ကျောင်းအားချိန်တွင်ရောင်းခိုင်းသည်။ မုံ့အကုန်ရောင်းရလျှင် နှစ်ကျပ်ခွဲ သုံးကျပ်ခန့် အမြတ် ကျန်သဖြင့် ဆန်ဖိုး ဆီဖိုးလေးရပါသည်။ သို့သော် ကျွန်တော်က ကြည်ကြည်သာသာမရှိခဲ့ပါ။

"ညီမလေး – အကို မုံ့လျှောက် ရောင်းလိုက်အုံးမယ်။ အိမ်မှာ အဖွားနဲ့ ကူညီလုပ်ပေး၊ ကစားမနေနဲ့၊ ကြားလား"

ကျွန်တော့် စကား၊ ကျွန်တော့် အပြုအမူကို အဖွားနှင့် ညီမလေးတို့ များစွာ အံ့သြနေကြသည်။ ညီမလေးက မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသည်။ ကျွန်တော့်စိတ်မှာ ပေါ့ပါး ရွှင်လန်းနေပါသည်။ ခြေလှမ်းများလည်း သွက်လက်နေပါသည်။ ကျွန်တော် စဉ်းစားကြည့်လိုက်မိသည်။ အဖွားကဲ့သို့သော မိဖ ဖိုးဖွားများအရိပ်တွင် နားခို၍ အေးအေး ဆေးဆေးပညာသင်ကြားနေရခြင်း၊ သူတို့၏မေတ္တာစေတနာကို ခံယူရရှိခြင်းတို့သည် တန်ဖိုးမဖြတ်နိုင်သော လပ်ကြီးတပါး ဖြစ်ကြောင်း တွေ့မြင်ရ ပါသည်။ သည်အခါ ကိုယ့်ဖက်က တတ်နိုင်သမျှ တုံ့ပြန် ကူညီချင်သည့်စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ပါတော့သည်။

မုံ့တောင်းထဲမှ မုံ့များ ကုန်အောင် ရောင်းရပါမည်။ တိတ်တိတ်နေ၍ မည်သူမျှ ဝယ်စားမည် မဟုတ်ပါ။

"မုံ့ဗျို– ငှက်ပျောသီးမုံ့ချိုချိုလေး။ မွှေးတယ်၊ အေးတယ်၊ ဝယ်စားကြအုံး။ တခုမှ ဆယ်ပြားထဲ"

## မတ်လ–၂၇

နှစ်ဆယ့်ခွန် နှစ်ဆယ့်ခွန်၊
မတ်လနှစ်ဆယ့်ခွန်။

အားသွန်ကာ တော်လှန်ပစ်၊
ဖက်ဆစ်ထိုစံနစ်။

အမျိုးချစ်တဲ့ ပြည်သူတွေ၊
ညီညွတ်မှုနဲ့လေ။

ဘိုးမွေဘွားမွေ တို့မြေစစ်၊
တန်ဘိုးထားကာချစ်။

တဆစ်တလက်မ ကျူးကျော်လာ၊
တိုက်ထုတ်ပစ်ရမှာ။

ရှမ်း၊ ချင်း၊ ဗမာ၊ ကရင်၊ ကယား၊
တို့ရဲသွေးချင်းများ။

မျိုးခြားနယ်ချဲ့ အရင်းရှင်၊
ဒူးတုပ်ရသည်ပင်။

သမိုင်းဝင် တော်လှန်ရေး၊
အောင်ပွဲဆင်ခဲ့လေး။ ။

လက်ပံနီ (ရေနံ့သာ)



R. 517



# မောင်း

မောင်းသည် မြန်မာတို့၏ ရိုးရာ အသုံးအဆောင် ပစ္စည်း တရပ် ဖြစ်၏။

ကြေးမောင်း၊ ငွေမောင်း စသည်ဖြင့် မောင်းအမျိုးမျိုး၊ အရွယ်အစားစား ရှိလေသည်။

မောင်းကို အဆောင်အယောင် အဖြစ်ဇင်း၊ တူရိယာ အဖြစ်ဇင်း အသုံးပြုကြသည်။ ရှေးမြန်မာမင်းတို့၏ မင်းခမ်းမင်းနား ပစ္စည်းများတွင် မောင်းသည် တခုအပါအဝင် ဖြစ်ပေသည်။ မြန်မာ ဘုရင်တို့သည် မြို့သူကြီး၊ ရွာသူကြီးများကို မောင်းများ ချီးမြှင့်လေ့ ရှိသည်။ မြို့သူကြီး၊ ရွာသူကြီးတို့သည် မောင်း တီးကာ ဆင့်ဆို၊ ဆော်အောနိုင်ကြ၏။ စစ်ချီတက်ရာတွင်လည်း တိုက်မောင်း၊ အောင်မောင်း များကို ယူဆောင်ကြရသည်။

ရှေးခေတ်က အချိန်နာရီ မှတ်သားရာတွင်လည်း မောင်းကို အသုံးပြုကြသည်။



မြန်မာ ဆိုင်းဝိုင်းတွင် မောင်းသည် မပါလျှင် မဖြစ်သော တူရိယာပစ္စည်းဖြစ်၏။ မောင်း၏ အလယ်ဗဟိုတွင်ဘုရှိ၏။ ဘု၏ပတ်လည်တွင် ရွှေမင်ဖြင့် ကြာပွင့်သဏ္ဍာန် ရေး ခြယ်ထား လေသည်။ မောင်း၏ ဘုကို တီးခတ်လိုက် သောအခါ သာယာနာပျော်ဖွယ် အသံ ထွက်ပေါ် လာပေသည်။

မုံရွာ - ဝင်းဗေ


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ ဘရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ-၄။ အမှတ်-၁၄။


# ရွှေသွေး ဂျာနယ်


၁၃၃၃ ခု၊ တန်ခူးလဆုတ် ၃ ရက် (၁-၄-၇၂)




စနေနေ့တိုင်းထုတ်ဝေသည်။


ကောင်းကွယ် - ညီဖြိုးက
တယ်လိမ္မာပါလား -
ဟဲ - ဒီတခါ ငါ ပြန်ကောက်ပေးနိုင်မယ်
သွားကောက်စမ်းဟေ့၊
ဟေ့ကောင် ညီဖြိုး - ဘာဖြစ်လို့ ဒုတ်ကို ပြန်မယူခဲ့ရသလဲ
တယ်ညံ့ - ဟဲ - ဟား - ဟား -
ကောင်လေးဘာဖြစ်ကြောင်းသလဲ၊
ငါ့ကို ဒုတ်နဲ့ ပစ်တယ် -
ဟဲ -
မတော်လို့ပါ ဦးလေးကြီး ရယ်
ကောင်းကောင်းပစ်ပါတယ် ဒီခွေးကို
ဒုတ်ပစ်ပေးလို့ ကျွန်တော်
နေတာပါ၊
ဟဲ - ဒုတ်ကောက်ပေးတာ ရပ်လိုက်တော့၊
ခွေးကို နောက်တခါ ပစ်ပေးရအုံးမယ်၊




ဘောကြီးသည် ကျောင်းအားလေသာ အချိန်များတွင်သူ့ ခွေးကြီးအားအမျိုး မျိုးလေ့ကျင့်ပေး သည်။
အင်း.. ငါ့ခွေးညိုကြီးတော့ အတော်တတ် နေပြီ၊ ဒါပေမဲ့ လူစိမ်းတစ်ယောက်ကို ငါအမိန့်ပေးမယ်၊ လိုက်တာကိုသိပြီး ရအုံးမယ်။
ဖေါ်ထူးတို့နေတာ ဒီလမ်းကဲ့ဆိုတော့ ... ဖေါ်ထူးတို့အိမ်နဲ့တူတယ်။
ဖေါ်ထူးရေ- ဖေါ်ထူး-
ဒီအိမ်မှာ၊ ဖေါ်ထူးနေတယ် မှတ်လား ကြီးကြီး။
အေး-ဘာ လိုချင်လို့လဲ။


လေလွ
ကြီးသော
ကလေးသူကြီး
မင်း ဘယ်တုန်းက ငါ့ဆီမှာ အပ်ထားလို့လဲကွာ တကယ် အပ်ထားယင် ရှာပေါ့ကွ ငါက တရားသူကြီး ဘဲ. ဘယ်မဟုတ်တာ လုပ်ပါ့မလဲကွာ ....
ငါ ယုံကြည်မိလို့ အသပြာငွေ တထောင် အပ်မိတာ ခုတော့ သက်သေ မပြနိုင်တာနဲ့ ဆုံးရတော့မပေါ့လေ - တနည်းနည်းနဲ့ တော့ ရအောင်ပြန်ယူရမယ်...
အညာသားလေး မောင်လူအေးမှာ ယူကျုံး မရဖြစ်ကာ လမ်းမ၌ ငိုနေ၏။
ဟီး ဟီး ငါ့ ငွေနဲ့ဆာလေး ကုန်ပါပြီ.
ထိုစဉ်
ဘယ်လိုဖြစ်တာလဲဗျင်!
အကြောင်းစုံ ရှင်းပြလိုက်သော် –
အပ်ထားတာကလဲ ၂ နှစ်လောက်ကြာခဲ့ပြီ ဆိုတော့
ကဲ ဒီလိုဆို ကျုပ် ကြံစားပေးပါ့မယ် ကျုပ်ပြောသလို လုပ်ရမယ်...



သို့ဖြင့် အစီအစဉ်တခုကို ဆုံးဖြတ်ကြပြီးနောက် –
တရေးသူကြီးမင်းအရှင့်ကျမရဲ့ ငွေအပြည့်ပါတဲ့ ဟောဒီသေတ္တာကြီးကို ခဏ အပ်ထားခဲ့ပါရစေ
ကျမခင်ပွန်း ခရီးလွန်နေတာ မို့စိတ်မချလို့ပါ -
အင်း!
ငါပွဲဦးမှာပါလား
ထိုစဉ် အစီအစဉ်အတိုင်း မောင်လူအေး ရောက်လာ၏။
မင်းအပ် ထားတဲ့ငွေ - ပေးရအုံးမယ်
ရော့ရော့
ကျေးဇူးတင်ပါ တယ်-ဦးရယ် - - သွားအုံးမယ်
အစီအစဉ် အတိုင်း ကလေးတယောက် ရောက်လာပြန်က –
မေမေ
မေမေ ခုဘဲပြန်ရောက်လာပြီ-မေမေ့ ကိုခေါ်ခိုင်းတယ် -
ဟင်!


ဝမ်းသာလိုက်တာ . . တရေးသူကြီးမင်းရယ် ကျမဖဝါးပွန်းပြန်ရောက်လာလို့ မရိုးဂိုမ ရတော့ဘူးလေ . သေတ္တာကြီးပြန်ယူသွား ပါရစေ .
ဟိုနိ . ပြန်ယူသွား တော့မယ် .
ယာဟ် . ယာဟ်ဟ် . . ကျေးဇူးတင်ပါ . တယ်
အထဲမှာငွေလဲတပြားမှမပါပါဘူး သူကြီးမင်းရဲ့ကောက်ကျစ်တဲ့စိတ်ထား ကိုလာဖြောင့်ပေးတာပါ .
အိုး . . ဟိုး . ဟိုး . အသပြာငွေ တထောင် . . တထောင် . . ပြန် ပြန် ပေးလိုက်ပြီ . ဟူး . . ဟူး
ငွေသေတ္တာကြီးလဲခရ . မ . . ရ . ဘူး . . ဟူး . . ဟူး . လောဘ . ကြီး မိလို့ . . အယုံသွင်းခံတာ . . .
ခု . ခုတော့ မှတ်ကြား .
ကျေးဇူးတင် ပါတယ်တရေး သူကြီးမင်းထာဝစဉ် သစ္စာရှိပြီး တရေးမျှတ နိုင်ပါစေ . . တာ့တာ .

# သိမှတ်ဖွယ်ရာ

ပြုစုသူ
မြတင်ရည်

ပစိဖိတ် သမုဒ္ဒရာ အတွင်း ကိုမိုဒို ကျွန်းပေါ်၌အလျား ၁၀ ပေခန့်ရှိဖွတ်ကြီး တမျိုးကိုတွေ့ရသည်။ ယင်းတို့သည်သားစိမ်း များကို စားသောက်ကြသည်။



တောင် အမေရိက တိုက် အမ္ဗဇုန် သစ်တောမှ ဗလ်ဗဒ်ခေါ် ငှက်တမျိုးမှာ ခေါင်းလောင်းသံကဲ့သို့ အော်မြည်၍ ယင်းအော်သံကို တမိုင်ခန့် အဝေးမှပင် ကြားနိုင်သည်။ ထိုငှက်တွင် ပါးမှန်းမွေး နှစ်ပင်နှင့် နှုတ်သီးအပေါ်ဖက်၌ တံခွန်မွေးတပင် ပါရှိသည်။





ယခင်က အမေရိကတိုက် အလယ်ပိုင်း ဟွန်ဒူးရပ် နိုင်ငံတွင် ရွှေအလွန်ထွက်သည်။ မြင်းခွာအသစ်လဲရာ၌ပင်သံခွာအစား ရွှေကို မြင်းခွာလုပ်၍ တပ်ဆင် အသုံးပြုခဲ့ကြဘူးလေသည်။

ပင်လယ် ရေနက်ပိုင်းတွင် ကျက်စားသော အစ်ဂနေ့ဥမ္မရာယီ ခေါ် ငါးတမျိုးတွင် မျက်စိ လုံးဝမပါရှိချေ။



# အာတိုအာထွာ


သရုပ်ဖော်



ယခင်က တူရကီပြည် ဘုရင့်လက်ရွေးစင် ကိုယ်ရံတော်တပ်မှ စစ်ဗိုလ်များ၏ အဆောင်အယောင်မှာ ရောမ ယောက်ချိုဇွန်းကြီးများ ဖြစ်သည်၊ အနီးကပ်ရင်ဆိုင်တိုက်ပွဲများ၌ ယင်းတို့ကို လက်နက်အဖြစ် အသုံးပြုခဲ့ကြသည်။





အာဖရိကတိုက် ကွန်ဂိုနှင့် ဆူဒန်နယ်တို့၌ ဗာဆင်ဂျီ ခေါ် ခွေးတမျိုးရှိသည်။ ယင်းတို့သည် မည်သည့်အခါမျှ ဟောင်လေ့မရှိပေ။ ညည်းတွားသံသဲ့သဲ့ကိုသာ ပြုတတ်သည်။ ကိုင်းတောအတွင်း ခြေရာခံရာ၌ အသုံးဝင်သဖြင့် အီဂျစ် ဘုရင်များက နှစ်သက်မွေးမြူခဲ့ကြသည်။




ကမ္ဘာ့သမုဒ္ဒရာ ပင်လယ်ရေတိမ်များတွင် တွေ့ရသော ငပူတင်း တမျိုးသည် ရန်သူနှင့် တွေ့သောအခါ လေရှူသွင်းပြီး ပူဖောင်းကဲ့သို့ ပြုလုပ်ထားသည်။ ထိုအခါ အရေခွံပေါ်ရှိ ဆူးများ ထောင်လာသဖြင့် ဒူးရင်းသီးပမာ ဆူးများပြည့်ကာ အသည်းယားစရာဖြစ်နေသည်။


ပုရွက်ဆိတ်
နှင့်
နှံကောင်
ကာတွန်း မြေရာ
တနေ့တွင် နှံကောင်တကောင်သည် လေကလေးတချွန်ချွန်ဖြင့် –
လမ်းလျှောက်လာစဉ် –
ကယ်ကြပါ ဗျို့–
အော်သံလာရာသို့ ပြေးသွားကြည့်သောအခါ –
ကျွန်တော့်ကို ကယ်ပါ မိတ်ဆွေရယ်
ရေထဲတွင် သစ်ရွက်ဖြင့် မျောနေသော ပုရွက်ဆိတ်တကောင်ကို တွေ့ရ၏။
အေးကယ်ပါမယ် ဒါပေမဲ့ ခင်းကို ကယ်ဖို့ကြိုးလိုတယ် ကြိုးသွားရှာအုံးမယ်–


ဦးဝက်ကြီးရှယ် ကြိုးတချောင်း ငှါးပါ —
နံ့ကောင်သည် ကြိုးရှာရန် ထွက်လာစဉ် ဝက်ကြီးနှင့်တွေ့ရာ —
ငါ့မှာ ကြိုးမရှိဘူး သစ်ပင်ကြီးဆီ သွားတောင်း
သစ်ပင်ကြီးကလည်း —
ဦး ကျီးကန်းကို မေးကြည့်
ကျီးကန်းကြီးဆီသွားပြန်တော့လည်း —
ဒေါ်ကြက်မ ဆီမှာ တောင်းကွ
ဒေါ်ကြက်မကလည်း —
စပါး ကျီထဲက ကြွက်ညိုကိုမေး
အာ ပါး အဲ ဒါ ဆို ကျောင်းကြီးဖူကြားကို သွားမေးပါလား —


ထိုအခါ ကြောင်ကြီးဖြူကြားက —
ဦးနွားကြီးမှာ နဖါးကြိုး ရှိတယ် သူ့ဆီမှာတောင်း
ငါ့ဆီမှာရှိတာတော့ ဥပါတယ်ယူသွား
အိုး!! မ,လို့မရဘူး
နွဲ့ကောင်လည်း ကြိုးကိုမသယ်နိုင်၍ ထား ခဲ့ကာ စိတ်ပျက်စွာ ပြန်လာခဲ့သည်။
ပုရွက်ဆိတ်ကို ငါဘယ်လို ကယ်ရပါ့—
အား:— အကြံရပြီ
အင်းကျိုယ့်အကြံ ဥာဏ် နဲ့ ကျိုယ့်အားကျိုယ် ကိုးမှဘဲ—
ကျေးဇူး ပါဘဲဗျာ—
သို့ဖြင့် မြက်များကို မိမိဖာသာ ဖြတ်ယူပြီး ကြိုးကျစ်လေတော့၏။
ထိုကြိုးကို ပုရွက်ဆိတ်ထံ ပစ်ပေးပြီး ကယ် ဆယ်လိုက်လေသတည်း။

# သစ်သီးပိုး အဘယ်ပုံ ပေါက်ဖွားသနည်း



ပိုးကျနေသော သစ်သီးများကို ခွဲကြည့်ပါက အထဲတွင်ဖောက်စားနေသော လောက်ကောင် ကလေးများကို တွေ့ရမည်ဖြစ်သည်။ ထိုလောက်ကောင်ကလေးများသည် သစ်သီးကြွေကျသည်အထိ သစ်သီးထဲတွင် နေထိုင်လေသည်။

ရှေးဦးစွာ လိပ်ပြာ၊ ဖလံ စသော ပိုးမွှားများသည် သစ်သီးများနု၍ စိမ်းနေစဉ် လာနားပြီး သစ်သီးတွင် အပေါက်များဖောက်ကာ ဥ အုထားခဲ့ကြသည်။ ရက်အတန်ကြာ သော အ ခါ ဥ များ မှ လောက် ကောင် က လေး များ ပေါက်ဖွား လာတော့သည်။ ထို လောက် ကောင် ကလေး များ သည် သစ်သီးထဲတွင် နေထိုင်လျက် သစ်သီးကို စားသုံးကာ ကြီးထွားလာကြသည်။ သစ်သီးများ မြေသို့ကြွေကျသောအခါ လောက်ကောင်ကလေးများသည် အပြင်ဖက်သို့ ထွက်ခဲ့ကြပြီး တနေရာတွင် တွယ်ကပ်လျက် အခွံမာအိမ်များဆောက်၍ အလုံပိတ်နေကြသည်။

နောင်နှစ် နွေဦးသို့ ရောက်သောအခါ လောက်ကောင်ဘဝမှ အင်္ဂါစုံ ပိုးမွှားဘဝသို့ ကူးပြောင်းကာ အခွံမာအိမ်ကို ဖောက်ထွက်ပြီးပျံသွားကြလေသည်။

ကြယ်မြူ





## စားပွဲတင် အရုပ် လုပ်ကြရအောင်

ဝိုင်ယာကြိုး ခပ်မာမာကို အဆင့် ၁၊၂၊၃၊၄ အတိုင်း ပြုလုပ်ပြီး နောက်၊ အဆင့် ၅ မှာကဲ့သို့ အဝတ်စများဖြင့် ရစ်ပတ်၍ စားပွဲတင် ကုလားအုပ် ရုပ်ကလေး ပြုလုပ်ပါ။ ဤနည်း အတိုင်း အခြားအရုပ်များလည်း ပြုလုပ်နိုင်ပါသည်။

# အသိ တရား

မောင်သက်ပိုင်
(မြင်းခြံ)



ဖိုးနီတို့ လေးတန်း တက်ရသည်မှာ နှစ်လကျော်သွားပြီ။ သို့သော် ဂဏန်းစာအုပ်မရသေးပေ။ အတန်းပိုင်ဆရာက ပုစ္ဆာများပါ ပေး၍ တွက်ခိုင်းသော်လည်း သင်္ချာ၌ အထူးဝါသနာပါ၍ ဂုဏ်ထူးရလိုသော ဖိုးနီအဖို့ အားမရလှပေ။

ဖိုးနီ ကျောင်းရောက်ချိန်၌ သူငယ်ချင်း ရွှေဘော်တို့၊ စိုးမြင့်အောင်တို့ မရောက်သေးချေ။ "ဒီကောင်တွေ ဒီနေ့ ဘာလို့ နောက်ကျနေပါလိမ့်"ဟု တွေးနေစဉ် စာအုပ်အသစ်ကလေးများ ကိုင်၍ မြို့ထဲမှ ပြန်လာသော ရွှေဘော်နှင့် စိုးမြင့်အောင်တို့ နှစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟေ့ ဖိုးနီ၊ ဒို့ သင်္ချာစာအုပ် ရခဲ့ပြီကွ"

စိုးမြင့်အောင်က ခပ်ကြွားကြွား ပြောလိုက်ရာ၊ ဖိုးနီက –

"ဟင် – ဝယ်လို့ရလား။ ကျောင်းတက်ချိန်တောင် နီးနေပြီ၊ အိမ်ပြန်လို့ မဖြစ်တော့ဘူး။ ထမင်းစားကျောင်းဆင်းယင် ဝယ်မှဘဲ"

"ဖိုးနီရေ ဝယ်မနေနဲ့တော့၊ စာအုပ်က ကုန်သွားပြီ။ ငါနဲ့သာ အတူ တူကြည့်တော့။ အောင်နိုင်ဦး တို့တောင် နဲနဲနောက်ကျလို့ မရခဲ့ဘူး"

ရွှေဘော်က ပြောလိုက်သဖြင့် ပိုစိတ်ရှုပ်သွားသည်။ လိုချင်ခါမှ မရလေခြင်းဟု ဒေါသဖြစ်မိသည်။ သို့ဖြင့် ညနေကျောင်းဆင်းချိန်တွင် ရွှေဘော်အလစ်၌ သင်္ချာစာအုပ်ကို ခိုးယူထားလိုက်သည်။ သူ့အဖေမြို့ထဲသွားရင်း ဝယ် လာ ခဲ့ သည်ဟု နောက်နေ့၌ ညာပြောရန်လည်း တဆက်တည်း စိတ် ကူး ထားလိုက်သည်။

ဖိုးနီမှာ မလုပ်ဘူးသော အလုပ်ကို လုပ်လာခဲ့မိသဖြင့် စိတ်ထဲ၌ လှုပ်ရှားနေသည်။ ထမင်းလည်း ကောင်းကောင်း စား၍ မရ၊ စာလည်း ကျက်မရ ဖြစ်နေသည်။ ညအိပ်ရာဝင်ပြန်လည်း တော်တော်နှင့် အိပ်၍မပျော်ပေ။ သူ့အပေါ် အစစအရာရာ ညှာတာထောက်ထားသည့် သူငယ်ချင်း ရွှေဘော်၏ မျက်နှာကိုသာ မြင်ယောင်နေသည်။

နံနက်စောစော၌ "လိုက်ဟ" "ဖမ်းဟ" ဟူသော ဆူဆူညံညံ အသံများ ကြောင့် ဖိုးနီ တယောက် အိပ်ရာမှ လန့်နိုးလာသည်။ ခပ်ပိန်ပိန် မွဲခြောက်ခြောက် လူတယောက်ကို လူတစုက ဝိုင်းဝန်း ထိုးကြိတ်နေသည်ကို လှမ်းမြင်ရသည်။ သနား စဘွယ် ဒူးတုတ်၍ တောင်းပန်နေသည့်ကြားမှ လူတယောက်က တုတ်ဖြင့် ခေါင်းကို လှမ်းရိုက်လိုက်သည်ကို မြင်ရသဖြင့် မျက်စိကိုမှိတ်ထားလိုက်မိသည်၊ အနီးတွင်ရှိသော အဖေက –

"အဲဒါ သူများပစ္စည်း ခိုးယူချင်လို့ ရရှိတဲ့ ဆုလပ်ပေါ့ သားရဲ့။ သူများရဲ့ ပစ္စည်းအဖိုးတန်ကလေးတွေ၊ လှလှပပကလေး

တွေကို လိုချင်တပ်မက်စိတ် သိပ် မကြီးရဘူး။ မမက်မောလွန်းရဘူး။ စိတ်ကို ချိုးနှိမ်ထားရတယ်။ အဲဒီစိတ်ကို မနိုင်ယင် ငယ်ငယ်ကတော့ ခဲတံ၊ ဖောင်တိန်၊ စာအုပ်ကလေးတွေက စပြီး မသိအောင်ယူလာ။ ကြီးလာတော့ အခုလို အိမ်တွေကို ဖောက်ထွင်း ခိုးယူတဲ့အထိ ဖြစ်သွားနိုင်တယ်"

သူ့အဖေ၏ စကားသည် သူ့ကို သွယ်ဝိုက်၍ပြောဆိုနေသကဲ့သို့ဖြစ်နေတော့သည်။ထိုစကားများကြောင့်ပင် သူသည် သူ့အမှားကို နားလည် လာပြီး ဆုံးဖြတ်ချက်တခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။

ကျောင်းသို့ ရောက်လျှင် ဖိုးနီသည် ရွှေဘော်ကို ကျောင်းခန်းအပြင်သို့ လက်တို့၍ ခေါ်ခဲ့သည်။

"ဘာလဲဟေ့ ဖိုးနီ"

"ငါ မင်းကို တောင်းပန်စရာ ရှိလို့ပါ။ စိတ်မဆိုးနဲ့နော်။ ပြီးတော့လဲ ဒီအကြောင်းကို ဘယ်သူ့မှ မပြောပါနဲ့ကွာ"

"အေးပါ၊ ငါဘယ်သူ့မှ မပြောပါဘူး"

ထိုအခါမှ ဖိုးနီသည် သူ့လွယ်အိတ်ထဲမှသချာစာအုပ်ကို ထုတ်၍ ရွှေဘော်အား လှမ်းပေးရင်း —

"ငါလေ သချာကို ဂုဏ်ထူးရချင်လွန်းလို့ မင်းစာအုပ်ကို အလစ်ယူသွားမိတယ်ကွာ။ ဒါပေမဲ့ အဲဒါယူလာမိလို့ ညက တညလုံး အိပ်လို့မရဘူး။စာလဲကျက်လို့ မရဘူး။ ဒါကြောင့် ငါမှားမှန်းသိလို့ အခု ပြန်ပေးတာ။ စိတ်မဆိုးနဲ့နော် သူငယ်ချင်း"

"ဟင် – ငါ့စာအုပ် မင်းယူသွားတာကိုး။ ငါလဲ စာအုပ်ပျောက်မှန်း အိမ်ရောက်မှသိလို့ ဆရာ့ကိုတောင် ဒီနေ့ မနက် တိုင်မလို့ နဲနဲ လိုတော့တယ်။ အေးကွာ– မင်းစိတ်ပြင်နိုင်တာ ကောင်း ပါ တယ်။ ဒို့အဖေက သူများ ပစ္စည်းဆိုယင် အလကားယူဘို့မပြောနဲ့ စေတနာနဲ့ မုံ့ကျွေးတာတောင် အများကြီး မစားရဘူးလို့ ဆုံးမ ထားတယ်ကွ"

"အေးကွာ၊ ငါ နောက် မမိုက်တော့ပါဘူး"

"ဝမ်း သာ ပါတယ်ကွာ။ မနေ့ကဘဲ ဒို့ဆီမှာ သချာစာအုပ် မရှိဘူးဆိုလို့ မြင်းခြံက ဒို့ဦးလေးချစ်က စာအုပ်တအုပ် ပို့လိုက်တယ်။ ငါ့မှာ တအုပ်ပိုနေလို့ ဒီစာအုပ်ကို မင်းယူတော့"

ရွှေဘော်သည် ပြောပြောဆိုဆို ဖိုးနီပြန်ပေးသောစာအုပ်ကို ဖိုးနီအား ပြန်ပေးလိုက်သည်။ ဖိုးနီသည် ဝမ်းသာဝမ်းနည်းဖြစ်ကာ ရွှေဘော်အား ဖက်ထားပြီး၊ မျက်ရည်များပင် ကျမိသည်။ မည်သည့်အခါမျှ သူငယ်ချင်းများအပေါ် မပြစ်မှားမိရန်နှင့် သူတပါးပစ္စည်းကို မခိုးရန်လည်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

## နွေဦးသင်ခန်းစာ

လေရူးလေပွေ ဆော်ကာသွေး၊
ဥသြဆိုပေါ့ နွေကြိုတေး။

အမေ့သားလေး ရွှေသွေးငယ်၊
နွေကိုကြည့်စမ်းကွယ်။

လေဝယ်လွင့်ပါး ရွက်ဝါများ၊
အားအင်ခန်း၍ ထင်ရာသွား။

မြသားအဆင်း ရွက်သစ်တွေ၊
အားသစ်ရှန်းလို့ ပင်တိုင်းဝေ။

ဖြစ်စေချင်တယ် အမေ့သား၊
ရွက်သစ်ပုံအလား။ ။

တောသားလေး ဖိုးသာအောင်
(ဆားလင်း)



R. 517



# ဘီလူး

ဘီလူးဆိုသည်မှာ မြန်မာတို့၏ စာပေကျမ်းဂန်များ၊ ဒဏ္ဍာရီပုံပြင်ဝတ္ထုများတွင် ဖော်ပြပါရှိသော သက်ရှိသတ္တဝါတမျိုး ဖြစ်ပေသည်။ ယင်းဘီလူးကား ရုပ်ဆင်း သွင်သဏ္ဍာန်ဆိုးဝါး၏။ ရက်စက်ကြမ်းကြုတ်၏။ သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်ကာ အသားအသွေးကိုစားသောက်လေ့ရှိ၏။

တော၊ တောင်၊ သစ်ပင်၊ အဆောက်အအုံစသည်တို့၌ နေထိုင်သော မြေဘီလူးနှင့် သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်စသည်တို့၌ နေထိုင်သော ရေဘီလူးဟူ၍ နှစ်မျိုးရှိသည်။ အချို့ဘီလူးတို့သည် လက်နက် ကိုင်ဆောင်တတ်၍ အချို့မှာ လက်နက် ကိုင်ဆောင်ခြင်း မရှိဟု ဆိုသည်။ အချို့ဘီလူးတို့မှာ ရုပ်ဖျောက်နိုင်ကြသည်ဟုဆို၏။

အချို့ဘီလူးတို့မှာ လူယောင်ဖန်ဆင်း၍ နေကြသော်လည်း လူနှင့်မတူ၊ မျက်စိနီခြင်း၊ မျက်စိမမှိတ်ခြင်း၊ အရိပ်မထွက်ခြင်း၊ မကြောက်ရွံ့ခြင်း၊ မသနားခြင်း ဟူ၍ ထူးခြားသော အရာငါးပါးရှိသည်ဟု စာပေ ကျမ်းဂန်များတွင်ဖော်ပြထား၏။

စာပေ ကျမ်းဂန်များမှ အပဖြစ်သော တကယ့် ဘီလူးကိုမူ လူတို့မမြင်ဘူးကြပေ။ သို့သော်ဇာတ်သဘင်၊ ရုပ်သေး၊ ပန်းချီ၊ ပန်းပုစသည်တို့တွင် ဘီလူးကို မြင်တွေ့ နေကြရသဖြင့် ဘီလူးပုံသွင်မှာ မြန်မာတို့စိတ်တွင် စွဲနေတော့သည်။သိပ္ပံပညာကမူ ဘီလူးအစစ် ရှိသည်ဟု လက်မခံချေ။လူ သာမန်တို့ထက် ကိုယ်လုံး ကိုယ်ထည် အဆမတန်ကြီးမား လှသူများကိုပင် ဘီလူးဟု ယူဆလေသည်။

မုံရွာ ဝင်းဖေ



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ – ၄။ အမှတ် – ၁၅။

# ရွှေသွေး ဂျာနယ်

## အတွင်းအလှ


ဇာတ်လမ်း ကြက်မျှားသက်ကို


ပန်းချီ လှစိန်


၁၃၃၃ ခု၊ တန်ခူးလဆုတ် ၁၀ ရက်(၈–၄–၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။


အကျွန်ုပ်က သူတို့နှစ်ဦးကို ခေါ်ဆောင်လာခဲ့ပြီး သင်တို့နဲ့ မိတ်ဆက်ပေးပါမယ်-
ကောင်းပါပြီ အသင်မြေခွေး
သမင်များက သဘောတူ ကြသဖြင့် -
နောက်တနေ့တွင် မြေခွေးသည် ဆင်ကို ခေါ် ဆောင်လာခဲ့ပြီး မိတ်ဆက် ပေးလေသည်။
သင်တို့အတွက် မိတ်ဆွေပါဘဲ-
သမင်များသည် ဆင်ကို အကဲခပ် ကြည့်ရှုကြပြီး နောက် ယင်းတို့ ပြန်သွားသောအခါ ....
ဆင်ဆိုတဲ့အကောင်ကြီး ဟာကြီးသာကြီးတယ် မလှပါဘူး
အမြီးကလဲ တိုတိုလေး
မျက်လုံးတွေကလဲ သေးသေးလေး
နားရွက်တွေကပြန့်ပြန့်ကြီး နှာခေါင်းကလဲရှည်လိုက်တာ
ခြေထောက်ကြီးတွေက တုတ်တုတ်တောင့်တောင့်ကြီး တွေနဲ့ ပုံမကျဘူး
ဆင်ကြီးကို အမျိုးမျိုး ကဲ့ရဲ့ပြော ဆို ကြလေသည်။
နောက်တနေ့ မြေခွေးသည် ကျားကို ခေါ် ဆောင်လာခဲ့ပြီး မိတ်ဆက်ပေးပြန်သည်။
သင်တို့အတွက် မိတ်ဆွေတယောက် ခေါ်ခဲ့ပြန်ပြီ
သမင်များသည် ကျားကို အကဲခပ်ကြည့်ရှုကြပြီး ယင်းတို့ ပြန်သွားပြန်သောအခါ –


အများ သဘောတူ ကျားကို မိတ်ဆွေပြုကြ လေသည်။
ကျားသည် ထိုနေ့မှစ၍ သမင်များနှင့်အတူ သွားလာနေထိုင်ပြီး အလစ်တွင် တနေ့လျှင် သမင်တကောင်ကျ သတ်ဖြတ်စားသောက် လေတော့၏။
ရက်ပေါင်းကြာသော် ကျန်ရှိသောသမင်များ သည် သူတို့၏ အမှားကိုသတိရပြီး –
ဟဲ ဟဲ---
စားသောက်ပြီး အကျန် အကြွင်း များကိုမူ တပည့်မြေခွေးအား ပေး လေသည်။
တနေ့သော် မုဆိုး သုံးဦးတို့သည် စမ်းချောင်း အထက်ပိုင်းမှ သမင်အုပ်ကို ဝိုင်းရုံမိ၍ –
သမင်တို့လည်းသေဘေးမှလွတ် ကင်း အောင် မထက်နိုင်ကြ၍ ငိုကြွေး ကြ၏။
ထိုအခါ မမြော်လင့်ပဲ ဆင်ကြီးတကောင် ထွက် လာပြီး မုဆိုး နှစ်ဦးအား ခြေဖြင့်နင်း၍ သတ် လိုက်ရာ –



ကျန်မုဆိုးသည် အဆိပ်လူးမြားဖြင့် ပစ်ခတ်ထွက်ပြေးလေ၏။
ဟာ ဆင်ကြီးကို ထိသွားပြီ —
မြားသင့်သော ဆင်ကြီးထံသို့ သမင်များ ရောက်ရှိလာသော် —
ဆင်ကြီးသည် စကား မဆုံးခင်ပင် သေဆုံးသွားလေသည်။
ထိုအခါ —
အပြင်မှာ အလှမရှိပေမယ့် အတွင်းမှာ အလှရှိတဲ့ သတ္တဝါကြီးပါလား
မှတ်ချက် စကားပြောကြပြီး —
ဆင်ကြီးကောင်းရာသို့ ရောက်ပါစေ —
သမင်တို့သည် ဆုတောင်း၍ ဆင်ကြီး၏ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်လိုက်ကြ လေသည်။




ဟေ့ ဇော်ကြီး–ကောက်နေတာ ကြောင်ကြီးလားကွ၊
မင်းကို ငါပြောတဲ့ ခွေးကြီးပေါ့၊ ဒီခွေးကြီး ပေါ့၊
ဟုတ်လား၊ မင်းခွေးကြီးကြည့်ရတာ မဆိုးပါဘူး၊
မင်းဆီမှာ အကူအညီ တောင်းစရာရှိလို့ လာခဲ့တာကွ၊
ငါကကူညီပေးရမှာပါ၊
အဲဒီလိုပေါ့၊ သူ့ကို မသိမှဖြစ်မှာ၊ ဒါကြောင့် မင်းဆီလာတာကွ၊
နေစမ်းပါဦး၊ သူက လူတွေကိုကိုက်သလား၊
အဲဒါက၊ ငါ့သူငယ်ချင်းတွေနဲ့လေ ကျင့်ထားတယ်ပေါ့၊ ပထမတော့ ကိုက်သွားကွ၊ သူနဲ့ ရင်းနှီးသွားတော့ မကိုက်တော့ဘူး၊




ဆက်ရန်




# ကမ္ဘာအစ

မိုးလွင်မြင့်
ကဆွဲ


လူသားတို့ နေထိုင်ရာ ဤကမ္ဘာသည် နေစကြာဝဠာတွင် အပါအဝင်ဖြစ်သော ဂြိုဟ်တလုံး ဖြစ်သည်။ နေစကြာဝဠာတွင် ပါဝင်သည့် အားလုံးသော ဂြိုဟ်တို့သည် လွန်ခဲ့သည့် နှစ်သန်းပေါင်း တသိန်းခန့်က လေထုထဲတွင် ပျံ့လွင့်နေသော မြူမှုန်များသာ ဖြစ်သည်။ ထိုမြူမှုန်တို့သည် တဖြည်းဖြည်း ပေါင်းစုလည်ပတ်ပြီး ကြီးမားရှည်မျောသော ဘဲဥသဏ္ဍာန် ချပ်ပြားကွင်းကြီး ဖြစ်လာသည်။ ထိုကွင်းကြီး၏ အလယ်၌ စကြာဝဠာ တခုလုံးကို အလင်းဆောင်သော နေလုံးဖြစ်လာသည်။ ယင်းကို ရစ်ပတ်နေသော မြူမှုန်တို့မှာ ခေတ်ရွေ့နှင့် အရည်အစိုင်အခဲလုံးကြီးများ ဖြစ်သွားပြီး၊ ကမ္ဘာ၊ အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ် စသည် တို့သည် ထိုအစိုင်အခဲတို့ အေးခဲလာရာမှ ဖြစ်ပေါ်လာခဲ့ရသည်။ ကမ္ဘာဖြစ်လာပုံနှင့်ပတ်သက်၍ အခြားအဆိုများလည်း ရှိသေးသည်။ ဖြစ်ပေါ်စက အရည်ဖြစ်ပြီး အလွန်ပူကာ ယခုလက်ရှိ ကမ္ဘာထက်လည်း ထုထည် ပိုမိုကြီးမားသည်။ ထိုအခြေအနေမှ တဖြည်းဖြည်း အေးခဲ တင်းမာကာ စတင်ရှုံ့လာသည်။ သို့ဖြင့် အပေါ်ယံလွှာ၏ နိမ့်ကျသော အပိုင်းများသည် သမုဒ္ဒရာ ချိုင့်ဝှမ်းကြီးများအဖြစ်





တည်ရှိပြီး မြင့်တက်သော အပိုင်းများသည် တိုက်ကြီးများအဖြစ် တည်ရှိလာခဲ့သည်။

ကမ္ဘာသည် ဘောလုံးပုံသဏ္ဌာန် ရှိသည်။ သို့သော် ဘောလုံးကဲ့သို့ ပိုင်းစက် မနေပေ။ ကမ္ဘာ၏ မြောက်နှင့် တောင်ဖက်ဖျား ဝင်ရိုးစွန်းတို့၌ အနည်းငယ် ပြားနေပြီး အလယ် အီကွေတာ ပတ်လည်၌ ဝမ်းအနည်းငယ် ပူနေသည်။




ကမ္ဘာ့တိုက်ကြီးများသည် ကမ္ဘာဦးအစက ကမ္ဘာဦးတိုက်ကြီး တခုအနေဖြင့် စုရုံးတည်ရှိခဲ့သည်။ ယင်းတိုက်ကြီးသည် အာဖရိကတိုက်ပတ်လည်လောက်တွင် ဗဟိုပြု၍ တည်နေရာမှ တဖြည်းဖြည်း ကွဲထွက် ရွေ့လျားသွားသည်ဟု ယူဆကြသည်။ သမုဒ္ဒရာအောက်ခံပြင်တွင် ကြီးမားသော အက်ကွဲကြောင်းကြီးများကို သိပ္ပံပညာရှင်တို့ တွေ့ရှိခဲ့သည်။ သို့ဖြင့် တိုက်ကြီးများသည် သမုဒ္ဒရာခြားကာ တကွဲတပြား ဖြစ်သွားကြပေသည်။


စစ်သူကြီး
ပညာသီရိကျော်
နှင့်
ပုစ္ဆာခုနစ်ပုဒ်
သရုပ်ဖော်သည်
ရာဇ်လမ်း/ခန့်ထယ်
ပညာသီရိကျော်သည် လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်စုံသော အမတ်စစ်သူကြီး ဖြစ်၏။ တခါသော် ဒိမ်နီးချင်း သုနန္ဒတိုင်းပြည်နှင့် စစ်ဖြစ်ရာဝယ် မမြော်လင့်ပဲ –
အဖမ်းခံရသည်။
မှန်လှပါ…စစ်သူကြီး ပညာသီရိကျော်ကိုလက်ရ.ဖမ်းမိလာကြောင်းပါအရှင်ဘုရား…
ပညာသီရိကျော်…သင်ဟာအလွန်ပညာကြီးတယ်လို့ငါကြားသိရတယ်…ဒါတော့…သင့်ကိုငါပုစ္ဆာခုနစ်ပုဒ်မေးမယ်…။
အဖြေကို ရက်သတ္တ တပတ်အတွင်းပရိသတ်မှိုလ်မှုံအလယ်မှာ ပြန်ကြားဖြေဆိုရမယ်၊ ကောင်းမွန်စွာဖြေဆိုနိုင်ရင် ဆုလပ်များစွာနဲ့ သင့်တိုင်းပြည်ကိုပြန်ပို့မယ်၊ မဖြေနိုင်ရင်တော့ အကျဉ်းချပြီး သင့်အရှက်ကိုခွဲမယ်၊


ပုစ္ဆာများကား အခြားမဟုတ်။ (၁) လူသားတဦး၏တန်ဖိုးသည် မည်မျှထိုက်သနည်း (၂) ဤလောက၌ အပူဆုံးအရာ (၃) အအေးဆုံးအရာ (၄) အပြင်းဆုံးအရာ (၅) အမြင့်ဆုံးအရာ (၆) အမြန်ဆုံးအရာတို့ကား အဘယ်နည်း...။ ဖြိုးတော့...
(၇) ငါ၏မိတ်ဆွေသည်အဘယ် သို့ထင်မြင်နေသနည်း။ ...ယနေ့မှစ၍ ငါ့နိုင်ငံ ထဲမှာ လွတ်လပ်စွာ နေ၍ အဖြေရှာခွင့် ပြုသည်...
ပညာသိဒ္ဓိကျော်သည် မိမိနှင့် ခွဲမရအောင် တူသော လူတယောက်ကို တိတ်တဆိတ် ရှာဖွေငှားရမ်းပြီး မိမိ၏ ဟန်ပန် အမူအရာများကို လေ့ကျင့်စေသည်။
ရော့. ဒီမှာ အဖိုးအခ
ပုစ္ဆာများ ဖြေဆိုရန် ချိန်းဆိုသော နေ့သို့ ရောက်သောအခါ –
ရော့... ဒီဝတ်စုံကိုဝတ်...
အလုံးစုံ မှာကြားစရာ ရှိသည်များကို မှာကြားပြီးနောက် –
ညီလာခံသဘင်ကို မကြောက်နဲ့နော်၊ ရဲရဲဝံ့ဝံ့သာဖြေ...
သို့ဖြင့် –
ကိုင်း... ပညာသိဒ္ဓိကျော်...၊ အဖြေများကိုတခုစီတင်စေဗျား၊


မှန်လှပါ… ပုစ္ဆာ ၁ ၏ အဖြေမှာ လူသားတဦး၏တန်ဖိုးသည် အသိပါလူသား၏ ကံ၊ ဉာဏ်၊ ဝီရိယနှင့် လုပ်အားစွမ်းအင် အလိုက် တန်ဖိုးရှိပါသည်…၊ ကျန်အဖြေများမှာ…
(၂) ဤလောကတွင် အပူဆုံးအရာကား 'လောဘ' ဖြစ်ပါသည် (၃) အအေးဆုံးအရာကား 'မေတ္တာ' ဖြစ်ပါသည်…
(၄) အပြင်းဆုံးအရာကား 'ဒေါသ' ဖြစ်ပါသည်…၊ (၅) အမြင့်ဆုံးအရာကား 'မာန' ဖြစ်ပါသည်… (၆) အမြန်ဆုံးအရာကား 'စိတ်ဆန္ဒ' ဖြစ်ပါသည်၊
(၇) အရှင်မင်းကြီး၏စိတ်တွင် အကျွန်ုပ်အား စစ်ချင်ကြီး ပညာသိဒ္ဓိကျော်ဟု ထင်မြင်နေပါသည်…အမှန်မှာ သာမန်ဆင်းရဲသားတဦး သာဖြစ်ပါသည် အရှင်ဘုရား…
ဖြေကြားမှု ပြီးဆုံးသည်နှင့် တဖြိုင်နက် ပညာသိဒ္ဓိကျော်အစစ်သည် ညီလာခံ ခန်းမသို့ ဝင်ရောက်လာသည်။
ပညာရှိပီသပါပေတယ် ပညာသိဒ္ဓိကျော်----
သုနန္ဒဘုရင်လည်း ကတိအတိုင်း ဆုလာဒ်များစွာနှင့် ချီးမြှောက်ပြီး နေရင်းတိုင်းပြည်သို့ တခမ်းတနား ပြန်လည်ပို့ဆောင် ပေးလေသည်။



ယင်ကောင်သည် ခြင်များကဲ့သို့ ကျွန်ုပ်တို့၏ အရေပြားကို ဖောက်ထွင်း၍ ရောဂါပိုးများကို ကူးစက်ပျံ့နှံ့စေခြင်း မပြုနိုင်ပေ။ သို့သော်ကျွန်ုပ်တို့ စားသောက်သော အစားအစာများပေါ် လာရောက်နားခြင်းဖြင့် ရောဂါပိုးများကို တနေရာမှ တနေရာသို့ သယ်ဆောင် ဖြန့်ဝေတတ်သည်။ ယင်ကောင်သည် အမှိုက်ပုံများ၊ မစင်ပုံများနှင့် ပုပ်သိုးနေသော အသားများအပေါ် ခိုနားစားသောက်သောအခါ ယင်းတို့၏ ပါးစပ်နှင့် ခြေများတွင် ရောဂါပိုးမွှားမျိုးစုံ ကပ်ငြိ

## ယင်ကောင်သည် လူတို့အား မည်ပုံမည်နည်း အန္တရာယ်ပေးနိုင်သနည်း

ပါလာတတ်သည်။ ထို့နောက် လူတို့၏ အစားအစာများအပေါ် ခိုနားစားသောက်ပြန်သောအခါ ပါလာသောရောဂါပိုးမွှားများသည်အစားအစာပေါ်၌ ကျန်ရစ်နေခဲ့သည်၊ ဤရောဂါပိုး ကျနေသော အစားအစာကို လူတို့စားသောက်သောအခါ လူ၏ခန္ဓာကိုယ်ထဲသို့ ရောဂါပိုးများရောက်ရှိသွားလေသည်။ ရံဖန်ရံခါ ယင်များသည် အစားအစာတခုကို အလွန်အကျွံ စားသောက်ထားပြီး ယင်းတို့ ပိုမိုနှစ်သက်သောအစားအစာကို တွေ့ပြန်သောအခါ မူလစားထားသော အစာများကို အန်ထုတ်၍ ဒုတိယ အစာကို စားသောက်တတ်ကြသည်။ ဤနည်းအားဖြင့် ယင်ကောင်သည် ရောဂါပိုးမွှားများကို တနေရာမှ တနေရာသို့ သယ်ဆောင်ပျံ့နှံ့စေသည်။



ပြာနု၊ ဝါ၊ စိမ်း၊ နီ၊ ဆေးရောင်ခြယ်ပါ။

# သင်္ကြန်ကလဲ့စား

နွယ်ဇာမော်



မောင်မွှေးသည် ကျွန်တော်၏ ကျောင်းနေဖက်၊ ကစားဖက် သူငယ်ချင်းဖြစ်သည်။ သို့သော် သူသည် အတော်လူပါးဝသည်။ ကျွန်တော့်ကို သက်သက် ရန်စခဲ့သည်။ အနိုင်ကျင့် စော်ကားခဲ့သည်။

သင်္ကြန် အကြိုရက်က ဖြစ်သည်။

ဆံပင်ညှပ်ရန် သူတို့အိမ်ရှေ့မှ ကျွန်တော် ဖြတ်လျှောက်လာစဉ် မောင်မွှေးသည် ကျွန်တော့်ကို အိုးမဲနှင့် ဆီးသုတ်သည်။ ကျွန်တော်က တောင်းပန်သည်။ မရ။ အိုးမဲနှင့် သုတ်ဖြစ်အောင်သုတ်ခဲ့သည်။ ကျွန်တော့်မှာ ဒေါပွလိုက်သည်ဖြစ်ခြင်း။ ယခုလည်း—

"ဘယ်လိုလဲကွ— အောင်အောင်ရ။မနေ့ကအရသာလေးကို ပြန်ခံချင်သေးလားကွ"

အိမ်ရှေ့မှာ ကျွန်တော်ထိုင်၍ စာဖတ်နေစဉ် သူသည် လမ်းပေါ်မှ နေ၍ ကျွန်တော့်ကို နောက်ပြောင်သွား၏။

ကျွန်တော်သည် စာအုပ်ကို ဖြန်းကနဲ ပိတ်လိုက်သည်။ ဝုန်းကနဲထလိုက်သည်။ သူ့ကို ဒေါသနှင့် လှမ်းကြည့်လိုက်သည်။

သူကမူကျွန်တော့်ကိုသရော်ကြည့်ကြည့်ပြီး သရော် ရယ်ရယ်သည်။ နောက်—

"မနေ့ကလို အိုးမဲ အသုတ်ခံချင်သေးလားဟေ့— အောင်အောင်"

"ငါ့ကို ဒေါသဖြစ်အောင် လာမလုပ်စမ်းနဲ့ကွာ" ဟု ကျွန်တော်က ဒေါသနှင့် အော်ပစ်လိုက်၏။

"အဟား— ဟား— ဒေါသဖြစ်အောင် လုပ်တော့ မင်းက ဘာလုပ် ချင်လို့လဲကွ – ဟင် – အောင်အောင်၊ အလကား ကြက်ချေး၊ အီးဘောသော"

ဒေါသ ထောင်းကနဲထလာပြီး ကျွန်တော်သည် အိမ်ရှေ့သို့ ခုန်သွက်သွက် ပြေးထွက်သွား၏။ သို့သော် သူမရှိတော့။ ထွက်ပြေးသွားပြီ။ ပြေးရင်းမှ အော်သွားသေး၏။

"အောင်အောင် – ကြက်ချေး – အီးဘောသော – လူကြောက်"

ကျွန်တော့်အသားတွေ တဆတ်ဆတ်တုန်လာသည်။ မနေ့က အဖြစ်ကိုလည်း အမှတ်ရလာသည်။အံကြိတ်ပြီး တောက်တချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။

"သိကြသေးတာပေါ့ ငမွှေးရာ.... ငအောင့်အကြောင်း သိကြသေးတာပေါ့"

ကျွန်တော်သူ့ကိုမကျေ။ တသက်မကျေ။ သူ့ကို တခုခုပြန်လုပ်ရမည်။ ကလဲ့စား ပြန်ချေရမည်။ ဘယ်နေ့တွင် ကလဲ့စားချေရမည်နည်း။

သင်္ကြန်အတက်နေ့ကို ကျွန်တော်ရွေးလိုက်သည်။ ဘယ်လို ကလဲ့စား ချေရမည်နည်း။

သူသည် မျောက်ရှုံးအောင် ဆော့သူဖြစ်သည်။ သင်္ကြန် သုံးရက်အတွင်း ကျွန်တော်တို့ အိမ်ရှေ့သို့ တချိန်မဟုတ် တချိန်

တော့ သူလာလိမ့်မည်။ ထိုအခါ ကျွန်တော် အလစ် တွယ်လိုက်မည်။ မှတ်လောက် သားလောက်အောင် ကလဲ့စားချေလိုက်မည်။

× × ×

သင်္ကြန် အတက် နေ့သို့ ရောက်လာပြီ။

အစီအစဉ်အားလုံး အသင့်ဖြစ်နေပြီ။ ကျွန်တော် အကြံအစည်အောင်မြင်ရန် တခုသာ လိုတော့သည်။ မောင်မွေး တယောက် ကျွန်တော့်အကွက်ထဲသို့ ဝင်လာဖို့သာ လိုသည်။

ကျွန်တော် အလွန် ကံကောင်းသည်။ မောင်မွေးသည် ကျွန်တော်တို့လမ်းဖက်သို့ရှေးရှုလျှောက်လာပြီ။ သူလက်ထဲတွင် ရေပုံးတလုံးကို ကိုင်ထားသည်။ ဖြည်းဖြည်း အေးအေးပင် လျှောက်လာသည်။ ကျွန်တော်တို့ ခေါင်းရင်းဖက်ရှိ ရေလောင်းမဏ္ဍပ်သို့ လာဟန်တူသည်။

ကျွန်တော့်အဖို့ အကွက်ဝင်ပြီ။

ကျွန်တော်သည် တံခါးတိုင်တွင်ကွယ်၍ ရပ်နေပြီး အသင့်ပြင်ထားလိုက်၏။ "အကြောင်းသိရမှာပေါ့ကွာ...." ဟု စိတ်ထဲမှလည်း ကြုံးဝါး လိုက်၏။

ကျွန်တော်နှင့် လက်တကမ်းအလိုတွင် သူရောက်နေပြီ။

ကျွန်တော်သည် သူ့ဆီသို့ခပ်သွက်သွက်ပြေးသွားသည်။ သူနှင့်မျက်နှာချင်းဆိုင်ဖြစ်အောင် ပြေးသွားသည်။ သူ့ရှေ့ရောက်သည်နှင့်တပြိုင်နက် ကျွန်တော့်လက်ကို မြှောက်လိုက်ပြီး ခပ်ပြင်းပြင်း ခွက်စောင်းခုတ်လိုက်သည်။ နို့ဆီခွက်သည် အရှိန်ဖြင့် သူ့မျက်နှာ တည့်တည့်သို့ ထိမှန်သွားလေပြီ။

သူ့ထံမှ "အား" ကနဲ အော်သံကို ကြားလိုက်ရသည်။

ကျွန်တော်ကမူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်တော့၏။ ဝမ်းသာစရာ ကောင်းလိုက်ပါဘိ။ သို့သော်....

× × ×

ကျွန်တော်၏ ဝမ်းသာမှုကား ခဏသာဖြစ်ခဲ့၏။ ကျွန်တော်သည် ယခုအခါ နောင်တရနေရပေပြီ။ ဝမ်းနည်း နေရလေပြီ။

အကယ်၍ တစုံတယောက်သည် ကျွန်တော် မောင်အောင်အောင်နှင့် လမ်းတွင် အမှတ်မထင်ဆုံမိငြားအံ့။ မျက်လုံးတဖက်ပျက်နေသော ကျွန်တော့်အရွယ် ကလေးတယောက်ကို ကျွန်တော်နှင့်အတူ တွေ့ရပါလိမ့်မည်။ ထို ကလေးသည် မောင်မွေးပင်ဖြစ်၏။ ထို ကလေး မျက်လုံးပျက်ရခြင်းမှာ ကျွန်တော်၏လက်ချက်ကြောင့် ဖြစ်ပါသည်။

ကလဲ့စား ချေခြင်းသည် ကောင်းကျိုးကိုမပေး၊ ဆိုးကျိုးကိုသာ ပေးတတ် ပေသည်တကား။

## ခါသင်္ကြန်

ပိတောက်တွေ ရွှေရည်လူး၊
နှစ်သစ်ကူးမြူးစရာ။

မလေးမောင် သပြေခက်နဲ့၊
ရေပက်တော့မှာ။

တအိမ်တက် တအိမ်ရှာ၊
မွေးနံ့သာဆွတ်ဖျန်း။

စိန်အိုးစည် မြည်သံလွှမ်းတယ်၊
ဗေထုံထုံဂျမ်း။ ။

ပိတောက်နဲ့ အတာရေ၊
မြန်မာပြေအလှ။

မိဘနဲ့ သဟာဆွေ၊
မာပါစေအမျှ။

တို့ရိုးရာ သင်္ကြန်ပွဲ၊
နွှဲပျော်လိုက်ကြ။ ။

ဝင်းဗိုလ် (မြို့သစ်)



# ယပ်တောင်



R. 517

မြန်မာနိုင်ငံတွင် ယပ်တောင်ကို လူတန်းစားမရွေး အသုံးပြုကြသည်။ ဝါးယပ်တောင်၊ နှီးယပ်တောင်၊ နံ့သာယပ်တောင်၊ ထန်းဖူးယပ်တောင်၊ ပိုးယပ်တောင် စသည်ဖြင့် ယပ်တောင်အမျိုးမျိုး ရှိသည်။

ရှေးခေတ် မြန်မာဘုရင်တို့၏ မင်းမြောက်တန်ဆာ ငါးပါးတွင် သားမြီးယပ် ပါဝင်ပေသည်။ သားမြီးယပ် ဟူသည်မှာ မြင်း၊ နွား စသည့် တိရစ္ဆာန်တို့၏ အမြီးမှ အမွေးဖြင့် ပြုလုပ်ထားသည့် ယပ်တောင်တမျိုးပင် ဖြစ်သည်။ မြန်မာမင်းတို့၏ မင်းခမ်းတော် ပစ္စည်းများတွင်လည်း ယပ်မား၊ ရွှေယပ်စသည့် မင်းသုံးယပ်တောင်များ ပါဝင်လေသည်။ ယပ်မားနှင့် ရွှေယပ်မှာ ရွှေချထားသည့်။ အရိုးရှည် ယပ်တောင်များပင် ဖြစ်သည်။ မှူးမတ်များသည်လည်း အဆောင် အယောင် အဖြစ်ဖြင့် ယပ်များကိုင်ဆောင်ကြရသည်။

ဗုဒ္ဓဘာသာ ရဟန်းတော်တို့၏ ပရိက္ခရာ ၁၂ ပါးတွင် ယပ်တောင်သည် တခုအပါအဝင်ဖြစ်၏။

ပိုး၊ နံ့သာသား စသည်တို့ဖြင့် ပြုလုပ်သော ပိတ်၍ ဖွင့်၍ ရသည့် ခေါက်ယပ်တောင် ကလေးများလည်း ရှိသေးလည်။ ယင်းတို့ကိုမူ အလှအပ သဘောဖြင့် ကိုင်ဆောင်ကြလေသည်။

ယခု ခေတ်တွင် လူ သုံး အ များ ဆုံး မှာ စက္ကူ ယပ်တောင်ပင် ဖြစ်၏။ စက္ကူယပ်တောင် ပြုလုပ်ပုံမှာ အောက်ခံ ဝါးရိုး တံပေါ်တွင် စက္ကူကပ်ခြင်းပင် ဖြစ်သည်။

မိုးရွာ ဝင်းမေ




ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

အတွဲ-၄။ အမှတ်-၁၆။

၁၃၃၃ ခု၊ ကဆုန်လဆန်း ၃ ရက် (၁၅-၄-၇၂)


စနေနေ့တိုင်းထုတ်ဝေသည်။

# ရွှေဝါ စီရင်ချက်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-လှလှ





ဒေါ်ပာယ် - ဖြစ်မှဖြစ်ရလေတယ်၊ ငါ့
ကြေးခြေကျင်း
စွပ်ထားတဲ့
ခြေထောက်မှ
ညှပ်မိရ
သလား၊ ကွယ်၊
... ကျွတ်ကျွတ်
တနေ့သော် ရွှေဝါသည် ဆော့ကစားရင်း ခြေထောက် တချောင်း တခါးညှပ်မိသွား၍ —
ဂလော်
အလို...
ဘာသံ
ပါလိမ့်
နောက်တနေ့ အိမ်ရှင်များ အလုပ်ခွင် သွား နေခိုက် ရွှေဝါအိမ်စောင့်နေစဉ် —
မီးဖိုပေါ်ရှိ ဟင်းအိုးများကြား၌ ကြွက်တကောင် ကို တွေ့သဖြင့် ခုန်အုပ်လိုက်၏။
ထိုစဉ် နံနက်က ထမင်းဟင်းချက်ပြီး မီးကြွင်း မီးကျန်မှ ပတ်တီးကို မီးစွဲသွား၍ အိမ်ထဲ လျှောက်ပြေးသဖြင့် အိမ်ထရံကို မီးကူးပြီး —
အိမ်ပါ မီးလောင်သွားလေ၏။
ရွာသားများက မီးကိုငြိမ်းသတ်ကာ ကြမ်း ပေါက်မှ လွတ်မြောက်လာသော ရွှေဝါလေး ကိုလည်း ဖမ်းယူ ကယ်ဆယ် ထားလိုက် ရသည်။



ညနေဖက် အိမ်ရှင်တို့ အလုပ်မှ ပြန်လာကြသောအခါ အဖြစ်မှန်ကို သိရပြီး –
ဗျာ
မင်းခိုးပေးထားတဲ့ ပတ်တီးကြောင့် မီးလောင်တာ
မင်းပိုင်တဲ့ ခြေထောက်ကြောင့် မီးလောင်တာ
မင်းလျော်ပေးရမယ်
သူငယ်ချင်းသုံးယောက်က ကျန်တယောက်ကို
xxxx xxxx xxx
xxxx xx
xxx xx xx x
xxx
နောက်ဆုံး တရားသူကြီးထံ ရောက်သွားပြီး အဆုံးအဖြတ် ခံယူကြလေရာ....
သင်တို့အိမ် မီးလောင်ရခြင်းအကြောင်းမှာ –
ကျိုးကြောင်ကလေး၏ ၃ ဖက်ရာရရှိသော ခြေထောက်ရှိ ပတ်တီး အဝတ်စုတ်မှစ၍ ဖြစ်ရသည့်အတွက် ထိုခြေထောက်ပိုင်ရှင် ကြေးမှာ ခြေကျိုး ဝတ်ပေးသူမှာ တာဝန်ရှိပေသည် xxx
xxxx
နှစ်ဖက်သော စကားများကို ကြားနာပြီးသော် –
xxxx သို့သော် ကျိုးကြောင်ကလေးသည် ကျိုး ၃ ဖက်ရာရှိသော ခြေထောက် တဖက်တည်းနှင့်သာ လမ်းမလျှောက်နိုင်ချေ ..........ထိုသို့ မလျှောက်နိုင်လျှင် အိမ်ကိုမီးကျူးမည်မဟုတ်..... သို့သော် ကျန်ရှိနေသေးသော လက်နှစ်ဖက်နှင့် ခြေ တ ဖက်တို့က - ခုန်ပေါက် ပြေးသွားရန် သွေးဆောင် ဖျက်ဆီးခြင်း ဖြစ်ပေသည် ။ သို့ဖြစ်၍ ခြေလက်လေး ဖက်လုံးတွင် အပြစ်ရှိပေသည်.....
....ထို့ကြောင့် ခြေလက်ပိုင်ရှင်တို့ အားလုံးက - စုပေါင်း၍ အိုးသစ် - အိမ်သစ် ထူထောင်ကြစေ.....ဟု စီရင်ချက် ချမှတ်လိုက်လေသတည်း။
ဖြိုး





ဟမ်း –


ဗတွေကြီး - ငါ့ခွေးက ငါ့အမိန့်ပေးလိုက်ရင်
တခါထဲ ချန်ကုပ်တာကွ၊
ဗထား - ဒါပေမဲ့ - ငါက သူ့ကို စမ်းသ
လိုက်မှာကွ၊ မင်း အမိန့်ပေးကြည့်
မလိုပါဘူး၊
ဒီလိုဆိုရင်၊ မင်းခွေးကို
စကြည့်လေကွာ -
ဟိုး - ဟိုး - ဟိုး -
ဟား - ဟား - ဟား -
ဟမ်း -
ဟမ်း -
ဗတွေလားကွ၊ မင်းလိုကောင်ကို ဖြစ်တယ်
ချန်မကုပ်ပါဘူး၊
ဗဟ - ဗျော်ကြီး
ကုပ်ပါအုံးကွ၊
ဟမ်း -
ဟင်း - ဘာကုပ်
တာလဲ -
သက်ငြိမ်




# ကမ္ဘာ့အတွင်းပိုင်း

စိုးလွင်မြင့် ကဒု

သိပ္ပံပညာရှင်တို့သည် ကမ္ဘာနှင့် ပတ်သက်၍ အစဉ် စူးစမ်း လေ့လာကြသည်။ ပင်လယ်တွင်းသို့ ငုံ့လျှိုး၍ ပင်လယ်နှင့် ပတ်သက်သမျှတို့ကို လေ့လာသကဲ့သို့ ကမ္ဘာမြေကြီး၏ အတွင်း ပိုင်း၌လည်း မည်သည့်အရာဝတ္ထုများ မည်ကဲ့သို့ ဖွဲ့စည်းတည်ရှိနေကြောင်းကို ရှာဖွေ စူးစမ်းခဲ့ကြသည်။

ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာတွင် အောက်ခံကျောက်တို့ဖြင့် တည်ဆောက်ထားသော မာကျောသည့် အပေါ်လွှာရှိသည်။ ထိုအပေါ်လွှာအတွင်းမှ ပေါက်ကွဲပုံတင်သံနှင့် မြေငလျင်လှိုင်းများကို လေ့လာခြင်းဖြင့် ထိုအလွှာသည် တိုက်ကြီးများ၏အောက်တွင် မိုင် ၂၀ မှ ၃၅ မိုင်အထိ ထူပြီး ပင်လယ် သမုဒ္ဒရာကြမ်းပြင် အောက်တွင် သုံးမိုင်မှ ခုနစ်မိုင်အထိထူကြောင်း သိရှိရသည်။ ထိုအလွှာသည် တောင်တန်းများ၏ အောက်တွင် အထူဆုံးဖြစ်၍ သမုဒ္ဒရာ ချောက်ကြီးများ၏ အောက်တွင် အပါးဆုံးဖြစ်သည်။ ဤအလွှာတွင်အမျိုးမျိုးသော မြေလွှာ၊ ကျောက်စိုင်၊ ကျောက်တုံးများ ပါဝင်သည်။ ကမ္ဘာ့ မျက်နှာပြင်ရှိ ကျောက်သားအမျိုးမျိုးနှင့် မြေလွှာ အမျိုးမျိုးတွင်






အပင်အမျိုးမျိုး ပေါက်ရောက်ရှင်သန်သည်။ ကျောက်သားမှာအတွင်းမှ သယံဇာတ သဘာဝ သတ္တုပစ္စည်းများတူးဖော် ရရှိသည်။

ထိုအပေါ်လွှာ (အကာ) ၏ အောက်၌ သတ္တုရည်ထုရှိပြီး မိုင် ၁,၀၀၀ ခန့် အထု ရှိသည်။ ယင်းသည် အလွန် မာကျောသော ကျောက်လွှာ အထပ်ကြီးဖြစ်သည်။ ကျောက်တို့သည် အစိုင်အခဲအဖြစ်ဖြင့်၎င်း၊ အလွန်ပူသော သတ္တုရည်အဖြစ်ဖြင့်၎င်း တည်ရှိသည်။ ၅,၀၀၀ ဒီဂရီ ဖာရင်ဟိုက်အထိ ပူပြင်းကာ ကမ္ဘာ့မျက်နှာပြင်ရှိ လေထုဖိအားထက် အဆတသောင်းမျှ ဖိအား ပိုသည်။

ထိုအထပ်၏ အောက်တွင် ဗဟို (အပြင်ပိုင်း) ရှိ၍ အထုအားဖြင့် မိုင် ၁,၃၀၀ မျှ ဖြစ်သည်။ နစ်ကယ်နှင့် သံတို့ပါရှိသော ဤအထပ်သည် ကြီးမားသော အပူရှိန်ကြောင့် အရည်ပျော်နေသည်။

ဗဟို(အတွင်းပိုင်း)ကား ထိုအထပ်၏အောက် ကမ္ဘာ့အလယ် ဗဟို အတွင်းအကျဆုံး ဖြစ်သည်။ ယင်းသည် အချင်းမိုင် ၁,၆၀၀ ရှိ၍ နစ်ကယ်၊ သံတို့ဖြင့် အတိပြီးသော အလုံးကြီးတခုဟု ယူဆကြသည်။ တကမ္ဘာလုံး၏ ဖိနှိပ်ခြင်းကို ခံရသဖြင့် ကမ္ဘာ့ မျက်နှာပြင်ရှိ လေထု ဖိအားထက် အဆ လေးသန်းမျှ ဖိအားကြီးမားသည်။ ယင်း၏အပူချိန်မှာ နေမျက်နှာပြင် အပူချိန်နီးပါးမျှရှိမည်ဟု ခန့်မှန်းကြသည်။





ပညာရှိကလေး
တရားသူကြီး
ကာတွန်း
ငါကုန်ရောင်းသွားတုန်း ဒီရွှေဒင်္ဂါးတွေကို လုံခြုံအောင်ဘယ်လို သိမ်းထားရပါမလဲ
တခါက ဦးမလသည် တခြားမြို့သို့ ကုန်ရောင်းသွားရန် စီစဉ်လေသည်။
ရေတကောင်းကို ငါပြန်လာတဲ့အထိ မင်းဆီမှာထားခဲ့မယ်-
ဒီအထဲမှာ သစ်ကြားသီးတွေပါတယ်
ငါ့ကိုဒေါင်ထဲမှာမင်း ကိုယ်တိုင်သွားထားပါ
ဦးသုတအိမ်သွားပြီး –
ထိုနောက် ဦးမလ ခရီးထွက်လေသည်။
ဦးမလ လာအခုထိ ပြန်မလာသေးဘူး
ဒါနဲ့-ကိုသုတရယ် ကျွန်မ သစ်ကြားသီးစားချင်လိုက်တာရှင်
ဦးမလ ခရီးထွက်သွားရာ သုံးနှစ်မျှ ကြာခဲ့လေသည်။
ဟာ- သစ်ကြားသီးအောက်က ရွှေဒင်္ဂါးတွေပါလား၊ ငါ့မိန်းမ မသိအောင် ဖွက်ထားမှဘဲ
သစ်ကြားသီးတွေကနှစ်ကြာပြီး မကောင်းတော့လို့မယူခဲ့တော့ဘူး
သူများပစ္စည်းကို မယူတာကောင်းပါတယ်-ရှင်
ရွှေဒင်္ဂါးတွေယူပြီးဝယ်လာတဲ့ သစ်ကြားသီးတွေကို အပြည့်ထည့်ထားလိုက်မယ်.


ကဲ-ဦးသူတ ကျုပ်ရဲ့ရေတကောင်း ပြန်ယူသွားတော့မယ်
ဟုတ်ကဲ့- ယူသွားပါ
တနေ့တွင် ဦးမလ ပြန်ရောက်လာလေသည်။
ဟင်-ငါ့ရွှေဒင်္ဂါးတွေမရှိတော့ဘူး-
ဦးမလ အိမ်သို့ရောက်လျှင် –
ကျုပ်ထားခဲ့တဲ့ရွှေဒင်္ဂါးတွေကို ခင်ဗျားယူထားတယ် ပြန်ပေးပါ
ကျုပ်မယူဘူး၊ ကျုပ်ကို သူခိုးလို့စွပ်စွဲသလား
ကဲ-တရားသူကြီးဆီသွားပြီး ဆုံးဖြတ်ခိုင်းမယ် ခင်ဗျားလိုက်ခဲ့-
သစ်ကြားသီးများနဲ့ဖုံးပြီး ထားခဲ့တဲ့ရေတကောင်းထဲက ရွှေဒင်္ဂါးတွေကို ဦးသူတ ခိုးယူပါတယ်
တရားသူကြီးထံ ရောက်သော် –
ဦးမလ အပ်ထားစဉ်က သစ်ကြားသီးတွေလို့ပြောပြီး ထားခဲ့ပါတယ်
ကဲ-ဒီအမှုကို မနက်ဖြန်မှ စစ်ဆေးဆုံးဖြတ်မယ်
ဒီအမှုကိုဘယ်လိုဆုံးဖြတ်ရမလဲ-မသိဘူး-
ဟိုမှာကလေးတွေကစားနေတာ အဆန်းဘဲ သွားပြီးနားထောင်ရအောင် ဆရာကြီး-
ထိုနေ့ည တရားသူကြီးသည် တပည့်တဦးနှင့် လမ်းလျှောက်ထွက်လာစဉ်……




သူတို့တရား စီရင်တမ်း ကြားနေ ကြတယ်
အင်း-အဲဒီကလေး ဟာဆိတ်ကျူးဉာဏ် တော်သားဘဲ
မနေ့ညက တို့တွေ့ ခဲ့တဲ့ မောင်ပညာ ကလေးကို သွားခေါ်ခဲ့
ဟုတ်ကဲ့
နောက်တနေ့ နံနက် –
မင်းတို့အမှု အကြောင်း မောင် ပညာကိုငါပြောထားလို့ သူက အဆုံးဖြတ်ပေးလိမ့်မယ်
မောင်ပညာ ရောက်လာပြီး တရား စီရင်လေသည်။
သစ်ကြားသီးဟာ သုံးနှစ် ကြာပေမဲ့ အခုထိလတ် ဆတ်နေတဲ့ ဆန်းတယ် သစ်သီးအကြောင်း နား လည်တဲ့သူကို အမြန် သွားခေါ်ခဲ့ပါ
သစ်ကြားသီး အကြောင်း ပြောစမ်းပါ
သစ်ကြားသီးဟာ တနှစ်ထက်ပို ထားရင် ပိုးကျ ပြီးပျက်စီး ပါတယ်
သစ်သီးကုန်သည် ရောက်လာပြီး –
ဒီရေတကောင်းထဲက သစ်ကြား သီးတွေဟာ ဘယ်တုန်းကလဲ
ဒီနှစ်မှ သီးတဲ့ သစ်ကြားသီးတွေပါ
ဦးသုတ ဟာ ဦးမလရဲ့ ရွှေဒင်္ဂါးတွေခိုးယူ ထားသူဖြစ်တယ်
သစ်ကြားသီးတွေလတ်ဆတ်နေပြီး ၊ အသစ်ပြန်ထည့်ထားမှန်း သိသာတယ်၊ ဖြေရာလက်ရာလဲ ပျက်နေတယ်၊ ဒါကြောင့်ရွှေဒင်္ဂါး တွေကို ဦးသုတခိုးယူတာမှန်တယ်
တယ်ဟုတ်ပါလား
သို့ဖြင့် ဦးသုတသည် ရွှေဒင်္ဂါးများကို ပြန်ပေးလိုက်ရလေသည်။

# ခြင်ထီးနှင့် ခြင်မတွင် မည်သူက လူတို့အား အန္တရာယ်ပေးနိုင်သနည်း



ခြင်ထီးများသည် သစ်ပင်နှင့်အသီးအပွင့်များမှ အရည်များကိုသာ သောက်သုံး၍ ရှင်သန် ကြီးထွားကြသည်။ ထို့ကြောင့် ယင်းတို့သည် လူတို့အား အန္တရာယ် မပြုနိုင်ကြချေ။ သို့သော် အနော်ဖလီ ခြင်မသည် လူတို့အား ငှက်ဖျားရောဂါ ပေးသော တရားခံများ ဖြစ်ကြသည်။ ခြင်မ၏ အစာမှာလူ သို့မဟုတ် တိရစ္ဆာန်တို့၏ သွေးပင်ဖြစ်သည်။ ဤသွေးကိုမရရှိပါက ခြင်မသည် ဥမအုနိုင်တော့ပေ။ ခြင်မသည် ရောဂါရှိသော လူတဦးထံမှ သွေးကိုစုတ်ပြီး အခြား လူကောင်းတဦးထံမှ သွေးကို စုတ်ပြန်သောအခါ လူနာမှ ရောဂါပိုးတို့သည် လူကောင်းထဲသို့ ကူးစက် ပျံ့နှံ့သွားရသည်။ ဤနည်းဖြင့် ခြင်မသည် လူနာများမှ ရောဂါပိုးများကို လူကောင်းများသို့ သယ်ယူပို့ဆောင်ပေးနေကြသည်။ ထို့ကြောင့် အရပ်ဒေသတခုတွင် ရောဂါဖြစ်နေသောလူနာ မရှိပါက ရောဂါကူးစက် ပျံ့နှံ့ခြင်းလည်း မရှိနိုင်ချေ။

တင်လှဦး



## ပုံတူ ဆွဲမလား

သက်ဆိုင်ရာ အကွက်များကို မှတ်သား၍ ရုပ်ပုံများကို ညာဖက်ရှိ ကွက်လပ်၌ ပုံတူ ကူးဆွဲကြည့်ပါ။

# ကျွန်တော်တို့ နာမည်

မောင်ဘာပြည့်



"တောရွာက ပေါ်တာ၊ ရန်ကုန်မှာလေ ဝိလီပေါ်တာ၊ ချက်ပေါ်တဲ့ ဂွက်ထော်ဟာ ရန်ကုန်မှာလေ မာဂရက် ဂွက်ထော်၊ ဆန်းလဲ ဆန်းတဲ့ နာမည်တွေရယ်၊ အဖေ အမေ ကြည့်ပြန်တော့ ဖေဖေသာဂေါင် မေမေမဘုတ်ဆို...."

ကျောင်း ဆင်ဝင် အောက်သို့ ကျွန်တော်တို့ကား ထိုးရပ်လိုက်သည်နှင့် အုပ်စုလိုက် ဖွဲ့ဆိုလိုက်သော အထက်ပါ တေးသံသည် ကျွန်တော့်နားဝယ် ပွက်လောထ သွားပါသည်။ ကျွန်တော့်ညီမလေး မာဂရက်မှာ သီချင်းဆိုသောအုပ်စုကို တချက်စောင်းငဲ့ကြည့်ပြီး "ထွီ" ကနဲ တံတွေးထွေးလိုက်သည်။ ကျွန်တော်ကလည်း မကြေ မချမ်း လှည့်ကြည့်လိုက် ပါသည်။ ပေသီး၊ ကွာစိ၊ ဖိုးဇော်၊ အောင်ကြီး၊ ဘပုတို့သည် ကျွန်တော်တို့ကို လှောင်ပြောင်သော အပြုံးများဖြင့် ပြန်ကြည့် နေကြပါသည်။

"ကိုကို– ဆရာမကို သွားတိုင်ပြောမယ်၊ အဲဒါ ညီမလေးတို့ကို စတာ"

"အေး– သွားတိုင်မယ်၊ ဒီကောင်တွေသိပ်လူပါးဝတာဘဲ"

ကျွန်တော်နှင့် ညီမလေးသည် ဆရာမျာအခန်းသို့သွားပြီး အတန်းပိုင်ဆရာမ ဒေါ်ခင်လှဝေကို တိုင် ပြော လိုက် ပါသည်။ ဆရာမက အတန်းထဲရောက်မှရိုက်မည်ဆိုသဖြင့် ကျွန်တော်နှင့် ညီမလေးမှာ အတော်ရွှင်မြူးသွားပါသည်။ ပေသီးတို့အုပ်စုသည် ကျွန်တော်တို့မောင်နှမ ဤကျောင်းသို့ရောက်သည့်နေ့မှစပြီး အတော် အနှောင့်အရှက်ပေးကြသည်။

ကျောင်း တက် ခေါင်းလောင်းထိုးပြီး မကြာမီ ဆရာမသည် အတန်းထဲသို့ ဝင်လာသည်။ ဆူညံနေသော ကျောင်းသားများ မီးကို ရေနှင့် ဖျန်းလိုက် သ ကဲ့ သို့ ငြိမ် ကျ သွားသည်။ ဆရာမသည် နာမည်စာရင်းကို ခေါ် သည်။ ပြီး မျက်လုံးကိုဝင့်ကာ ပေသီးတို့ အုပ်စုရှိရာသို့ ကြည့်လိုက်သည်။ သည်ကောင်တွေ ကိုတော့ ဆရာမရိုက်တော့မှာဘဲ ဟူသော အတွေးဖြင့် ဆရာမ အရိပ်အခြည်ကို ကျွန်တော် ကြည့်နေသည်။

"ကဲ– ပေသီး၊ ကွာစိ၊ ဖိုးဇော်၊ အောင်ကြီး၊ ဘပုတို့ မတ်တတ်ရပ်ကြစမ်း"

ကျောင်းသား များ သည် ဆရာမ ဘာလုပ်မလို့ ပါလိမ့် ဟူသော စူးစမ်းမှုမျိုးဖြင့် ဆရာမကိုတလှည့် ပေသီးတို့ အုပ်စုကို တလှည့် ကြည့်နေကြပါသည်။

"မင်းတို့ မာဂရက်နဲ့ အော်စကာကို ကျောင်း မတက်ခင် တုန်းက စတယ်ဆို"

ကျွန် တော်တို့ မစ ပါဘူး ဆရာမ၊ ကျွန်တော်တို့ ဖာသာ သီချင်းဆိုတာပါ"

"သူတို့ စတယ် ဆရာမ။ တောရွာက ပေါ်တာ၊ ရန်ကုန်မှာ ဝိလီပေါ်တာ၊ ချက်ပေါ်တဲ့ ဂွက်ထော်ဟာ ရန်ကုန်မှာ မာ

ဂရက်ဂွက်ထော်ဆိုတာ ကျမတို့ကို စတာ....”

ညီမလေး၏ စကားမဆုံးမီ ကျောင်းသား ကျောင်းသူများက ဝါးကနဲ ဝိုင်းရယ် ကြသည်။ ကျွန်တော့် ထိုင်ခုံ နောက်မှ ကျောင်းသားများ၏ “ဘူးရို–ဘိုရူး–အလိုမရှိ” ဟု မတိုး မကျယ်ပြောလိုက်သောစကားကိုလည်း ကြားလိုက်ရသည်။ ကျွန်တော့်မှာ ဒေါသဖြစ်လွန်းသဖြင့် အသားများပင် တုန်လာ ပါသည်။

“ကဲ–မင်းတို့ အဲဒါမာဂရက်နဲ့ အော်စကာကို စတာမဟုတ်လား။ မင်းတို့မှာ အပြစ်ရှိ သလား၊ မရှိဘူးလား”

ပေသီးတို့ အုပ်စုမှာ မလှုပ်မရှက် ရပ်နေတုန်းပင်။ ထိုစဉ်ဘပုက –

“ဆရာမကြိုက်သလို အပြစ်ပေးပါ ဆရာမ၊ ကျွန်တော်တို့ အမှန် အတိုင်း ပြောပါ့မယ်။ ဗမာဖြစ်ရက်သားနဲ့ ဗမာ နာမယ်မမှည့်ဘဲ အင်္ဂလိပ် နာမယ်မှည့်တာကို မုန်းလွန်းလို့ ကျွန်တော်တို့ သူတို့ကို ရွတ်ချတာပါဆရာမ။ ဆရာမကလဲ ဗမာလူမျိုးဟာ ဗမာလိုကျင့်ကြံရမယ်လို့ ပြောဘူး ပါတယ်”

ကျွန်တော်သည် ရှက်လွန်းသဖြင့် မျက်နှာတခုလုံး နီရဲနေပါသည်။ ညီမလေးမာဂရက်နှင့် ရိုစီ၊ ဒက်ဖနီတို့မှာ မျက်ရည်များ ဝဲနေပါသည်။ ဆရာမက ပြုံးနေပါသည်။ ထို့နောက် –

“နောက်ဆို မင်းတို့ သူများ မကြိုက်တာ မစရဘူးကွဲ” ဟု ဆိုကာ စကား အဆုံးသပ်လိုက်ပြီး စာဆက်သင်ပါသည်။ အရှက်ရလိုက်သူများမှာက ကျွန်တော်နှင့် ညီမလေး မာဂရက်၊ ရိုစီ၊ ဒက်ဖနီတို့ဖြစ်ပါသည်။

ကျွန်တော်သည် တညလုံး စဉ်းစား တွေးတောနေရသော ကြောင့် အအိပ် ပျက် သော်လည်း နောက်တနေ့နံနက် အိပ်ရာမှထသောအခါ ကျွန်တော့် စိတ်မှာ လန်းဆန်းပေါ့ပါးနေပါသည်။ ကျွန်တော်၊ ညီမလေး မာဂရက်၊ ရိုစီ၊ ဒက်ဖနီတို့သည် မိဘများကို ပြောပြ ပါသည်။ သဘော တူညီချက် ရသည်မို့ ကျွန်တော်တို့ ပိုလို ပျော်ရွှင်နေပါသည်။ နောက် ကျောင်းတက်တိုင်း ပေသီးတို့ အုပ်စု၏ အနောက်အပြောင်မှ လွတ်ကင်းပြီး ကျောင်းသား ကျောင်းသူများနှင့်တရင်းတနှီး ပျော်ပျော်ပါးပါး စိတ်ချမ်းသာစွာ စာသင်ကြား ရပေ တော့မည်။ အားလုံးက လိုက်လှဲစွာ ကြိုဆိုကြမည် ကိုလည်း ကျွန်တော် မြင်ယောင်နေပါသည်။

အကြောင်းမူ ကျွန်တော့် နာမည် အော်စကာကို မောင်မျိုးချစ်၊ ညီမလေး မာဂရက်ကို ခင်သန္တာဇင်၊ ရိုစီ နာမည်ကို မစပယ်၊ ဒက်ဖနီနာမည်ကို မနှင်းဆီဟု အသီးသီး နာမည်ပြောင်းရန် ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်ပါသတည်း။

# နှစ်သစ်မင်္ဂလာ

ပိတောက်ငုဝါ၊ အလှထူးတဲ့၊
လတန်ခူးကွဲ နှစ်ဦးခါ။

အတာသင်္ကြန်၊ ရေသဘင်နဲ့စို၊
ပျော်ပွဲမြိုမ့်မြိုမ့် မြို့တိုင်းရွာ။

မကောင်းမှုဆို၊
ဘေးအပေါင်းကို၊
ရေစင်လောင်းလို့ ဆေးကြမှာ။

ကောင်းမှုကုသိုလ်၊ သူငါရဖို့၊
လှူဒါနကို ပြုကြကွာ။

ပျော်ပွဲတိုင်းမှာ၊
ကုသိုလ်မမေ့တာ၊
မြန်မာ့ဓလေ့ ထုံးစံပါ။


ဖျန်းပက်ရေစင်၊ ကုသိုလ်ထူးနဲ့၊
နှစ်သစ်ဦးကို ကြိုကြမှာ။

မင်္ဂလာ၊ မင်္ဂလာ။ ။

သလ္လာ–လှသွေး



R. 517



# သန်လျက်

သန်လျက်သည် ရှေးမြန်မာဘုရင်တို့ ကိုင်စွဲသော လက်နက်တမျိုးဖြစ်၏။ မင်းမြောက် တန်ဆာ ငါးပါးတွင် သန်လျက်သည် တပါးအပါအဝင် ဖြစ်ပေသည်။

သန်လျက် နှစ်မျိုး နှစ်စားရှိ၍ အမျိုးအစားခွဲခြားပုံမှာလည်း နှစ်နည်းရှိပေသည်။ ပဌမနည်းမှာ တဖက်သာ အသွားရှိသော သန်လျက်နှင့် နှစ်ဖက်သွားရှိသော သန်လျက်ဟူ၍ အသွားကို မူတည်ကာ ခွဲခြားသည်။ ဒုတိယနည်းမှာ ဦးဖျားအနည်းငယ်ညွတ်သော သန်လျက်နှင့် ဦးဖျားမညွတ်ပဲ အစဉ်အတိုင်း ဦးဖျားသေးသော သန်လျက်ဟူ၍ ဦးဖျားကို မူတည်ကာ ခွဲခြားသည်။ သန်လျက်တို့၏ အသွားအရှည်သည် သုံးဆယ့်သုံးသစ် ရှိရသည်။ သန်လျက်ထည့်သော အိမ်သည် ဓားအိမ်ကဲ့သို့ပင်ဖြစ်၍ အသုံးမပြုပါက သန်လျက်ကို အိမ်တွင်ထည့်ထားရသည်။

သန်လျက်အရိုးကိုမူ ကျောက်သံပတ္တမြားတို့ဖြင့် အလှစီခြယ်ထား လေသည်။

မုံရွာ ဝင်းဓေဗ



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄။ အမှတ်-၁၇။

ရွှေသွေး ဂျာနယ်

# ကိုယ့်အား ကိုယ်ကိုး

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မခင်းမွန်

၁၃၃၄ ခု၊ ကဆုန်လဆန်း ၁၀ ရက် (၂၂-၄-၇၂)




စနေနေ့တိုင်း ထုတ်ဝေသည်။


အလို--ငါဘယ်ရောက်နေပါလိမ့်
မေမေနဲ့ ကိုကိုတို့ကို
လိုက်ရှာအုံးမှဘဲ
ညီဖြစ်တဲ့ ကြက်တူရွေးကတော့ တောစပ်နားမှာ သွားကျသတဲ့။
ဟဲ့ - ချာတိတ် - ဘယ်လဲဒါ တကောင်ထဲပါလား
မေမေနဲ့ ကိုကိုတို့ကို လိုက်ရှာနေတာဗျ
အော် - မင့်လို တကောင်တော့ ဟိုမြို့ထဲက - အိမ်ကြီးမှာ တွေ့ခဲ့လေရဲ့
ကြက်တူရွေး လေးဟာ မိခင်နဲ့ အကိုတို့ကို လိုက်ရှာရင်း ကျီးကန်း တကောင်နဲ့ တွေ့တော့—
ဟာ - အကို - ရှာလိုက်ရတါဗျာ - ကဲလာ - အမေ့ကို လိုက်ရှာရအောင်
ဟာကွဲ - ဒီမှာငါ ဇိမ်ကျနေတာဘဲကွ
ကျီးကန်းညွှန်ရာ လိုက်ရှာတော့ သူ့အကိုကို အိမ်ကြီးတဆောင်မှာ သွားတွေ့တယ်။
ဟယ် - ကြက်တူရွေးလေး တကောင်
ရှော့ခဲ့ - အရွယ်လေးဘဲ
ဒီအချိန်မှာ သူဌေးသမီးကလေး ထွက်လာလို့ ကြောက်လန့်ထွက်ပြေးပြီး……
မင်းက - ဘယ်သူလဲ ငယ်ငယ် - ရွယ်ရွယ်လေး ဘယ်သွားမလို့လဲ
ဒီလိုပါဗျာ--- ×××××××××× အခုတော့ ဘာလုပ်ရမလဲ တောင်မသိဘူး
အော် — ကျွတ်ကျွတ် — ဖြစ်မှဖြစ်ရလေ။ ငါကလဲ သားလေးဆုံး၊ မင်းကလဲ အမေမရှိ၊ ငါနဲ့ လိုက်ခဲ့ပါလား - ဟင်
နားနေတုန်း စာမကြီးတကောင်က—
... အားမငယ်ပါနဲ့ ကွယ်၊ ငါစားသလို စားရမယ်၊ ငါနေသလို နေရမယ်၊ မင်း မပျော်တဲ့ တနေ့ကျတော့ ပြန်ပေါ့။
သား အရင်းလေး လိုသဘောထားပြီး အိမ်ဆောက်လဲ သင်ပေးမယ်။
× × × × × × × ×
စာမကြီးက ခေါ်သွားပြီး သားရင်းတမျှ ပြုစုစောင့်ရှောက်ထားသတဲ့။


ဟုတ်ကဲ့
××× ဒီစာရှာတဲ့အခါမှာ- သစ်ပင်ပေါ်ကနေပြီး မြက်ပင်တွေထဲကိုရိုက်ကြည့်၊ လှုပ်လှုပ်-လှုပ်လှုပ် တွေ့ယင်-အသံမပေးဘဲ တခါထဲ ထိုးဆင်းပြီး ဇယ်ခနဲ သုတ်လိုက်၊ မြန်ရတယ်၊ မျက်စိ ရှင်ရတယ်××××××
အစာရှာနည်းကိုလည်း သင်ပေးတယ်။
တွေ့လား ဒါ-သစ်ခေါင်းလို့ ခေါ်တယ်
ဟုတ်ကဲ့
မင်းတို့သားအမိတွေ ကြုံဘူးတဲ့-လေပြင်း မိုးကြီးများလာယင် ဒီလိုသစ်ခေါင်းများထဲမှာ နေမှ-သက်သာ ရာရတယ်ကွဲ့
ဟုတ်ကဲ့
ခွန်တို့-သိမ်းတို့လို ငှက်ကြီးတွေ တွေ့ယင်-ဒီအပေါက ရှောင်ပေတော့
ဟုတ်ကဲ့
ပုန်းအောင်းနည်းကိုလည်း သင်ပေးတယ်။
××× အကိုရေ-ညီလေးအောက်မေ့လို့-လါခဲ့တယ် -ဒီခု-ညီလေး-အသိုက် ဒီမှာ ဆောက်တယ်ပြီ -- အစာလဲ ရှာတတ်ပြီ--ဘေးရန်လဲရှောင် တတ်ပြီ။ အကိုမြန် လိုက်ခဲ့ပါလား။ ညီလေး ကျည်း မယ်လေ။
ပညာစုံပြီး ကိုယ့်အား ကိုယ်ကိုးနိုင်လာတော့ အကိုထံသွားပြီး.......
ဟားဟား၊ ဟားဟား ----တောသား--- မြို့မှာနေရတာက အပျံစားဘဲဟာ--- ဒီခု-ငါ-လူစကားတောင်ပြောတတ်ပြီ၊ မင့်ကိုယ် မင်းလဲမြန်ကြည့်ပါအုံး---- ရုတ်ဖြတ် ခြောက်ကပ် နေတာဘဲ---- ဒီတော် ပင်ပန်း နေပြီထင်တယ် ဟဲ-ဟဲ
သူများကို-အားကိုး နေရတာ-မကောင်း ပါဘူး
ဘယ်ကကောင်လဲ ဟေ့--- ကော်ကော်
တောသားဘဲ
ရှီ ရှီ
ရုတ်-ရုတ်
ချွန်း ချွန်း
ဒီအချိန်မှာ သာလိကာရော- ကတ္တဝါရော- ခွေးတွေကရော တွေ့သွားလို့....
ဟဲ့ ခွေး ဟဲ့ ရွေး
ငါ့ညီမကွ
ဖ ကြောက် တ ယ် သွား တော့ မယ်


အမယ်လေး သူတို့အိမ်ကလဲ ကြောက်စရာကြီး
ဪ - အကို - အကို - ငါ့ကို မချစ်တော့ဘူး ထင်တယ်
ဟ
အလို
အိမ်ကြီးဘက်က - မီးခိုး တွေ ထလာပါလား - - -
မျှားမကြာမီ တနေရာမှာ နားနေတုန်း—
မရတော့ဘူး
ဟဲ့ - ဟဲ့ ငှက်လှောင်အိမ်တွေ ဖွင့်ပေးလိုက်
အထုပ်တွေ မယူနဲ့တော့
ဖွီး - ဖေါ်လိုက်တာ - ဟောဟဲ - ဟောဟဲ - ပျံလိုက်တာလွန်လို့ - ဟောဟဲ - - - အင်း - ဘာစားမလဲ - ဘယ်သူကျွေးမလဲ - ဘယ်ရှာရမလဲ - ငါကလဲ ဘာမှ မတတ် - ဒုက္ခပါဘဲ
ရွှေခဲဟာ ရောက်မိရောက်ရာ ပျံပြီး မောမော နဲ့ နားပြီး ညည်းတွားမိသတဲ့။
ပျံနေပါနဲ့မျာ - ကျနော်နဲ့သာလိုက် ခဲ့ပါ
ဟင် - ညီလေး
ဒီအချိန်မှာ—
×××× ညီလေးရယ် - အကို - အားကိုးပါရစေ
အကိုမှာပါမြဲကွယ် - ခေါင်တရပါပြီ— ခေါင်ကို - ကိုယ့်အား ကိုယ်ကိုးပါတော့မယ်






ငါလဲ မင်းလိုခွေး တစ်ကောင်မွေးချင်သားကွ၊ ဒါပေမဲ့ ငါ့အမေမေက လက်ခံမှာမဟုတ်ဘူး၊ အိမ်မှာခွေးထားတဲ့ ကြောင်လေးတောင်းမှ တောင်းပန်မွေးရတာကွ၊
ဟိုကသားကြီး၊ ဒီလိုကြည့်နေတယ်ကွ၊ မင်းခွေးအကြောင်း သိအောင်ပြလိုက်ပါလား ဗိုလ်ကြီး၊
လုပ်ပါကွ၊ မင်းခွေးကြီးအစွမ်း သိသွားအောင်ပြလိုက်စမ်းပါ၊
နေစမ်းပါဦးကွာ၊
လုပ်ပါကွ၊ တော်တော်တောင် လွန်သွားပြီ–
ဂျိ–
ဂျိ–
ဟဲ– ကြိုးပြတ်သွားပြီ–
ဖြောက်
ကိုသားကြီးကို မင်းခွေးလိုက်ပြီကွ၊ မြန်မြန်လစ်မှကွ–
ဟဲ့ခွေး–
ဟဲ့ခွေး–


# ကမ္ဘာ့မျက်နှာပြင်


စိုးလွင်မြင့်
ကဆွဲ


ကမ္ဘာ့ အပေါ်လွှာ မြေမျက်နှာပြင်သည် တပြေးညီစွာ ညီညာနေသည် မဟုတ်ပေ။ တောင်ကုန်းတောင်တန်းတို့သည် မြေနိမ့်ချိုင့်ဝှမ်းနှင့် ပင်လယ်ပြင်တို့ထက် မြင့်မားကာ ကမ်းခြေသို့ တဖြည်းဖြည်း နိမ့်ဆင်းသည်။ ပင်လယ်ပြင်၏ အချို့နေရာတို့၌ သမုဒ္ဒရာ ချောက်ကြီးများ အဖြစ် နက်ရှိုင်းသွားသည်။ အချို့သမုဒ္ဒရာ ချောက်တို့၏ အနက်ပေသည် ၃၅,၀၀၀ ပင်ကျော်သည်။ ပင်လယ်ရေတို့ကို ထုတ်နုတ်ပစ်နိုင်မည်ဆိုက ကျွန်ုပ်တို့ မမြင်ခဲ့ဘူးသေးသော သမုဒ္ဒရာ၏ ချောက်ကမ်းပါးကြီးများ၊ လွင်ပြင်များ၊ ချိုင့်ဝှမ်းများ၊ တွင်းကြီးများကို တွေ့မြင်ရပေလိမ့်မည်။


မည်သည့်အတွက်ကြောင့် ကမ္ဘာ့အပေါ်ယံမြေလွှာမညီမညာ ဖြစ်နေရသနည်း၊ မည်သို့မည်ပုံ ကုန်းမြင့်တောင်တန်းကြီးများ မြေနိမ့်လွင်ပြင်များ ဖြစ်လာသနည်း စသည်တို့ကို သိရှိနိုင်ရန် သိပ္ပံပညာရှင်တို့သည် နှစ်ရာပေါင်းများစွာ လေ့လာစူးစမ်းခဲ့ကြသည်။ မြေလွှာကျောက်သားများကို လေ့လာသည်။ မီးတောင်လှုပ်ရှားမှုကို စောင့်ကြည့်သည်။ မြေငလျင်နှင့် အခြား မြေလှုပ်ရှားမှုများကို တိုင်းတာခဲ့ကြသည်။

ကမ္ဘာတခုလုံး၏ အရွယ် ပမာဏနှင့် နှိုင်းစာလျှင် ကမ္ဘာ့အပေါ်လွှာ မြေပြင်သည် အလွန်ပါးလွှာသည်။ အတော်မာကျောသည်ဟု ယူဆရသော်လည်း ကမ္ဘာ့ အတွင်းပိုင်းမှ ကြီးမားသော အင်အားများကြောင့် ထိုကျောက်လွှာသည် အလွယ်တကူပင် ကျိုးပဲ့ကြေပျက်ရသည်။ ပွက်ပွက်ဆူနေသောရေကြောင့် ရေနွေးကရား၏ အဖုံးပွင့်ထွက်သကဲ့သို့ ကမ္ဘာ့အတွင်း ဗဟိုမှ ပူပြင်း ပြင်းထန်သော ဓာတ်ငွေ့တို့၏ နှစ် သန်းပေါင်းများစွာ ရုန်းကန်နေမှုကြောင့်










ကမ္ဘာ့အပေါ်ဆုံး မြေလွှာသည် တဖြည်းဖြည်း တွန့်လိမ်ကွေးကောက် သွားလေသည်။ အက်ကွဲပြတ်လွဲသွားရသည်။ တွန်းထိုးခြင်းခံရသော မြေလွှာနေရာတို့သည် မြင့်တက်၍ တောင်များ ဖြစ်လာပြီး၊ ကျုံ့ကျနိမ့်လျော့သွားသော မြေလွှာနေရာတွင် သမုဒ္ဒရာ ချောက်ကမ်းပါး၊ ချိုင့်ဝှမ်းများ ဖြစ်လာသည်။

ကမ္ဘာ့အတွင်းပိုင်းမှ ရုန်းကန်ထိုးထွက်လာသော ကျောက်ပျော်ရည်နှင့် ပူပြင်းနီရဲသော ပြာတို့သည် ကမ္ဘာ့မျက်နှာပြင်တွင် မီးတောင်ဖြစ်ပေါ်လာစေသည်။

ယနေ့ မြင်တွေ့နေရသော ကမ္ဘာ့မျက်နှာပြင်၏ အနေအထားအတိုင်း ဖြစ်စေရန် နှစ်သန်းပေါင်းများစွာ ကြာမြင့်ခဲ့လေသည်။ မြေမျက်နှာပြင်၏ ရွေ့ရှားမှု၊ ကွေးကောက်မှု၊ အက်ကွဲမှု၊ နိမ့်ကျမှု၊ မြင့်တက်မှုတို့သည် တဖြည်းဖြည်း ချင်းသာ ဖြစ်ခဲ့သည်။ ပုံစံအားဖြင့် ကမ်းခြေတို့၏ အနိမ့်အမြင့် အပြောင်းအလဲမှာ နှစ်တရာလျှင် သုံးပေမျှသာ ဖြစ်သည်။





မြင်းနှစ်ကောင်
မောင်မောင်သက်
တခါက မာရသီ ဘုရင့်ထံသို့ မြင်းကုန်သည် တဦး မြင်းနှစ်ကောင်ကို လာရောက်ရောင်းချလေသည်။
ဘုရင်ကြီးက ခင့်မြင်းနှစ်ကောင်ဝယ်ဘို့ ကျုပ်ကိုတာဝန်ပေးလိုက်ပြီ၊ ကဲ မြင်းဈေးကဘယ်လိုလဲ
မြင်းဈေးက ကြီးပါတယ်
ဟား-ဟား-ဟား မြင်းဈေးက ဘယ်လောက်မို့လဲ
ဒီမြင်းနှစ်ကောင်ဟာ သားအမိဖြစ်ကြလို့ ဘယ်သူက အမေ၊ ဘယ်သူက သမီးဆိုတာဖြေနိုင်ရင် လက်ဆောင်ပေးပါမယ်၊ မဖြေနိုင်ရင် ရွှေစင်တပိဿာ ပေးရမယ်.
ကဲ ဒီအမေးကိုဖြေဘို့ အချိန်ခုနှစ်ရက်ပေးပါ
မြင်းနှစ်ကောင်ဟာ အမေနဲ့သမီး ခွဲခြားမရအောင် သိပ်တူနေတယ်၊ အရွယ်ကလဲ တညီထဲဖြစ်နေတယ်
မြင်းကုန်သည် အမေးကိုမဖြေနိုင်ရင် အမတ်ကြီး ဦးဒေဝတော့ နာမယ်ပျက်တော့မယ်
ဟုတ်တယ်နောက် မင်းဒဏ်လဲ သင့်အုံးမယ်
ဦးဒေဝရဲ့ ပညာဉာဏ်ကို ဒီတခါသိရတော့မယ်
ဦးဒေဝ၏ အဖြေကို လူအများက အလွန်ပင် သိချင်နေကြသည်။
အင်း- မြင်းကုန်သည်အမေးကို ဒီနေ့ အဖြေပေးဘို့ အကြံရပြီ-
ခုနစ်ရက် မြောက်သောနေ့တွင် မိုးကြီး သည်းထန်စွာ ရွာလေသည်။


အမတ်ကြီး အဖြေ ပေးတော့ မှာလား
ဟုတ်တယ်-အခုဘဲ မြင်းကုန်သည်ဆီ သွားပြီး အဖြေ ပေးမလို့-
လူအများ ဦးဒေဝ နောက်သို့ လိုက်ပါ သွားကြလေသည်။
ကဲ-မိတ်ဆွေရဲ့ မြင်းနှစ်ကောင်ကို ယူပြီး ကျုပ်နဲ့ လိုက်ခဲ့ပါ၊ အဖြေ ပေးပါမယ်
မြင်းကုန်သည်နှင့် ဦးဒေဝ တွေ့ကြသော် –
အမေနဲ့သမီးကို အခုဘဲ ခွဲခြား ပြောမယ်.
ရေစီးသန်သော မြစ်ကမ်းပါးသို့ သွားရောက်ကြပြီး –
ဟဲ့-ဟဲ့-ဟဲ့
မြင်းနှစ်ကောင်ကို မြစ်ထဲသို့ အတင်းမောင်းချလိုက်သည်။
မြင်းနှစ်ကောင်လည်း အတူယှဉ်၍ ကူးသွားကြရာ ....
မြစ်အလယ် ရောက်လျှင် ရေစီးသန်ပြီးဝဲများ ရှိနေ၍ မကူးပဲ ရပ်နေကြသည်။



ကဲ - ရှေ့မြင်းက အမေဖြစ်ပြီး
နောက်မြင်းက သမီးပါ
ဘာဖြစ်လို့လဲ
ခဏကြာသော် မြင်းတကောင်က ရှေ့သို့ကျော်တက်ကူးသွားပြီး ကျန်မြင်းက နောက်မှလိုက်ပါ ကူးသွားလေသည်။
အသက်ကြီးတော့ အတွေ့အကြုံ ပိုများတယ် နောက်ပြီး၊ မိခင်တိုင်းရဲ့ စိတ်မှာ ကိုယ်ကသာ ဘေးအန္တရာယ်ကို ရင်ဆိုင်လိုကြတယ်
အမတ်ကြီးဟာ ဉာဏ်ပညာပြည့်ဝပေတယ်
ထိုအချိန်တွင် မြင်းနှစ်ကောင်မှာ တဖက်ကမ်းသို့ ရောက်သွားကြလေသည်။
မြင်းကုန်သည်ရဲ့ အမေးကို ဒီနေ့ပင် ဖြေကြားလို့ ပြီးပါပြီ.
အမတ်ကြီး အဖြေမှန်သလား
နန်းတော်သို့ ပြန်ရောက်ကြသော်......
မှန်ကန်ပါသည်၊ ဒါကြောင့် မြင်းနှစ်ကောင်ကို လက်ဆောင် အဖြစ်သာ လက်ခံတော်မူပါ




ခြများသည် သစ်သား၊ ထင်းရှူးသား စသည်တို့ကို မိမိတို့၏ အစားအစာအဖြစ် စားသုံးကြသည်။ သို့သော် သစ်စများကို ခြ၏ အစာချေအဖွဲ့သည် ချေဖျက်နိုင်ခြင်း မရှိပေ။ သို့ရာတွင် ခြတို့၏ အစာပြွန် လမ်းကြောင်းတွင် ကပ်ရပ်မှီတွယ်နေသော ပရိုတိုဇွာခေါ် အလွန် သေးမွှားသော သက်ရှိ ကောင်ငယ်

## ခြသည် အစာကို ချေဖျက်နိုင်စွမ်း မရှိပဲ မည်ကဲ့သို့ အသက်ရှင် ကြီးထွားနိုင်သနည်း

ကလေးများက ခြကောင်စားလိုက်သော အစားအစာများကို ကူညီချေဖျက်ပေးသည်။ ဤနည်းဖြင့် ခြကောင်သည် အာဟာရဓာတ်ရရှိပြီး ကြီးထွားရှင်သန်ရသည်။ ခြ၏ ထူးခြားချက်မှာ ပုရွက်ဆိတ်များကဲ့သို့ မိမိတို့ ချေဖျက်ပြီးသော အစားအစာများကို ပြန်အန်ထုတ်တတ်ခြင်း ဖြစ်ပေသည်။

တင်လှဦး



# ဖိုးအိနှင့်မိဖြူ

မောင်ဖောင်



"ဟော- ရောက်လာကြပြန်ပြီလား"

ကြောင်ကလေး မောင်ဖိုးအိက ဘဝင်မကျသည့် မျက်နှာထားဖြင့် ကျယ်လောင်စွာ ပြောလိုက်သည်။ နားရွက်ကားကားထောင်ကာ မျက်လုံး အဝိုင်းသားဖြင့် နားထောင်နေသူမှာ ကြောင်ဝင်စားမကလေး မိဖြူ ဖြစ်လေသည်။

"ငါတို့ ထမင်းဆာလို့ပါဟယ်"

မိဖြူက သူနှင့်အတူ ပါလာသော သမီးကလေးကို လှည့်ကြည့်ရင်း ပြန်ပြောလိုက်သည်။ သူတို့ ကြည့်ရသည်မှာ တကယ်ပင် ဝမ်းဟာနေပုံရပေသည်။

"နို - နေပါအုံး၊ နင်တို့သားအမိက ဘယ်ကလဲ။ နင်တို့မှာကော ငါ့လိုနေရမယ့်အိမ် မရှိဘူးလား။ သခင်ကော မရှိဘူးလား။ ထမင်းကော မှန်မှန် မစားကြရဘူးလား"

မောင်ဖိုးအိက ရှည်လျားစွာ မေးလိုက်သည်။

"ငါတို့က ဟိုဖက်ခြံမှာ နေပါတယ်။ ငါတို့က ရွာရိုး မလျှောက်တတ်တော့ နင် သိပ်မြင်ဘူးမှာ မဟုတ်ဘူး။ ခုတလောမှ ဒီဘက်ခြံ ရောက်ဘူးကြတာ"

မောင်ဖိုးအိက မိဖြူပြောသည်ကို ငြိမ်ငြိမ်ကလေး နားထောင်နေသည်။ မိဖြူက ဆက်၍ –

"ငါတို့မှာ သခင်ရှိပါတယ်။ ဒါပေမဲ့ အခု ငါတို့သခင် ဆုံးသွားတာ တလလောက် ရှိပါပြီ။ ငါတို့သခင် အဖွားအိုကြီးက ငါတို့ဆို သိပ်ချစ်တာ။ အခု သူလဲမရှိရော ငါတို့ကို ဂရုစိုက်မဲ့လူ မရှိတော့ဘူး"

"ဒါပေမဲ့ နင်တို့ခြံမှာ လူတွေအများကြီးပါ။ တခါတခါ ကျရင် တခြံလုံးကို ကြွက်ကြွက်ဆူနေတာဘဲ မဟုတ်လား"

မောင်ဖိုးအိက ဂရုစိုက်မည့်သူ မရှိဘူးဟု ပြောသည်ကို အံ့သြစွာ ပြန်မေးလိုက်လေသည်။

"အင်း – ငါပြောယင် နင်ယုံမှာမဟုတ်ဘူး။ လူတွေ ဒါလောက်များပေမဲ့ တယောက်မှ သနားကြင်နာတတ်တဲ့ စိတ်မရှိကြဘူး။ သူတို့က ငါတို့ကို ကြွက်ဖမ်း ခိုင်းဖို့လောက် သာ နားလည်ကြတာ" ဟု မိဖြူက ပြောလေသည်။

"ငါ့ကိုတော့ အိမ်က သိပ်ချစ်ကြတယ်၊ ဂရုလဲစိုက်တယ်၊ ဒါကြောင့် ငါလဲ လျှောက်မလည်တတ်ဘဲ အိမ်မှာ ပျော်နေတာပေါ့"

ဖိုးအိက ပြောလေ၏။

"ငါသိပါတယ် ဖိုးအိရယ်၊ နင်တို့အိမ်ကလူတွေ အကြင်နာရှိတယ်၊ ချစ်တတ်ကြတယ် ဆိုတာ။ မနေ့က ငါလာတုန်းက တောင် နင့်မမတွေက အရိုးနဲ့ ထမင်း ကျွေးလိုက်ကြသေးတယ်"

"ငါကတော့ ငါ့ကို ချစ်ကြတဲ့ အိမ်သားတွေနဲ့ နေရလို့ သိပ်ပျော်တယ်။ နင်တို့လဲ

နင်တို့ကို ချစ်တဲ့အဖွားကို လွမ်းမှာပေါ့နော်”

ဖိုးအိကမဖြူတို့အကြောင်း သဘောပေါက် နားလည်လာသဖြင့် အသံ ချိုလာလေသည်။

“ငါတို့ အဖွားကို သိပ်သတိရတာဘဲ။ သူက ငါတို့ဆို သိပ်ချစ်တာ။ သူသာရှိယင် ငါတို့ ဘယ် ဒီလို နေရလိမ့်မလဲ။ ညဆိုယင်တောင် ငါက အဖွားနဲ့မှ အိပ်တာ”

မိဖြူ က ကွယ် လွန် ပြီ ဖြစ်သော သူ့သခင် အဖွားအိုကို လွမ်းဆွတ်သတိရစွာ ပြောလိုက်လေသည်။

“နင် ပြော လို့ ငါ သတိရတုန်း ပြောရအုံးမယ်။ တချို့လူတွေက မချစ်တတ်ရုံ မချစ်တတ်ကြတာ။ တချို့ကြတော့ မချစ်တတ်ရုံတင် မကဘူး၊ ရက်လဲ ရက်စက်တတ်ကြတယ်”

မောင်ဖိုးအိက စကားပြောရင်း မျက်နှာကလေး ညှိုးလာလေသည်။ မိဖြူကလည်း ငြိမ်ဆိမ်စွာပင် နားထောင်နေ၏။

“ငါ့အဖေက အဲဒီ ရက်စက်တတ်တဲ့သူတွေနဲ့ တွေ့သွားတာပေါ့။ ငါတို့ ငယ်ငယ်တုန်းကပါ။ အခုတော့ သူတို့မရှိကြတော့ပါဘူး။ သူတို့ဆိုတာ ငါတို့ အိမ်နောက်ဖက်မှာ နေတဲ့ လူကြီးနဲ့ သူ့မိန်းမကြီးပါ။ သူတို့က သိပ်ဆိုးတယ်။ အရက်လဲသောက်တယ်။ သူတို့ မရှိတော့လို့ အခု ဒီနားတဝိုက်က ကြောင်တွေ ချမ်းသာရာ ရနေတာပေါ့။ အဲဒီ အစားကြူးတဲ့ လူဘီလူးတွေ လက်ချက်နဲ့ ငါ့အဖေရော၊ တခြားကြောင် သုံး လေး ကောင် ပါ ကံဆိုးသွားရရှာတာ”

“အဲဒီလိုလူမျိုးက ကြောက်စရာကောင်းပါတယ်ဖိုးအိရယ်”

“အကြင်နာမရှိတဲ့ သူတိုင်းဟာ ကြောက်စရာ ကောင်းတာဘဲပေါ့နော်။ ငါက တသက်လုံး ချစ်ကြတဲ့ သူတွေနဲ့ နေလာခဲ့ရတော့ သိပ်မသိဘူး”

“အေး ပေါ့ ဖိုး အိ ရယ် – မေတ္တာတရား မရှိတဲ့ နေရာဟာ ဘယ်နေရာမှ မကောင်းပါဘူး။ ငါတို့ ကြောင်တွေတင် မကဘူး၊ ဘယ် သူ ဘဲ ဖြစ်ဖြစ် မေတ္တာကို ခံ ယူ ချင် ကြ တာ ဘဲ မ ဟုတ်လား။ နင် က တော့ ကုသိုလ်ကောင်းပါတယ် ဖိုးအိရယ်”

ထိုသို့ စကားလက်ဆုံကျနေစဉ် တွင် ပင် ထ မင်း စား ချိန် ရောက် လာ သ ဖြင့် ကြောင်ကလေး ဖိုးအိအား သူ့မမက ခေါ်လိုက်သည်။

“ဖိုးအိ–လာခဲ့၊ မိမိမိ–မိမိ”

“ဟော–ကြား လား။ ငါ ထ မင်း စား ချိန် တန်လို့ မမက ခေါ်နေပြီ။ နင် ခုနက ပြောတယ် မဟုတ်လား၊ ငါ့ကုသိုလ်ကံ ကောင်းတယ်လို့။ နင်တို့လဲ ကုသိုလ် ကောင်းလာတော့မှာပါ။ ကြင်နာတတ်တဲ့၊ ချစ်တတ်တဲ့ သူတွေနဲ့ တွေ့ရတာဟာလဲ အင်မတန် ကောင်းတဲ့ ကုသိုလ်ကြီးဘဲ မဟုတ်လား”

# ရွာထိပ်က ညောင်ပင်အို

မုတ်ဆိတ်ဖားဖား အရွယ်အို၊
ရွက်ညို စိမ်းစိုစို။

တေးချင်းဆို မြည်သံရှဲ၊
ညှောင့်ရွက် ရွှေဆွဲလဲ။

ဟိုဝဲသည်ဝဲ လူးလာပျံ၊
ငှက်ကျေး မြူးပျော်ညံ။

ဆူညံဆူညံ ဆော့ကစား၊
ရွာက ကလေးများ။

အပူအားကို လျော့သွားစေ၊
လေညှင်း ခပ်မြေမြေ။

လူတွေလူတွေ လာလို့နား၊
ပွဲတော်လို စည်ကား။

ကစားရအောင် နားရအောင်၊
ဒို့အကျိုးကိုဆောင်။

ညောင်ပင်အို မိုးယံမြင့်၊
စိတ်ဓာတ် မိုးယံမြင့်။

ဒို့လဲ သူ့လိုကျင့်။ ။

မလှိုင်–ကျောက်ဆောင်



K. 51/



# ကိန္နရာ ကိန္နရီ

ကိန္နရာကိန္နရီ ဟူသည်မှာ မြန်မာစာပေ ကျမ်းဂန်များတွင် ဖော်ပြပါရှိသော သတ္တဝါတမျိုး ဖြစ်ပေသည်။ ကိန္နရာသည် အထီး ဖြစ်၍ ကိန္နရီသည် အမဖြစ်၏။ ကိန္နရာကိန္နရီတို့၏ မျက်နှာမှာ လူ၏မျက်နှာဖြစ်ပြီး ခန္ဓာကိုယ်မှာ မြင်း၏ ခန္ဓာကိုယ်ဖြစ်သည်ဟု အချို့ ကျမ်းဂန်များတွင် ဆိုသည်။ အချို့ကလည်း ကိန္နရာကိန္နရီသည် လူ၏မျက်နှာ၊ ငှက်၏ကိုယ်ဖြစ်သည်ဟု ဆိုကြသည်။

ပန်းချီဆရာ၊ ပန်းပုဆရာတို့က ကိန္နရာ ကိန္နရီကို သရုပ်ဖော်ရာတွင်မူ လူမျက်နှာ၊ ငှက်ခန္ဓာကိုယ်ဖြင့်သာ သရုပ်ဖော်ကြသည်။

ကိန္နရာကိန္နရီတို့သည် ငှက်ကဲ့သို့ လေတွင် ပျံသန်းနိုင်သည်။ တင့်တယ်သော ရုပ်အဆင်း ရှိသည်။ လူကို ကြောက်တတ်သည်ဟု ဆိုကြသည်။



ကိန္နရာကိန္နရီတို့သည် လူတို့ကဲ့သို့ မဖျားမနာ၊ နှစ်ပေါင်း များစွာ အသက်ရှင် နေနိုင်ကြသည် ဟူ၍လည်း ဆိုကြသည်။

ကိန္နရာကိန္နရီ တကယ်ရှိ မရှိကို မည်သူမျှ အတတ် မပြောနိုင်ကြပေ။

မြန်မာ လူမျိုးတို့သည် ကိန္နရာ ကိန္နရီ ရုပ်များကို ပန်းချီဆွဲ၍၎င်း၊ ပန်းပုထုလုပ်၍၎င်း အလှအပထား လေ့ရှိကြသည်။

မုံရွာ ဝင်းဖေ

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄။ အမှတ်-၁၀။


# ရွှေသွေး ဂျာနယ်

ကမ္ဘာ့အလုပ်သမားနေ့
မေလ-၁-ရက်

## ၁၃၀၀-ပြည့် အရေးတော်ပုံ

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ငွေမောင်

၁၃၃၄ ခု၊ ကဆုန်လဆုတ် ၂ ရက် (၂၉-၄-၇၂)




၁၃၀၀ ပြည့်၊ နတ်တော်လဆန်း ၅ ရက် (၂၆–၁၁–၃၈) နေ့တွင် ချောက်မြို့ ရေနံမြေသပိတ်မှောက် တပ်သားတို့သည် လူထုအစည်းအဝေးကြီး ကျင်းပပြီး–


စနေနေ့တိုင်း ထုတ်ဝေသည်။




ချီတက်ရေးတာဝန်ခံ အာဋ္ဌာဝက သခင်ဘိုးလှကြီးနှင့် ဦးစီးအဖွဲ့ဝင်များက ၇ နာရီအချိန်တွင် အချက်ပြလိုက်ရာ အောင်စည်သံ၊ ကြေးမောင်းသံ၊ အဓိဋ္ဌာန်ပြုသံများ လျှံတက်လာပြီး—




ယောကျ်ားအလုပ်သမားများသာမက အမျိုးသမီးများ၊ သံဃာတော်များပါပါဝင်သော




သပိတ်တပ်ကြီးသည် မောရပန်းရမှန်းမသိပဲ ချီတက်ခဲ့ရာ—





ဒီဇင်ဘာလ ၄ ရက်နေ့တွင် မကွေးမြို့သို့ ရောက်ပြီး စခန်းချကြလေသည်။



ထိုင်နေကြ
ခေါင်းငုံ့ထား
ထိုအခိုက် နယ်ချဲ့လက်ပါးစေများရောက်လာ
ပြီး ခေါင်းဆောင်များကို ဖမ်းသွားလေသည်။
×××× မစားဘူး - မစားဘူး -
သေချင်သေပေ့စေ
မတရားဖမ်းဆီး ခံရတဲ့ - ငါတို့
ခေါင်းဆောင်တွေကိုလွှတ်မှ
×××× ××
ထိုညတွင် ကျန်ရှိသော သပိတ်တပ်သားများ
က အစာမစားဘဲ ဆန္ဒပြကြသည်။
သို့သော် ချိတက်ရန် အရေး
ရှိသေးသဖြင့် ရန်ကုန်
တို့ဗမာ အစည်းအရုံးနှင့်
ဆက်သွယ်ရာ—
ရဲဘော်တို့ - အစာငတ်ခံ - ဆန္ဒ
ပြတာကို ခေတ္တရပ်ထားပါ ....
ကျုပ်တို့ ဆက်လက်ချီတက်
နိုင်မှ - ခေါင်းဆောင်များက ပေး
ထားတဲ့ ဝတ္တရားကျေ
ရာကျမယ် - ကျုပ်
တို့ - သခင်တွေပါ
သေအတူ - ရှင်
မကွဲ - အကျချီ
တက်မယ် - အားခဲ
ကြပါ ... အရေးတော်ပုံ -
အောင်ရမည် ...
တို့ဗမာ အစည်းအရုံးမှ
ခေါင်းဆောင်များ လိုက်
လာပြီး ဟောပြောကြ၏။
မင်းတို့ကိုဖမ်းတယ်
ဖမ်းချင်
ဖမ်း —
ဝရမ်းစာ
ပါရဲ့လား
ပြီးလျှင်ပြီးချင်း ပုလိပ်များလာ
ရောက် ဖမ်းသွားလေသည်။
ရုပ်လိုက်
နောက်နေ့တွင် သပိတ်တပ်
ကြီး၏ ထွက်ပေါက်လမ်းကို
မြို့အုပ်နှင့် မြင်းစီးပုလိပ်များ
က ပိတ်ဆို့ထားကြသည်။
အားပိုး
အားပိုး
အားပိုး
အား
အား
အား
အမလေး
သေပါပြီတော
တပ်သားများက အတင်းတိုးထွက်ကြသောအခါ မြင်းတပ်
အကူအညီ ထပ်ရောက်လာပြီး သွေးမြေ ကျသည်အထိ—


ထိုအခိုက် ထောင်တွင်းမှ အကျဉ်းသားများ ထကြွကြ၍ မြင်းစီးပုလိပ်များ ပြန်လိုက်သွားရသဖြင့်—
အရေးတော်ပုံ အောင်ရမည်
အောင်ရရမည်
သပိတ်တပ်သားများမှာ မြို့ပြင်သို့ ထွက်လာနိုင်ခဲ့ကြသည်။
သို့သော် စစ်ပုလိပ်များက အလျှော့မပေးပဲ ခေါင်းဆောင်ဟု ထင်ရသော လူ ၅၀ ကျော်ကို ဖမ်းလိုက်ပြန်သေးသည်။
ဝေး ပေါ့ပေါ့ ခေါင်းဆောင်ကြီးတွေ ပြန်လာပြီ......
အာဏာဝါဒ သခင်ဆိုး လူကြီး ကျနိုးမာပါစေ၊
ခေါင်းဆောင်ကြီးများ ကျနိုးမာပါစေ
ဆက်လက်ချီတက်စဉ် မကွေးထောင်မှ လွတ်လာသော ခေါင်းဆောင်များ လိုက်မီလာကြသည်။
ပဲခူးနယ် လယ်သမားတပ်
ဝေါနယ် လယ်သမားတပ်
သထုံနယ် လယ်သမားတပ်
ရန်ကုန်မြို့နှင့် နီးလာသောအခါ အခြားနယ်များမှ ချီတက်လာသော လယ်သမားတပ်ကြီးနှင့် ပေါင်းဆုံမိလေသည်။
ရေနံမြေသပိတ်တပ်
(၈-၁-၃၉) ညနေ ၅ နာရီတွင် သပိတ်တပ်ကြီးသည် ရွှေတိဂုံစေတီတော် ခြေရင်းသို့ အောင်မြင်စွာ ဆိုက်ရောက်လာသည်။
ဤကား နယ်ချဲ့ အင်္ဂလိပ်အစိုးရကို ချောက်ချားစေနိုင်ခဲ့သော အလုပ်သမား တိုက်ပွဲကြီးပင် ဖြစ်သည်။ ဤတိုက်ပွဲသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တဖက်တလမ်းမှ ထောက်ကူခဲ့ပါသတည်း။
ပြီး


မြန်မြန်လာဟေ့ - ဒီခြံထဲ
ဝင်ပုန်းကြရအောင်


ကောင်လေးတွေ ဟုတ်လား၊ ဒီအိမ်မှာ ကောင်လေးတွေ ဆိုလို့ တကောင်တလေမှ မရှိပါဘူးရှင်၊
ခင်ဗျားကသာ မရှိဘူးပြောတယ်၊ ဒီခြံထဲကို သူတို့ဝင်ပြေးသွားတာ ကျုပ်မျက်မြင် သိလိုက်တယ်ဗျ၊ ဒီမှာကြည့်ပါလား၊ သူတို့ခွေး လိုက်ကိုက်တာ၊
အို - ဟုတ်ပါ့ - ကျွတ် ကျွတ် -
ကျွန်မပြောတာမယုံရင် အိမ်ထဲဝင်ရှာနိုင်ပါတယ်ရှင်၊ ဒါပေမဲ့ - ကျွန်မတို့ ခြံကာတမှာ အပေါက်တခု ရှိတော့၊ အဲဒီအပေါက်က ထွက်သွားနိုင်ပါတယ်၊
ဒီလိုဆိုရင် လိုက်ရှာမနေပါဘူး၊
ဟေ့ - ကိုသားကြီး ပြန်သွားပြီ၊ တော်ပါသေးရဲ့!
တိုးတိုး ပြောပါကွ၊
သူပြန်ရှာနေတုန်းမှာကွ၊ ခုနေလစ်တုန်း ဒီအပေါက်က ထွက်ကြရအောင် လာဟေ့၊



ဆက်ရန်

# ပင်လယ်နှင့်သမုဒ္ဒရာ


စိုးလှိုင်မြင့်
ကဆွဲ

ကျွန်ုပ်တို့သည် ကုန်းပေါ်၌သာ နေထိုင်ကြသူများဖြစ်သဖြင့် ကမ္ဘာနှင့် ပတ်သက်၍ ပင်လယ်နှင့် သမုဒ္ဒရာအကြောင်းတို့ထက် တိုက်ကြီးများနှင့် ကုန်းမြေများ အကြောင်းကိုသာ ပိုမိုသိရှိကြသည်၊ ပိုမိုဂရုပြုမိကြသည်။ သို့ဖြစ်စေကာမူ ကမ္ဘာ့မြေမျက်နှာပြင်၏ လေးပုံသုံးပုံမှာ ရေပြင်ဖြစ်သော ပင်လယ်နှင့်သမုဒ္ဒရာတို့ ဖြစ်ပေသည်။ ပစိဖိတ်သမုဒ္ဒရာ တခုတည်းပင်လျှင် ကမ္ဘာ့မြေမျက်နှာပြင်တခုလုံးထက် ကျယ်ဝန်းနေပေသည်။ ထိုမြေပြင်တို့သည် ကမ္ဘာ၏ကျွန်းကြီးများပင်ဖြစ်သည်။ အချို့သောကျွန်းများသည် အလွန်ကြီးမားပြီး အချို့မှာ အလွန်သေးငယ်လှသည်။ မြေပြင်ပေါ်၌ အလွန်မြင့်မားသော တောင်များရှိသကဲ့သို့ သမုဒ္ဒရာအတွင်း၌လည်း နက်ရှိုင်းသော ချောက်ကြီးများရှိသည်။ ဂျပန်နိုင်ငံတောင်ဖက်ပိုင်း ပစိဖိတ်သမုဒ္ဒရာ၌ ကမ္ဘာ့အနက်ဆုံး "မာရီယာနား"သမုဒ္ဒရာချောက်၏ အနက်ပေမှာ ၃၅,၀၀၀ ဖြစ်သည်။ ထိုချောက်၏ အောက်ဆုံးနေရာသို့ အရောက်သွားမည်ဆိုက ရေမျက်နှာပြင်မှ ခုနစ်မိုင်နီးပါး ဆင်း၍သွားရပေမည်။

ပင်လယ်ရေသည် ငန်ကြောင်းသိရှိကြသည်။ ဆားအမျိုးမျိုး၊ အထူးသဖြင့် သာမန်ဆားများ ရေတွင်ပျော်ဝင်နေခြင်းကြောင့် ဖြစ်သည်။ ဆားတို့သည် မြစ်ချောင်းများမှတဆင့် ပင် လယ်တွင်းသို့ စီးဝင်ကြ၍ ပင်လယ်ပြင်တခုလုံး ဆားငန်ပုံမှာ မတူညီပေ။ နေအပူနှင့်ခြောက် သွေ့သောလေတို့ကြောင့် ရေကိုလျှင်မြန်စွာ ခန်းခြောက်စေနိုင်သော ပူပြင်းခြောက်သွေ့သည့်



ကန္တာရများအနီးမှ ပင်လယ်ရေသည် များစွာငန်တတ်သည်။ ဂျော်ဒန်မြစ် စီးဝင်သော ပင်လယ်သေသည် အလွန်ငန်သဖြင့် ထိုရေအတွင်းသို့ လူများမငုပ်လျှိုးနိုင်ပဲ ငါးများသည်း မနေနိုင်ပေ။ ကမ္ဘာ့အအေးပိုင်းဒေသရှိ မြစ်ကြီး များ၏အဝတွင် ပင်လယ်ရေ၏အငန်ဓာတ် သည် အပေါ့ဆုံးဖြစ်သည်။



ပင်လယ်ရေသည် အပူရှိန်ကို နေနှင့်လေမှ ရရှိသည်။ ထိုကြောင့် နေရောင်ခြည် အများဆုံး ကျရောက်ရာ ကမ္ဘာ၏ အလယ် အီကွေတာ မျဉ်းတလျှောက်ရှိ ပင်လယ်ရေပြင်သည် အပူနွေးဆုံး ဖြစ်သည်။ အီကွေတာမှမြောက်ဖက် သို့မဟုတ် တောင်ဖက်သို့ သွားလေလေပိုမိုအေးလာလေဖြစ်သည်။မြောက်သို့မဟုတ်တောင်ဝင်ရိုးစွန်းနှင့် အနီးအနားသို့ရောက်ရာ၌မူ ပင်လယ်ရေတို့သည် တနှစ် ပတ်လုံး အေးခဲနေသည်ကို တွေ့ရပေမည်။

ပင်လယ်ရေ မျက်နှာပြင်မှ အောက် ပေ ၆၀၀၀ အနက်တွင် ရေ၏ အပူချိန်သည် ၃၄ ဒီဂရီ ဖာရင်ဟိုက်ရှိ၍ ရေခဲအမှတ်ထက် အနည်းငယ်သာပိုသည်။

ပင်လယ်နှင့် သမုဒ္ဒရာတို့သည် ရေသတ္တဝါတို့၏ နေထိုင်ရာ ကမ္ဘာကြီး တခုပင် ဖြစ်သည်။ ငါးအမျိုးမျိုး၊ ခရုအမျိုးမျိုး၊ သန္တာကောင်များနှင့် ပင်လယ် အောက်ခံ မြေပြင်တွင် ပေါက်သော အပင်များ၊ ကျောက်ပွင့် ကျောက်ခက်များကို တွေ့ရှိနိုင်သည်။





ရေး
ဝန်ခံတိုင်း မရပါ
ဟင်း! ငါ့ကြောင့် ဖန်ခွက်ကျကွဲသွားပြီ
တနေ့တွင် စန္ဒာသည် ဖန်ခွက် တလုံးကို ဆေးကြောနေစဉ်–
အင်း..မေမေသိယင် ငါ့ကို ဆူတော့မှာဘဲ
မေမေပြန်မလာခင် အစဖျောက်ထားလိုက်ရယင်ကောင်းမလား
အို-ငါ့အပြစ်ကြောင့် ဖြစ်တာဘဲ -မေမေပြန်လာယင်- အမှန်အတိုင်းဝန်ခံလိုက်မယ်
မေမေ ပြန်လာသောအခါ–
မေမေ-သမီးကြောင့် ဖန်ခွက်လေးကျကွဲသွားပြီ
ဟေ
စိတ်မကောင်းဖြစ်မနေပါနဲ့ သမီးရယ်- သမီး အမှန်ကို ဝန်ခံပြီးပြီဘဲ -မေမေ ခွင့်လွှတ်ပါတယ်
ဘယ်ဆိုးလို့လဲ


တနေ့တွင်—
စန္ဒာ့-သမီး ဖေဖေသောက်ထားတဲ့ ကော်ဖီ ပန်းကန်လေး ဆေးလိုက်ပါအုံး
ဟုတ်ကဲ့
စန္ဒာသည် ပန်းကန်ကို မြန်မြန်ဆေးပြီး—
ဒါ-ထားပြီးမှ သတင်းစာဖြန့်ဖတ် ရမယ်
ပန်းကန်ပြားထဲမှ ရေကျန်များကို ခါထုတ်လိုက်ရာ—
ဟောတော့ လက်ကချော်ပြီး လွတ်ထွက်သွားပြီ
ထိုအခိုက် မေမေ ရောက်လာပြီး—
သမီးကြောင့် ကွဲတာပါ-သမီး ဝန်ခံပါတယ်
အား
မေမေဘဲ-အမှန်ကို ဝန်ခံရင် ခွင့်လွှတ် တယ်လို့ပြောပြီး ခုတော့...ဟီး ဟီး ဟီး
ဝန်ခံတိုင်း ခွင့်လွှတ် ရရင်-ငါ့ပန်းကန်တွေ ကုန်ရောပေါ့-ဝန်ခံပြီး နောက်မဖြစ်အောင် ဆင်ခြင်ရတယ် ဟဲ့


ကျောင်းဖွင့်စ နေ့တနေ့တွင်—
စာမေးပွဲကြီး ဖြေရန် တပတ်ခန့် အလို၌ လတ်ဇော်အပြင်းဖျားရာ—

# မီးတောင် ဘာကြောင့် ပေါက်ကွဲရသနည်း

ကမ္ဘာ့မြေမျက်နှာပြင်မှ အတွင်းသို့ ဆင်းလေ အပူချိန်တိုးလာလေဖြစ်သည်။ ကမ္ဘာမြေကြီး၏ အတွင်းပိုင်းတွင် အလွန် ပူပြင်းသောကြောင့် ကျောက်များ၊ သတ္တုများအရည်ပျော်လျက်ရှိသည်။ ယင်းအရည်ပူ၏ အပေါ်ပိုင်းတွင် ပူပြင်းသောဓာတ်ငွေ့များ ရှိလေသည်။ ဓာတ်ငွေ့များပြားပြီး ပူပြင်းလာပါက အပေါ်ဖက်တွင်ရှိသော မြေလွှာကို ကြီးမားသော အားဖြင့် တွန်းကန်တော့သည်။ ဘောလုံးကို လေထိုးပါက တင်းမာ ဖောင်းကြွလာသကဲ့သို့ပင် ဖြစ်သည်။ ကမ္ဘာ့မြေလွှာသည် အချို့နေရာ၌ပါး၍ အချို့နေရာ၌ ထူသည်။ အချို့နေရာ၌ မြေငလျင်ကြောင့် အက်ကွဲရာကြီးများရှိသည်။ ပူပြင်းသော ဓာတ်ငွေ့နှင့် ချော်ရည်ပူများမှာ ပါး၍အားပျော့သော နေရာနှင့် အက်ကွဲကြောင်းများမှ ပေါက်ကွဲရုန်းကန် ထွက်လာတော့သည်။ ဤသို့ဖြစ်ခြင်းကို မီးတောင်ပေါက်ကွဲသည်ဟု ခေါ်သည်။

တင်လှဦး





စိမ်း၊ ပြာ၊ ညို၊ လိမ္မော် ဆေးရောင်ခြယ်ပါ။

# ငွေတန်ဖိုး

မောင်မြတ်နွယ်



သည်နေ့ တနင်္ဂနွေကျောင်းပိတ်ရက် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ခါတိုင်းကဲ့သို့ ရုပ်ရှင်ကြည့်ရန် မေမေ့ထံတွင် ပိုက်ဆံတောင်းလိုက်ပါသည်။

“သားကို ပိုက်ဆံ တကျပ် လောက်ပေးပါ မေမေ”

“ဘာလုပ်ဖို့လဲ သားရဲ့”

“ရုပ်ရှင် ကြည့်မလို့ပါ မေမေရယ်”

“တယ်လဲခက်ပါလား သားရယ်။ မေမေတို့မှာ ငွေရေးကြေးရေး အခက်အခဲနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ သားလဲအသိဘဲ မဟုတ်လား”

မေမေ့စကားကြောင့် ကျွန်တော် စိတ်ထိခိုက်သွားပါသည်။ အထူးသဖြင့် ဖေဖေ့ကို သတိရခြင်းကြောင့် ဖြစ်ပါသည်။ ဖေဖေသည် လွန်ခဲ့သော တနှစ်ခန့်က ဆုံးပါးခဲ့ပါသည်။ ဖေဖေမရှိတော့သည့် နောက်ပိုင်း၌ မေမေသည် အိမ်တွင် ဈေးဆိုင်ကလေးတည်ကာ ကျွန်တော့်ကို ကျောင်းဆက် ထားပေးပါသည်။

“ကဲ–ရော့သား၊ အချိန်မှီအောင် မြန်မြန်သွား”

ကျွန်တော်သည် မေမေပေးသော ငွေတကျပ်ကို ယူ၍ အိမ်ပေါ်မှ ဆင်းခဲ့ပြီး သူငယ်ချင်း မြင့်မိုး၏ အိမ်ဖက်သို့ လျှောက်ခဲ့ပါသည်။ သူလည်း ကျွန်တော်ကဲ့သို့ပင် တနင်္ဂနွေနေ့တိုင်း ရုပ်ရှင်ကြည့်တတ်ပါသည်။

“မြင့်မိုးရေ”

ကျွန်တော့် ခေါ်သံကြောင့် မြင့်မိုးသည် အိမ်ထဲမှ ထွက်လာပါသည်။

“ရုပ်ရှင် သွားမလို့လား”

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။

မြင့်မိုးသည် အိမ်ထဲသို့ ပြန်ဝင်သွားပါသည်။ သူ့မေမေထံ ပိုက်ဆံ သွားတောင်းနေဟန်တူပါသည်။ အတန်ကြာမှ အိမ်ထဲမှ ထွက်လာပါသည်။

“တယ်ကြာပါလားကွ၊ ပိုက်ဆံ အဆင်မပြေလို့လား”

“အေးကွာ–ပိုက်ဆံ အဆင်မပြေဘူးဆိုလို့ မနည်း တောင်းယူရတယ်”

ကျွန်တော်တို့သည် ရုပ်ရှင်ရုံသို့ လျှောက်သွားကြပါသည်။ သို့သော် ကျွန်တော့် ခြေလှမ်းများမှာ ခါတိုင်းကဲ့သို့ မသွက်ပါ။ စိတ်မှာလည်း ကြည်ကြည်လင်လင် မရှိပါ။ ဘဝနှင့် ပတ်သက်၍ စဉ်းစားနေခြင်းကြောင့် ဖြစ်ပါသည်။

“လေယာဉ်ပျံပုံစံတွေ၊ လေယာဉ်ပျံ ပုံစံတွေ”

ထိုအသံကြောင့် ကျွန်တော် လှည့်ကြည့်မိသည်။

လူကြီး တယောက် သည် စက္ကူဖြင့် လေယာဉ်ပျံလုပ်နည်း ပုံစံများကို ရောင်းနေပါသည်။ ပုံစံတခုလျှင် တကျပ်ဟု ဆိုပါသည်။

ယင်းပုံစံ ကပ်ပြားလေးကို ကြည့်နေရင်း ကျွန်တော့်ခေါင်းထဲသို့ အတွေးတခု ဝင်လာပါသည်။ ထို့ကြောင့် ကျွန်တော်သည် ငွေတကျပ်ပေး၍ ပုံစံကပ်ပြားတခုကို ဝယ်ယူလိုက်ပါသည်။

"ဟော့–ကျော်စိုး၊ ရုပ်ရှင်မကြည့်တော့ဘူးလားကွ"

"စိတ်မရှိပါနဲ့ သူငယ်ချင်းရာ၊ ငါမကြည့်တော့ဘူးကွာ"

ကျွန်တော်သည်မြင့်မိုးအား ကျေနပ်အောင် တောင်းပန်လိုက်ပြီး အိမ်သို့ ပြန်လာခဲ့ပါသည်။

"သား ရုပ်ရှင် မကြည့်ဘူးလား"

"မကြည့်တော့ဘူး မေမေ။ သား ဟောဒီ ပုံစံ ကပ်ပြားကလေး ဝယ်ခဲ့တယ်။ သားလေ လေယာဉ်ပျံ ပုံစံကလေး တွေ လုပ်ပြီး ရောင်းမယ် မေမေ"

"သားအလုပ်လုပ်စရာ မလိုပါဘူးကွယ်။ မေမေဈေးရောင်းတဲ့ ပိုက်ဆံနဲ့ စားလောက်ပါတယ် သားရယ်"

မေမေသည် ကျွန်တော် အလုပ်လုပ်မည်ဟု ပြောလိုက်ခြင်းကို မနှစ်သက်ချေ။ ကျွန်တော် ပင်ပန်းမည်ကို မေမေ စိုးရိမ်နေသည်။မိဘမေတ္တာဟူသည် ကြီးမားလှပါကလား။

ကျွန်တော်သည်မေမေအား စိတ်ချမ်းသာအောင် ချော့မော့ပြောဆိုပြီး အစီအစဉ်အတိုင်း လေယာဉ်ပျံ ပုံစံ ကလေးများကို လုပ်နေမိပါသည်။

နောက်တနေ့နံနက်တွင် ကျွန်တော်သည် လေယာဉ်ပျံ ပုံစံ ကလေးများကို မေမေ့ဈေးဆိုင်တွင် ချိတ်ဆွဲထားပြီး ကျောင်းသို့ သွားပါသည်။ ကျောင်းဆင်းသောအခါ ကျွန်တော်သည် အိမ်သို့ ခပ်သုတ်သုတ် ပြန်လာခဲ့ပြီး လေယာဉ်ပျံ ပုံစံကလေးများကို လှမ်းကြည့်လိုက်ပါသည်။ လေယာဉ်ပျံ ပုံစံကလေးများကို မတွေ့ရတော့ပါ"

"မေမေ–လေယာဉ်ပျံ ပုံစံကလေးတွေကော"

"ရောင်းလို့ကုန်ပြီ သားရဲ့"

မေမေ့စကားကြောင့် ကျွန်တော် ဝမ်းသာမိပါသည်။ ကျွန်တော်သည် ငွေ၏တန်ဖိုးကို နားလည်လာပါသည်။ အလုပ်နှင့် ကြိုးစားခြင်း၏ တန်ဖိုးကိုလည်း သိရှိနားလည်လာပါသည်။

ကျွန်တော် ငွေကို မဖြုန်းတီးတော့ပါ။ ကျွန်တော်တို့ သားအမိအတွက် တဖက်တလမ်းက ဝင်ငွေရအောင် ကျွန်တော်ကြိုးပမ်း ရှာဖွေပါတော့မည်။

× × ×

## လုပ်သားတို့ အောင်ပွဲ

တက်တက်ကြွကြွ စိစိညံ၊
အလုပ်သမားနေ့ ကြွေးကြော်သံ။
အားမာန်ချီ၍ တန်းစီသွား၊
ဆိုရှယ်လစ်၏ သရုပ်များ။
လုပ်အားကိုသာ မြတ်နိုးတာ၊
လုပ်သားကောင်းတို့ စေတနာ။
ညီညီညာညာ ထမ်းဆောင်ကြ၊
ထွက်ကုန်တိုးဘို့ အဓိက။
ကာယဉာဏ လုပ်သားစုံ၊
စံပြဖြစ်ရန် အားထုတ်ပုံ။
စက်ရုံလုပ်ရုံ ဌာနများ၊
လုပ်သားပြည်သူ ပိုင်ဆိုင်ထား။
ရင်းရှင်များကို တော်လှန်ရာ၊
ရေနံမြေက စခဲ့တာ။
ထောင့်သုံးရာ သပိတ်ထ၊
လုပ်သားတို့လဲ အောင်ပွဲရ။ ။

လှမွန်



R. 517



# တောင်ရှည်ပုဆိုး

ရှေးခေတ် မြန်မာ ယောကျ်ားတို့သည် မင်း၊ မှူးမတ်၊ ဆင်းရဲသားမရွေး တောင်ရှည်ပုဆိုးကို ဝတ်ဆင်ကြလေသည်။ တောင်ရှည် ပုဆိုးသည် ယခုခေတ် ဝတ်ဆင်နေကြသော လုံကွင်း၏ နှစ်ဆရှိသည်။ လုံကွင်းကဲ့သို့ ကွင်းမဟုတ်၊ အရှည်လိုက်ဖြစ်သည်။ ဆက်၍ ချုပ်ထားခြင်းမရှိ။ ပုဆိုးအနားများကိုသာ ချုပ်သီထားပေသည်။

တောင်ရှည်ပုဆိုး ဝတ်ဆင်ပုံမှာ ခါးတွင် တပတ်ပတ်၍ ဝတ်ပြီးလျှင် ရှေ့တွင် ခါးပုံစချ၍ ထားရသည်။ ခါးတောင်းကျိုက်လိုလျှင် ယင်း ခါးပုံစကို သိမ်း၍ ခါးတောင်းကျိုက်နိုင်ပေသည်။

တောင်ရှည်ပုဆိုးကို ဘော်ကြယ်၊ ရွှေခြည်၊ ငွေခြည်များဖြင့် အလှဆင်ထားသည်။ ရှေ့ချထားသော ခါးပုံစကိုဖြန့်လိုက်လျှင် အမြင် လှပစေရန်အတွက် ရွှေခြည် ငွေခြည်ဖြင့် ဒေါင်းရုပ်များ ထိုးထားတတ်ပေသည်။



ယခုအခါ တောင်ရှည်ပုဆိုးကို ဝတ်ဆင်သူမရှိသလောက် နည်းပါးသွားလေပြီ။ သို့သော်အချို့ရှေးလူကြီးများသည် ပွဲနေပွဲထိုင်များတွင် တောင်ရှည်ပုဆိုးကို ဝတ်ဆင် တတ်ကြသေးသည်။ ဇာတ်မင်းသားများသည်လည်း ဇာတ်ကနေစဉ် တောင်ရှည်ပုဆိုး ဝတ်ကြရသည်။ ရှင်လောင်းများသည်လည်း ရှင်ပြုပွဲတွင် တောင်ရှည်ပုဆိုးဝတ်ဆင်ကြရပေသည်။

မိုးရှာ ဝင်းဖေ


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ခု၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ ကဆုန်လဆုတ် ၉ ရက် (၆-၅-၇၂)







သာယာရွှေပြည် ဘုရင်ဓမ္မရာဇာ၏ သားတော် သူရိယကုမ္မာမင်းသားသည် အတတ် **တဆယ့်** ရှစ်ရပ်ကို တတ်မြောက်၍ တိရစ္ဆာန်မျိုးစုံတို့၏ စကားကိုလည်း နားလည်သည်။ **သားတော်အား** ရန်သူဖြစ်သော တက္ကသိုလ်ပြည်သို့ စစ်ခင်းရန် ခမည်းတော်က စေလွှတ်သည်။ **သို့သော် စစ်ကို** မလိုလားသောကြောင့် သာယာရွှေပြည် ဘုရင်၏ ဘက်သားများ အမြဲလိုလို **စစ်ရှုံးရလေသည်။**



စနေနေ့တိုင်း ထုတ်ဝေသည်။


ထို့ကြောင့်ဗြဟ္မဒတ္တမင်းကြီးက အမျက်ထွက်၍ နယ်နှင်
ဒဏ်ခတ်လိုက်လေသည်။
ကြင်နာစိတ်ရှိသောမင်းသားလေး
မှာ တောထဲ၌ သူတပါးအသက်ကို
သတ်ဖြတ် မစားပဲ သစ်သီးဝလံ
များကိုသာစားသောက်၍ နေလေ
သည်။
တနေ့ ဂူကြီးတခုအတွင်းမှ ညည်းတွားသံ
ကြား၍ ဝင်ကြည့်ရာ....
ကျေးဇူးတင်ပါသည် အရှင်..
အရှင့်ကျေးဇူးကိုတနေ့
ပြန်ဆပ်ပါမည်
ခြေတွင် ဆူးစူး၍ ဝေဒနာ
ခံစား နေရသော ခြင်္သေ့
ကြီး တကောင်ကို တွေ့သ
ဖြင့် ဆူးကိုနှုတ်ကာ ဆေး
ဖက်ဝင် သစ်ရွက် များနှင့်
အုံ ပေး လေ သည်။ ထို
နောက် မင်းသားလေး
သည် ခရီးဆက်ခဲ့ပြန်ရာ
နယ်ကျွံ၍ တက္ကသိုလ်ပြည့်
ရှင် ဘုရင့် တပ်သားများ
နှင့် တွေ့ကာ အဖမ်းခံရ
လေသည်။



အကျဉ်းထောင်တွင် စစ်ရှုံး၍ အဖမ်းခံနေရသော ခမည်းတော်ကို မမြော်လင့်ပဲ တွေ့ရာ ဘုရင်ကြီးက အမျက်မပြေသေးသဖြင့် မျက်နှာလွှဲကာနေလေ၏။
တက္ကသိုလ်ပြည့်ရှင် ဘုရင် သီဟရာဇာသည် မင်းသားလေးကို ခြင်္သေ့နှင့် ယှဉ်ပြိုင်သတ်ရန် ခြင်္သေ့တွင်းကြီးသို့ခေါ် ဆောင်ခဲ့စေသည်။မင်းသားလေးကား ရဲရင့်စွာ ရပ်၍နေလေသည်။
ဘုရင်ကြီးနှင့်အတူ ကြည့်နေသော သမီးတော် ရူပစန္ဒာမှာ မင်းသားလေးကို နိုင်စေရန် စိတ်ထဲမှ ကျိတ်ကာ ဆုတောင်း နေမိလေသည်။ မကြာမီ ဘုရင်ကြီးက ခြင်္သေ့ကိုလွှတ်ရန် အမိန့်ပေးလိုက်သည်။
ထိုအခါ တံခါးပွင့်လာပြီး ကြောက်မက်ဖွယ် ကောင်းသော ခြင်္သေ့ကြီးတကောင် ဟိန်းဟောက်ကာ ထွက်လာလေသည်။



ဟယ်
အလို
သို့သော် ထိုခြသေ့်ကြီးမှာ မင်းသားလေးပြုစုခဲ့သော ခြသေ့်ကြီးဖြစ်နေ၍ မင်းသားလေးအား ခေါင်းဖြင့်ခွေခြင်း၊ လျှာဖြင့်လျက်ခြင်းဖြင့် ကြောင်ကလေးပမာ ပြုမူနေရှာသည်။
ထိုအခြင်းအရာကို မြင်ရသော ဘုရင်ကြီးမှာ အံ့ဩလွန်း၍ မင်းသားလေးအား အသက်မှ ချမ်းသာပေးကာ လိုရာဆုကို တောင်းစေ၏။
အရှင်မင်းကြီး အခြားမည်သည့်ဆုကိုမျှမတောင်းလိုပါ.
မိမိကိုယ်နှင့်နှိုင်းယှဉ်၍ အခြားသူအပေါ် မတော်မတရားမပြုခြင်း၊ မရက်စက်ခြင်း၊ ကောင်းကျိုးကိုသာစံစားစေသည့် အကြင်နာတရားကိုသာ ပေးသနားတော်မူပါ
ဘုရင်ကြီးလည်း ဖမ်းဆီးထားသူများ အားလုံးကိုလွှတ်ကာ မင်းသားလေးအား သမီးတော်နှင့် လက်ထပ်ထိမ်းမြားပေးလေသည်။
ထိုနောက် နှစ်ပြည့်တပြည် ရွှေလမ်းငွေလမ်း ဖောက်ကာ အေးချမ်းစွာ နေထိုင်သွားကြလေသတည်း။




ကောင်းပါတယ် မေမေ၊
ဟုတ်–ဟုတ်– ဟုတ်တယ်ဖေဖေ။



ဆက်ရန်

# တောင်စဉ်တောင်တန်း


ရိုးလွင်မြင့်
ကဆွဲ

တောင်သည် အထွတ်အထိပ်ဖြင့် အထင်အရှား တည်ရှိနေသော ကုန်းမြင့်ဖြစ်သည်။ မြင့်မားသော တောင်စဉ်တောင်တန်းတို့ကို ဖြတ်ကျော်ရန် မလွယ်ကူပေ။ ထို့ကြောင့် ကားလမ်း၊ မီးရထားလမ်းများကို တောင်ကြားလမ်းတလျှောက်၌၎င်း၊ တောင်၏ပတ်လည်၌ ကွေ့ပတ်၍၎င်း၊ ဥမင်လိုဏ်ခေါင်း တူးခြင်းဖြင့်၎င်း ဖောက်လုပ်ကြရသည်။

ကမ္ဘာ့တွင် မြင့်မားသော တောင်စဉ်တောင်တန်းကြီးလေးခုရှိရာ ယင်းတို့မှာ ဟိမဝန္တာ၊ အင်ဒီး၊ ရော့ကီးနှင့် အဲလ်ပတို့ ဖြစ်သည်။ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ် ပါဝင်သောတောင်တန်းသည် ဟိမဝန္တာ ဖြစ်သည်။ ယင်းတောင်ထိပ်၏ အမြင့်မှာ ပေပေါင်း ၂၉,၀၀၂ ဖြစ်သည်။ ၁၉၅၃ ခုနှစ်က နယူးဇီလန်နိုင်ငံသား အက်ဒမန်ဟီလာရီနှင့် နီပေါလ်လူမျိုး တင်ဇင်းနော်ကေးတို့သည် ထိုတောင်ထိပ်သို့ ဦးစွာ အောင်အောင်မြင်မြင် တက်ရောက်နိုင်ခဲ့ကြသည်။ ဟိမဝန္တာ၏ အဓိပ္ပာယ်မှာ ''နှင်းပွင့်ဗိမာန်'' ဟူ၍ ဖြစ်သည်။

အချို့သော တောင်ထိပ်တို့၌ ပင်လယ်သတ္တဝါတို့၏ အကြေးခွံများကို တွေ့ရှိရခြင်းဖြင့် မြင့်မားအံ့သြဖွယ်ဖြစ်သော တောင်ထွတ် တောင်တန်းကြီးများသည် မူလက ပင်လယ်အောက်၌ တည်ရှိခဲ့သည်ဟု ဆိုနိုင်ပေသည်။








ကမ္ဘာ့အပေါ်ယံမြေလွှာသည် လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာမှ စတင်၍ ရွေ့ရှားခဲ့သည်။ ထိုရွေ့ရှားမှုကြောင့် အချို့မြေလွှာသည် တွန်းတင်ခြင်း ခံရသည်။ အထက်သို့ တရွေ့ရွေ့ တွန့်လိမ်ပြီး မြင့်တက် လာခဲ့ကြသည်။ ကမ္ဘာမြေပြင်၏ များစွာသောတောင်များ၊ ဥပမာ ရော့ကီး၊ အင်ဒီး၊ အဲလ်ပ၊ ဟိမဝန္တာ စသည့် တောင်တန်းတို့သည် အဆိုပါ တွန့်ခေါက်နည်းဖြင့် ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ ရေစိုနေ သောစက္ကူကပ်ပြားတခုကို နေပူတွင်ချထားက တွန့်လိမ်လာသကဲ့သို့ မြေလွှာတို့ တွန့်ခေါက်လာရာ အပေါ်ခုံးနေသော မြေမြင့်ပိုင်းကို ခွာစောင်းတွန့်ဟု ခေါ်ပြီး ချိုင့်ဝင်နေသော အပိုင်းကို ဆုံစောင်းတွန့်ဟု ခေါ်သည်။ တောင်မြင့်ကြီးများဖြစ်ရန် တွန့်ခေါက်ရာ၌ နှစ်သန်းပေါင်းများစွာ ကြာမြင့်လေသည်။ တခါတရံ မြေလွှာ သို့မဟုတ် ကျောက်လွှာတို့၏ တွန့်ခေါက်တွန့်လိမ်ခြင်းကြောင့် ကျောက်သားတို့သည် ယိုင်နဲ့ကျိုးပဲ့ကြသည်။ ထိုကျိုးပဲ့သော ကျောက်လွှာတို့သည် တခုပေါ်တခု ထပ်ဆင့် တည်နေတတ်ရာ ယင်းတို့ကို မြေလွှာပြတ်လွဲတောင်များဟု ခေါ်သည်။


ကမ္ဘာ့အပေါ်ယံ မြေထု၊ ကျောက်ဆိုင်တို့၏ အထက်နှင့်အောက် ရွေ့ရှားမှုကြောင့်လည်း တောင်များဖြစ်ပေါ်ကြရသည်။ များစွာသော ချော်ရည်၊ ဓာတ်ငွေ့၊ ကျောက်တုံး ကျောက်ခဲတို့ မြေမျက်နှာပြင်သို့ တိုးထွက်ကာ စုပုံသဖြင့် ဖြစ်ပေါ်လာသောမီးတောင်တို့သည် အခြား မြေလှုပ်ရှားမှုကြောင့်ဖြစ်သော တောင်တန်းများ၏ အမြင့်ကိုပင် ယှဉ်ပြိုင်နိုင်သည်။




ကျော်သန်း
ဘယ်လဲ ဆူဖြိုးတဲ့ အကောင်ဘဲ -
တခါတုန်းက ပေါက်ကျော်ဆိုတဲ့ ကြက်ဖလေးဟာ အစာရှာရင်း သူအင်မတန်ကြိုက်တဲ့ ခူကောင်လေး တကောင်ကို တွေ့တယ်။
ဟား ဟား ဟား-ဖြေး ဖြေး-လွတ်အောင် ပြေး-လာမဲ့ မာရသွန်ပွဲမှာ ဝင်ပြိုင်ရအုံး မယ် မဟုတ်လား - ဟား ဟား ဟား
ခူကလေးခမျာမှာ သေရမှာကြောက်လို့ ရှိသမျှ အင်အားနဲ့ ပြေးတယ်။
အကော်လာတဲ့ ကောင်လေးဘဲ -
ပေါက်ကျော် ဘယ်လိုနောက်နောက် ခူကလေးကတော့ မလျှော့သောလုံ့လနဲ့ ပြေးလျက်ဘဲ။


ဟေ့ကောင် - မမောသေးဘူးလား ကွ
မင်းဘယ်လိုပြေး ပြေး - မလွတ်ပါဘူး
ကွ - ဟား ဟား ဟား -
ဟား ဟား ဟား ဟား
ပေါက်ကျော်ဟာ ခူကလေးကို သုတ်ဘယ်အချိန်
စားစား ရတယ်ဆိုပြီး နောက်မှ နောက်နေတယ်။
ခူကလေးဟာ ကံအားလျော်စွာ သစ်
ခေါင်းပေါက်တခုကို တွေ့ရလို့ အား
တက်သွားပြီး –
ဟေ့
ငပေါ်ကြီး
ပေါက်ကျော်ဟာ ဒေါပွပွနဲ့ သစ်ကိုင်းပေါ် ခုန်ပျံ
တက်ပြီး ခူကလေးကို ဖမ်းတော့တာပေါ့။ ဒါပေမဲ့
ခူကလေးဝင်နေတဲ့ အပေါက်က သူ့နှုတ်သီးတောင်
မဝင်တော့ ခက်နေတာပေါ့။
နောင်ကို မှတ်ထား ပေါ်ကျာ
လုံ့လ ဝီရိယ ဆိုတာ ပိုတယ်
မရှိပါဘူး - ဟဲ ဟဲ
ပေါက်ကျော်ဟာ ဘာမှ မတတ်သာတော့ဘဲ
လက်လျှော့ပြီး ပြန်သွားရရှာတယ်။


အရုပ်အကဲ
ဟော့-ဖိုးဝလာနေပြီ ထုံးစံအတိုင်း ဝိုင်းစရအောင်
နေအုံး ဒီကောင့် ကြည့်ရတာ တမျိုးဘဲ
အမလေး-သူ့နောက်မှာ စိုးလို့ အိုက်တင်ခံလာ တာပါ-မင်းကလဲ နောက်နေကျဟာ
အမယ်-ပေါ်တာကြီးက ဦးထုပ်နဲ့-မလိုက်ဘဲနဲ့ ပေးစမ်း
ဟေ့-မနောက်နဲ့ကွာ ပြန်ပေး
လိုချင်ယင် သွားကောက်ပေါ့ ပေါ်တာကြီးရဲ့-ကဲ
ဟင်! တောက်
အမေဆုလို့ စိတ်ညစ် နေရတဲ့ အထဲ ကဲကွာ
အရုပ်အကဲမှ ကြည့်မနောက်ဘဲ ကောင်းတယ်




# ဥက္ကာပျံဆိုသည်မှာ မည်သည့်အရာနည်း

ဥက္ကာပျံ၊ ကြယ်ပျံဟု ခေါ်သော အရာများသည် အာကာသ ဟင်းလင်းပြင်မှ ကမ္ဘာ့မြေပြင်ပေါ်သို့ ကျရောက်လာသော အစိုင်အခဲတုံးများ ဖြစ်သည်။ ယင်း အစိုင်အခဲများသည် ကမ္ဘာ့ဆွဲအားကြောင့် ပြင်းထန်သော အလျင်ဖြင့် ကမ္ဘာပေါ်သို့ ကျလာစဉ် ကမ္ဘာ့လေထုနှင့် ပွတ်တိုက်မိပြီး မီးလောင်ပျောက်ဆုံးကုန်ကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်သို့ နေ့စဉ် ဥက္ကာပျံများ သန်းနှင့်ချီ၍ ကျရောက်ပျက်ရှိသော်လည်း ကမ္ဘာ့မြေပြင်သို့ တလုံးစ နှစ်လုံးစ လောက်သာ ရောက်ရှိလာသည်။ ဤသို့ ရောက်ရှိလာသော အတုံးအခဲများမှာ များသောအားဖြင့် သေးငယ်၍ ၀.၀၀၅ အောင်စ အရွယ်လောက်သာ ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးဟု ယူဆရသော အတုံးကြီးများကို တောင်အာဖရိကတိုက် အနောက်ပိုင်းနှင့် ဂရင်းလန်ကျွန်းဒေသတို့တွင် တွေ့ရ၍ ယင်းတို့၏ အလေးချိန်မှာ တန်နှင့်ချီ၍ လေးသည်။ ဥက္ကာပျံ နှစ်မျိုးရှိသည်။ တမျိုးမှာ သံ-နစ်ကယ်မျိုးဖြစ်၍ တမျိုးမှာ ကျောက်တုံးအမျိုးအစား ဖြစ်သည်။ သံ-နစ်ကယ် အမျိုးအစားမှာ မီးဒဏ်ကို ပိုမိုခံနိုင်သောကြောင့် ယင်းတို့ကို ကမ္ဘာ့မြေပြင်ပေါ်၌ ကျောက်တုံး အမျိုးအစားများထက် ပိုမိုတွေ့ရှိနိုင်သည်။

တင်လှဦး

## လက်သမားရုပ် လှုပ်တုတ်တုတ်



# သည်းခံစိတ်

လှကြီးမောင်



ဆံနီတို့ ညီအစ်ကိုနှင့် ပေတလူတို့ ညီအစ်ကို ကျွန်တော်တို့လမ်း ထဲ တွင် နေ ထိုင် ကြ ပါသည်။ ဆံနီတို့ညီအစ်ကို လမ်းပေါ် သို့ ဆင်း ဆော့ ကြ ပြီ ဆိုလျှင် ပြေး လွှား ဆော့ က စား နေကြသောကလေးများ ကိုယ့်အိမ် ကိုယ် ပြန် သွား ကြသဖြင့် လမ်းပေါ် တွင် ရှင်း ကျန် ရစ် ခဲ့ပါသည်။ တလမ်းလုံး သူတို့ညီအစ်ကို တသိုက်သာလျှင် ကစားရလေ့ ရှိပါသည်။

သူတို့ ညီအစ်ကိုတစုနှင့် ကစားလိုသူ နည်းပါသည်။ ပေတလူတို့ ညီအစ်ကိုသာ ရံဖန်ရံခါ သူတို့နှင့် ကစားလေ့ ရှိပါသည်။ ပေတလူတို့ ညီအစ်ကို တသိုက်ကိုတော့ ကျွန်တော်တို့ တလမ်းလုံးရှိ ကလေးတိုင်းက ချစ်ခင်ကြပါသည်။

သူတို့ ညီအစ်ကို တတွေမှာ အတော်ကလေး ဆင်းရဲနွမ်းပါးကြ သူ များ ဖြစ် သည်။ သူ တို့ မိခင်မှာ ဟင်းရွက်ရောင်း၍ သူတို့ ဖခင်မှာ ဆိုက်ကား နင်းပါသည်။

နံနက် မိုးလင်းသည်နှင့် သူတို့ညီအစ်ကိုသုံးယောက်မှာ ဒန်အိုး အ ဖုံး က လေး များ ကို တယောက် တ လုံး ရွက်၍ ဘယာကြော် ရောင်း ကြ ရ ပါ သည်။ သူတို့အဖေ ရှိစဉ်ကမူ သူ တို့ မရောင်း ကြ ရ ပါ။ သူ တို့ အ ဖေ ကားတိုက်ခံရ၍ သေဆုံးသွားမှသာ သူတို့တတွေ ဘယာကြော်ရောင်းချရခြင်း ဖြစ်ပါသည်။

"ပေတလူတို့အိမ် သွားကစားမလို့ပါအမေ" ဟုပြောလျှင် "မကစားနဲ့"ဟု တားမြစ်သောမိခင် မရှိပါ။

သူတို့ညီအစ်ကိုတတွေလမ်းပေါ် သို့ ဆင်းလာကြပြီဆိုလျှင် ကလေးငယ်များ တယောက်ပြီးတယောက် အိမ်ပေါက်စေ့မှ ဆင်းလာကြပါသည်။ တလမ်းလုံးတွင် ကလေးများနှင့်သာ ဆူညံနေပါတော့သည်။

ဆံနီတို့ ညီအစ်ကိုနှင့်တော့ အကွာကြီးကွာပါသည်။ သူတို့ညီအစ်ကိုမှာ မိဘ လုပ် သူ က ချမ်းသာကြသူများ ဖြစ်သောကြောင့် ငွေ မျက် နှာ ဖြင့် တလမ်းလုံး အပေါ် တွင် ဗိုလ်ကျချင်ပါသည်။

တခါက ကျွန်တော့်ကြောင့် ဆံနီ၏ ဘောင်းဘီအဖြူကလေး ရွှံ့စဉ်သွားပါသည်။ သူတို့ ညီအစ်ကို တ တွေ ကျွန် တော့် ကို ဝိုင်း၍ ထိုးကြပါသည်။ သွားတချောင်းပင် နဲ့သွားပါသည်။ ကျွန်တော်တို့ ကစားဖော်တစုက သူတို့အမေထံသို့သွား၍တိုင်ရာ သူတို့အမေက ကျွန်တော်တို့ကို အော်ငေါက်လွှတ်ပါသည်။

ပေတလူတို့မိခင်မှာ သူတို့၏မိခင်ကဲ့သို့ မဟုတ်ပါ။ ပေတလူတို့ ညီအစ်ကိုကဲ့သို့ပင် သဘောကောင်းပါသည်။ ပေတလူ၏ ဘယာကြော်အိုးကလေး တာတီး ကြောင့် ရေ အိုင် ထဲ သို့ မှောက်ကျသွားစဉ်က ရေအိုင်ထဲမှ ဘယာကြော်ကလေးများ

ကို တခုချင်း လိုက်ကောက်နေသည့် တာတီးကို ပေတလူက –

“နေပါစေကွာ – မတော်တဆ ဖြစ်တာဘဲ။ မင်း တမင် မှောက်ပစ်တာမှ မဟုတ်တာ” ဟု ပြောပါသည်။

ကျွန်တော်တို့ ကစားဖော်တစု သူတို့အိမ်သို့ လိုက်သွားပြီး သူမိခင်ကို အကျိုးအကြောင်း ပြောပြကြပါသည်။

သည်တော့ ကျွန်တော်တို့မှာ ပိုမိုအံ့သြရပြန်ပါသည်။ သူတို့ အမေက ပေတလူကိုရော ကျွန် တော် တို့ ကို ပါ မဆူသည့်အပြင်–

“သား ရော သား သူငယ်ချင်းတွေပါ စိတ် မ ကောင်း မ မဖြစ်ကြနဲ့။ အခုဆုံးသွားတဲ့ ဘယာကြော်ဘိုးဟာမရှိတဲ့လူအဖို့ ထမင်းတနပ်စာဖြစ်ပေမဲ့ထမင်းကို ရှာစားယင်ရတယ်၊ မိတ်ဆွေကောင်း အပေါင်း အသင်းကောင်းဟာ ရှာလို့ အရလွယ်တာ မဟုတ်ဖူး။ ကိုယ်အနစ်နာခံရတာ ကလေးအတွက် မိတ်ပျက် မခံရဖူးကွဲ့ ”ဟု ပြောပါသည်။

အမှန်ပင် သူတို့တတွေမှာ ငွေကြေး ဆင်းရဲသ လောက် သည်းခံစိတ်ရှိသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဆံနီတို့ ညီအစ် ကို ထက် သူ တို့ ညီ အစ် ကို တစုကို ကျွန်တော်တို့ ကလေးတသိုက်က ပို၍ ချစ်နေကြရပါသည်။

× × × ×

# အင်အား


တရွက်၊ နှစ်ရွက်၊ သုံးလေးရွက်၊
စာရွက်လေးတွေ စုပေါင်းလျက်။
စာရွက်လေးများ၊ စုပေါင်းငြား၊
စာအုပ်ဖြစ်လို့သွား။

တချက်၊ နှစ်ချက်၊ သုံးလေးချက်၊
ပေထက် တူကိုနှက်။
တူချက်လေးများ၊ စုပေါင်းငြား၊
သံထည်ဖြစ်လို့သွား။

တစက်၊ နှစ်စက်၊ သုံးလေးစက်၊
မိုးပေါက်မြေမှာသက်။
မိုးစက်လေးများ၊ စုပေါင်းငြား၊
အိုးအင်ပြည့်လို့သွား။

တို့များအားလုံး၊ ညီတညာ၊
စုပေါင်းကြတဲ့ခါ။
အရာရာ အင်အားပြ၊
အောင်ပွဲ ဆက်တိုက်ရ။ ။


မောင်ငယ်သွေး (မလှိုင်)






R. 517

# အငြိမ့်



အငြိမ့်ဆိုသည်မှာ ငြိမ့်ငြောင်းစွာ ကပြရသော အကသဘင်ပင် ဖြစ်သည်။

ယခုခေတ်တွင်မူ မင်းသားမပါဘဲ မင်းသမီးများနှင့် လူရွှင်တော်များသာ ကပြကြသော သဘင်ကို အငြိမ့်ဟူ၍ နားလည်နေကြသည်။ ရှေးအခါကမူ အငြိမ့်ဆိုသည်မှာ အဆိုသက်သက်ပင် ဖြစ်၏။ စောင်းကောက်၊ ပတ္တလား၊ ပလွေ စသည့် တူရိယာများနှင့် တွဲဖက်ကာ အဆိုတော်က ထိုင်၍ သီဆိုရလေသည်။ ထို့နောက် တဆင့်တက်ကာ အဆိုသာမက အကပါ ထည့်သွင်းဖျော်ဖြေကြသည်။ ပရိသတ်များ ပျော်ရွှင်ရယ်မောကြစေရန်အတွက် လူရွှင်တော်များကိုလည်း ထည့်သွင်းလာကြသည်။ ဤသို့ဖြင့် အငြိမ့်သည် အဆိုပွဲအဆင့်မှ အကသဘင်ပွဲအဆင့်သို့ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာခြင်း ဖြစ်၏။

ယခုခေတ် အငြိမ့်များသည် ဇာတ်စင်နှင့် ကတ္တီပါ ကားလိပ်များနှင့် ခမ်းခမ်းနားနား ကပြကြလေသည်။ အငြိမ့်အဖွဲ့တဖွဲ့တွင် မင်းသမီး အနည်းဆုံး သုံးလက်ပါဝင်၍ လူရွှင်တော်များမှာ နှစ်ယောက်မှ လေးယောက်အထိ ပါဝင်ကြလေသည်။



အငြိမ့်ကပြချိန်မှာ ကိုးနာရီခန့်မှ သန်းခေါင်ကျော် ၂ နာရီခန့် အထိ ဖြစ်၏။ ကျေးလက်တောရွာများတွင် ကပြရသည့် အခါတွင်ကား မိုးအလင်း ကပြကြလေသည်။

မုံရွာ ဝင်းဖေ



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

## အကြောင်းရှိဖွ တန်ဖိုးသိ

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - ဗန္ဓုရဝင်း

၁၃၃၄ ခု၊ နယုန်လဆန်း ၁ ရက်၊ (၁၃–၅–၇၂)





ခုနစ်ရက် မြောက်သော နေ့၌ ဘုရင်လေး
ဦးဆောင်၍ မြို့လုံးကျွတ် ခရီးထွက်လေ၏။
မတတ်နိုင်ဘူး
အဘတော့
သွားမှာပဲ
သတိထား၊
ရမှာပေါ့
မိတော့မှ
သေပေါ့လေ
ထိုအထဲ၌ သတ္တိကောင်းသော မောင်ရဲဝံ့ က
ဖခင်အိုကို လော္လုပေါက်ပေါက်ရှိသော သားရေအိတ်
ပြုလုပ်ကာ ထည့်၍ ခေါ်သွားလေ၏။
ဝ,ဖြိုလား
အဘ
အေး - အေး - ဝ,ပါဖြီ
ရေလေးသာ...
ဟုတ်ကဲ့
လမ်းတွင် လူမသိအောင် ကျွေးမွေး၏။




အဘ - အညောင်းပြေ လမ်းလျှောက်ရအောင်
အေး ... အေးအေးဆေးဆေးလဲ အကဲခတ်ပါအုံးကွဲ့
မောမောနဲ့ အိပ်ကုန်ကြပါပြီ အဘရဲ့
တစခန်းရောက်ပြီဆိုလျှင် အရိပ်အကဲကြည့်ပြီး ညဥ့်မှောင်ချိန်၌ ဖခင်အိုအား ထွက်စေ၏။
ကိုင်း - ကျွဲကမ်းမြေတွင် လပ်နားကြရမည်...
ခရီးထွက်၍ ရက်အတော် ညောင်းသော် အင်းကြီးတခုသို့ ရောက်လာသဖြင့် —
ဟာ လက်လက် လက်လက်နဲ့ ရေထဲမှာ ရွှေခွက်ကြီးကတဲ့။ ရွှေနားတော် သို့သံတော် ဦး တင်ကြရအောင်..
ဘုရင်လေး၏ နောက်တော်ပါများက အင်းကြီးထဲသို့ ဆင်းကြည့်ကြရာ —
ရွှေခွက်ကြီး တခွက် အင်းရေထဲမှာ ရှိကြောင်းပါ ဘုရား
အိမ်း - သို့ကလို ဆိုယင် ကျွဲရွှေခွက်ကို ရအောင် ယူချေ - ဆက်သ စေများ
ဘုရင်လေး၏ အမိန့်ကြောင့် အမှုထမ်းတဦး ကို ပထမ ရေငုပ်စေလေ၏။
ရိုး ဟောဟဲ - ဟောဟဲ ..... ရေအောက် ရောက်တော့ - ရွှေခွက်ကြီး ဘယ်ရောက်သွားသလဲ မသိဘူး - မိုလ်မျှူး
ဒီကမ်းပေါ်က တောင်မြင်နေရတာဘဲကွ။ ဖောင်မင်း တယ် ညံ့ဖျင်းသကိုး ...
ကဲ - နောက်တယောက် ငုပ်စမ်း - မြန်မြန်
ပေါ် လာ
သောအခါ —



ဒီရွှေခွက်ကို မရမချင်း - တယောက်ပြီး တယောက် - ရှိသရွေ့လူတွေ ဆက်ငုပ်ရမည်။ ဘုရင့်အမိန့်တော်...
ကိုယ်ရံတော်များထဲမှ ရေငုပ်တတ်သူ ကုန်လေသော် အရပ်သားများကို ငုပ်ခိုင်းပြန်၏။
အဘ - ဘုရင့်အမိန့်အရ ရေသွားငုပ်လိုက်ဦးမယ်နော်...
အဘကိစ္စ - ငုပ်ရမှာလဲ သားရဲ့
ဒီအင်းကြီးထဲမှာလေ ရွှေခွက်ကြီး တခွက်ဟာ ×××××××× ×××××××××
မောင်ရဲဝံ့အလှည့် ရောက်ခါနီးသော် ဖခင် အိုနားသွား၍ နှုတ်ဆက်ရာသည်။
နေပါဦး လူကလေးရယ် - မင်းပြောပြပုံ ထောက်တော့ - အဘ - တွေးမိတယ်။ ဒီအင်းအနီးအနားမှာ - တောင်များ ရှိလေရော့သလား
ရှိပါတယ် အဘ
အဲ - ဒီလိုဆိုယင် - ဒီရွှေခွက်ဟာ - တောင်ပေါ်မှာရှိလိမ့်မယ်။ ကြေးမုံ - အင်းထဲ ရောင်ပြန်ဟပ်တာနဲ့တူသဟ...
ဒါဖြင့် - ဘယ်လို လုပ်ယင်ကောင်းမလဲ အဘရဲ့
လွယ်သားပဲ - လူကလေးရယ်--- အဲဒီတောင်ပေါ်သွား ပြီးရှာယူပေါ့။ ဒါပေမယ့် - တောတောင်ထဲ သွားယင် - ဘာတွေသတိထားရမလဲ ဆိုတာ - အဘပြောပြမယ်။ သေသေချာချာ မှတ်သွား - ×××× ××××××× ×××××
အမယ် - အဘပြောတာ မှန်လိုက်တာ။ ချုံနွယ်တွေ တယ်ထူထပ်ပါလား။ ဓါးရှည် ယူလာပေလို့..
မောင်ရဲဝံ့သည် ဖခင်အို ပြောသည့်အတိုင်း တောင်ပေါ်သို့ တက်သွားလေသော် –
ဟာ -
ရွှေခွက်
တွေ့ပြီ အဘရေ့
သို့သော် ဆူးငြိ၍ ကျွံပြိုခြင်းကို ဂရုမစိုက်ပဲ ဇွဲကောင်းကောင်းဖြင့် တက်သွားရာ –







ဦးကြီးနေမကောင်းဘူး
ကွ။
ဘယ်လို
ဖြစ်တာလဲ







# မီးတောင်

ဆိုးလွင်မြင့်
ကဆ.

မီးတောင်ပေါက်ကွဲခြင်းသည် ဆန်းကြယ်ပေသည်။ သို့သော် လူတို့အားဒုက္ခပေးနိုင်သည့် သဘာဝအန္တရာယ် တခု ဖြစ်သည်။ ကမ္ဘာမြေကြီးအတွင်းမှ အလွန်ပူပြင်းသော ချော်ရည်၊ ကျောက်ရည်များ မြေမျက်နှာပြင်သို့ အရှိန်ဖြင့် ရုန်းကန် တိုးထွက်လာခြင်းသည် မီးတောင် ပေါက်ကွဲခြင်းပင် ဖြစ်သည်။

ချော်ရည်၊ ကျောက်ရည်တို့သည် မီးခိုးခေါင်းတိုင်ကဲ့သို့သော အပေါက်မှ ရုန်းကန်ထွက်လာကြသည်။ ယင်းတို့သည် တအိအိ ကျဆင်း၍ ကာလ ကြာမြင့်သောအခါ ထိပ်ဝကျယ်လာပြီး အောက်ခြေ၌ပွင့်ကားကား ခမောက်ပုံသဏ္ဍာန်ရှိသော တောင်ပူစာသဖွယ် ဖြစ်လာသည်။ ထိပ်ဝ၌ ချိုင့်ဖြစ်သွား၍ ယင်းကို မီးတောင်ထိပ်ဝဟု ခေါ်သည်။ နှစ်ထောင်ပေါင်းများစွာက ဖြစ်ပေါ်ခဲ့သော မီးတောင်တွင် ထိပ်ဝသည် တခုမက ရှိနေတတ်သည်။ အတွင်းမှ ရုန်းကန်ထွက်လာသော အရာများမှာ ချော်ရည်၊ ကျောက်ရည်တို့အပြင် ချော်တုံး၊ ကျောက်တုံး၊ ပြာတုံး၊ ပြာခဲ၊ ရေ၊ ဖုန်၊ ဓာတ်ငွေ့၊ အပူငွေ့နှင့် မီးခိုးများဖြစ်သည်။ မီးတောင် ပေါက်ကွဲရာ၌ တောက်လောင်နေသော စိမ်းဝါပြာ ဓာတ်ငွေ့မီးလျှံများ၏အရောင်ကြောင့် မီးတောင်တပိုက်ရှိ ဒေသသည် ထိန်လင်းတောက်ပနေတတ်သည်။

ကမ္ဘာတွင် မီးတောင် ၃၀၀ ကျော် ၄၀၀ ခန့် ရှိသည့် အနက် သုံးပုံတပုံသည် တိုက်ကြီးများပေါ်၌ တည်ရှိ၍ ကျန်နှစ်ပုံသည် ကျွန်းများပေါ်၌ တည်ရှိကြ၏။ မီးတောင်



ရှိသော အရပ်ဒေသများသည် အများအားဖြင့် အလွန်မြေသြဇာကောင်းကာ ကောက်ပဲသီးနှံ အထူးဖြစ်ထွန်းသည်။ အီတလီနိုင်ငံ တပ်စကာနီနယ်၌ မီးတောင်မှ အပူအားကိုယူ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည်။


၁၈၈၃ ခုနှစ်က မီးတောင် ပေါက်ကွဲမှုကြောင့် အရှေ့အိန္ဒိယကျွန်းစုရှိ ကရာကာတိုအားခေါ် ကျွန်းတကျွန်းသည် လုံးဝပျောက်ကွယ်သွားရသည်။ ယင်း ပေါက်ကွဲမှုကြောင့် ပင်လယ်လှိုင်းလုံးကြီးများတက်လာကာ ကမ်းခြေတလျှောက်ရှိ ရွာများပျက်စီးပြီး လူပေါင်း ၃၆,၅၀၀ ခန့် သေဆုံးကြရသည်။

ကမ္ဘာပေါ်၌ အထင်ရှားဆုံးသော မီးတောင်မှာ အီတလီနိုင်ငံ နေပယ်ကမ်းခြေရှိ ခန့်ညားလှပသော ဗီဆူးဗီးယပ်ပင် ဖြစ်သည်။ ယင်းသည် ပေ ၄၀၀၀ ခန့် မြင့်ပြီး ယင်း၏ ပေါက်ကွဲမှုကြောင့် ပွန်ပေနှင့် ဟာကူလေနီယမ် မြို့ကြီးနှစ်မြို့ နစ်မြုပ် ပျက်စီးကာ သမိုင်းတွင်ရစ်စေသော အန္တရာယ်ကြီး ဖြစ်ပေါ်ခဲ့သည်။

တောင်အမေရိကတိုက် အက်ကွာဒိုနိုင်ငံရှိ အယ်ကိုတိုပက်ဆီ မီးတောင်သည် ကမ္ဘာ၏ အမြင့်မားဆုံး မီးတောင်ဖြစ်၍ ၁၉,၃၄၄ ပေမြင့်သည်။


တောင်ဝင်ရိုးစွန်း အန္တာတိကား တိုက်ရှိ တခုတည်းသော မီးတောင်မှာ အီရီဗတ်ဖြစ်၍ ယင်းသည် ရေခဲပင်လယ်ပြင်၏ အထက် ပေ ပေါင်း ၁၃,၂၀၀ မြင့်သည်။ ဂျပန်နိုင်ငံမှ ဖူဂျီယာမာ မီးတောင်သေမှာ ကမ္ဘာ့အလှဆုံးသော တောင်တို့တွင် တခုအပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံ မြင်းခြံနယ်ရှိ ပုပ္ပါးတောင်မှာလည်း မီးတောင်သေတခုပင်ဖြစ်သည်။






တခါက ပညာဥာဏ် အမြော်အမြင် ကြီးမားသော ယုန်မကြီး တကောင် ရှိ၏။ တနေ့တွင် ယုန်ကလေးတကောင်က-
ဒီလိုအလွယ်နဲ့တော့ ဘယ်ရမလဲ 'ရှဉ့်' အရှင်တကောင် ယူခဲ့မှ ပေးမယ်
ဗျာ!
ဒါတော့ငါမသိဘူး ငါ့ဆီက ပညာဉာဏ်အမြော် အမြင်လိုချင်ယင် ရှဉ့် အရှင် တကောင်ယူခဲ့—
ဟုတ်-ဟုတ် ဟုတ်ကဲ့
ယုန်ကလေးသည် သစ်ဆိမ့်သီးများကို အိတ် ကြီးတခုထဲတွင် ထည့်ပြီး ရှဉ့်ပေါများသော ဒေသသို့ သွားက....
ချိုဆိမ့်တဲ့သစ်ဆိမ့် သီးများကိုစားချင်ယင် လာယူပါ—
ထိုအခါ ရှဉ့်ကလေးတကောင်သည် သစ်ဆိမ့် သီးများကိုယူရန် ပြေးဆင်းလာ၏။


ယုန်ကလေးသည် ရှဉ့်ကလေး ထွက်မရအောင် ပိတ်ပြီး ယုန်မကြီးထံ ယူလာခဲ့သည်။
ဒီဗူးကလေး ယူလာပြီ ကျွန်တော့်ကို ပညာဉာဏ် အမြော်အမြင် ပေးပါ—
ဒါလောက်နဲ့ ဘယ်ရမလဲ 'စွန်' ငှက်ရဲ့ အတောင် နှစ်တောင်ကိုယူခဲ့ဦး—
ဟာ— စွန်ငှက်က ကောင်းကင် မှာပျံတာ ဘယ်လို လုပ်ယူလို့ရမှာလဲဗျာ-
ဒါတော့ ငါမသိဘူး ငါ့ဆီက ပညာဉာဏ် အမြော်အမြင်လိုချင်ရင် စွန်ငှက်ရဲ့ အတောင်နှစ်ခုကိုယူခဲ့
ဟုတ်-ဟုတ် ဟုတ်ကဲ့
ယုန်ကလေးလည်း စိတ်ပျက်ပျက်နှင့် ထွက်လာခဲ့ရာ မြေခွေးတကောင်နှင့် တွေ့သော်……
ငါသေချင်ယောင်ဆောင်နေမယ် မင်းက-ကိုမြေခွေးတော့ သေရှာပြီ သင်္ဂြိုဟ်ဖို့ ငှက်တွေကို စွန်တွေကို အကြောင်းကြား ပါတယ်လို့ လိုက်အော်ပြော—
ယုန်ကလေးသည် မြေခွေး ပြောသည့်အတိုင်း အော်ရာ ကောင်းကင်၌ ပျံနေသော စွန်ငှက်ကြီးက ကြားပြီး—
အင်း— အင်း-သင်္ဂြိုဟ် ဦးမှ…
ဟဲ့ ဟဲ့ ဟဲ့—
စွန်ငှက်ကြီး မြေ ပြင် ရောက်သော် ယုန်ကလေးက ပုန်းနေရာမှ ထွက်ပြီး အ တောင် နှစ်
ပညာဉာဏ် အမြော်အမြင် ရတော့မယ်—
တောင်ကို ဆွဲနုတ်ကာ ယုန်မကြီးထံယူပြေးလေသည်။


မြွေရဲ့ အဆိပ်အိတ်ကို ယူခဲ့မှ.....
အဒေါ်ရယ် မြွေရဲ့ အဆိပ်အိတ်ကို ဘယ်လိုယူနိုင်မှာလဲ
ဒါတော့ ငါမသိဘူး ငါ့ဆီက ပညာဉာဏ် လိုချင်ယင် ဒါအောင်ယူ ခဲ့ပေါ့—
ဒီမြေတွင်းဝမှာ ထားခဲ့မယ်-
ယုန်ကလေး သည် ငှက်မွေး များကို ညှောင်စေးဖြင့် ငှက် ရုပ်ပြုလုပ်ကာ-
အစာရှာထွက်သော မြွေသည် တကယ့်ငှက်မှတ်ကာ တအား ပေါက်လိုက်ရာ—
အား! ကပ်နေပြီ
မြွေ၏အဆိပ်အိတ်သည် ငှက်ရုပ်တွင် စိုက်နေပြီး မြွေမှာ လည်း ဒုက္ခတွေ့နေတော့၏။ ထိုအခါမှ ယုန်ကလေးက ပုန်းကွယ်ရာမှ ထွက်လာပြီး—
ကျွန်ုပ်သင့်ကိုကယ်ပါ့မယ် ဒါပေမဲ့- သင်ရဲ့အဆိပ်အိတ်ကို ဖြတ်ပစ်မှရမှာနော်—
နောက်ဆုံးတွင် ယုန်ကလေးသည် မြွေ၏ အဆိပ်အိတ်ကို ဖြတ်ယူကာ ယုန်မကြီးထံ သွားပေးလေ၏။
အဒေါ် ခိုင်းတဲ့အတိုင်း ယူခဲ့ပါပြီ- ကျွန်တော့်ကိုသာ...
မင်းမှာ- ကိုယ်ပိုင်ပညာဉာဏ် အပြောင်အမြင် ရှိနေပါပြီကွာ ငါ့ဆီက တောင်းနေဖို့ မလိုတော့ပါဘူး—
ပြီး



အိမ်ရိုက်သံတချောင်းကို လေမိုးထဲတွင် ပစ်ထားပါက မကြာမီ သံချေးတက်လာသည်ကို တွေ့ရပေမည်။ သံချေးတက်ရခြင်းမှာ လေထဲမှ အောက်ဆီဂျင်နှင့် ရေငွေ့တို့ကြောင့် ဖြစ်သည်။ အောက်ဆီဂျင်တမျိုးတည်းနှင့် သံချေးမတက်နိုင်သလို ရေငွေ့တမျိုးတည်းနှင့်လည်း သံချေးမတက်နိုင်ပါ။ သံချေးတက်ရန် အောက်ဆီဂျင်နှင့် ရေငွေ့နှစ်မျိုးစလုံး လိုလေသည်။

## ဘာကြောင့် သံချေးတက်ရသနည်း



တံစဉ်၊ ဓား၊ လှံ၊ အပ် စသည့် သံဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို စွတ်စိုသောနေရာများတွင် မထားသင့်ပေ။

တင်လှဦး

## သူတို့ထပြေးအောင်ဘယ်လိုလုပ်မလဲ



# ညီညီထွေးနှင့် နှာခေါင်းသွေး

ဦးဦးဆရာဝန်



တနေ့ နေ့လယ်ခင်း မုန့်စားကျောင်း လွှတ် ချိန် တွင် ညီညီထွေး ကို သူ့ အ ဖော် များ က ဘော လုံး က စား ရန် အ တင်း လာခေါ် ကြသည်။

ညီညီထွေးနှင့် သူ့ အ ဖော် များသည် နေပူထဲတွင် ဘောလုံးကစားကြ၏။ ခဏအကြာတွင် မည်သူနှင့် ထိမိုက်မိသည်မသိပဲ ညီညီထွေး လဲသွားသည်။ ပြန်ထလိုက်သောအခါ နှာခေါင်းမှ သွေးများ စီးကျလာ၏။

"ဟာ – သွေး တွေ သွေး တွေ၊ အမလေး လုပ်ကြပါအုံး"

ညီညီထွေးက အ လန့် တကြား အော်ပြီးငိုတော့၏။

သူ့ အ ဖော် များ က ညီညီထွေး ထံ ပြေး လာ ကြ သည်။ ညီညီထွေးကို ညီ လေး ရင်း သဖွယ် ချစ်သည့် ကိုတင်ဦးလည်း ပြေး ဝင် လာ သည်။ ကိုတင်ဦးသည် ညီညီထွေးကို အနီးဆုံး သစ်ပင်ရိပ်သို့ ခေါ် သွားပြီး နှာခေါင်းမှ စီးယိုကျနေသောသွေးများကို လက် ဖြင့် သုတ် ပေးသည်။ သို့ သော် သွေး ထွက် မရပ်ပေ။ သုတ်လိုက်၊ စီးကျလာလိုက်၊ ထပ်သုတ်လိုက်နှင့် မနိုင်မနင်း ဖြစ်နေ၏။

"နှာခေါင်းသွေးယိုယင် လှဲအိပ်နေရတယ်ဟဲ့။ ဒါမှ သွေး အပြင်ကို မထွက်မှာ"

ကျောင်းသူ တယောက်က အကြံပေးသဖြင့် ကိုတင်ဦးသည် ညီညီထွေးကို မြေ ကြီး ပေါ် ၌ ပက်လက် လှဲအိပ်စေသည်။ လှဲအိပ်လိုက်သောအခါ နှာခေါင်းမှ သွေးထွက် နည်း သွား သော်လည်း သွေးများ အာခေါင်နှင့် ပါးစပ်တွင်းသို့ရောက်ကာ ညီညီထွေးမှာ ပါးစပ်မှ ထွေးထုတ်နေရတော့သည်။ နှာခေါင်းမှလည်း သွေးမစဲ။ အာခေါင်ထဲသို့လည်း စီးကျသဖြင့် အသက်ရှူမရ ဖြစ်လာသည်။

ညီညီထွေး၏ သူငယ်ချင်းကိုကိုတင်ကမူ ညီညီထွေး ဖြစ်နေပုံကို ကြောက် လန့် လာ ၍ ဆရာမ ထံသို့ ပြေး သွား တော့သည်။

"နှာခေါင်းသွေးယိုယင် ရေရှူခိုင်းရတယ်လို့ ဖိုးမမပြောဘူးတယ်ကွ။ မင်းတို့အထဲက တယောက် ရေတခွက်မြန်မြန်သွားခပ်စမ်း"

ကိုတင်ဦးက က စား ဖော် တဦးကို ခိုင်းလိုက်၏။

ကိုတင်ဦးသည် ရေခွက်ထဲမှ ရေကို ညီညီထွေးအား ရှူခိုင်းသည်။ ညီညီထွေးက အားပါးတရ ရှူလိုက်ရာ အာခေါင်တွင်းသို့ ရေဝင်၍ သီးသွားတော့သည်။

ထိုအခိုက် ဆရာမသည် သူတို့ကြားသို့ တိုးဝင်လာကာ –

"ဖယ်စမ်း–ဖယ်စမ်း၊ မင်းတို့ ဘာတွေလုပ်နေကြတာလဲ။ ဒီရေက ဘာလုပ်ဖို့လဲ"

"ညီညီထွေး နှာခေါင်းသွေးယိုလို့ရေရှူခိုင်းနေတာဆရာမ"

"နှာခေါင်းသွေး ယိုတာကို ဒီလိုမလုပ်ရဘူးကွဲ့။ နားမလည်

ယင် ဆရာမကို လာခေါ်ပါလား။ ဘာလို့ မဟုတ်တာတွေ လျှောက်လုပ်နေရတာလဲ”

ဆရာမက အပြစ်ဆိုသည်။ ပြောပြောဆိုဆိုပင် ပက်လက်လှဲနေသော ညီညီထွေးကို အနည်းငယ်မ၍ ခေါင်းကိုအနည်းငယ်ထောင်ကာ ဆရာမကလက်ဖြင့် မွေးထားလိုက်၏။ ထို့နောက် ပါးစပ်တွင်းမှ ကျန်နေသည့် သွေးများကို ထွေးထုတ်စေသည်။ တချိန်တည်းတွင် ပါးစပ်မှ အသက်ရှူနိုင်းပြီး ညီညီထွေး၏ နှာခေါင်းကို ညာဖက်လက်ညှိုး လက်မတို့ဖြင့် ညှစ်ကာ ဖိထားသည်။

“နောက်ဆို နှာခေါင်းသွေး ယိုတာတွေ့ယင် လှဲအိပ်မနိုင်းရဘူး။ ခေါင်းကို ပေါ့ဖီလို နဲနဲထောင်ထား။ ဒါမှ နှာခေါင်းက သွေးတွေ အာခေါင်ထဲကို မဝင်မှာ၊ အသက်ရှူမခက်မှာ။ နောက်ပြီး နှာခေါင်းကို ဆရာမ ဖိညှစ်သလို လက်ချောင်းလေးတွေနဲ့ ခပ်တင်းတင်းဖိညှစ်ထားလိုက်။ တော်တော်လေးကြာတော့ အတွင်းက သွေး ထွက်တော့မှာ မဟုတ်ဘူး”

“ရေ ရှူ နိုင်း ယင် ကော ဆရာမ”

ကိုတင်ဦးက ဖြတ်မေးလိုက်သည်။

“နှာခေါင်း သွေးယိုနေတဲ့ လူကို ဘယ်တော့မှ ရေမရှူနိုင်းရဘူးကွဲ။ ရေကို ရှူရှိုက်လိုက်တော့ အာခေါင်ထဲ ဝင်သွားပြီး သီးတာ၊ မွန်တာရယ် အဆင်မသင့်လို့ ရေတွေအဆုတ်ထဲ ဝင်သွားယင်လဲ အဆုတ်ရောင် တဲ့ရောဂါ ဖြစ်တတ်တယ်။ အေး– တခုတော့ ရှိတယ်။ ရေအေး အေးကို အဝတ်နဲ့ဆွတ်ပြီး နှာခေါင်းပေါ်ကိုတင်၊ အပေါ်က လက်နဲ့ဖိညှစ်ယင်လဲ ရပါတယ်”

“မင်းတို့ကို နေပူထဲမှာ မကစားဖို့ ဆရာမ ခဏခဏ ပြောတယ်။ နားမထောင်ကြဘူး။ နှာခေါင်း သွေးယိုတယ် ဆိုတာ ရိုက်မိမှ မဟုတ်ဘူး။ ရာသီဥတု ပူလွန်းယင်၊ သိပ်ပြီးအမောခံပြီး နေပူမှာ ကစားယင်လဲ ယိုတတ်တယ်ကွဲ။ ဒါကြောင့် နေပူမှာ မကစားကြနဲ့၊ ဖျားမယ်၊ နာမယ်၊ တခုခုဖြစ်မယ်လို့ ဆရာမ ပြောပြောနေတာ”

တအောင့်လောက် ကြာသွားသောအခါ ဆရာမသည် ညီညီထွေး နှာခေါင်းကို ဖိညှစ်ထားသော သူ့လက်ကို တဖြည်းဖြည်းလွှတ်လိုက်၏။ ညီညီထွေး၏ နှာခေါင်းမှ သွေးမထွက်တော့ပေ။

လက်တွေ့ ကြုံရသော သင်ခန်းစာတခုကို ကျောင်းသားများ မျက်မြင် သဘောပေါက်သွားကြလေပြီ။ သို့သော် သွေးစွန်းသောအကျီနှင့် ညီညီထွေး အိမ်ပြန်သွားလျှင်ကား သူ့အမေစကားကို နားမထောင် ခဲ့မိသော သူ့အပြစ်ကြောင့် ညီညီထွေးတယောက် အဆူခံရဦးမည်မှာ သေချာပေသည်။

# ကျောင်းမှန်မှန်တက် စာမခက်

ညီမထွေးနဲ့ ညီလေးရေ၊
ကျောင်းကိုသွားစို့လေ။

ခဲတံပေတံ စာအုပ်များ၊
လွယ်အိတ်ထဲမှာထား။

အဝတ်အစား ဖွေးဖွေးစင်၊
တူညီဝတ်စုံဆင်။

ညီလေးခင်က ရှေ့ကရောက်၊
လက်တွဲအတူလျှောက်။

မရှက်မကြောက် စာကိုအံ၊
မှတ်သားအဖန်ဖန်။

နေ့စဉ်မှန်မှန် ကျောင်းကိုတက်၊
သင်စာဘယ်မခက်။ ။

မောင်လှ (ကျောက်မော်)



R. 517



# ကရဝိတ်ဖောင်

ကရဝိတ်ငှက်၏ ပုံသဏ္ဌာန်ကို ယူ၍ ပြုလုပ်ထားသဖြင့် ကရဝိတ်ဖောင်ဟု ခေါ်သည်။ ဖောင်ဟုဆိုသော်လည်း သစ်ဖောင်မျိုးမဟုတ်။ လှေပုံသဏ္ဌာန်ပင်ဖြစ်သည်။

ကရဝိတ်ဖောင်သည် ရှေးမြန်မာဘုရင်များလက်ထက်က မင်းသုံးဖောင် ဖြစ်သည်။ မြန်မာဘုရင်၏ ဖောင်စုတွင် တစီးအပါအဝင်ဖြစ်သည်။ ဖောင်၏ အလယ်တွင် ပြာသာဒ်ဆောင် ပါရှိသည်။ ပြာသာဒ်ဆောင်ထဲတွင် လူတို့စီးနင်းလိုက်ပါနိုင်ကြသည်။

ကရဝိတ်ဖောင် အတုများကိုလည်း ပြုလုပ် အသုံးပြုကြသည်ကို တွေ့ရသည်။ တခါတရံ ဘုန်းကြီးပျံများတွင် ပန်းချီဖြင့် ကရဝိတ်ဖောင်အသွင် ပြင်ထားသော မော်တော်ကား သို့မဟုတ် လှည်းပေါ်၌ ဘုန်းကြီးအလောင်းကိုတင်ကာ လှည့်လည်ကြသည်။ အတီးအမှုတ်များလည်း ပါဝင်သည်။ ဖောင်၏ နံဘေးတဖက်တချက်တွင် အမျိုးသမီးများ စီတန်းလိုက်ပါပြီး လှေလှော်ဟန် ယိမ်းကကြရသည်။

မြန်မာဘုရင်များ လက်ထက်ကမူ ကရဝိတ်ဖောင်သည် မြင့်မြတ်တော်ဝင်သော ရေယာဉ်ပင် ဖြစ်ပေသည်။

မိုးရွာ ဝင်းဖေ



၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်


# အာကြောင်းရှိမှ တန်ဖိုးသိ ၂

ပန်းချီ-ဦးဘကြည်
ဓါတ်လမ်း-မဉ္ဇူရဝင်း

၁၃၃၄ ခု၊ နယုန်လဆန်း ၈ ရက်။ (၂၀-၅-၇၂)




အမယ်လေးလေး..... ရွှင်တော့လဲ - လက်ထဲကို ရောက်လာတာဘဲ ပါကလား
ဘုရင်ကလေးထံ အမြန်သွားဆက် မှဘဲ....
မိမိတက်သို့ ရောက်လာသဖြင့် လှမ်း၍ ဖမ်းလိုက်လေသည်။
ဟေ
ထိုအချိန်တွင် ဘုရင်လေးထံ၌ ကိုယ်ရံတော် ခေါင်းဆောင် ရောက်နှင့်ပြီး—
မှန်လှပါ - မောင်ရဲဝံ့ ဆိုသူက ရွှေခွက်ကြီး ဆက်သလို့ အခစားဝင်လိုကြောင်း ခွင့်တောင်း နေကြောင်းပါ ဘုရား
ရှေ့တော်သို့ အမြန်သွင်းစေ
ထိုအခိုက် မင်းချင်းတဦးဝင်လာ၍—
အိမ်း .......
ကျက်သရေ မင်္ဂလာ ရှိလှပေသကိုး .... ရွှေဘုန်း ရွှေကံ ကြောင့် - ဆိုက် ရောက်လာထင်ရဲ့ --
မောင်မင်း ဘယ်လိုဒုပ်ယူခဲ့ ကြောင်း - သံတော် ဦးတင်စမ်း ....
မောင်ရဲဝံ့ ရွှေခွက်ကြီး ဆက်သလေလျှင်—
မှန်လှပါ - ရေထဲမှ ဒုပ်ယူ၍ ရ-ခြင်း မဟုတ်ပါ ဘုရား ....
တောင်ပေါ်မှာ တက်ယူ၍ သာ ရရှိခဲ့ ကြောင်း ပါဘုရား
တယ်ထူးဆန်းပါကလား ... တောင်ပေါ်မှာ ရ-နိုင်ကြောင်း ... မောင်မင်း ဘယ်လို လုပ်သိသလဲ
တွေးမိလို့ပါဘုရား
ဘယ်လိုတွေးမိသလဲ အမြန်တင်စေ - မောင်မင်း
မှန်လှပါ ... ဘုရား အလောင်း-မဟောသဓာ ဇာတ်တော်တွင် - ကျီး သိုက်တွင်းက - ပတ္တမြား ရေတွင်လက်နေကြောင်း နှင့် ဆက်စပ်၍ တွေးမိ ကြောင်းပါဘုရား
အိမ်း တော်ပေစွ - တော်ပေစွ -


အလို... သစ်ပင် ကျဲတဲ့ လွင်ပြင် ကြီး ကအဲ.... ဒီကုန်းမြင့်ကို ကျော် နိုင်လျှင် - တိုင်းသစ် ပြည်သစ် တွေ့မယ် ထင်တယ်
နောက်တနေ့တွင် ခရီးဆက်ထွက်ကြပြီး အတော်ကြာလေသော်–
သစ်ပင် တောင် တပင်မှ မတွေ့တော့ ပါလား
အေးတော့... မြေနှင်းရတာ မြက်ပင်တောင် ရှိပုံမပေါ်ဘူး
လွင်ပြင်ကိုဖြတ်ကျော်ရင်း မိုးချုပ်သွားသော်လည်း ဆက်လက် ခရီးနှင်လေရာ–
ဖြစ်သလို - စခန်းချကြရမည် ဘုရင့် အမိန့်တော်......
ရှေ့တော်မြေး တပ်ဖွဲ့က - အရပ်လေး မျက်နှာသို့ - ရေ ရှာရန် အမြန် ထွက်ကြ ရမည် အမိန့်တော်....
နောက်တနေ့တွင် ခရီးကလည်းပန်း၊ ရေကလည်းကုန်၊ နေကလည်းပူလှသဖြင့်–
အဝေးက တောင်တန်းက တော့ ရေကန်လိုလို - အနားရောက်တော့ ဘာမှလဲမရှိ ဘူး
သဲကန္တာရထဲက တံလျှပ် ဆိုတာမျိုး ထင်ပါရဲ့ဗျာ
ရေရှာသောသူများမှာ ရေမတွေ့ပဲ မောပန်းပြီး ပြန်လာကြ၍–
ဘယ်မျှာမှ - ရေ ရှာလို့ မရကြောင်းပါ ဘုရား
သယ်......... ဒီလောက် ညံ့ရသလား
ရေမရလို့ မဖြစ်ဘူး
ဒီကောင်တွေကို ဒဏ်ခတ်
နောက်တသုတ်ထွက်ရှာ ရေမရမချင်းပြန် မလာ ကြနဲ့
ဘုရင်လေးထံ သံတော်ဦးတင်ကြလေသော် ဘုရင်လေးသည် ဒေါသထွက်လျက်–
အဘ ဒီလိုတော့ ဖြစ်ကုန်ပြီ– ××××××× ×××××
ဟ ဒီလိုဆိုယင် ××××××× ××××××× အဲဒီလို စီမံကြည့် ပါလား
ထိုအချိန်တွင် မောင်ရဝံ့သည် ဖခင်အိုထံ ချဉ်းကပ်၍ တီးတိုး–




ဟော့-ဟော့.... နွားကလေး ပဒိုဘက်ပြေး.. မြေကြီးနမ်းလိုက်. ဒီဘက်ပြေး–မြေကြီးနမ်း လိုက်နဲ့.- ဘာရှာနေတယ်၊ လိုက်ကြည့်ရအောင်
အေးကွ ရပ်ပြီး.- မြေကြီး ကိုဘဲနမ်းနေတယ်
မောင်ရဲဝံ့သည် ဖခင်အို ပြောသည့်အတိုင်း သုံးနှစ်သား နွားငယ်ကို လွှတ်ကြည့်ရာ—
ဟာ..- နွားလေး-လက်နဲ့ ယက်နေတဲ့နေရာက အောက်ဘက်က ပေါ်လာတဲ့မြေဟာ-စိုထိုင်းထိုင်း နေပုံ ရတယ်...
အေးဟေ့၊ ဒီတာတွေ ဝိုင်းတူးကြည့်ရအောင်
ကဲ-ဒါဖြင့်-ပေါက်တူး- ပေါက်ပြား-တူးရွင်းတွေ သွားယူကြစို့....
နွားလေးသည် ခွါများဖြင့် မြေကြီးပေါ် ယက်နေသည်ကို ကြည့်နေရာမှ
ရေ......
ဘာမယ်လေး ရေတော့...ရေ
အတော်တူးမိသောအခါ ရေထွက်လာသည် ကို တွေ့ကြ၍ သူထက်ငါ ရေခပ်—
ဘုရား၊ဘုရား...ရေပတ်တိုက် လိုက်မှဘဲ နေသာ သွား တယ်
ဟင်း.....- ရေ-ရေ...... ခုမှဘဲ ရေတော် မြော့တော့ တယ်
ဟော့ချော်၊ရေရှားတယ်၊ထမင်းသာချက်၊တခြား ဟာတွေ-ကင်စား-ဖုတ်စားတာပေါ့......
ကြပြီးလျှင် သောက်ကြ၊ သုံးကြနှင့် အလွန် စိတ်ချမ်းသာရာ ရသွားကြ၏။
မောင်ဖင်း-ဒီလိုနွားငယ် လွှတ်ပြီး-ရေရှာရတယ်လို့ ဘယ်သူပြောသလဲ လျှောက်တင်စမ်း
ဖတ်ဘုရား၊ကြားဘုရား တဲ့အတိုင်း-စမ်း ကြည့်ရင်-ဒီလို ရေသွားတွေတာ ပါဘဲဘုရား...
ထိုအကြောင်းကို ဘုရင်လေး ရွှေနားတော် သို့ ပေါက်သွားလေလျှင်—
အင့်ဟင်....၊ ဒီလူဟာ တခုကောင်း တော့ ရှိပြီထင်တယ်... အကဲခပ် အုံးမှဘဲ...
အိမ်းကောင်းပေစွ-
ဒီအရပ်မှာ အဖြန့်ထွက်မှဖြစ်မယ်...
နက်ဖြန် ခရီး ဆက်ကြရမယ်


(ဆက်ရန်)







ဟား - ဟား - ဟား -
ပူ - ပူ - ပူ..
ပူ - ပူ - ပူ..
ဟိုကောင်တွေ ရူးသွားပြီဟေ့ -
ဟား - ဟား - ဟား -
ဝုတ် - ဝုတ် -
ခွေးရူးတွေလာပြီဟေ့ - ပြေးကြ ပြေးကြ -
ဟမ်း - ဟမ်း - ဟမ်း -
နေ့လယ်ကျောင်းလွှတ်ချိန်တွင် ဖေါ်ကြီး ဝေါထုံးနှင့် သူ့ပေါင်းအသိုက်သည် ဖေါ်ကြီး မိခင်နှင့်အတူ ဆေးရုံသို့ ထွက်လာခဲ့ကြသည်။
ငါ့ကြောင့်ဘဲ တော်တော် ခွေးကိုက်မယ်ထင်ကြလို့ လွန်ပြီ၊ အပြေးကြီးပြေးနေ၊ ဆေးအများကြီး ထိုးရတယ်ပေါ့တာကွာ၊

# ရေတံခွန်


ရိုးလှိုင်မြင့်
ကဆွဲ

ရေတံခွန်များကို အထူးသဖြင့် တောင်တန်းဒေသများ၊ ကုန်းပြင်မြင့်များ၌ တွေ့ရသည်။ ယင်းတို့သည် မြေသား အခြေအနေ အမျိုးမျိုးကြောင့် ဖြစ်လာကြသည်။ ကမ်းပါးစောက်များပေါ်သို့ မြစ်ဖြတ်သန်း စီးဆင်းသည့်အခါတွင် ရေတံခွန် ဖြစ်လာ တတ်သည်။ မြေလွှာပြတ်လွဲပြီး မြေစိုင်ထု နိမ့်ကျကာ နက်သော စောက်နက်လျှောဖြစ်နေရာပေါ်သို့ မြစ်ဖြတ်စီးရာမှ ရေတံခွန် ဖြစ်လာသည်။ မြစ်မကြီးအတွင်းသို့ မြစ်လက်တက် စီးဝင်လာသော နေရာ၌လည်း ရေတံခွန်ဖြစ်ပေါ်လာတတ်သည်။ ထိုနေရာမျိုးသည် မြေပြင် အဆက်ပြတ်နေတတ်ပြီး ဘုံမြင့်မြစ်ဝှမ်းဖြစ်လာသည်။



ချော်ချောင်း သို့မဟုတ် ချော်ရည်၊ ချော်တုံးများ အဆက်မပြတ် စီးဆင်းရာမှ ကုန်းပြင်မြင့်ကြီးများ ဖြစ်ပေါ်လာပြီး ထိုချော်လွှာ ကုန်းပြင်ပေါ်သို့ မြစ်များ ဖြတ်သန်း စီးဆင်းသောကြောင့်လည်း ရေတံခွန် ဖြစ်လာသည်။

အချို့ ရေတံခွန်များသည် ရေခဲခေတ်အတွင်းက ရေခဲ၏ ပွန်းပြင်မှုကြောင့် ဖြစ်လာကြသည်။ အချို့မှာ နိမ့်ပြီး သေးငယ်၍ အချို့မှာ တောင်ဆင်ခြေတလျှောက်တွင် အဆင့်ဆင့် ဖြတ်သန်းစီးဆင်းသည်။ နယူးဇီလန်ရှိ စပ်သာလန် ရေတံခွန်သည် သစ်တော ထူထပ်သော



တောင်စောင်းတွင် လျှောကားထစ်သဖွယ် အဆင့်ကြီး သုံးခုကို ဖြတ်ကျော်ကာ ပေပေါင်း ၂၀၀၀ နီးပါးမျှ စီးဆင်းသည်။ မြစ် စီးဆင်းရာလမ်းကြောင်းတွင် ကန့်လန့်ဖြတ် တားဆီး နေသော ကျောက်သားထုကြောင့်လည်း ထိုနေရာတွင် ရေတံခွန် ဖြစ်ပေါ်လာတတ်သည်။

တောင်အမေရိကရှိ ၃,၂၀၂ ပေ မြင့်သော အိန်ဂျယ် ရေတံခွန်သည် ကမ္ဘာ့အမြင့်ဆုံး ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါရှိ နိုင်အာဂရာ ရေတံခွန်သည် ကမ္ဘာ၏ အထင်ရှားဆုံးသော ရေတံခွန်တခု ဖြစ်သည်။

မြစ်ကြောင်း တခုသည် ကျောက်သားတခုမှ အခြား မတူညီသော ကျောက်သား တခုပေါ်သို့ ဖြတ်သန်းစီးဆင်းရာမှ သို့မဟုတ် ရုတ်တရက်နက်စောက်သွားသော ဆင်ခြေလျှောပေါ်သို့ ဖြတ်သန်းစီးဆင်းရာမှ ရေမော် ဖြစ်လာသည်။ ရေမော်ရှိရာ၌ စီးဆင်းသော ရေ၏ အမြန်နှုန်းမှာ သာမန်ထက် လွန်စွာ လျင်မြန်သည်။ တရှိန်ထိုး စီးဆင်းသည်။

ရေတံခွန်နှင့် ရေမော်တို့ ရှိသော မြစ်သည် ရေကြောင်းခရီး သွားလာရေးအတွက် ခက်ခဲသည်။ သယ်ယူ ပို့ဆောင်ရေးအတွက် အသုံးမဝင်လှပေ။ ထို့ကြောင့် ထိုမြစ်မျိုးတွင် ရေတံခွန်နှင့် ရေမော်တို့ကို ရှောင်ကွင်း၍ တူးမြောင်းများ ဖောက်လုပ်ထားကြရသည်။

တရှိန်ထိုး စီးဆင်းနေသော ရေအားမှ လျှပ်စစ်ဓာတ်အားကို ရယူနိုင်သည်။ ခေတ်မီတိုးတက်သော စက်မှုလက်မှုနိုင်ငံ တည်ထောင်ရာ၌ ရေအားသည် အလွန် အရေးပါလေသည်။





ပေါက်စီ
နှင့် ဝက်ဆူ
ပူအိုက်သော နွေရာသီ ရောက်လာသော တနေ့တွင်—


ဟဲ ဒီအကြံကောင်းတယ် - အခု စီးဆင်းနေတဲ့ စမ်းချောင်းကို ဟိုက ကျောက်ပိတ်လိုက်ရင် ရေလှောင်ကန်တခုဖြစ်နိုင်တယ်
ရေလှောင်ကန်ဆောက်ဖို့မှာ လုပ်အားလိုပါတယ် - တတ်နိုင်တဲ့လုပ်အား ပေးကြပါ
သစ်ပင်တွေခုတ် ပေးပါမယ်
နွယ်ကြိုးတွေ စုဆောင်းပေး ပါမယ်
ရေအောက်လုပ် ငန်းတွေပေးပါ- တာဝန်ယူပါတယ်
ကျုပ်ကသစ်တုံးတွေ သယ်ပေးပါမယ်
ဒီငှက်တွေတာဝန် မပျက်ဘူး ဟေ့
သစ်တုံးတွေ ရောက်ပြီဟေ့
ဟုတ်ကဲ့


သူတို့၏ စုပေါင်း လုပ်အား ကြောင့် ဖြစ်ပေါ် လာသော ရေပြင်ကြီးကို တပျော် တပါး လှည့်လည် ကြည့်ရှု ကြလေ သည်။
စုပေါင်းမှု၏ အင်အားပင် ဖြစ်၏။

# နေထွက်စနှင့် ဝင်စတွင် နေလုံးကြီးသည် အဘယ်ကြောင့် နီသနည်း


နေထွက်စနှင့် နေဝင်စ အချိန်တွင် နေသည် ကမ္ဘာမြေကြီးမှ အဝေးဆုံး နေရာတွင် ရှိ၏။ ထို့ကြောင့် နေရောင်ခြည်သည် အခြားအချိန်များနှင့်စာလျှင် ပိုမိုထူထဲသော လေထုကြီးကို ဖြတ်သန်းလာရသည်။ နေရောင်ခြည်တွင် ခရမ်း၊ မဲနယ်၊ အပြာ၊ အစိမ်း၊ အဝါ စသော အရောင်ခုနစ်မျိုး ပါရှိရာ လေထုကို ဖြတ်သန်းလာစဉ်တွင် အပြာရောင်နှင့် အဝါရောင်တို့မှာ လေထု၏ စုတ်ယူထားခြင်းကို ခံရသည်။ အနီရောင်မှာ ကွဲထွက်မှု အနည်းဆုံး ဖြစ်သောကြောင့် လေထုကို ထိုးဖောက်ပြီး ကမ္ဘာပေါ်သို့ ကျရောက်လာသည်။ ထို့ကြောင့် နေထွက်စနှင့် နေဝင်စအချိန်တွင် နေကို အနီရောင်အဖြစ် မြင်ရခြင်း ဖြစ်သည်။



လေထုတွင် တိမ်လွှာ သို့မဟုတ် သမှုန်များ ရှိသောအခါ လေထုအထက်ပိုင်းကို ထိုးဖောက်ဝင်ရောက်လာသော အနီရောင်သည် အရောင်ပြန်ခြင်း ခံရသောကြောင့် မိုးကောင်းကင်အစိတ်အပိုင်း အချို့မှာလည်း နီနေတတ်သည်။ ဤသည်ကို တိမ်တောက်သည်ဟု ခေါ်သည်။

တင်လှဦး

## ဖြစ်နိုင်ပါ့မလား



မနေ့ညက ပဲခူးကအပြန် ငါ့ကား ဘီး ပေါက် သွားတယ်။ ဒါနဲ့ဒီအတိုင်း ဆက်မောင်းလာခဲ့ရတာပေါ့။

ဘီး ပေါက် နေ ရက် နဲ့ ဆက်မောင်းဖို့ ဖြစ်နိုင် ပါ့မလားကွာ။

ပေါက်တဲ့ဘီးက စပယ်ယာ အပိုဘီးကွ။




ထို့ကြောင့်"ငွေရှိလျှင် ဘာမဆိုလုပ်နိုင်တယ်၊ ဖြစ်နိုင်တယ်" ဆိုသောစကားသည် ကျွန်တော့်အဖို့ အလွန်မှန်သောစကားဖြစ်နေပါတော့သည်။

ကျွန်တော်သည် ဆော့ကစားခြင်း၊ မုန့်စားခြင်း၊ ကာတွန်းဖတ်ခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့ပါသည်။ ကျောင်းစာကိုမူ ပစ်ထားခဲ့ပါသည်။

ဤသို့ဖြင့် အတန်းတင် စာမေးပွဲကြီးက တဖြည်းဖြည်း နီးလာပါတော့သည်။ စာမေးပွဲကြီးနီးလာမှ စာမေးပွဲကျမှာကို ကျွန်တော် စိုးရွံ့လာပါသည်။ ထို့ကြောင့် ကျွန်တော်သည် အဖေ့အနီးသို့ ကပ်သွားပြီး –

"အဖေ–ကျနော်စာတွေလဲ ကောင်းကောင်းမရဘူး။ ပိုဆိုးတာက ဂဏန်းသင်္ချာဘဲ"

"မင်းစာမကျက်လို့ ဖြစ်မှာပေါ့ကွာ"

"ကျွန်တော် စာကျက်ပါတယ်အဖေ။ ဒါပေမဲ့ ကျောင်းက ဆရာတွေ သင်ပြတာမကောင်းဘူး။ နားလည်အောင်လဲ သင်ပေးတာမဟုတ်ဘူး"

ကျွန်တော်သည် အဖေ့ကို လိမ်ညာ၍ ပြောပြနေပါသည်။ အမှန်မူ ကျွန်တော်၏

"လောကမှာ ငွေဟာ အရေးကြီးတယ်"

နေ့စဉ်နှင့်အမျှ သည်စကားကို ကျွန်တော် ကြားနေရပါသည်။ သည်စကား မှန်လိမ့်မည်ဟုလည်း ကျွန်တော် ယုံကြည်နေပါသည်။

အိမ်ရှေ့လမ်းပေါ်မှ ဈေးသည်၊ မုန့်သည်များ လျှောက်၍ အော်သွားကြသည်။ ကျွန်တော့်မှာ ပိုက်ဆံမရှိသဖြင့် မုန့်မစားရပါ။ ထို့ကြောင့် ပိုက်ဆံသို့မဟုတ် ငွေသည် အရေးကြီးကြောင်း သိလာသည်။

"ငွေရှိယင် ဘာမဆို လုပ်နိုင်တယ်၊ ဖြစ်နိုင်တယ်"

**ထိုစကားသည်လည်း အမှန်ပင်ဖြစ်ပါလိမ့်မည်။ ငွေမရှိသဖြင့် ကျွန်တော်သည် မုန့်မစားရပါ။ ဖတ်ချင်သည့် ကာတွန်းနှင့် ရုပ်ပြဇာတ်လမ်း စာအုပ်များကိုလည်း မဖတ်ပဲနေခဲ့ရ၏။**

အမေ့ဆီမှာ ပိုက်ဆံတောင်းတိုင်းလည်း "ငွေဟာ ဘယ်လောက်အရေးကြီးတယ် ထင်သလဲ။ မင်းတို့ တောင်းတိုင်း မပေးနိုင်ဘူး" စသည်ဖြင့် ပြောဆိုခံရတတ်ပါသည်။

အမေသည် ကျွန်တော့် အတွက် မုန့်ဖိုးကိုလည်း တနေ့ ၂၅ ပြားထက် ပိုပေးလေ့မရှိပါ။ သို့ကြောင့် ငွေသည် အရေးကြီးကြောင်း ကျွန်တော်ပို၍ သိလာပါသည်။

အပြစ်များကို ဖုံးကွယ်နေခြင်း သာဖြစ်ပါသည်။ ကျွန်တော်၏ စကားများကို အမေကလည်း ယုံကြည်နေပါသည်။

“ငါကလဲ ကိုယ့်အလုပ်နဲ့ ကိုယ်မို့ အားတာ မဟုတ်ဘူး။ ဒီတော့ ဆရာတယောက်ငှားပြီး မင်း ညံ့တယ်ဆိုတဲ့ သင်္ချာကို တတ်အောင် သင်ခိုင်းမယ်”

“ဖြစ်ပါ့မလား အဖေရယ်”

“ဘာဖြစ်လို့ မဖြစ်ရမှာလဲ ကွ။ ငွေပေးနိုင်ယင် ဖြစ်တာ ပေါ့။ ငွေရှိယင် ဘာမဆိုဖြစ် တယ် မှတ်ထား”

အဖေသည် ကျွန်တော့်ကို ကျူရှင်ပေးရန် အတွက် ဆရာ တယောက် အပူတပြင်းလိုက်ရှာ၏။ နောက်ဆုံးမှ ရှားရှား ပါးပါး ဆရာတယောက် ရလာပါတော့သည်။

“ဘယ်လောက် ပေးရပေးရ ကျနော့်သားကို ဒီနှစ်အောင် အောင် သင်ပေးပါ ဆရာရယ်”

“ကျနော် အစွမ်းကုန် ကြိုးစားသင်ပေးပါ့မယ်၊ စိတ်ချပါ”

ဆရာသည် ပေးထားသည့် ကတိအတိုင်း ကြိုးစား၍ သင်ပြပေးပါသည်။ သို့သော် ဆရာက မည်မျှပင် အသင်အပြကောင်း ကောင်းဖြင့် ကြိုးစားပြီး သင်ကြားစေကာမူ ကျွန်တော်မှာ စောစောပိုင်းက မကြိုးစားခဲ့သဖြင့် ယခု ဆရာသင်ပြသည်ကို မလိုက်နိုင်ဖြစ်ရပါသည်။ စာပေပညာကို ဖြတ်လမ်းကလိုက်၍ မရနိုင်၊ မှန်မှန်ကြိုးစား လေ့ကျက်မှ ရသည်ဟု လူကြီးများ ပြောဘူးပါသည်။ ယခု ကျွန်တော် လက်တွေ့ သိနားလည်ရပါပြီ။ ငွေနှင့်ပေး၍ မရပါ။

နောက်ဆုံးတွင် ဆရာက မည်မျှပင် ကြိုးစားသင်ပြသော်လည်း အခြေခံမကောင်းသော ကျွန်တော်သည် စာမလိုက်နိုင်သဖြင့် စာမေးပွဲကျရှုံးရပါတော့သည်။

အရာရာတိုင်းကို ငွေနှင့်လုပ်လျှင် ဖြစ်နိုင်သည်ဟု ထင်ခဲ့ခြင်းမှာ မှားပါသည်။ ငွေမသုံးပဲနှင့် မိမိကိုယ်တိုင် ကြိုးစားမှရသော အရာများ ရှိနေသည်ကို ကျွန်တော် နားလည်လာပါပြီ။

ငွေသည် အရေးကြီးသည်မှာလည်း မှန်သင့်သလောက် မှန်ပါလိမ့်မည်။ သို့သော် ငွေရှိလျှင် ဘာမဆို လုပ်နိုင်သည်၊ ဖြစ်နိုင်သည်ဆိုသော စကားမှာ လုံးဝမမှန်နိုင်ပါ။ ကျွန်တော် စာမေးပွဲ ကျရှုံးခြင်းက သက်သေခံနေပါပြီ။

# သည်ကလေးတွေ

အရှေ့အိမ်က မောင်သက်တန်၊
ကျောင်းသွားကျောင်းပြန်မှန်။
အဖန်ဖန် အထပ်ထပ်၊
ကျောင်းစာ ကြိမ်ကြိမ်ဖတ်။

အနောက်အိမ်က မလေးချို၊
ကျောင်းသို့သွားတိုင်းလို။
မိဖကို ဦးနှိမ်ချ၊
သာဓုနှစ်ဆရ။

တောင်ဘက်အိမ်က မောင်ဘိုးတာ
ကျောင်းမှပြန်သောခါ။
ကိုယ်ခန္ဓာ ကျန်းမာရေး၊
ရှေးရှု ကစားသေး။

မြောက်ဘက်အိမ်က မလေးငယ်၊
ကျောင်းပြန်ချိန်တိုင်းဝယ်။
နေ့စဥ်ကွယ် ဝတ်မပျက်၊
အိမ်မှုတာဝန်ရွက်။ ။

ကြည်မွေ့(ဟံသာဝတီ)



R. 517.



# စလွယ်

စလွယ်ဆိုသည်မှာ ဂုဏ်ထူး ဘွဲ့ထူးအတွက် အဆောင်အယောင်တရပ်ပင် ဖြစ်သည်။

လက်ဝဲ ပခုံးစွန်းမှ လက်ျာနံပါးသို့ သွယ်ချ ဆင်မြန်းရသော ကြိုးကို စလွယ်ဟု ခေါ်၏။ ယင်းကြိုးကို ခြည်ဖြင့် သော်၎င်း၊ ရွှေ ငွေ ဖြင့်သော်၎င်း ပြုလုပ်ရသည်။

မြန်မာဘုရင်တို့သည် စလွယ်ကို လက်ဝဲ ပခုံးမှသာမက လက်ျာပခုံးမှလည်း သွယ်ချ၍ ဆင်မြန်းကြသည်။ မြန်မာဘုရင်တို့ လက်ထက်က မင်းညီ မင်းသား၊ မှူး မတ်များသည် ရာထူးအလိုက် စလွယ်ကို ဆင်မြန်းကြရသည်။ ရှင်ဘုရင်၏ စလွယ်မှာ ကြိုး ၂၄ သွယ် ရှိ၍ အိမ်ရှေ့မင်း၏ စလွယ်မှာ ကြိုး ၂၁ သွယ်ရှိသည်။ ရာတူးနိမ့်လေ ကြိုးနည်းသွားလေပင် ဖြစ်၏။

ယခုခေတ်တွင်လည်း စစ်တက္ကသိုလ်၊ ဗဟိုပြည်သူ့ ဝန်ထမ်းကျောင်း စသည်တို့၌ သင်တန်းတွင် ထူးချွန်သူများအား ဆုချီးမြှင့်ရာတွင် တခါတရံ စလွယ်ကို ချီးမြှင့်လေ့ရှိသည်။



အင်းဝခေတ် ဟံသာဝတီရောက် မင်းတရား လက်ထက်တွင် ရှင်လောင်းများကို စလွယ် စသည်တို့ ဆင်ယင်၍ သာကီဝင်မင်းမျိုးသို့ သွတ်သွင်း ခဲ့သည်။ ထိုအခါမှ စ၍ သာမန် ပုဂ္ဂိုလ်တို့၏ ရှင်ပြုပွဲများတွင်လည်း ရှင်လောင်းများ စလွယ် ဆင်ယင်ရသော အလေ့ ပေါ်ပေါက် လာခဲ့လေသည်။

မိုးရွာ ဝင်းဖေ

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၄။ အမှတ် - ၂၂။

# ရွှေသွေး ဂျာနယ်

အကြောင်းရှိ၍ စာချိုးသည် ၂

ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - ဗန္ဓုရဝင်း

၁၃၃၄ ခု၊ နယုန်လဆန်း ၁၅ ရက်။ (၂၇-၅-၇၂)




မိုးပက်တယ် - မီးငြိမ်းသွားမယ်
မင်းအကျီ မီးဟပ်နေပြီ
မီးစများယူခဲ့သော်လည်း လေကတိုက်၊ မိုးကရွာသဖြင့် ဒုက္ခတွေ့နေ၏။
တောက် - မီးရခဲ့သားနဲ့ ပါအောင် မယူနိုင်ဘူး —
ဘုရင်လေးထံရောက်လေသော် မီးငြိမ်းသွားပြီဖြစ်၍ –
ဟာ - သောက်ကျိုးနဲ့ အရေးထဲ ချော်လဲနေပြန်ပြီ....
နောက်ထပ်သွားသော သူများလည်း မီးကိုပါအောင်မယူနိုင်ပေ။
အဘရေ - အဘ။ အဘလဲချမ်းလှတော့မယ်... မီးသွားယူကြတာလေ
ဟာ....
ထိုအချိန်တွင် မောင်ရဲဝံ့သည် ဖခင်အိုးနားကပ်၍ ပြောပြန်လေသည်။
ဘုရင်ကလေးက မောင်ရဲဝံ့ - ကို-တောင်ပေါ် တက်...မီးယူခဲ့ရမယ်လို့ - အမိန့်တော် ချမှတ်ပါတယ်...
ကောင်းပါပြီ
ထိုအခိုက် မင်းချင်းတယောက်လာ၍ ဘုရင့်အမိန့်တော် ပြန်လေသည်။
ဟာ - မောင်မင်း တယ်တော်ပါလား
မောင်ရဲဝံ့လည်း အမိန့်အတိုင်း များမကြာမီ မီးကိုယူခဲ့လေသည်။


ထမင်းက - ရေရှိနေသကိုး
မီးရသော် မီးပွားစေလျက် မီးလှုံကြ၊ မီးကင်ကြ၊ ချက်ကြ၊ ပြုတ်ကြနှင့်
ပျော်ရွှင်အားရနေခိုက် ဘုရင်လေးက မောင်ရဲဝံ့ကို ဆင့်ခေါ်စေပြီး—
မဟုတ်ကြောင်းပါဘုရား
မေးမြန်းစုံစမ်းချက်များ တခုပြီးတခု ပြုလုပ်လေတော့သည်။
မဟုတ်ကြောင်းပါဘုရား


အလို...... သို့ကလို ဆိုယင် ထိုပညာရှိကို ယခုချက်ချင်း ရှေ့တော်သို့ သွင်း စေ......
အဘ..... မိသွားပြီ— ခေါ်ခိုင်းတယ်... ဘယ်လိုလုပ်ရကောင်းမလဲ...
သွားရဒါပ - ကွာ
မောင်ရဝံ့သည် ဖခင်အိုထံ ပြန်လာပြီး—
ဟင်.... သက်ကြားအိုကြီး ပါကလား
အမိန့်တော်ကို လွန်ဆန်မှု အဘယ်ကြောင့် - ပါလိုရ သနည်း......
ခေါ်လာသောသူကို ကြီးလေးသော အပြစ် ဒဏ်ခတ် ရမည်.....
ဖခင်အို ရှေ့တော်သို့ ရောက်လျှင်—
အို - အရှင်မင်းကြီး သည်းခံတော်မူပါလော့... သတိရှိတော်မူပါလော့— အကယ်၍သာ ကျွန်တော်မျိုး ပါမလာလျှင် ယခုအချိန်တိုင်အောင် ထို ကျေးလူတွေ - အသက်ရှင် နေရဦးမည် မဟုတ်ပါပါ.... ခေါ်လိုခဲ့မိသော မောင် ရဝံ့၏ ကျေးဇူးပင် မဟုတ်ပါ လော။ အပြစ်ဒဏ် ခတ်လိုက - လိုက်လိုက်သော ကျွန်တော်မျိုးကိုသာ - သေဒဏ်ပေးလိုက - ပေး တော်မူပါဘုရား.....
အိမ်း.......... ပညာရှိစကား ဗိုလ်သပေစွ — အသင်၏ကျေးဇူးကြီး လှ၍ ငါကိုယ်တော်. အဘယ်ကြောင့် သတ်ချိမ့်ပါမည်နည်း
ကျေးတော်မျိုး - ကျွန်တော်မျိုးကို မျိုးရှက်ကာခေါ်ဆောင်လာသော မောင်ရဝံ့၏ စေတနာ - သဒ္ဓါကြောင့်သာ ကျွန်တော်မျိုး ယခုအချိန်အထိ အသက်ရှင်နေရ၍ ကျွန်တော်မျိုး ကျေးဇူးရှင်ဟာ - သား မောင်ရဝံ့သာလျှင်ဖြစ်ကြောင်း ပါဘုရား......
မှန်ပါပေတယ် - တော်ပါပေတယ်။ ငါကိုယ်တော် သတိတရားရပါပြီ။ တကယ်ဆိုတော့ - အသက် အရွယ်ကြီးလေလေ - အတွေ့အကြုံ များလေလေဘဲ၊ အတွေ့အကြုံများလေလေ - ဉာဏ်အမြော်အမြင် ကြီးလေလေဘဲ။ သင် အဘိုးအိုနှင့် မောင်ရဝံ့တို့အား ဆုတော်ငွေမ်းချင့် ပေးလိုက်သည်၊ အမှုတော်ကို ဆက်လက်ထမ်းဆောင်ကြလော့...
ဉာဏ်မှီသလောက် ဆောင်ရွက်ပါမည် ဘုရား....

(ပြီးပါ)



ဆေးရုံ







ဆက်ရန်

# ရေအိုင်


ရိုးလွင်မြင့်
ကဆ.



ကုန်းမြေ ပိုင်းရံ လျက်ရှိသော ရေပြင်ကျယ်ကြီးကို ရေအိုင်ဟု ခေါ်သည်။ မြစ်၏အစိတ်အပိုင်းတခု သို့မဟုတ် ကမ်းခြေတလျှောက်ရှိ ရေပြင်တခု၊ ပင်လယ်နှင့် ဆက်စပ်နေသော ပင်လယ်အော်၊ ထုံးအိုင် စသည်တို့ကိုလည်း ရေအိုင်ဟု ထင်မှတ်ရသည်။ သို့သော် ရေအိုင်မဟုတ်ကြပေ။




ရေအိုင်တွင်းရှိ ရေတို့ မြေထဲသို့ စိမ့်ဝင်ခြင်းဖြင့်၎င်း၊ စီးဆင်းခြင်းဖြင့်၎င်း၊ ခန်းခြောက်ခြင်းဖြင့်၎င်း ကုန်ဆုံးသွားရာ၌ ထိုကုန်ဆုံးသွားသော ရေအစား မိုးရေ၊ ရေခဲပျော်ရည်နှင့် ချောင်းရေတို့က အစဉ် ဖြည့်သွင်းပေးသည်။ အချို့ ရေအိုင်တို့သည် တနှစ်ပတ်လုံး အပြောင်းအလဲမရှိသော်လည်း အချို့တို့မှာ ရာသီဥတုကို လိုက်၍ ရေ အနည်းအများ ကွာခြားသည်။



တောင်ကုန်းပြင်မြင့်များရှိ ရေအိုင်များ၊ ဥပမာ အဲလ်ပတောင်တန်း၊ ကနေဒါနှင့် မြောက်ပိုင်းရုရှ စသော အလွန်အေးသောဒေသရှိ ရေအိုင်တို့သည် ဆောင်းဆီးနှင်းများ အရည်ပျော်သော နွေဦးတွင် ရေလျှံနေတတ်သည်။ ခြောက်သွေ့သော ရာသီရှိသည့် အာဖရိကနှင့် ဩစတြေလျရှိ ရေအိုင်တို့သည် ပူပြင်းသောရာသီတွင် ရေခန်းခြောက်သည်။

ဆိုဗီယက် ရုရှနိုင်ငံရှိ ကက်စပီယန်နှင့် အေရယ်ပင်လယ်တို့ကို ကုန်းတွင်း ပင်လယ်များဟု ခေါ်ကြသည်။ ကက်စပီယန် ပင်လယ်သည် ကမ္ဘာ့ အကြီးဆုံး ရေအိုင်ကြီးဖြစ်၍ အမေရိကန်ပြည်ထောင်စုရှိ ဆူပီးရီးယားအိုင်ထက် ငါးဆမျှကြီးသည်။ တတိယအကြီးဆုံးဖြစ်သော အာဖရိကတိုက်ရှိ ဝိတိုရိယအိုင်သည် စကော့တလန်နိုင်ငံ ဧရိယာထက် အနည်းငယ်သာ သေးငယ်သည်။



ရေခဲခေတ် အတွင်းက ရေခဲတို့၏ ပြုပြင်မှုကြောင့်လည်း ရေအိုင်များ ဖြစ်ပေါ်ခဲ့ကြသည်။ ဗြိတိန်၊ စကော့တလန်နှင့် ဝေလနိုင်ငံရှိ တောင်ပေါ်ဒေသတို့တွင် ရေခဲပြင် သို့မဟုတ် ရေခဲမြစ်ကြီးများ၏

ရွှေ့ရှား တိုက်စားခြင်းကြောင့် ရှည်လျားနက်ရှိုင်းသော ရေအိုင်များ ဖြစ်ပေါ်လာသည်။ ဥရောပမြောက်ပိုင်း၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စု စပ်ကြားရှိ ရေအိုင်ကြီးများသည်လည်း ရေခဲ၏ ပြုပြင်မှုကြောင့်ပင် ဖြစ်ပေါ်ခဲ့ကြသည်။


ကမ္ဘာ့မြေလွှာတွင် အက်ကွဲပြီး မြေစိုင်ကြီးများ ကျွံကျခြင်းကြောင့်လည်း ရှည်လျားသော ချိုင့်ကြီးဝှမ်းကြီးများ ဖြစ်ပေါ်တတ်သည်။ ယင်းတို့အတွင်းသို့ ရေများ တနည်းနည်းဖြင့် ရောက်ရှိခြင်းဖြင့် ချိုင့်ဝှမ်းအိုင်ကြီးများ ဖြစ်လာသည်။ အရှေ့အာဖရိကရှိ နယာဆာနှင့် တန်ဂန်ယိကားအိုင်တို့သည် အဆိုပါ အိုင်ကြီးမျိုးများဖြစ်၍ တန်ဂန်ယိကားအိုင်သည် ကမ္ဘာ့ ဒုတိယ အနက်ဆုံးရေအိုင်ဖြစ်သည်။ ကမ္ဘာ့ အနက်ဆုံးရေအိုင်မှာ ဆိုက်ဘီးရီးယားနိုင်ငံ တောင်ပိုင်းရှိ ဘိုက်ကယ်အိုင်ပင် ဖြစ်သည်။


မီးတောင်ငြိမ်းသေများ၏ ထိပ်ဝများသည်လည်း ဝန်းဝိုင်းသောရေအိုင် ဖြစ်သွားသည်က များသည်။ အမေရိကန် ပြည်ထောင်စု အိုရီဂွန်နယ်ရှိ မီးတောင်ထိပ်ဝ ရေအိုင်သည် အချင်း ခြောက်မိုင်ရှိ၍ ပေ ၂၀၀၀ နက်သည်။


မြစ်တို့သည် မြေနိမ့်လွင်ပြင်ကို ကွေ့ကောက်စီးဆင်းရာမှ ကွေ့ကောက်သော နေရာတွင် ဆက်လက်မစီးဆင်းပဲ ဖြောင့်တန်းစွာ စီးဆင်းသွားတတ်သည်။ ထိုအခါ မြစ်ကွေ့သည် ရေအိုင်အဖြစ်ကျန်ရစ်တတ်သည်။


မြန်မာနိုင်ငံ၌ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင်သည် အကြီးဆုံးအိုင်ဖြစ်၍ ရှမ်းပြည်နယ်ရှိ အင်းလေးအိုင်သည် ဒုတိယအကြီးဆုံး ဖြစ်သည်။

သဘာဝ ရေအိုင်များအပြင် လူတို့တူးဖော်သော ရေအိုင်၊ ရေကန်များလည်း ရှိသေးသည်။ လူတို့ သောက်သုံးရန် အလို့ငှာ တူးဖော်သော ကန်များ၊ မွေးမြူရေးကန်များ၊ တာတမံ ဆည်မြောင်းပြုလုပ်ခြင်းဖြင့် တမံ၏ နောက်ဖက်တွင် မြစ်ရေကို သိုလှောင်သော ရေကန်ကြီးများ စသည်ဖြင့် အမျိုးမျိုးရှိလေသည်။











လက်မှတ်ပြပါ
ကာတွန်း-
ဖိုးတုတ်နှင့် တာတီး တို့သည် အိမ်နီးချင်း ကျောင်းသားများဖြစ်ကြသည်…၊ တနေ့ကျောင်းအသွား…
ကားတော့ လာပြီကွ တာတီးရ..
ပူကျပ်တယ်ကွ
ရှေ့အောင်တက်ပေါ့ တာတီး
လက်မှတ်ဝယ်ကြပါခင်ဗျာ..
ငါးမူး နှုန်းဆောင်
ဟာ.. တယ်နတဲ့ကောင်ဘဲ
မင်းတော်တော်အတဲ့ကောင်ဘဲ ဘာဖြစ်လို့လက်မှတ်ဝယ်ရတာလဲ အသာလေး မသိချင်ယောင်ဆောင် နေယင် ရသားဘဲ
ဟာ.. မလုပ်ပါနဲ့ လက်မှတ် လိမ်ယင် ဒုက်ရောက်ကြီး ကွ..
ဒီလောက်လူကျပ်နေတဲ့ အချိန်ဘယ်ကလာပြီး လက်မှတ်စစ်ရမှာလဲ..


ညနေကျောင်းမှ အပြန် ...
ဟေ့ တာ တိုး ... တခါတလေ မိုးရထား စီး ပြန်ရအောင်ကွာ...
အေး လေ... ကောင်းသားဘဲ
အတော်ဘဲဟေ့ ရထား တောင်လာပြီ
တူ တူ
လာဟေ့ · ရထား ဆိုက်ပြီ..
လက်မှတ်ဝယ် အုံးမယ်ကွာ
သို့နှင့်ပင် ရထားပေါ်၌ ·
ကဲ.. ငါ့ညီတို့ လက်မှတ်ကလေးတွေ ပြ ကြကွာ..
တခေါင်း ထဲပါလား
ဟိုဘက်က ငါ့ညီကောကွ၊ မင်းတို့ အတူတူလာတာ မဟုတ်ဘူးလား --


ကျွန်…ကျွန်တော်လက်မှတ် ဝယ်…ပါတယ်…လမ်းမှာကျ… ကျပျောက်သွားလို့ပါဦးရယ်…
အေးကွာ…ဦးတို့က ဝတ္တရားအရလက်မှတ် မပြနိုင်ရင်တော့ဖမ်း သွားရမှာဘဲကွဲ့
ဟာ…. မလုပ်…ပါနဲ့ ဦးရယ်…
ဦး…ဒီမှာ…ဒီမှာ… သူ့လက်မှတ်ကျနေတာကျွန်တော် တွေ့လို့ကောက်ထားတယ်…အခုန ကျွန်တော်လဲ…ရုတ်တရက်မို့ သတိမရတာပါ…
အေး…အေး၊ လက်မှတ် ပါတယ်ဆိုရင်လဲ၊ ပြီးတာ ပေါ့၊ ကောင်းကောင်းသွား ကြနော်…
ဟုတ်ကဲ့
မင်းဘယ်လို လက်မှတ်ရတာ လဲကွ…
မင်းအတွက်ငါအခုကထဲက ဝယ်လာတယ်ကွ…အကြောင်း သိသွားအောင်ငါတမင်တကာ ထုတ်မပေးတာ…
ဘယ့်နှယ် သိပြီလား
အေးကွာ…ကျေးဇူးတင် ပါတယ်…မင်းသတိပေး တာကိုငါဂရုမစိုက်ခဲ့တာ တောင်းပန်ပါတယ်ကွာ
ဝမ်းသာပါတယ်ကွာ
ပြီး


# ကျွန်ုပ်တို့ ဘာကြောင့် ရေသောက်ရသနည်း



ကျွန်ုပ်တို့ခန္ဓာကိုယ်၏ သုံးပုံနှစ်ပုံသည် ရေဖြစ်သည်။ လူကြီးတယောက်တွင် ရေ ပေါင် ၁၀၀ ခန့်ရှိလေသည်။ ကျွန်ုပ်တို့ ခန္ဓာကိုယ်ထဲရှိ ရေသည် အစာ ချေဖျက်ရာတွင် ကူညီသည်။ ကိုယ်တွင်းမှ အညစ်အကြေးတို့ကို သယ်ဆောင် စွန့်ပစ်သည်။ ရေ ရှိသောကြောင့် ကျွန်ုပ်တို့ ခန္ဓာကိုယ်၏ အပူချိန်သည် အမြဲတသမတ်တည်း ရှိနေရသည်။ ရေရှိသောကြောင့် သွေးများသည် ခန္ဓာကိုယ် အနှံ့အပြား လှည့်ပတ် သွားနိုင်ကြသည်။

ထိုကြောင့် ကျွန်ုပ်တို့သည် ရေကို မှန်မှန် သောက်ပေးကြရသည်။

တင်လှဦး





# စည်းလုံးကြစို့

စန္ဒာမြင့်

တခါက နေပူပူကွင်း ထီးတည်းထဲတွင် ဒေါ်ငုတ်တိုအမည်ရှိ မန်ကျည်း ပင် အိုမကြီးတပင်ရှိလေသည်။ ဒေါ်ငုတ်တိုတွင် မောင်ကြီးနှင့် မောင်ငယ်ဟူ၍ ကိုင်းလက်တက် သားနှစ်ယောက်ရှိ၏။

ဒေါ်ငုတ်တိုသည် သူငယ်စဉ်က မုန်တိုင်းလေဆိုးကြောင့် တုံးလုံးလဲခဲ့ရသော ဘဝကို ပြန်တွေးမိတိုင်း ဒေါသဖြစ်မိသည်။

"ငါ အိုမင်းလို့ အသုံးမကျတော့ပေမဲ့ ငါ့ကိုယ်စား ငါ့သားနှစ်ယောက် ကိုတော့ ခန့်ခန့်ထယ်ထယ် နေနိုင်အောင် ပြုစုစောင့်ရှောက်ရမယ်"

မောင်ကြီးနှင့် မောင်ငယ်တို့မှာလည်း တနေ့တခြား ကြီးထွားကာ အလှတိုးလာကြလေသည်။

"အကိုရေ ဒီမှာကြည့်စမ်း၊ ကျုပ် စာကလေးနှစ်ကောင်ကို ကောင်းကောင်းနိုင်ပြီဗျ"

"အောင်မယ် တနေ့က ငါ့အပေါ်မှာ တောကျီးကန်းကြီးတကောင် လာနားတာ ငါ အသာကလေး ထမ်းနိုင်တယ်၊ ခါးတောင်မညွတ်ဖူး"

မောင်ကြီး နှင့် မောင်ငယ်တို့ အပြိုင်အဆိုင် ငြင်းခုံသံကို ကြားရသောအခါ ဒေါ်ငုတ်တိုကြီးမှာ စိတ်ပူလာသည်။

"ဒီမှာ သားတို့ တယောက်နဲ့တယောက် သူနိုင် ငါနိုင် ဘယ်တော့မှ ဂုဏ်မပြိုင်ကြနဲ့၊ တနေ့သွေးကွဲတတ်တယ်။ သွေးကွဲလာယင် ကြားက ဝင်ပြီး ဖျက်ဆီးခံကြရလိမ့်မယ်။"

မိခင် ဒေါ်ငုတ်တို၏ ဆုံးမစကား ကြောင့် သားနှစ်ယောက်မှာ ငြင်းခုံပွဲကိုရပ်လိုက်ကြသည်။ သို့သော် စိတ်ထဲကမူ တဦးနှင့် တဦးဂုဏ်ပြိုင် လိုမှု ကို မပျောက်နိုင်ကြပေ။

ဦးလေပြင်းမှာ ပါးဖောင်းဖောင်း ကြီး နှင့် ဝလွန်း သလောက် အလွန် စကား များသည်။

"ဟ– မောင်ကြီးက တယ်တောင့်တာဘဲကွ။ ဟင်း-မောင်ငယ်ကလဲ မခေလှဘူး။ မင်းတို့နှစ် ယောက် နပန်း သတ် ယင် ဘယ်သူနိုင်မလဲ"

"သူကအငယ်ဘဲဗျာ ကျုပ်နိုင်မှာပေါ့"

"အောင်မာ - ကျုပ် က လဲ အကောင်ကြီးပြီး အချိန်မစီးတဲ့ အ စား ထဲ က မ ဟုတ် ပါ ဘူး။ လာလေ စမ်းကြည့်ပါလား"

မောင်ကြီးနှင့် မောင်ငယ်တို့မှာ ဦးလေပြင်း၏ ပင့်ပေးမှုကြောင့် မကြာခဏ လုံးထွေးသတ်ပုတ် ကြ ရ သ ဖြင့် သူ တို့ ကိုယ်တွင် ဒဏ်ရာများ အမာရွတ်များပင် ထင် လာ ကြ လေသည်။

"ဒီ လေပြင်းဆိုတဲ့ သတ္တဝါကြီးဟာ မြှောက်ထိုးပင့်ကော်နဲ့ အင်မတန် ကောက်ကျစ်တယ်။ သားတို့ သ တိ ထား ကြ နော်။ အ မေ မင်း တို့ကို သ တိ ပေး ထားမယ်"

ပူလောင်လှသော နေ့တနေ့တွင် ဦးလေပြင်းသည် သုတ်သီးသုတ်ပြာနှင့် သူ တို့ ထံ ရောက်လာပြီး –

"ဟာ - မောင်ငယ်က ပို တောင့်လာပြီ ထင်တယ် ဟော့။ ခုနေနပန်းသတ်ယင် မောင်ကြီး ရှုံးမှာ သေချာတယ်ထင်တယ်"

ဦးလေပြင်း၏ မြှောက်ထိုး ပင့်ကော်စကားကြောင့် မောင်ကြီးနှင့် မောင်ငယ်တို့ နပန်းပွဲ ကျင်းပကြပြန်သည်။

"ဒီမှာ ကိုလေပြင်း၊ရှင်ဘယ့်နှယ် ကလေးတွေကိုမြှောက်ပေး နေရတာလဲ။ ဟဲ့ - သားတို့ တော်ကြစမ်း၊ တော်ကြ"

ဒေါ်ငုတ်တိုက လေပြင်းကို ရန်ထောင်ရင်း သားနှစ်ယောက်ကို တားမြစ်သည်။ သို့သော် တကယ် ဒေါ်သထွက်နေကြပြီ ဖြစ်သော သစ်ကိုင်းညီနောင်တို့မှာ မိခင်စကားကို နားမထောင်ကြတော့ပေ။ တယောက်နှင့်တယောက် သဲသဲမဲမဲ လုံးထွေး သတ်ပုတ်နေကြရာ၊ နောက်ဆုံး အခိုးအငွေ့များ ထွက်လာပြီးနောက် မီးပွင့်မီးပွားများထွက်ပေါ်လာကာ နှစ်ဦးစလုံး စွဲငြိ လောင်ကျွမ်းလေတော့သည်။

"အမယ်လေး-ညီအကိုချင်း သတ်နေကြပြီ။ ကယ်တော်မူကြပါတော့။ ကြာယင် အားလုံး ပျက်စီးကြတော့မယ်"

ဒေါ်ငုတ်တိုသည် ရင်ပတ်စည်တီးပြီး အော်ဟစ်ငိုကျွေးလိုက်သည်။ လယ်ရှင် ဦးအောင်ချာသည် ရေတပုံး ယူလာပြီး မီးပွင့်များ ထွက်နေသောနေရာကို ပက်လောင်းလိုက်သည်။

"လောကလဲ ပင့်နေတယ်။ ကြာယင် အားလုံး လျှောက်လောင်ကုန်တော့မယ်။ ဒင်းတို့ နှစ်ကိုင်းကို ခွာထားမှ"

ပြောပြော ဆိုဆို ထိပွတ်နေသော သစ်ကိုင်းညီနောင်တို့ အကြားတွင် ဝါးလုံးပြတ်တလုံးကို ကန့်၍ ထောက်ထားလိုက်သည်။

"ကြည့်စမ်း - သားတို့ ကံကြီးပေလို့ပေါ့။ နို့မို့ယင် မင်းတို့ ဒေါသမီးကြောင့် မင်းတို့နဲ့အတူ အမေပါ ပြာကျတော့မလို့။ မင်းတို့ဟာ သူများက ပင့်ပေးတိုင်း လိုက်လုပ်ကြတယ်။ တယ်မိုက်ကြပါလား"

သစ်ကိုင်း ညီနောင် မှာ နောင်တရကာ ခေါင်းငုံ့ထားကြသည်။

ထိုအချိန်မှ စ၍ သစ်ကိုင်းညီနောင်မှာ ခိုက်ရန်မဖြစ်ပွားတော့ပဲ ညီညီညွတ်ညွတ် ဖြင့် အတူယှဉ်တွဲ နေထိုင်လာခဲ့ကြရာ နှစ်ကာလကြာသော အခါ နှစ်ကိုင်းတကိုင်းအဖြစ် ချစ်ချစ်ခင်ခင် ပူးကပ်၍ ခန့်ညားထည်ဝါစွာ ရပ်တည်နိုင်လေသည်။ မိခင်သစ်ငုတ်တိုမကြီး ဆိုဆုံးမသည့်အတိုင်း ကျေးဇူးရှင် လယ်ပိုင်ရှင် ဦးအောင်ချာကြီး အတွက်လည်း ကျေးဇူးဆပ်သည့် အနေဖြင့် အသီးများစွာနှင့် ရွက်နုများစွာကို ပေးဆပ်နိုင်လေသည်။

× × ×

# ညီထွေး ပန်းချီဆရာ

စုတ်တံလေးနဲ့ ဆေးရောင်ခြယ်၊
ပန်းချီကားဆွဲမယ်။

အပြာခြယ်တဲ့ ကောင်းကင်ထဲ၊
နေလုံးနီရဲရဲ။

တဲကလေးက အဝါရောင်၊
တောင်ကုန်း အညိုရောင်။

ထောင်ထောင်မတ်တတ်
ထန်းပင်တော့၊
အစိမ်းခြယ်မှာပေါ့။

အပြာဖြော့ဖြော့ ရေထဲမှာ၊
လှေကလေးလဲပါ။

ရွက်တိုက်လာတဲ့ လှေကလေး၊
ဆေးရောင် ဖွေးဖွေး။

ဗျိုင်းဖြူလေးတို့ ခြေတံရှည်၊
အိပ်တန်းပျံကြပြီ။

စိတ်ကြည်နူးဘွယ်
မကောင်းလား၊
ညီထွေး ပန်းချီကား။ ။

အောင်စည် (ချောက်)



R. 517



မြန်မာနိုင်ငံ၌ တွေ့မြင်ရများသော ငှက်များတွင် သပိတ်လွယ်လည်း အပါအဝင် ဖြစ်သည်။ သပိတ်လွယ်၏ အလျားသည် ကိုးလက်မခန့်ရှိသည်။ သီချင်းဆို ကောင်း၏။ ရန်သူကိုမြင်လျှင် ခပ်ရှည်ရှည်ဆွဲ၍ အချက်ပေးတတ်သည်။ မိမိရှိကြောင်း သိစေရန် တခါတရံ ကျယ်လောင်စွာ အော်မြည်လေသည်။

မတ်လမှ ဇူလိုင်လအတွင်း သပိတ်လွယ် ငှက်ငယ်များ ပေါက်ပွားကြ၏။ အသိုက်ကို အိမ်ခေါင်မိုးပေါ်တွင်၎င်း၊ သစ်ခေါင်းတွင်၎င်း၊ တာရိုး၊ ဝင်းထရံ၊ ဝါးရုံ စသည့် နေရာများတွင်၎င်း ပြုလုပ်သည်။

အသိုက်ပြုလုပ်ရာတွင် သစ်မြစ်၊ မြက်အမျှင်နှင့် အတောင်များကို အသုံးပြုသည်။ ဖြစ်ကတတ်ဆန်း ပြုလုပ်တတ်သည်။ တမြုံလျှင် အဖျားရွှး နေသော၃ သုံးလုံးမှ ငါးလုံးအထိ ရှိသည်။ တဥလျှင် ပျမ်းမျှ အလျား ၀.၈၇ လက်မနှင့်ပြက် ၀.၆၆ လက်မရှိသည်။



မြန်မာနိုင်ငံအနှံ့အပြားရှိရွာများ၊ ဥယျာဉ်နှင့် စိုက်ပျိုး

# သပိတ်လွယ် စိုးလွင်မြင့်

ခင်းများ၌ သပိတ်လွယ် စုံတွဲများကို တွေ့ရတတ်သည်။ အတောင်ကို အောက်သို့ နှိမ့်ချလိုက်၊ ယပ်တောင်သဖွယ် ဖြန့်လိုက် ပိတ်လိုက် မကြာခဏ လုပ်တတ်၏။ ပိုးမွှား၊ ပုရွက်ဆိတ်၊ ချေးပိုးထိုး စသည့်အစာများကို မြေပြင်တွင် ရှာဖွေစားသည်။ အသီးအရွက်နှင့် တီကောင်များကို တခါတရံမှသာ စားလေသည်။

သပိတ်လွယ်ကို အရှေ့တိုင်း နိုင်ငံများတွင် အနှံ့အပြား တွေ့ရသည်။ မြန်မာနိုင်ငံတွင် လွင်တီးပြင်များ၌ရော မြင့်မားသည့် တောင်ပေါ် ဒေသများ၌ပါ နေထိုင်ကျက်စားသည်။ မလေး သပိတ်လွယ်ငှက်မျိုးကို တနင်္သာရီ တောင်ပိုင်း၌သာ တွေ့ရလေသည်။

စိုးလွင်မြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၄။ အမှတ်-၂၃။

# ရွှေသွေး ဂျာနယ်

## ပတ္တမြားလိမ်လည်မှု

ဇာတ်လမ်း-ဇော်ဝင်းမောင်
ပန်းချီ-လှစိန်

၁၃၃၄ ခု၊ နယုန်လဆုတ် ၇ ရက် (၃-၆-၇၂)


တခါတုန်းက လယ်သမား ကိုသာဂီဟာ တောထဲမှာ သစ်ခုတ်ရင်း အရောင် လက်နေတဲ့ ကျောက်တလုံး ကောက်ရတယ်။







ဒါနဲ့ ဦးလောဘဆီ သွားပြတဲ့အခါ အဖိုးတန် ပတ္တမြားဖြစ်မှန်း သိရတော့ မတရားလိုချင်စိတ် ပေါက်လာပြီး -




နောက်တနေ့ ဦးလောဘဆီသွားတော့-




စနေနေ့တိုင်း ထုတ်ဝေသည်။




နောက်တော့ မိတ်ဆွေတွေက တိုက်တွန်းလို့ကိုသာဂိက တရားရုံးကို တိုင်လိုက်တယ်။




ကိုသာဂိ ကျောက်လာ ပေးတာ ဟုတ်သလား-
ဟုတ်ပါတယ်-အခုံးမဝင်တဲ့ ကျောက်ကို ပြန်ပေးတော့-သူက ပြန်ယူသွားပါတယ်-
ကျွန်တော့်ကျောက်ကိုယူတော့ပြီး မကောင်းတဲ့ကျောက်ကို လဲပေးလို့ မယူခဲ့ပါခင်ဗျား
ကိုသာဂိ ကျောက်ပြန် ယူတုန်းက ဘယ်သူမြင် သလဲ-
ကိုသာဂိ ရိုးသားတဲ့အသွင်ရှိတာကို မြင်ရတော့— တရားသူကြီးက စိတ်ကူးတခုရပြီး—
ကျွန်တော့်မိန်းမနဲ့သား မြင်ပါတယ်-
နောက်တနေ့ ဦးလောဘရဲ့ မိန်းမနဲ့ သားကို တရားရုံးမှာ တယောက်စီခွဲပြီး စစ်ဆေးတယ်။
ကိုသာဂိယူသွားတဲ့ကျောက်ဟာ ဘယ်အရွယ်ရှိသလဲ-အဲဒီစားပွဲ ပေါ်က ရွှံ့ခဲကိုလုံးပြပါ
ဟောဒီ အရွယ်လောက် ရှိပါတယ်-



မိန်းမကို အပြင်ထွက်ခိုင်းပြီး အပြင်မှာ စောင့်ခိုင်းထားတဲ့ သားကိုခေါ်ပြီး ရွှံ့ကို ပြခိုင်းပြန်တယ်။
ပေါ့ဒီအလုံးလောက် ရှိပါတယ်–
ကောင်းပြီ
နောက်ဆုံးမှ သက်ဆိုင်တဲ့လူအားလုံးကို ရုံးခန်းထဲမှာ ထိုင်ခိုင်းပြီး တရားသူကြီးက စီရင်ချက်ချလိုက်တယ်။
အမေက ဦးစေ့လောက် သားက ကျွန်းသီးလောက် လုံး ပြောတယ်-တခြားစီ ဖြစ်နေ တယ်–
ဒါကြောင့် ဦးလောဘက မလှပယူသွားတဲ့ ကျောက်နဲ့ ဒင်္ဂါးငွေငါးကျပ်-ကိုသာဂိကို ပေးဆောင်စေ–
ကောင်းတယ် လောဘကောင် ထိပြီ
မကြီးသားယင် ခံရလေပေါ့
သာဂိလေး ပွတော့ဘဲကွ
ဦးလောဘဟာ သူယူထားတဲ့ ပတ္တမြားနဲ့ ဒင်္ဂါးငွေကို ပေးလိုက်ရတော့တယ်။


ယခင်အပတ်မှ အဆက်
ဗွေးဖိုးဗွေ
ဇာတ်လမ်း-
သရုပ်ဖော်-
ငါမသိလိုက်ဘူးကွာ၊ မင်းဗွေးကြောင့် ခုလိုဖြစ်တာကို၊ မင်းဘဲသွားပေါ့၊
တောက်- မင်းကဒီလိုလား၊ ဖေါင်းပြီလေ၊ မင်းသဘောပေါ့၊
မင်းကငါ့ကို တိုက်တွန်းခဲ့တယ်မဟုတ်လား၊ ခုတော့မင်းမပါသလိုပေါ့၊ ဖေါင်းပြီလေ ငါဘဲသွားမယ်
ဟေ့-ဟေ့-ဒေါ်ကြီးနေဦး- ငါပါလိုက်မယ်


ငါတို့ကံမှ မဖြစ်ရင်ပါကွာ၊ နို့အပြစ်ကို ဝန်ခံမှာကိုမဟုတ် လိုး၊ သူတို့နားလည်မှာပေါ့။
အေးပါကွ။
အရေးကြီးတာက ညီကြီးအကြောင်းရှာတာ ကိုသားကြီးကိုတွေ့ဖို့ အရေးကြီးတယ်ကွ။
ဘာကိစ္စလဲ ဆာဂျင်။
ကိုမှုံးကြီးကိုတွေ့ချင် လို့ပါ။
ဘာဝင်မှုံးကိုတွေ့ချင်လို့လဲ။
ဟုတ်ကဲ့–အရေးကြီးတဲ့ကိစ္စ ပြောချင်လို့ပါ။
သူအလုပ်များနေတယ်ကွ၊ ထိုင်စောင့်လေ။


လာကွာ - မြန်မြန် ပြန်ကြရအောင်၊

# ရေပူစမ်း ရေပူပန်း

ဓိးလွင်မြင့်
ကဆု


ရေပူစမ်း၊ ရေအေးစမ်း၊ ရေပူပန်း စသည်တို့သည် မြေတွင်းမှ ထွက်လာသော ရေများကြောင့် ဖြစ်ပေါ်လာရသည်။

ရေပူစမ်းများကို မြေကြီးအတွင်းသို့ အလွန်နက်အောင် စိမ့်ဝင်သွားသော မြေတွင်းရေများရှိရာ ဒေသ၌ တွေ့ရတတ်သည်။ ထိုရေသည် မြေတွင်း၌ ပူအောင် အတော်ကြာနေပြီးမှ သဘာဝ ထွက်ပေါက် တခုဖြင့် မြေမျက်နှာပြင်သို့ အလျင်အမြန် ပြန်ထွက်လာသည်။




ရေပူစမ်းနှင့် ရေပူပန်း များစွာရှိသော နယူးဇီလန်နိုင်ငံ၏ မြောက်ကျွန်းတွင် နေထိုင်သူများသည် ရေပူစမ်းမှ ရေငွေ့ကို အဝတ်အထည်လျှော်ဖွပ်ရာ၌၎င်း၊ ဆောင်းရာသီတွင် အနွေးဓာတ်ရရှိစေရန်၎င်း အသုံးပြုကြသည်။ ငါးများကို ရေပူစမ်းတွင်ထည့်ကာ ချက်ပြုတ်၍လည်း စားကြသည်။ သို့သော် ရေပူစမ်းတွင် ထုံးဓာတ်နှင့် သတ္တုများ ပျော်ဝင်နေသဖြင့် စားသုံးရာ၌ အရသာမရှိလှပေ။

ရေပူပန်းတို့တွင် အိုင်ငယ် အမျိုးအစားတွင်းမှ ပန်းထွက်သော ရေပူပန်းမျိုးနှင့် ကတော့ပုံ တောင်ပို့တွင်းရှိ အပေါက်မှ ပန်းထွက်သော ရေပူပန်းမျိုး ဟူ၍ နှစ်မျိုးရှိသည်။ ယင်းတို့သည် မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် အလားတူဖြစ်သည်ဟု ဆိုနိုင်သည်။ ယင်းတို့သည် ကမ္ဘာ့ အတွင်းပိုင်း အပူအင်အားကြောင့် ဖြစ်ပေါ်လာရသည်။ မြေမျက်နှာပြင်မှ မိုးရေတို့သည် မြေ




တွင်းသို့ စိမ့်ဝင်သွားကာ အလွန်နက်သော အောက်ခံကျောက်နေရာသို့ ရောက်သွားသည်။ အတွင်းပိုင်းမှ အပူရှိန်ကြောင့် ရေတို့သည် ဆူလာသည်။ သို့ဖြင့် ဆူသော ရေနှင့် ရေနွေးငွေ့များသည် ပြွန်ကြောင်းတလျှောက်တက်ကာ အပေါက်ဝမှ ပန်းထွက်ကြသည်။ အပေါက်ဝမှ ပြတ်တောင်းပြတ်တောင်း ပန်းထွက်သည့် ရေပူ





ပန်း၏အမြင့်သည် ပေ ၃၀၀ ကျော်မြင့်တက်သည်။ နယူးဇီလန်ကျွန်းရှိ ဝိုင်မန်ဂူ ရေပူပန်းသည် ပေ ၁,၂၀၀ ကျော်အထိ ပန်းထုတ်ခဲ့ဘူးသည်ဟု သိရသည်။


ကမ္ဘာတွင် ရေပူပန်းရှိသောဒေသတို့မှာ အိုက်စလန်ကျွန်း၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်းရှိ ယဲလိုးစတုန်း အမျိုးသား ဥယျာဉ်တို့ ဖြစ်သည်။ ယဲလိုးစတုန်း ဥယျာဉ်ရှိ အိုး ဖိတ်သဖူးလ် ရေပူပန်းသည် ကမ္ဘာ၏ အထင်ရှားဆုံးသော ရေပူပန်းဖြစ်၍ ယင်းသည် ၆၇ မိနစ်လျှင်တကြိမ်ကျ ရေပူနှင့် ရေငွေ့တို့ကို ပေ ၁၈၀ အမြင့်အထိ ပန်းထုတ်သည်။ တခါတရံ ပန်းထွက်သောရေထဲတွင် မြေစေး၊ ရွှံ့စေးတို့ ပျော်ဝင်နေပြီး၊ ယင်းတို့သည် ပွက်ပွက်ဆူနေသော ရေအိုင်အတွင်းသို့ ပြန်လည်ကျရောက်သည်။ ကြီးမားသော ရေပူပန်းတိုင်းမှာလိုပင် ရေများပန်းထွက်ရာ၌ ကျယ်လောင်သော မြည်ဟည်းသံများ ပေါ်ထွက်နေတတ်ပေသည်။




ငတိုးသည် အရွယ်နှင့်မလိုက်အောင်ကဲသည်။
ဆိုးလည်း အလွန်ဆိုးသည်။
ရပ်ကွက်ထဲမှ ကလေးများနှင့်လည်း မတည့်။
တနေ့တွင် —
ထိုနောက် မီမီရောက်လာကာ....
မေမေက ငတိုးကို ခေါ်ရိုက်သည်။


သို့ဖြင့် ထမင်းစားပြီးချိန်တွင်....
မမမာရေ-တေိုးက မိုးမိုးတို့မောင်လေး မှုတ်ဖူးနော်၊ ဒါကြောင့်ကတ်...
ဟုတ်တယ်-တေိုးကို နေ့လယ်က ထီးပြင်တဲ့ အဘကြီးက မေမေ့ဆီမှာလာရောင်းထားတာ-မေမေက တေိုးမေမေ မှုတ်ဖူး-
တေိုးက မခံချင်စိတ်ဖြင့်—
အံမာ-ဟုတ်ပါတယ်၊ မေမေဟာ တေိုးမေမေပါ-ဟင်း
အို-ဘယ်က ဟုတ်ရမှာလဲ တေိုးမေမေက ဟိုးအဝေးကြီးမှာ၊ တောနက်ကြီးထဲမှာ-အိမ်က မေမေက မမတို့မေမေပါ-
ပြော၍မနိုင်သဖြင့် မီမီထံသို့ ပြေးလာပြီး—
မမရေ-မမ၊ မမမာတို့ မမမိုးတို့က တေိုးကို အဘကြီးက လာရောင်းထားတာတဲ့-တေိုးမေမေက ဟိုးတောနက်ကြီးထဲမှာတဲ့-ဟုတ်ဟုတ်လားဟင်-မမ
ဟေ
မီမီက တေိုးအား နိုင်ကွက်တွေ့သွားသဖြင့်—
ဟဲဟဲ-ဟုတ်တယ်ကွဲ့-အဘကြီးက ထမင်းစားစရာမရှိလို့ မောင်လေးကိုလာရောင်းထားတာ-မေမေက သနားလို့ မောင်လေးကိုဝယ်ပြီး မွေးစားထားတာကွဲ့-
ဟင်-ဟုတ် ဟုတ်တယ်-
ညအိပ်ရာဝင်သော်—
အင်း-မေမေဟာ ငါ့မေမေ မှုတ်ဖူးတဲ့၊ မမမီတို့ပြောတာ ဟုတ်မှာပါ၊ ဒါကြောင့် မေမေက ငါ့ကို အမြဲရိုက်တာ-
ငါ့ကို ထီးပြင်တဲ့ အဘကြီးက လာရောင်းထားတာတဲ့
တေိုးသည် တွေးရင်း တဖြည်းဖြည်း စိတ်မကောင်း ဖြစ်လာလေသည်။
အဟင့် ဟင့်-ငါ့မေမေက-ဟိုး တောနက်ကြီးထဲမှာတဲ့-ဘယ်တောကြီးထဲမှာ ပါလိမ့်-


နောက်နေ့များတွင် အရာကြီးကိုမြင်လျှင် ငတိုး သည် အလိုလိုဝမ်းနည်းလာတတ်သည်။
ငတိုးသည် အိမ်မှာ နေရသည်ကို အရင်က လောက် မပျော်တော့ပေ။ တနေ့တခြား အား ငယ်လာသည်။
သို့ဖြင့် တနေ့တွင် ငတိုး အိမ်မှ ပျောက်သွားလေသည်။
လိုက်ရှာကြရာ မြို့စွန်တနေရာ၌
ငတိုး အကြောင်းစုံရှင်းပြသော်



## လေကိုကျွန်ုပ်တို့အဘယ်ကြောင့် ရှူရှိုက်ရသနည်း

လေတွင် အောက်ဆီဂျင်ဓာတ် ပါရှိသည်။ အောက်ဆီဂျင်သည် ကျွန်ုပ်တို့နှင့် သက်ရှိ သတ္တဝါများအတွက် အသက်ပင်ဖြစ်သည်။ လေကို လေးမိနစ်ခန့် မရှူပဲနေလျှင် ကျွန်ုပ်တို့မူးမေ့ပြီး သေဆုံးသွားနိုင်သည်။ ကျွန်ုပ်တို့ ရှူသွင်းလိုက်သောလေသည် ကျွန်ုပ်တို့ စားလိုက်သော အစားအစာနှင့် ပူးပေါင်းပြီး အပူဓာတ်ကို ထုတ်ပေးသည်။

ယင်းအပူကြောင့် ကျွန်ုပ်တို့ ခန္ဓာကိုယ် ပူနွေးနေရသည်။ အပူဓာတ်အပြင် စွမ်းအင်ကိုလည်း ထုတ်ပေးသည်။ ယင်း စွမ်းအင်ကြောင့် ကျွန်ုပ်တို့ လမ်းလျှောက်နိုင်သည်။ ပြေးနိုင်သည်။ ဘောလုံးကစားနိုင်သည်။ ရေကူးနိုင်သည်။


ထို့ပြင် ကျွန်ုပ်တို့ ရှူသွင်းလိုက်သော လေသည် အဆုတ်သို့ရောက်သွားသောအခါ လတ်ဆတ်သော အောက်ဆီဂျင်ကို ထုတ်ပေးသည်။ ယင်း အောက်ဆီဂျင်က နှလုံးရှိ သွေးများကိုသန့်စင်ပေးပြီး ကျွန်ုပ်တို့ ကိုယ်ခန္ဓာအနှံ့သို့ သွေးများကို စီးသွားစေသည်။


တင်လှဦး



## ကြက်ဥမြှောက်ကစားမလား






(၁)နှင့်(၂)ကို ကပ်ထူပြားတွင် ကပ်၍ အစက်အတိုင်း ဖြတ်ပါ။

စက်ဝိုင်းကို အရုပ်နောက်တွင်ထားပြီး အရုပ်၏ပါးပေါ်ရှိ အမည်းစက်နှင့် စက်ဝိုင်း၏ဗဟိုကို ပင်အပ်ဖြင့် ဖောက်၍ ပင်အပ်ကို ခေါက်ပါ။ ထိုနောက် စက်ဝိုင်းကိုလှည့်ပါ။



# ရင်းနှီးချစ်ခင်စွာ

မောင်သာပြည့်

"ဟေ့ ညိုအေးရေ၊ အဘ သာထူးတို့အိမ်ကို မြို့က ဧည့်သည်တွေ လာတယ်ကွ။ ဒို့အရွယ် တယောက်လဲ ပါတယ်။ လာ– သူငယ်ချင်းအဖြစ် သွားစကား ပြောရအောင်"

ဘကြီးသည် ညိုအေး အိမ်ရှေ့မှရပ်ကာ အော်ပြော လိုက်သည်။ ညိုအေးသည် အိမ်ပေါ်မှ ပြေးဆင်းလာပြီး –

"ဟုတ်လားကွ နာမယ်က ဘယ်သူလဲ"

"တင့်အောင်ညွန့်တဲ့ကွ"

ညိုအေးနှင့် ဘကြီးတို့သည် အဘ သာထူးအိမ်ဆီသို့ ပြေးသွားကြသည်။ အဘ သာထူးတို့ အိမ်တွင် မြို့မှ လာသူများကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။ သာဂိတို့ လူသိုက် လည်း ရောက်နေ ကြသည်။ ညိုအေးနှင့် ဘကြီးသည် အနီးသို့သွားကာ–

"ငါ့ နာမယ်က ညိုအေး၊ သူ့နာမယ်က ဘကြီးတဲ့ကွ။ ဒီနေ့ကစပြီး မင်းနဲ့ဒို့ သူငယ်ချင်းဖြစ်ပြီ။ ဒို့အတူတူ ကစားကြမယ်"

တင်အောင်ညွန့်သည် မပြုံးချင် ပြုံးချင်နှင့် ပြုံးပြီး–

"နေပါအုံး၊ မင်းတို့မှာ ဘာကစားစရာများ ရှိလို့လဲကွ"

ညိုအေး နှင့် ဘကြီးသည် ကြောင်သွားသည်။ ပြီးမှဘကြီးက –

"လယ်ပြင်မှာ လျှောက်ပြေးမယ်လေကွာ။ နောက်ပြီး ကျွဲလဲစီးမယ်၊ ရွာထိပ်က မန်ကျည်းပင်ပေါ် တက်ပြီး မန်ကျည်းသီးလဲ ခူးစားကြမယ်"

"ဟား– ဟား မင်းတို့ ကစားတာက ကောင်းမှမကောင်းဘဲကွ။ ငါ့မှာ ကစားစရာတွေ အများကြီးပါတယ်။ အဲဒါတွေနဲ့ ကစားကြမယ်။ မင်းတို့ ခိုးတော့ မသွားရဘူးနော်"

"ဒို့ မခိုးတတ်ပါဘူး"

အားလုံးက ပြိုင်တူပြောကြသည်။

တင်အောင်ညွန့်သည် အိမ်ပေါ်သို့ ပြေးတက်ကာ အရုပ်များ ယူချလာသည်။ မီးသေနတ်၊ သံပတ်ကား၊ သံပတ် မြင်းရုပ်လေးများသည် ညိုအေးတို့ လူသိုက်အဖို့ အတော်ထူးဆန်းနေသည်။ တင်အောင်ညွန့်သည် အရုပ်များကို ခဏသာပေးကိုင်ပြီး ပြန်သိမ်းသွားသည်။

"တင်အောင်ညွန့်က သိပ်တိုတာဘဲကွ။ လာကွာ–ဒို့လှည်းသွားမောင်းရအောင်"

"ဟေ့– ငါလဲ လိုက်မယ်လေကွာ"

တင်အောင်ညွန့်သည် ပြေးလိုက်လာသည်။ ညိုအေးတို့သည် ဘရွှေရိုး၏ လှည်းကို ငှါးပြီး လယ်ပြင် လှည်းလမ်းကြောင်း အတိုင်း လျှောက်မောင်း သည်။ သာဂိ တို့က သီချင်း အော် ဆိုကြသည်။

"ဟေ့– ညိုအေး အတိုင်ထိပ်ကွက်ကြီးကို လှည့်လိုက်ကွာ၊ ချောင်းရိုးဘက် မောင်းရအောင်"

ဘကြီးက လှည်းမောင်းနေသော ညိုအေးကို ပြောလိုက်သည်။ တင်အောင်ညွန့်သည် လှည်းနှင့် ပတ်သက်သော အ

ခေါ်အဝေါ်များကို မသိသဖြင့် အထူးဆန်းသဖွယ် နားထောင်နေသည်။

"အတိုင် ထိပ် ကွက် ကြီး ဆိုတာ ဘာလဲကွ"

"နွားမှာ အတိုင်အလှည့် ဆိုတာ ရှိတယ်ကွ။ ဘယ်ဘက်က နွားကို အတိုင်လို့ ခေါ်တယ်။ ညာဘက်နွားကျတော့ အလှည့်လို့ခေါ်တယ်ကွ။ ထိပ်ကွက်ကြီး ဆိုတာက နွားရဲ့ နာမယ်ပါ"

ညိုအေးက ရှင်းပြသည်။

လှည်းသည် ချောင်းရိုးစပ်သို့ ရောက်လာသည်။ တင်အောင်ညွန့်သည် ညိုအေးကို ခဏ အဖယ်ခိုင်းပြီး သူကိုယ်တိုင် မောင်းကြည့်သည်။ ညိုအေးက မမောင်းတတ်လျှင် အန္တရာယ် ရှိကြောင်း ပြောပြသည်။

"လှည်း မောင်း တာ များ ကွာ– ခက်တာလိုက်လို့"

တင်အောင်ညွန့်သည်လှည်းကို ခပ်ပေါ့ပေါ့ပင် မောင်းနေသည်။ ထိုစဉ် ဘယ်ဘက်မှ ထိပ်ကွက်ကြီးသည် ဘေးသို့ ရုတ်တရက် ရုန်းဆွဲသွားသည်။ ဘယ်ဘက်တွင် ချောင်းရှိသည်။ အတိုင် နွား အား သန် လွန်း လျှင် လှည်းတစီးလုံး ချောင်းထဲကျ၍ ဒုက္ခရောက်နိုင်သည်။ ညိုအေးသည် လျင်မြန်စွာ ထပြီး တင်အောင်ညွန့်လက်မှ နဖားကြိုးကို ဆွဲယူကာ နွားကို ထိန်းလိုက်သည်။ တင်အောင်ညွန့်သည် ကြောက်လွန်းသဖြင့် အသားများ တုန်နေသည်။

"ဘယ် အလုပ်ဘဲ ဖြစ်ဖြစ် ကျွမ်းကျင် နားလယ်မှလုပ်တာ အကောင်းဆုံးဘဲ။ ခု အတိုင်ဘက်က ကောင်ကြီးက ချောင်းဘက် ဆွဲရုန်းသွားတယ် မဟုတ်လား။ အဲဒီလို ဆွဲရုန်းယင် ညာဘက် နွားရဲ့ နဖားကြိုးကို ခပ်တင်းတင်း ဆွဲထားရတယ်ကွ။ ဒါမှ ဘယ်ဘက်က နွားရပ်တန့်သွားမှာ။ နောက်ပြီး ရုန်းတဲ့ နွားရဲ့ နဖားကြိုးကို လျှော့ပေးထားရမယ်"

ညိုအေးက စိတ် ရှည်ရှည် ရှင်းပြသည်။ သာဂိသည် ရွာ အနီးအနား အကြော်ဆိုင်မှ ငှက်ပျောကြော်များ ပြေးဝယ်လာပြီး လှည်းပေါ်မှ သူငယ်ချင်းများကို လှမ်းပေးသည်။

"ရော့ – စား ပါကွ တင်အောင်ညွန့်ရ။ မင်းက ဒီအပေါ်တွန့်တိုပေမဲ့ ဒို့က မတိုတတ်ပါဘူး။ အားလုံး ပျော်ပျော်ပါးပါး စားပြီး ပြန်ကြတာပေါ့"

"ငါ နောက်ကို မတွန့်တိုတော့ပါဘူးကွာ။ ခုပြန်ယင် ငါ့ အရုပ်တွေနဲ့ ကစားမယ်လေ။ နောက်ပြီးမြို့ပြန်ခါနီးကျယင်လဲ မင်းတို့ကို ငါ့အရုပ်တွေ ပေးခဲ့မယ်"

ညိုအေး၊ ဘုကြီး၊ သာဂိ၊ မှတ်ကြီးနှင့် ပေတိုးတို့၏ မျက်နှာ များ သည် ဝင်း ထိန် သွားသည်။ တင်အောင်ညွန့်သည် ရိုးသားသော သူငယ်ချင်းများကို ပြုံးပြုံးကြီး ကြည့်နေလေသည်။

# ရန်သူကြီး စိတ်ပျင်း

လူမှုရေးတွင်၊ ဉာဏ်မြင့်တိုးအောင်၊
ပညာကြိုးစား သင်ကြကွယ်။

ညီမမောင်ငယ်၊ စာအံရင်းက၊
အပျင်းခြောက်ပါး သိထားဖွယ်။

နေပူချိန်မယ်၊ အချိန်ရွှေးလို့၊
နေအေးတော့လဲ ပျင်းလှတယ်။

ဝမ်းထဲဟာယင်၊ အားအင်မရှိတဲ့၊
ဗိုက်ပြည့်တော့လဲ မအီမလယ်။

နံနက်ချိန်မှာ၊ ချိန်ခါစောလို့၊
မိုးချုပ်ကလဲ အိပ်ချင်တယ်။

အပျင်းခြောက်သွယ်၊ အလွယ်မလိုက်နဲ့၊
အားစိုက်ခွန်စိုက် ကြိုးစားကွယ့်။

အချိန်နဲ့ဒီရေ၊ လူကိုမစောင့်လို့၊
ဆိုရိုးစကား ရှိခဲ့တယ်။
မှတ်ကွယ် – မှတ်ကွယ်။

စန္ဒာမြင့်



# အောင်စာ စိုးလွင်မြင့်

အောင်စာကို မြင်တွေ့ဘူးကြသော်လည်း အောင်စာ ဟူ၍ သိသူနည်းပါးလေသည်။

အောင်စာ၏ အရွယ်မှာ ခုနစ်လက်မခန့် ရှိသည်။ အမွေးအတောင်မှာ အမည်းနှင့် အဖြူရောင် ရောနေသည်။ အကိုင်းအခက် ထူထပ်၍ အရိပ် အာဝါသ ကောင်းသော သစ်ပင်များပေါ်တွင် ခုန်ပျံမြူးတူးလျက် အမြီးကို တခါတရံ ယပ်တောင်သဖွယ် ဖြန့်တတ်သည်။ အော်သည့်အခါ အသံကို လေးကြိမ်မြင့်၍ နှစ်ကြိမ် သုံးကြိမ်နိမ့်ကာ အော်တတ်၏။ အသံမှာ ချိုအေးသာယာသည်။

ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း နှစ်ကြိမ်တိုင်တိုင် သားပေါက်လေ့ရှိသည်။ သစ်ကိုင်းသို့မဟုတ် သစ်ခွပေါ်တွင် အသိုက်ကို မြက်၊ လျှော်မျှင် စသည်တို့ဖြင့်လုပ်၍ မြက်ရိုးများဖြင့် ကာရံထားသည်။ တမြုံလျှင် ဥနှစ်လုံးမှ လေးလုံးအထိ ရှိတတ်သည်။ တဥလျှင်ပျမ်းမျှ အလျား ၀.၆၆ လက်မနှင့်ပြက် ၀.၅၁ လက်မရှိသည်။

အောင်စာသည်သစ်ပင်ပေါ်တွင်အနေများ၍တခါတရံမှသာ မြေပြင်သို့ဆင်း၏။ အလွန် လျင်မြန်ဖျတ်လတ်၍ကျက်သရေရှိလှသည်။ ပျံလိုက် ကူလိုက်နှင့် အငြိမ်နေသည်ဟူ၍ မရှိပေ။ သစ်ပင်ပေါ်တွင် နားနေရင်း ရုတ်တရက် ပျံထွက်သွားကာ ပိုးမွှားများကို ဖမ်းယူစားတတ်၏။





အောင်စာကို အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ်၊ ထိုင်းနိုင်ငံတို့တွင်တွေ့ရ၏။ မြန်မာနိုင်ငံတွင် အပူပိုင်းဒေသ၌ အနေများသည်။

၂၅ ပြား


ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၂၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

## တန်တားသစ်ချိန်

ပန်းချီ – ဦးဘကြည်
ဓါတ်လမ်း – ဟန်ထွန်းနိုင်

၁၃၃၄ ခု၊ နယုန်လဆုတ် ၁၄ ရက်။ (၁၀-၆-၇၂)



ရေလွှမ်းမိုးနေသဖြင့် ကန်သာရွာ အလယ် တန်းကျောင်းမှာ ပိတ်ထားရ၏။



ထိုရွာနှင့် ဝက်စုရွာ အကြားရှိ တန်တားမှာ လည်း ရေတိုက်စား၍ ပျက်စီးသွားသည်။





ယခုဆိုလျှင် ရေကျသွား၍ ကျောင်းပြန်ဖွင့် တော့မည်။ ဝက်စုရွာမှ ကျောင်းသားများ ထို တန်တားပျက်ပေါ်မှ မည်သို့ ဖြတ်မည် နည်း။




တနေ့တွင် ဖိုးထောင်သည် ပြေးလာပြီး –

စနေနေ့တိုင်းထုတ်ဝေသည်။



အေးလေ-ကဲ - မင်းက - အရှေ့ပိုင်းက - အောင်မောင်းတို့ - သာအေးတို့ဆီကို သွားပြီး အကြောင်းကြား၊ မြန်မြန်သွားစမ်း
ငါက အနောက်ပိုင်းက လူတွေကို သွားခေါ်မယ်
ဟုတ်ကဲ့
အကို အောင်မောင်းတို့ - အကြီးခက်က ပြောခိုင်းတယ်။ လျှော့ရှယ်... အနောက်ပိုင်းက-ငွေးနဲ့ ရှုဦးတန်တားပျက်ပေါ်က မြေချော်ပြီး ရေထဲကျသွားလို့
ဟာ- ဒီကောင်လေးကလဲ- ခုမှပါဘဲ - တောက်- အနောက်ပိုင်းက- ငွေးနဲ့ မှသွားတာကို:.... တယ်...
ထို့ကြောင့် ဖိုးထောင်သည် အရှေ့ပိုင်းသို့ သုတ်ခြေတင်သွားပြီးနောက် —
လျှော့-ရေထဲ ချော်ကျတာနဲ့ အနောက်ပိုင်းသားလို့-ငွေးကို ဘာလို့ အပြစ်တင်ရတာလဲ- ---မင်းတို့ အရှေ့ပိုင်းသားတွေ အသုံးမကျလို့ တန်တား မပြင်ဖြစ်တာကွ
အနားရှိ အနောက်ပိုင်းသား ငကွဲကြီးက ကြား၍ မခံမရပ်နိုင်ဖြစ်ကာ —
အောင်မယ်- မင်းတို့အနောက်ပိုင်းသားတွေက လူမှန်း သူမှန်း မသိတတ်လို့ ကျုပ်တို့က ခေါ်ပြီး မပြင်တာ... ကြီးကျယ်လို့... ဟင်း
မင်းစကားပြောတာ- လူပါးဝ,လှချည်လားကွ
အရှေ့ပိုင်းသား ဖိုးရှိန်ကလည်း ခံပြင်း၍ စကား တုံ့ပြန်လေသော် —
ဝ,တော့ ဘာဖြစ်သလဲ။ သတ္တိရှိရင် နှစ်ယောက်ချင်း - ချမလား
စိန်လိုက်ကွ အနောက်ပိုင်းသား တဲ့ဟေ့... ငကွဲကြီးတဲ့ကွ - ပါးကြီးထဲရှိတယ်
ဟဲ့-ဟဲ့ - နေကြပါအုံး..... မင်းတို့ကလဲ - အရေးထဲ ကွဲ၊ တဆိတ်ရှိ ဒေါသထွက်တာဘဲကိုး၊ ခလေးနှစ်ယောက် ရေထဲကျတယ်ဆိုတော့ - မြန်မြန်ဆယ်ဘို့ အရေးကြီးတယ်။ မြန်မြန် လိုက်ခဲ့ကြစမ်း ....
ထိုအခိုက် အကြီးခက် ရောက်လာပြီး —




ရွာသားများ စုရုံး၍ တန်တားနားသို့ ရောက်လာသောအခါ သားရှင် မိခင်များမှာ ....

ထိုအချိန်တွင် ရေထဲ ဆင်းရှာနေသူများက—

ထိုစဉ် ဘကြီးခက်က ကရုဏာ ဒေါသောဖြင့်


သို့ဖြင့် ရွာသားများ ဝိုင်းဝန်းပြုပြင်သောကြောင့် –
ခစ်ခစ်
ထိုနေ့ ညမှာပင် တန်တားပြီးသွားလေရာ –
ဟဲဟဲ
တယ် - ဒီကောင်လေး
ဟော - ငလှ ရေ - - - -
- ငချွေး ရေ - - - -
လာကြတော့ဟေ့ - - - -
လာပြီဟေ့


အလို – မင်းတို့ပါလား၊
ဘာလဲ ရှုပ်ပြန်တာလဲ၊
ကျွန်တော်တို့ကို ခွင့်လွှတ်ပါခင်ဗျာ၊



တော်ပြီ- တော်ပြီ-
နားလည်ပြီ-
ဟင်း-
ဟုတ်ကဲ့၊


မင်းတို့ခုလိုလာသတိပေးတာ၊ကျေးဇူးတင်ပါတယ်ကွာ၊
ကျနော်တို့ သွားနိုင်ပြီလား ခင်ဗျာ၊
အေး-အေး-သွားကြတော့၊နောက်ကို ခုလို
ခွေးရူးတွေလာ ပြီဟေ့၊ခွေးရူး တွေလာပြီဟေ့၊
အ- အ- အ--
ဝုတ်-ဝုတ်--
ခွေးရူးတွေလာပြီဟ-ခွေးရူးတွေ လာပြီဟေ့-
ပြီးပါပြီ


# ချောက်ကြီးများ

စိုးလွင်မြင့်
ကဆု့

ချောက်သည် သာမန်အနေအထားထက် ပိုမိုနက်ရှိုင်းပြီး ကျဉ်းမြောင်းသော ချိုင့်ဝှမ်းပင် ဖြစ်သည်။ နက်စောက်သော နံရံများရှိသည်။ ဂေါ့(ဂျ်)နှင့် ကင်ညွန် ခေါ် ချောက်ကြီးတို့သည် များစွာခြားနားမှု မရှိလှသော်လည်း ကင်ညွန်သည် ပိုမိုကြီးမားကျယ်ပြန့်သည်။ မြစ်တိုက်စားမှုကြောင့် ဖြစ်လာရသည်။ မြစ်အောက်ခင်းကို မြစ်တိုက်စားခြင်းသည် ကျောက်ကျေမွခြင်းနှင့် ဆင်ခြေလျှော တိုက်စားခြင်းတို့ထက် ပိုမိုလျင်မြန်သောကြောင့် ချောက်ကြီးများဖြစ်လာရသည်။ အချို့နေရာများတွင် မြေလွှာပြတ်လွဲကြောင်းများ သို့မဟုတ် ကျောက်အက်ကြောင်းကြီးများက မြစ်များအောက်သို့နက်အောင် တိုက်စားရာတွင် များစွာအကူအညီပေးသည်။ ရေတံခွန် အလျင်အမြန် ဆုတ်လာခြင်းကြောင့်လည်း ချောက်ဖြစ်လာတတ်သည်။ မိုးနည်းပါးပြီး ခြောက်သွေ့သော ဒေသမျိုးရှိ ကင်ညွန်ချောက်တို့၏ နံရံတို့သည် အလွယ်တကူ တိုက်စား ခြေဖျက်ခြင်း မခံရပေ။

မြစ်တခုသည် မာသောကျောက်ပေါ်ထက် ပျော့သော ကျောက်လွှာပေါ်သို့ ဖြတ်စီးရာတွင် ပိုမိုကျယ်ဝန်းစွာ တိုက်စားသည်။ ကျောက်မာဒေသရှိ ချောက်တို့သည် မတ်စောက်ပြီး ကျောက်ဆောင်ထူထပ်သည်။ အလွယ်တကူ ကျေပျက်ခဲသည်။ စီးဆင်းသော မြစ်ကြောင်းသည် ကျဉ်းမြောင်းသေးသွယ်ပြီး တရှိန်ထိုး လျင်မြန်စွာ စီးဆင်းသည်။ ဥပမာ





ဥရောပတိုက်ရှိ အိုင်းယန်းဂိတ် ခေါ် သံတံခါး၀ ချောက်အတွင်းသို့ ဒင်ညူမြစ် စီးဆင်းသကဲ့သို့ ဖြစ်သည်။ ရေစီးမြန်လှသောကြောင့် သင်္ဘောသည် နှစ်မိုင်ဝေးသောနေရာသို့ မိနစ် ၂၀ သာ ခုတ်မောင်းရသည်။ သို့သော် ရေဆန် ခုတ်မောင်းရာတွင်မူ နှစ်နာရီမျှ ကြာမြင့်လေသည်။ ထို့ကြောင့် သွားလာရေးလွယ်ကူစေရန် တူးမြောင်း တခု ဖောက်လုပ်ထားရသည်။ တရုပ်နိုင်ငံ မြစ်ဝါမြစ်ရှိ ရှည်လျားသောချောက်တွင် မြစ်ကို ဆန်တက်ရာ၌ လှေသင်္ဘောများကို လူပေါင်းများစွာက ဆွဲကြရသည်။ ကမ်းနဖူး ကျောက်ဆောင်ထက်ရှိ လမ်းပေါ်မှ စုရုံးကာ ဆွဲကြရသည်။

အမေရိကန်ပြည်ထောင်စုရှိ ကော်လရာဒိုမြစ်၏ ဂရင်းကင်ညွန် ချောက်ကြီးသည် ကမ္ဘာပေါ်၌ အကြီးမားဆုံး၊ အနက်ဆုံးနှင့် အထင်ရှားဆုံးသော ချောက်ကြီးဖြစ်သည်။ ယင်း၏ အကျယ်မှာ ခုနစ်မိုင်ခန့်ရှိပြီး အရှည်မှာ မိုင် ၂၀၀ ခန့် ဖြစ်သည်။ ချောက်ကြီး၏ အနက်ဆုံး နေရာသည် ၆,၂၅၀ ပေမျှ ရှိသည်။ အောက်ခြေ၌ အလွန် ကျဉ်းမြောင်းသော်လည်း အပေါ် ထိပ်ပိုင်း၌ ၁၀ မိုင်ခန့်အထိပင် ကျယ်ဝန်းသည်။ ချောက်တွင် စီးဆင်းသော ကော်လရာဒို မြစ်သည် တမိုင်ခန့် ကျယ်ပြီး ပေ ၃၀၀၀ မျှနက်သည်။ ကော်လရာဒို မြစ်မကြီးအတွင်းသို့ စီးဝင်သော အခြား မြစ်ချောင်းများကြောင့် ဖြစ်ပေါ်လာသော ချောက်များသည်လည်း အခက်များဖြာဝေသကဲ့သို့ များပြားစွာ ရှိသည်။ ယင်းတို့၏ နက်စောက်သော နံရံနှင့် ချောက်ကမ်းပါးတို့တွင် ကျောက်လွှာအမျိုးမျိုး ပါဝင်သဖြင့် ဖြူနီစိမ်းပြာ ရောင်စုံတို့ဖြင့် တောက်ပနေသည်။ ချောက်ကြီး၏နံရံများတွင် ကျောက်သားများသည် အလျားလိုက်ငုင်း၊ ထောင်လိုက်ငုင်း အနေအထားအမျိုးမျိုး ဖြစ်ပေါ်နေပြီး ကျောက်ဆင့်များ၊ ကျောက်ခုံများ၊ ကျောက်တိုင်များ၊ ကျောက်ပြာသာဒ်များ တည်ရှိနေသည်။



လှပသော သဘာဝကြောင့် လွန်စွာကျော်ကြားသည့် ဂျာမနီနိုင်ငံရှိ ရိုင်းချောက်တွင် ရဲတိုက်များ ဆောက်လုပ်ထားသည်။ ယင်းနှင့် ပတ်သက်သော ဒဏ္ဍာရီများ၊ တေးသီချင်းများကိုပင် ရေးဖွဲ့ထားကြသည်။


အကျိုးရှိရှိ-
ရေး - မျိုးမြင့်မြတ်
ကာတွန်း ● ဝင်းမျိုးညွန့်
ဖိုးကျော်တို့ကျောင်းတွင် ကျောင်းပိတ်ပွဲပြုလုပ်ရာ ဆရာကြီးက-
မနက်ဖြန်ကစပြီး နွေရာသီ ကျောင်းရက်ရှည်ပိတ်မှာမို့ ကျောင်းလာဖို့ မလိုကြတော့ဘူး၊ ဒါတော့ ဆရာ တခုမှာချင်တာက ကျောင်းပိတ်တဲ့အချိန်အတွင်းမှာ နေပူကြီးထဲ လျှောက်မလည်ကြဖို့ အလွန်အကျွံ မဆော့ကြဖို့ မတည့်တဲ့ အစာတွေ မစားကြဖို့ဘဲ-
စာမေးပွဲကြီးဖြေပြီးပြီဆိုပြီးတော့လဲ ကျောင်းစာကို ပစ်မထားဘဲ တနှစ်အတွက် သင်ခန်းစာတွေကို မမေ့အောင် ပြန်လှန်လေ့ကျင့်ပြီးတော့ နောင်တနှစ်အတွက် ကြိုတင် ပြင်ဆင်ထားကြဖို့ပါဘဲ- နောက်တခုက ကျောင်းပိတ်ရက်အတွင်းမှာ အကျိုးရှိရှိ နေတတ်ကြဖို့ဘဲ-
ထို့နောက် ဆရာကြီးက ချော့ကလက်နှင့် သကြားလုံးများ ဝေလေသည်။
ကျောင်းသားများသည် တယောက်နှင့် တယောက် ရေပက်၍ တနှစ်တာအတွက် နောက်ဆုံးနှုတ်ဆက်ကြသည်။
ဖိုးကျော်တို့လူသိုက်မှာ အိမ်မပြန်နိုင်သေးပဲ တနေရာတွင် စုဝေးမိကြလေသည်။
ဆရာက ကျောင်းပိတ်ရက်မှာ အကျိုးရှိရှိ နေရမယ်တဲ့- မင်းတို့ ကျောင်းပိတ်ချိန်မှာ ဘာလုပ်ကြမလဲ
ငါက ဖရဲသီး ရောင်းရမယ်-
ငါ့အမေက မုန့်အားလုံး ရောင်းရမယ် တဲ့ကွ--
ဒို့ညီအကိုကတော့ ဒို့မေမေနဲ့တော လိုက်ပြီး လယ်သမားကြီးတွေ အကြောင်း လေ့လာရ မယ်တဲ့ကွ-



တနေ့ ဖိုးကျော်တို့လူသိုက် ကစားနေချိန်တွင် —
တစိတ်ဘယ်လောက်လဲ-
ထိုအချိန်တွင်—
ကလင် ကလင် ကလင်


မင်းနို့အေးချောင်း ကျောင်းတက်တဲ့နေ့ကို ဘယ်လိုလက်ဆောင် ပြတ်သလဲကွ-ဟင်-
ငါးဆယ်ကျော်နှယ်တ ကျပ်ပြတ်တယ်၊ တရာ့ ငါးဆယ်ကျပ်ပြတ်တယ် ကွ၊ မကျော်ဘူးဖြစ်နိုင်း ညီဥယျာဉ်တနေ့ကို တကျပ်ခွဲ ကျပ်ခွဲလောက် တော့ပြတ်တဲ့ ပေါ့ကွာ-
ကျောင်းပိတ်ရက်တွင်းမှာ မေမေ့ရဲ့ အလုပ်ကို ကူညီလုပ်ပေးတဲ့အတွက် အပိုဝင်ငွေရ လို့ မေမေက ကျောင်းပြန်ဖွင့်ရင် တက်ထရွှန်အင်္ကျီ ဝယ်ပေးမယ်တဲ့ကွ-
ဖိုးကျော်သည် သန့်ဇင်နှင့် အရှိန်းတို့ကို အားကျသွားပြီး —
ဘာဖြစ်လို့လဲသားရဲ့
မေမေ-ကျနော် ဖရုံသီးခိုက်ကြောင်း ချင်တယ်
သန့်ဇင်တို့ အရှိန်းတို့ ကျောင်းပိတ်တွင်း ဈေးရောင်းတဲ့ သူတို့အိမ်မှာ အပိုဝင်ငွေရတယ် မေမေရဲ့၊ သားကလေ ကျောင်းပိတ်ရက်မှာ တခုခုလုပ်ချင် တယ်ဗျ-
သန့်ဇင်တို့ အရှိန်းတို့က မေမေတို့နဲ့ တာယ်ပိုဆင်းရဲတဲ့ သူတို့ ဈေးထွက်ရောင်း တာဟာ ချိုးကျိုးနေပေ ပေါ့ဗျ--
ဒါပေမဲ့ သားသားကတော့ သူတို့လို ဈေးထွက်ရောင်းဖို့ မလိုပါဘူး၊ အကျိုးရှိရှိနေ ဖို့က ကျောင်းပိတ်ရက်မှာ ဗဟိုဒုတ်တွေ ဖတ်လို့ အချိန်နဲ့ စားပြီး ညီလေး ညီမလေးတွေကို ထိန်းပေးပေါ့
ဟုတ်တော့ အိမ်မှုကိစ္စတွေကို ကူညီလုပ်၊ ဒါမှ မေမေ့ အနေနဲ့ အချိန်ပိုရလို့ ဝင်ငွေရတဲ့ အလုပ်ကို ပိုလုပ်နိုင်တာပေါ့၊ သဘောက်မှာ ဖော့ခိုင်တ တွက် သားသားရဲ့ ခုံးလေးဆီမှာ အပ်လိုပါလာ သွားသင့်ပေါ့


# ဖန်ဒီပင်လယ်အော်

ဖန်ဒီပင်လယ်အော်သည် ကနေဒါနိုင်ငံ အရှေ့မြောက်ပိုင်း၌ နယူးဗရန်းဇဝစ် ကမ်းခြေ တောင်ဖက်နှင့် နိုဗာစကိုးရှား အနောက်ဖက်ကမ်းခြေနှစ်ခုအကြားတွင် တည်ရှိသည်။ ယင်းသည် မိုင် ၁၇၀ ရှည်လျားပြီး ဒီရေတက်သည့်အခါ အမြင့်ပေ ၇၀ ထိပင် တခါတရံ တက်တတ်သည်။ ပင်လယ်အော်၏ အရှေ့မြောက်ပိုင်း၌ ရေကြောင်းသည် ရှစ်နက်ကဲတိုပင်လယ်အော်နှင့် မိုင်းနတ်မြစ်ဝှမ်းအဖြစ် နှစ်ဖြာခွဲထွက်သွားသည်။ ထိုနေရာတို့၌ ဒီရေသည် ပေ ၅၀ ကျော်အထိ တက်သည်။


ဖန်ဒီ ပင်လယ်အော်ကို ၁၆၀၄ ခုတွင် ဆီယာဒီမွန့်ဆိုသူက စတင်တွေ့ရှိခဲ့သည်။ ပင်လယ်အော်၏ အမိကဆိပ်ကမ်းမြို့မှာ ဗိုမိန့်ဌာန်းမြစ်၏ ဒီရေကျချိန်တွင် စိန့်ဌာန်းမြစ်သည် အမြင့်မှ အနိမ့်သို့ အရှိန်ဖြင့် စီးဆင်းလာရသောကြောင့် အချို့နေရာတို့တွင် ရေတံခွန်သဖွယ် စီးဆင်းသည်ကို တွေ့ရသည်။

ဖန်ဒီပင်လယ်အော်တွင် ဒီရေ အတက်အကျ အားကြီးခြင်းနှင့် နှင်းများ မကြာခဏ ကျတတ်ခြင်းတို့ကြောင့် သင်္ဘောများ အသွားအလာ ခက်ခဲသည်။ ယခုအခါ ဖန်ဒီပင်လယ်အော်၏ ဒီရေတက်သည့်အားမှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရန် စီစဉ်လျက်ရှိသည်။

ငြိမ်းဝ



## ဘာပုံလဲ?



အစက်ကလေးများကို အစဉ်အတိုင်း ဆက်ပါ။ ကျေးဇူး ရှိသော တိရစ္ဆာန် တကောင်ပုံကို တွေ့မြင်ရမည်။

ခင်မောင်ကြိုး



# ချိုချိုသာသာ

မယ်ဓာရည်

မောင်ငယ်သည် ဈေးသို့ နံနက်စောစောပင် ထွက်ခဲ့၏။ ညက အမေလုပ်ပေးလိုက်သော စက္ကူပန်းလေးများသည် ဗန်းပေါ်တွင် လှပစွာ ရှိနေကြ၏။ မောင်ငယ်သည် ပန်းဝယ်မည့်သူကို ရှာကြည့်နေ၏။ သို့သော် မောင်ငယ့်နှုတ်ကမူ ဝယ်ပါ၊ယူပါ တစာစာ မအော်ပေ။ ဈေးခေါ်လေ့မရှိသော အကျင့်ကို မောင်ငယ်က တမင် မွေးယူထားခြင်းဖြစ်၏။

မောင်ငယ်သည် ညနေပိုင်းတွင် ကျောင်းတက်၍ နံနက်ပိုင်းတွင် ပန်းရောင်းသော တတိယတန်း ကျောင်းသားကလေး ဖြစ်သည်။ ကျောင်းတဖက်၊ အလုပ်တဖက်နှင့် မိဘကို ကူညီသောဂုဏ် မိမိ၌ ရှိပြီးဖြစ်၍ ဘယ်သူ့ကိုမှ အောက်ကျို့စရာမလိုဟု မောင်ငယ်က ယူဆထား၏။ ထို့ကြောင့် ဈေးမခေါ်။ ဈေးဝယ်သူကိုလည်း မာမာပင် ဆက်ဆံလေ့ရှိ၏။

"ဟယ် – လှလိုက်တဲ့ စက္ကူပန်း ကလေး တွေ၊ တခု ဘယ်လောက်လဲ"

"တခု ဆယ်ပြား"

"တမတ်ဖိုး သုံးခု ရမလား ကွယ်"

"မရဘူး၊ ကြိုက်မှ ယူ၊ မကြိုက်ယင်နေ"

"ဟဲ့ – ကလေးရဲ့၊ တယ်လဲ စကားပြော မာပါလား။ ဈေးဝယ်သူဟာ ရန်သူ မဟုတ်ဘူး၊ နင့်ကျေးဇူးရှင်တွေ သိရဲ့လား"

အမျိုးသမီး ကြီးသည် မောင်ငယ်ထံမှ ပန်းမဝယ်ပဲ လှည့်ထွက်သွား၏။ ဤသို့ထွက်သွားပေါင်းမှာ မနည်းလှတော့ပြီ။ သို့တိုင်အောင် မောင်ငယ်က တပြားမျှ မလျှော့။ မာလျက်၊ ကျောလျက်ပင်။ ဘေးမှ ဈေးသည်များက မောင်ငယ်ကို မျက်နှာရှုံ့၍ ကြည့်နေလေသည်။

× × ×

"သား–လူလေး၊ အမေနေမကောင်းလို့ ဟင်းချိုခတ် သောက်ရအောင် သားဈေးက အပြန် ဒန့်ဒလွန်ရွက် ဝယ်ခဲ့နော်"

"ဘယ်လောက်ဖိုး ဝယ်ခဲ့ရမလဲအမေ"

"၁၅ ပြားဖိုး ဝယ်ခဲ့ကွယ်။ တစည်း ၁၀ ပြား၊ နှစ်စည်း ၁၅ ပြားနဲ့ ဆစ်ပြီး ဝယ်ခဲ့ပေါ့။ တစည်းထဲတော့ မဖြစ်လောက်ပါဘူးကွယ်"

× × ×

မောင်ငယ်သည် ပန်းဗန်းကလေးကို ဒန့်ဒလွန်ရွက်သည် ဘေးတွင်ချကာ ရောင်းနေ၏။ ထုံးစံအတိုင်း ဝယ်သူများကို ဆက်ဆံသော မောင်ငယ်၏လေသံမှာ ဘောက်ဆတ်ဆတ်ပင် ဖြစ်သည်။

မောင်ငယ်သည် အိမ်ပြန်ချိန်တန်၍ ဒန့်ဒလွန်ရွက်သည်ကြီးဘက်သို့ လှည့်ကာ ဈေးမေးလိုက်၏။

"တစည်းဘယ်လောက်လဲ"

"၁၀ ပြား"

"နှစ်စည်း ၁၅ ပြား မရဘူးလား"

"မရဘူး၊ ကြိုက်ယူ၊မကြိုက်နေ"

"ဈေးကွဲသွားပြီဘဲဗျ။ ခင်ဗျားအစည်းတွေကလဲ ခွေးကျတွေ ဖြစ်နေပြီ။ နှစ်စည်း ၁၅ ပြားထားပေါ့"

"ဟေ့– မရဘူးလို့ ပြောနေတယ် မှတ် လား။ ကြိုက် ဝယ်၊ မကြိုက်နေ၊ ဒါဘဲ"

"မဝယ်ဘူးဗျာ၊ မဝယ်ဘူး"

"မဝယ်နေ"

ဒန့်ဒလွန် ရွက် သည် ကြီးသည် မောင် ငယ့် ထက် ပင် စကားပြော မာနေ၏။ မောင်ငယ်မှာ အမေ့အတွက် ဒန့်ဒလွန်ရွက်ကို မဝယ်လျှင်မဖြစ်။ ဈေးသည် အ ဒေါ် ကြီး နှင့် လည်း စကားပြောမတည့်။

ခက်ပြီ။ အခြား ဈေးသည်တွေထံတွင် ဒန့်ဒလွန်ရွက် ရှာကြည့်၏။ ဈေး ကွဲ ချိန် ဖြစ် ၍ မတွေ့တော့ချေ။ မောင် ငယ်သည် ပထမ အဒေါ်ကြီးထံသို့ မျက် နှာ ငယ် က လေး နှင့် ပြန်လျှောက်လာခဲ့၏။

"နှစ်စည်း ပြား ၂၀ နဲ့ဘဲ ပေးပါတော့ဗျာ"

"ယူသွားပါကွယ် ၁၅ ပြားနဲ့"

"ခင်ဗျာ...."

မောင် ငယ် သည် အဒေါ်ကြီး၏ ချိုသာသော အသံနှင့် လျှော့ဈေးကြောင့် အံ့ဩရင်း ကြောင်သွား၏။

အဒေါ်ကြီးက ကျေနပ်စွာ ပြုံးနေ၏။

"ဒီ မှာ ခ လေး၊ မင်း ပန်း ရောင်းနေတာ အဒေါ် တချိန်လုံး အကဲခပ်နေတယ်။ ဘယ့်နှယ်ကွယ် ဝယ်သူကို ရန်သူလို ဆက်ဆံနေလိုက်တာ၊ တကတဲ။ ဈေးဝယ်သူဟာ ကိုယ့်ရဲ့ထမင်းရှင်၊ မိတ်ဆွေကွဲ့။ ကိုယ်ကနူတ်ချိုမှ လက်တို့ချင်တို့ပစေ ဝယ်သူက ကျေ နပ် တာ။ ဝယ် သူ ကျေနပ်မှ ဈေးရောင်း သွက်တယ်။ မင်းကို ဒေါ်ကြီး ခုနက မာ မာ ပြော တော့ မင်း ဘယ့်နှယ်နေလဲ"

"ကျနော်လေ ဒေါပွလိုက်တာ အရမ်းဘဲ"

"အေး– မင်း မာ မာ ပြောတော့ ဝယ်သူတွေလဲ ဒေါပွမှာပေါ့။ နောက် ချိုချိုသာသာ ပြောနော်။ ဒေါ်ကြီးက မင်းကို ဆုံးမချင်လို့ ကိုယ်ချင်းစာ တတ်အောင် ခုနက မာမာပြော လွှတ်လိုက်တာ"

"ဟုတ်ကဲ့၊ နားလည်ပါပြီ အဒေါ်။ နောင်ကို ကျနော် ချိုချိုသာသာပြောပြီး ရောင်းပါ့မယ်။

"အေးကွယ်၊သာဓု သာဓု"

နောက်တနေ့တွင်မူ ဈေးထဲ၌ ချိုသာစွာပြော၍ ပန်းရောင်းနေသော မောင်ငယ်ကို ဘေးမှ ဈေး ရောင်း ဖော် ဈေး ရောင်း ဖက်များက အံ့ဩစွာကြည့်ရင်း ပီတိ ဖြစ်နေကြပေသည်။

# ပန်းစိုက်ပွဲ

စိုက်ပျိုးရေးကို၊လက်တွေ့ပြလို့၊
ပန်းလှလှလေး စိုက်ကြမယ်။

ပန်းဆိုသည်မယ်၊ဖူးကာပွင့်လို့၊
နေသင့်နွမ်းလဲ ကြွေကျလွှယ်။

ပညာပန်းမယ်၊ မွှေးကာလှလို့။

အစဉ်ထာဝရ၊
လန်းဆန်းကြွယ်။

ညီ, ညီမငယ်၊
အလိမ်မာကလေးတို့၊
ဘယ်ပန်းရွေးလို့ စိုက်ပါ့မယ်။

တွေးကွယ်–ရွေးချယ်။ ။

ဖျာပုံ - နီလုံဦး



R. 517

# လင်းမြီးဆွဲ စိုးလွင်မြင့်

လင်းမြီးဆွဲကို လင်းဆွဲဟူ၍၎င်း၊ မီးတောင်ဖိုနက်ဟူ၍၎င်း ခေါ်ကြသေးသည်။ လင်းမြီးဆွဲ၏ အလျားသည် ၁၂လက်မ ရှိသည့်အနက် အမြီးတခုတည်းကပင် ၅ ½ လက်မခန့်ရှည်လေသည်။ အရောင်မှာ မည်းနက်ပြီး သပိတ်ရောင်ထနေ၍ ်က်တော်နှင့် ဆင်တူရိုးမှား ဖြစ်သည်။ လှပတင့်တယ်၍ ရှည်လျားသော အမြီးခွရှိလေသည်။ ကြေးနန်းကြိုးများ၊ သစ်ပင်များပေါ်၌ နားနေတတ်၍ ဆူဆူညံညံ အော်ဟစ်တတ်ကြသည်။

လင်းမြီးဆွဲသည် ကျီးကန်းမျိုးထဲမှ မဟုတ်သော်လည်း မည်းနက်သော အဆ ်ရှိခြင်း၊ မိမိ၏အသိုက်ကို ရဲရင့်စွာ ကာကွယ်ခြင်းနှင့် တို ်ခိုက်လိုသော စိတ်ဓာတ် ပြင်းပြခြင်းတို့မှာ ကျီးကန်းထ ်င် သာလေသည်။ တခါတရံ ကျီးကန်းတကောင်ကို လင်းမြီးဆွဲများက လိုက်လံထိုးဆိတ်နေသည်ကို တွေ့ရတတ်သည်။ သို့သော် ဘေးရန်မပြုတတ်သောငှက်အငယ်စားများ ်ကား မနှောင့်ယှက်ကြချေ။



ဧပြီလမှ ဩဂုတ်လအတွင်း သားပေါက်လေ့ ရှိသည်။ အသိုက်ကို မြက်၊ သစ်ကိုင်းခြောက် စသည်တို့ဖြင့် သပ်ရပ်ခိုင်ခံ့စွာ သစ်ကိုင်းခွတွင် တွဲရရွဲဆွဲ၍ ပြု ုပ်ထားသည်။ တမြုံလျှင် ဥနှစ်လုံးမှ ငါးလုံးအထိ ရှိ၍ တဥလျှင် ပျမ်းမျှ အလျား ၁.၀၀ လက်မနှင့် ပြက် ၀.၇၃ လက်မရှိသည်။ နှံကောင်၊ ပိုးဖလံ၊ ပိုးတုံလုံး၊ ပုရစ်၊ ပုစဉ်းများကို စားသည်။

လင်းမြီးဆွဲကို အရှေ့တိုင်းနိုင်ငံတိုင်း၌လိုလိုပင် အများအပြား တွေ့မြင်ရ၍ မြန်မာနိုင်ငံ၌ တောင်ခြေနှင့် လွင်ပြင်များတွင် တွေ့ရလေသည်။

စိုးလွင်မြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ - ၄။ အမှတ် - ၂၅။

# ရွှေသွေး ဂျာနယ်

## ဇာတ်ကြီး ခိုက်

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း - ခင်နှစ်နှစ်

၁၃၃၄ ခု၊ ပ__မဝါဆိုလဆန်း ၇ ရက် (၁၇-၆-၇၂)




ရှေးသရောအခါ ဖိုးသူတော်တယောက်သည် အရပ်ရပ်၌ အလှူခံထွက်၍....




အလှူငွေများ ရပြီးနောက် သုံးလခန့် ခရီး ထွက်လိုသည် ဖြစ်သောကြောင့် —




စိတ်ချရမည် ထင်သော ခင်မင် ရင်းနှီးသည့် ကုန်သည်တဦးထံ အပ်နှံထားခဲ့လေ၏။




ဖိုးသူတော် ထွက်သွားသော အခါ အိုးကို အသာလှန်ကြည့်လေရာ--

စနေနေ့တိုင်း ထုတ်ဝေသည်။



တနေ့သောအခါ ကုန်သည်ကြီးသည် အခြားနယ်မှလာသော မိတ်ဆွေကုန်သည်များကို ဖိတ်၍ ထမင်းကျွေးလေသည်။ ဧည့်သည်များမှာ မြိန်လင့်သည်ထက်–



ပိုမိုလာသောကြောင့် မလောက်မဖြစ်နေ၍–



ဆန်ယူရန်အိုးကို မှောက်ချလိုက်သောအခါ




ထိုအခါ သူဌေးကတော်က ရွှေငွေ များ ကို သိမ်းဆည်းထားလိုက်၏။



သုံးလမျှကြာသော် ဦးသူတော်ပြန်ရောက်လာပြီး ကုန်သည်ကြီးထံသို့သွား၍–


ဟာဗျာ--- အိုးထဲက ရွှေတွေ-ငွေတွေလဲ မရှိတော့ပါလား ဗျ...
အလှူလုပ်ချင်လို့ စုဆောင်းထားတဲ့ ရွှေတွေ ငွေတွေ
ဟင်-- ခင်ဗျားထားခဲ့တဲ့ အတိုင်းဘဲလေ၊ လက်များနဲ့တောင် မထိရပါလား -----
အိုးပေါ်နေ၍ မှောက်ကြည့်ရာ ရွှေငွေများကို မတွေ့တော့သဖြင့်--
------- အောင်မယ်.. လူကို-စွပ်စွပ်စွဲစွဲ-တကတဲ-သိမ်းလဲထားရသေးရဲ့ ××××× နေပါအုံး-လက်ရာ ပျက်နေလို့လား
လက်ရာတော့ ပျက်ပုံမရှုဘူး ဒါပေမယ့်.......
××× ကောင်းပြီ--- သို့ကလိုဆိုယင် မောင်မင်းတို့နှစ်ယောက်-ဘုရားရှေ့မှာ ကျိန်ဆိုဝံ့ကြသလော..
ဘုရားရှေ့တော်မှာ အမှန်ကိုသာ ပြောကြောင်း ကျိန်ဆိုဝံ့ကြောင်းပါ
ကောင်းပြီ-နက်ဖြန် မြို့လယ်ဘုရားကြီးသို့ လာကြရမည်....
ထို့ကြောင့် မိုးသူတော်က အကြောင်းစုံကို တရားရုံးတော်သို့ လျှောက်ထားရာ ကုန်သည် ဇနီးမောင်နှံကိုခေါ်၍ စစ်ဆေးပြီးနောက်
×××× ဤဝေါယာဉ်အတွင်း၌-ဘုရားဆင်းတု တဆူရှိသည်၊ မောင်မင်းတို့နှစ်ယောက် ရှေ့နောက်ထမ်း၍ ဘုရားရင်ပြင်တော်ကို ပတ်လှည့်ပြီးမှ-ဘုရားရှေ့တော်တွင် ကျိန်ဆိုကြရမည်။
ချိန်းဆိုထားသောနေရာတွင် လူစုံကြသောအခါ တရားသူကြီးက—
အမယ်လေး သေရချည်ရဲ့-တထောက်တော့ နားမှဖြစ်မယ်-ဟောဟဲ့-ဟောဟဲ့-
အေး-ငါလဲ ပိုက်နေပြီ ဟောဟဲ ဟောဟဲ
ကုန်သည် ဇနီးမောင်နှံတို့သည် ဝေါယာဉ်ကို ထမ်းလျက် ကျယ်ပြန့်သော ဘုရားရင်ပြင်တော်ကို ပတ်ကြရာ လေးလံလှသဖြင့်—
ဗျူး.....မင်းဟာ-သိပ်လောဘကြီးတာဘဲ၊ မင့်လောဘကြောင့် ငါပါအခု-ဒီကြီးကို ထမ်းနေရတယ်။ ဘုရားရှေ့မှာလဲ လိမ်ပြီးသစ္စာဆိုရအုံးမယ်။ သေယင်တော့ ငရဲလားမှာဘဲ ×××
တနေရာတွင် ခေတ္တနားကြစဉ်၊ မောဟိုက်လာသည်နှင့်အမျှ စိတ်လည်းတိုလာကြသည်။


အမယ် ..... ရှင်လဲ ပေါ်တာကြီးတာဘဲ - ရှင် - ရွှေတွေ ငွေတွေ သိမ်းထားတာဘဲ မဟုတ်လား။ ဘာပြော ချင်သေးလဲ။ ကျုပ်ကို ချည်း အပြစ်မတင်ပါနဲ့ ယောင်း
မင်းနော် -- တော်တော့ -- ဒါဘဲ —
ဪ - ပြန်ရောက်လာကြပြီလား - ကဲ - ကဲ -- ဝေါကို ဒီနေ့မှာဘဲ ချ။ မောလှရောပေါ့နော်။ တရား စီရင်ရေးဖို့ သာ ခိုင်းရ ပါတယ်၊ အားတော့နာ ပါရဲ့ ..
အမောပြေလောက်သော် ဆက်၍ထမ်းသွား ကြပြီး တရားသူကြီးထံ ပြန်ရောက်ကြသည်။
လူတွေဝိုင်းကြည့်နေစဉ် ဝေါတံခါးပွင့်လာပြီး သူငယ်တယောက် ထွက်လာကာ—
xx xxx တနေရာရောက်သောအခါ - ဝေါယာဉ် ချပြီး ခေတ္တနားနေစဉ် မောပန်းသံဖြင့် ယောက်ျား က မှူးကနဲ့ လေမှုတ် ထုတ်လိုက်ပြီး ပြောသည်မှာ ( မင်း ဟာ သိပ်လောဘကြီး တာဘဲ xxxxxxx xxxxxxxx
ဝေါယာဉ်အတွင်းမှ ကြားသမျှ စကားများကို မှတ်ထားသောစာကို ဖတ်ပြလေသည်။
ကဲ - ဘာများ ဆင်ခြေကန်လို သေးသလဲ။
တကြိမ်တခါ မိုက်မဲမိ သည်ကို ခွင့်လွှတ်တော်မူပါ။ ယူထားမိသည့် ရွှေငွေများ ချက်ချင်းပြန်ပေးပါမည်။ နောက်နောင်ကို ဒီလိုမမိုက် တော့ပါဟု အသနားခံပါသည်။ မိုက်တာတွေ့ လျှင် ဥပဒေ - အရ ထိုက်-ချွတ်ဆ - အပြစ် ခံပါမည်၊ ယခု မင်းလျှင် ရှက်လှပါပြီ
ကုန်သည်ဇနီးမောင်နှံတို့မှာ ဝန်ခံရလေသည်။
သင်တို့ တကယ်ပင် သတိတရားရပြီဆို လျှင် - လူကြီးလူကောင်းများ ဖြစ်သဖြင့် --- ဘုရား - သံဃာ နှင့် လူထုပရိသတ် ရှေ့မှာ သစ္စာဆိုရမည်။ ဦးသူတော် အား ပစ္စည်း များ ပြန်အပ်ရုံ မက --- လေါလေါဆယ် - ဦးသူတော် ပြုလုပ်လိုသော အလှူ ဒါနအတွက် အကုန် အကျခံ၍ - ကိုယ်တိုင် ကိုယ်ကျ ဝိုင်းဝန်း လုပ်ကိုင်စေ...... တရားရုံး အမိန့် တော်......
ပြီး


လောဘ ကြောင့်
ရေး ★ ဖိုးချစ်လှိုင်
ဆွဲ ★ ကာတွန်း
မောင်မောင်သက်
ကျုပ်က စပါးပွဲစားပါ ခင်ဗျားစပါးတွေ ကျုပ်ကို ရောင်းပါ
ဟာ - မဖြစ်ဘူး - သမဝါယမ အဝယ်ဒိုင်မှာ ရောင်းမလို့ - ဗျ
တနေ့တွင် ဦးထူးသည် သူ၏ ရာကျော်စပါးများကို ရောင်းချရန် ပြင်ဆင်နေစဉ် –
သမဝါယမ အဝယ်ဒိုင်က ဈေးထက် တဆ ပိုပေးမယ် - ဗျာ
အင်း - ငွေနှစ်ဆရရင် ငါ့အတွက်သုံး ချင်တာသုံးရမှာမို့ သူ့ကိုဘဲ ငါရောင်းမှဘဲ
တဆပို ပေးမယ်
စပါးဘိုး ငွေတွေကို သေသေချာချာ ရေတွက်ယူနော် ကဲ - ကျုပ်သွားမယ်
ဟုတ်ကဲ့
သို့ဖြင့် ဦးထူးသည် စပါးပွဲစားကို ရောင်း လိုက်လေသည်။
စပါးတွေကို ပွဲစား ရောင်းလိုက်ပြီ
ဟင် - ဥပဒေနဲ့ မကင်းတာတွေဘဲ ဘာလို့လုပ်ရတာလဲ
ဦးထူး၏ဇနီး ရောက်လာသောအခါ –


သမဝါယမ အဝယ်ဆိုင်က ဈေးထက် တဆပိုရ တာကွ-ဟဲ-ဟဲ-ဟဲ
အဲဒီလိုဆိုရင် တော်သေးတာပေါ့ ဟဲ-ဟဲ-ဟဲ.
ဦးထူးဆိုတာ ခင်ဗျားလား
ဟုတ်ပါတယ် ကျုပ် ဦးထူး-ပါ
နောက်တနေ့နံနက်တွင် -
ကျွန်တော်ကန်ကြီးရွာက ရဲအရာရှိပါ ဟောဒီ ဓါတ်ပုံထဲကလူကိုသိလား
သိပါတယ်-မနေ့က ကျုပ်စပါးတွေကို ဝယ်သွားတဲ့လူဘဲ
အဲဒီလူဟာ လူလိမ်ပါ၊ သူဟာ ငွေစက္ကူ အတုတွေနဲ့ လိုက်ပြီး လိမ်နေလို့ ဦးထူးဆီက စပါးဘိုး ငွေအားလုံး ခဏ ကြည့်ပါရစေ
ခင်မရေ-မနေ့က စပါးရောင်းရတဲ့ ငွေတွေအားလုံး ယူခဲ့စမ်းပါ


ဟော ဒီငွေ အားလုံးဟာ-စပါးပွဲစား ပေးသွားတဲ့ငွေတွေပါဘဲ
ဒီငွေစက္ကူတွေကို အတုနဲ့အစစ်ခွဲခြား သိရအောင် ရဲစခန်းခဏယူသွားမှ ဖြစ်မယ်
ဟုတ်ကဲ့-ယူသွားပါ
ကဲ-ကျွန်တော်ယူသွားမယ်၊ ဒီငွေကိစ္စ အတွက်မနက်ဖြန် ဦးထူး ရဲစခန်းကို လာခဲ့ပါ၊ အစစ်ဆိုရင် ပြန်ရမှာပါ၊ အတုဆိုရင်တော့ သိမ်းထားရမယ်
ဟုတ်ကဲ့
အမယ်လေး-ဘုရား-သကြား မလို့ ငွေစက္ကူအစစ်တွေဖြစ်ပါစေ-တော်
ဦးထူး ပြောတဲ့သူဟာ ကျွန်တော်တို့ရဲစခန်းက လူမဟုတ်ဘူး၊ ခင်ဗျား လူလိမ်ခံရပြီ
နောက်တနေ့ ရဲစခန်းသွားရာ —
ဗျာ-အဲဒီလူဟာ လူလိမ်-ဟုတ်လား၊ တနှစ်လုံး ပင်ပန်းခံ လုပ်ခဲ့သမျှ အားလုံးကုန်ပြီ
ရှင်မရေ-တို့စပါးဘိုးငွေတွေ လူလိမ်ခံရပြီ-ဟေ့
အမယ်လေး ကုန်ပါပြီတော် ဟီး-ဟီး-ဟီး
ဦးထူး အိမ်ပြန်ရောက်သော် —




စိုးလွင်မြင့် ကဆွဲ


# သဘာဝဂူများ

ရှေးဦးလူတို့သည် သဘာဝဂူများတွင် နေအိမ်သဖွယ် နှီးလှုံနေထိုင်ခဲ့ကြသည်။ ဂူသည် ကမ္ဘာမြေကြီးတွင် ထိုးဖောက်တိုက်စားမှု တခုခုကြောင့် ဖြစ်ပေါ်လာသော လိုဏ်ခေါင်းပင် ဖြစ်သည်။ ပင်လယ်ရေလှိုင်း၏ ရိုက်ခတ်ခြင်းကြောင့်၎င်း၊ ကျောက်တုံးကျောက်ခဲတို့ ကမ်းခြေရှိ ကျောက်ဆောင်ကို ရိုက်ခတ် တိုက်စားခြင်းကြောင့်၎င်း ပင်လယ်ကမ်းခြေ ဂူများဖြစ်ပေါ်လာသည်။ ကုန်းမြေပေါ်ရှိ ဂူတို့ကို ဆားကျောက်၊ သလင်းကျောက်၊ အန္တကူထုံးကျောက်တို့ရှိရာဒေသတွင် တွေ့ရတတ်သည်။ အထူးသဖြင့် ထုံးကျောက်ဒေသတွင် အတွေ့ရများသည်။ ထိုဒေသရှိ မြေတို့သည် ထုံးသတ္တုအများအပြား ပါဝင်ပြီး ယင်းတို့ကို ကာဗွန်နစ်အက်ဆစ်ဓာတ် ပါရှိသော မြေမျက်နှာပြင်ရေတို့က အလွယ်တကူ တိုက်စား ချေဖျက်လေသည်။ ကျောက်မြေများရှိ အက်ကြောင်းများအတွင်းသို့ စိမ့်စီးဝင်သွားသော ရေတို့သည် အရည်ပျော်လွယ်သော ကျောက်များကို တဖြည်းဖြည်း တိုက်စားချေဖျက်ကာ သယ်ဆောင်သွားသည်။ နှစ်ထောင်ပေါင်းများစွာ ကြာမြင့်လာသောအခါ ထိုရေစီး၏ ချွတ်တွင်တိုက်စားမှုကြောင့် ရေစီး လမ်းကြောင်းသည် ကျယ်ဝန်းလာသည်။ တိုက်စားခံရသော ကျောက်လွှာတို့သည် အရစ်အစင်းများဖြင့် တွန့်လိမ် ကွေ့ကောက်သွားသည်။ ကြီးမားကျယ်ဝန်းသော မြေအောက်အခန်းကြီးများအဖြစ်သို့ ပြုပြင် ချွတ်တွင်ခြင်းခံရသည်။

လိုဏ်ခေါင်းများ၊ ဂူများ၊ မြေအောက်အခန်းကြီးများ ဖြစ်ပေါ်ပြီးနောက် နံရံနှင့်အမိုးမှ ထုံးကျောက်ပျော်ဝင်ရည်များသည် စိမ့်၍ အောက်သို့ စီးကျလာသည်။ ယင်းတို့သည် စေးတွဲ၍ ကျလာပြီး အေးခဲလာသော အခါ၌ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော် စသည်တို့ ဖြစ်လာသည်။ ယင်းတို့ဖြင့် ပြည့်နေသော သဘာဝဂူသည် ကျောက်ပွင့်၊ ကျောက်ခိုင်၊ ကျောက်တွန့်၊ ကျောက်လွှာ၊ ကျောက်ပေါင်းကူး စသည်ဖြင့် လက်ရာမြောက်စွာ မွမ်းမံ တည်ဆောက်ထားသော နန်းပြာသာဒ်ကြီးတမျှ လှပနေသည်ကို တွေ့ရတတ်သည်။



ကျောက်စက်ပန်းဆွဲမှာ ဂူမျက်နှာကြက်



မှ တွဲ၍ကျနေပြီး၊ ကျောက်စက်မိုးမျှော်မှာ ဂူကြမ်းပြင် ပေါ်သို့ စုပုံကျရောက်ကာ တိုင်ကဲ့သို့ ဖြစ်နေသည်။ နောင်ကြာမြင့်သော် ယင်းတို့သည် တခုနှင့်တခု ထိစပ်လာတတ်သည်။ သို့ဖြင့် ဂူ၏အမိုးကို ထောက်ပင့်ထားသော တိုင်ကဲ့သို့ ဖြစ်လာသည်။ ဂူအမိုးပေါ်မှ ရေများသည် အပေါက်ငယ်အတွင်းမှ မဟုတ်ပဲ ရှည်လျားသော ကျောက်အက်ကြောင်းအတွင်းမှ စိမ့်ဆင်းကာ ဖြစ်ပေါ်လာသော ကျောက်လွှာတို့သည် လိုက်ကာ သဖွယ် ဖြစ်နေတတ်သည်။

ကုန်းမြင့်နှင့် ကျောက်တောင်စောင်းများ၏ အက်ကွဲကြောင်းများတွင် လေ၏ ထိုးထွင်း တိုက်စားမှုကြောင့် သေးငယ်သောဂူကလေးများ ဖြစ်နေသည်ကိုလည်း တွေ့ရတတ်သည်။

ရေတံခွန်၏ရှေ့သို့ ထိုးထွက်နေသော ကျောက်ဆောင်၏ အောက်ခြေ၌ စီးဆင်းသော ရေလုံး၏ အင်အားကြောင့် ကျောက်သားတို့ ဖောက်ထွင်းခံရပြီး ရေတံခွန်ဂူဟူ၍ ဖြစ်လာနိုင်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏စပ်ကြားရှိ နိုင်အာဂရာရေတံခွန်၏ အောက်ခြေ၌ရှိသော ဝင်း(စ်)ဂူသည် ကမ္ဘာတွင်အထင်ရှားဆုံးသော ရေတံခွန်ဂူ ဖြစ်သည်။



ရေခဲဂူများသည် လှပဆန်းကြယ်ပြီး စိတ်ကူးယဉ်ဆုံလှသည်။ ယင်းတို့ကို ဥရောပတိုက်ရှိ တောင်များတွင် တွေ့ရသည်။ ရှေးနှစ်ပေါင်းများစွာက တောင်များ အတွင်းသို့ တိုးဝင်သော မြေအောက်မြစ်တို့သည် အေးခဲလာရာမှ နောင်အခါတွင် ရေခဲဂူဖြစ်လာသည်။ ရေခဲဂူများ၏ အမိုးမျက်နှာကြက်မှ ရေခဲအရည်ပျော်ပြီး တစက်တစက် ကျခြင်းကြောင့်၎င်း၊ ထိုရေတို့ ပြန်လည်အေးခဲခြင်းကြောင့်၎င်း ရေခဲ ကျောက်စိုင် ကျောက်တိုင်များ ဖြစ်နေတတ်သည်။ မျက်နှာကြက်မှတွဲ၍ ကျနေသော ရေခဲပြင် အချပ်အလွှာတို့မှာလည်း ကြီးမားသော မှန်ချပ်ကြီးတမျှရှိပြီး ရေခဲတိုင်ကြီးများတွင် ဖြစ်ပေါ်နေသော လေပူဖောင်း အကွက်တို့မှာလည်း အဖိုးတန်ကျောက်မျက်ရတနာကဲ့သို့ပြောင်လက်နေသည်ကို တွေ့ရှိရတတ်သည်။



ဘယ်သူ
ညာဏ်ပိုရှိသလဲ
တခါက အလွန် ပြင်းထန်သော ဆောင်းတွင်းတွင် အလွန် ဆာလောင်နေကြသော မြေခွေး နှစ်ကောင်တို့ ဆုံမိကြစဉ်–
ဒိုး၊ ကိုမြီးတို့ ဒီနေ့ ဟန်ကျရဲ့လား
မကျပါဘူး ချာတိတ်ရာ ခုထိ စားစရာမရသေးဘူး ကွ
ဒီမှာ ခုနေ ယုန်သား ရယင် မစားချင်ဘူးလားဗျ
ဘယ့်နှယ်ပြော ပါလိမ့် ဘယ်မှာလဲ
ဟာ လောလောချည်လား ယုန်သားရှိတဲ့နေရာကို ကျွန်တော်လိုက်ပြပါ့မယ် ဒါ၊ ရယင်ဘာ တဝက် ပေးရမယ်
အာ ပေးမှာပေါ့ ကွ
ငါကျောင်းနေတုန်းက၊ ဆရာက အမြဲပြောတယ်၊ တခြားသူတွေ အပေါ်မှာ အမြဲ သက်ညှာရမယ် တဲ့၊ ဟဲ ဟဲ
ဟုတ်လား
ကျွန်တော်ကတော့ ခင်ဗျားလို ကျောင်းတွေ ဘာတွေ မနေခဲ့ရပါဘူး၊ ဒါပေမဲ့ မျက်စိနဲ့ နားကိုတော့ အမြဲဖွင့်ထားတယ်၊ ကြားဆရာ မြင်ဆရာပေါ့ဗျာ
ကဲ ကွာ ယုန်သားက ဘယ်မှာလဲ


မကြာသေးမီက လယ်သမားကြီး တယောက်တောင်ပေါ်က ပြန်လာတော့ ယုန်တကောင် ယူလာတာ တွေ့တယ်၊ ခင်ဗျားလိုသာ ပညာတတ်ယင် လယ်သမားကြီးကို ယဉ်ကျေးစွာပြောပြီး နဲနဲ တောင်းစားပါရဲ့
ခုတော့ ပညာ မတတ်တော့ မိတ်ဆွေဖွဲ့ချင်တဲ့ အခါ၊ စကားထစ်ထစ် ငေါ့ငေါ့ဖြစ်နေတာဘဲ
အို၊ ဒါတွေ ငါတတ်ပြီးသားပါ၊ ဘာလဲ ~ လယ်သမားကြီးကို မိတ်ဆွေဖွဲ့ပြီးတောင်းစားရမှာလား
မိတ်ဖွဲ့ဖို့ မလိုတော့ပါဘူး ယုန်သားကို မြင်းဇောင်းထဲမှာ ချိတ်ထားတယ်၊ တံခါးကိုလဲ ဂလန့်ချပစ်ခဲ့တယ်၊ ကျွန်တော်နဲ့ မမှီဘူး၊ ခင်ဗျားလိုသာဆိုယင် အလွယ်လေးနဲ့ ဖွင့်ပြီး ယုန်တကောင်လုံး ယူလာခဲ့ရဲ့ဘဲ
ကဲ၊ မင်းက လမ်းပြပြီး ဘာလုပ်ရမယ် ဆိုတာကို ပြောပေတော့
မြေခွေးငယ်သည် မြေခွေးကြီးအား မြင်းဇောင်းသို့ ခေါ်သွား၏။
ဟောဟိုမှာ ဂလန့်ကိုဖြုတ်ပေတော့
မြေခွေးကြီးသည် ဂလန့်ကိုဖြုတ်လိုက်၏။
ဟာ ပွင့်သွားပြီ
ဂျောက်
သူတို့သည် မြင်းဇောင်းထဲသို့ ဝင်လာကြသည်။
ဟောဟိုမှာ ယုန် ကျွန်တော်နဲ့ မမှီဘူး
ရပါတယ် ချာတိတ်ရဲ့


မြေခွေးကြီးသည် ခုန်၍ ယုန်ကို ဆွဲချလိုက်ပြီး စဉ်းစား လိုက်သည်။
ဒီ ယုန်သားကို ငါ အကုန် စားရအောင် ဒီကောင့်ကို လှိမ့်မှဘဲ
ကျွန်တော် တစက်ဆိုင် တယ်နော်
ဟား ဟား မင်းက ပညာမှ မတတ်ဘဲ၊ ငါ ဥပဒေ သင်ဘူးတယ်၊ ဥပဒေ မှာ ယုန်ကိုရအောင်ယူ နိုင်သူသာ ဆိုင် တယ်တဲ့
ဟုတ်လား
မြင်းစောင်းထဲမှ မြင်းဂဏာမငြိမ် ဖြစ်နေပြီးနောက် ခြေ ထောက် မြှင့်ထားသည်ကို မြင်သောအခါ မြေခွေးငယ်၌ အကြံတခု ဖြစ်ပေါ်လာ၏။
ချ၊ မင်းက ဂလန်နဲ့ကိုလဲ မရှိဘူး၊ ယုန်ကိုလဲမရှိဘူး ဒီတော့ မင်းနဲ့ လုံးလုံး မဆိုင် ဘူး၊ ဒါပေမဲ့ စားကြွင်းစားကျန် လေးတော့ ပေးပို့မယ် ဟဲဟဲ
ဒီကောင်ကြီး ငါ့ကိုလှိမ့်နေ ပြီ
ခနေ၊ ကျွန်တော်သာ ခင်ဗျားလို ပညာတတ်တဦး ဆိုယင်၊ မြင်းခွာဟာ ဘယ်သူ လဲပတဲ့မြင်းခွာလို့ ပြောနိုင်မှာဘဲ
ငါပြော ပို့မယ်
မြေခွေးကြီးသည် မြင်းခွာမှစာကို ဖတ်ရန် မြင်းအနီးသို့ ကပ်သွားသည်နှင့်-
အား
ပညာတတ်တာတော့ကောင်းပါရဲ့ ဒါပေမဲ့ စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်ရှိယင် ပိုကောင်းတာပေါ့
မြေခွေးငယ်သည် ယုန်သေကို အပိုင်စီး၍ ထွက်ခဲ့လေသတည်း။
ပြီး

## ကမ္ဘာ့အမြင့်ဆုံးတိုက်အိမ်

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ အင်ပိုင်ယာစတိတ် အဆောက်အအုံသည် ကမ္ဘာ့ အမြင့်ဆုံး အဆောက်အအုံဖြစ်သည်။ ယင်းအဆောက်အအုံကြီးသည် ၂၂၂ ပေရှိ ရုပ်မြင်သံကြား ဓာတ်လှိုင်းပို့ မျှော်စင်အပါအဝင် ပေပေါင်း ၁,၄၇၂ ပေ မြင့်သည်။ မြေပေါ်၌ အထပ်ပေါင်း ၁၀၂ ထပ်၊ မြေအောက်၌ ၂ ထပ်နှင့် ဓာတ်လှေကား ၆၉ ခုရှိပြီး၊ လူပေါင်း ၂၅,၀၀၀ နေထိုင်နိုင်သည်။ ၈၆ ထပ်နှင့် ၁၀၂ ထပ်တို့တွင် အဝေးကြည့်မျှော်စင်များရှိသည်။ နေသာသည့် နေ့များတွင် ထိုမျှော်စင်များပေါ်မှ နေ၍ မိုင် ၅၀ အကွာအဝေးအထိ လှမ်းမြင်နိုင်သည်။



အင်ပိုင်ယာစတိတ် အဆောက်အအုံကို ၁၉၃၁ ခု မေလ ၁ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးသည်။ ''ရှရိခ်၊ လမ့်မ်နှင့် ဟာမွန်'' အမည်ရှိ ဆောက်လုပ်ရေးကုမ္ပဏီတခုက ပုံစံရေးဆွဲ ဆောက်လုပ်ပေးခဲ့သည်။ နယူးယောက်မြို့၏ အခြားအမည်တခုဖြစ်သည့် ''အင်ပိုင်ယာစတိတ်'' ဟူသောအမည်ကို အစွဲပြုပြီး ဤအဆောက် အအုံကို ''အင်ပိုင်ယာစတိတ် အဆောက်အအုံ''ဟု ခေါ်ဝေါ်ခဲ့ခြင်း ဖြစ်လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## စက်ဝိုင်းများဖြင့် ပုံဆွဲကစားပါ



ပိုက်ဆံပြားစေ့၊ ငါးမူးစေ့ သို့မဟုတ် ဝိုင်းစက်သော ပုလင်းအဖုံးများ၊ ဖော့ဆို့များဖြင့် ပုံစံပြထားသည့် အတိုင်း ပန်းပွင့်များ၊ ရုပ်ပုံများ ရေးဆွဲ ကစားနိုင်ပါသည်။ ပြားစေ့၊ ငါးမူးစေ့၊ ပုလင်းအဖုံးများအတိုင်း ဝိုင်းပတ်၍ ရေးဆွဲပြီး ကြိုက်ရာဆေးရောင်ခြယ်ပါ။



# ထိုင်ခုံတနေ့ရာ

စန္ဒာမြင့်

ကျမ ညက ဖျားပါသည်။ တညလုံး ကောင်းစွာ အိပ်၍ မရပါ။ ကျမတကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင် နေပြီး အိပ်မက်လိုလို မြင်မက် နေပါသည်။

ကျမခေါင်းပေါ်မှ နေလုံးကြီးသည် တမိုးလုံးပြည့်လု မတတ်ကြီးမားလှပြီး ကျမ ကိုယ်ပေါ်သို့ နေရောင်ခြည်များ ထိုးကျနေပါသည်။ အပူရှိန်ကြောင့် ကျမ လူးလှိမ့်နေရပါသည်။ သို့သော် ကျမနှင့်အတူ ထိုင်နေသော မတိုးအပေါ်တွင် ထိုနေလုံးကြီးမှ လရောင်လို အေးမြသော အလင်းရောင်များ ကျနေသဖြင့် မတိုးမှာ ပြုံးပြုံးရွှင်ရွှင်ဖြင့် ထိုင်နေပါသည်။

"မတရားဘူး၊မတရားဘူး၊"

နေလုံးကြီးကို ကြည့်ရင်း ကျမက ဒေါသတကြီး အော်လိုက်ပါသည်။ ထိုအခါ နေလုံးကြီးသည် လူကြီးတယောက်၏ မျက်နှာ အဖြစ်သို့ ရုတ်ခြည်း ပြောင်းလဲ သွားပါသည်။

"တရားပါတယ်၊ မင်းအပြစ်နဲ့မင်းခံရတာပါ"

ထိုမျက်နှာကြီးက ကျမကို ပြုံးပြုံးကြီးကြည့်ပြီး ပြောနေပါသည်။ ထိုမျက်နှာကြီးကို ကျမ မှတ်မိပါသည်။ နေ့လယ်က သီတာ သင်္ဘောပေါ်တွင် မြင်ခဲ့ရသော လူကြီး၏မျက်နှာ ဖြစ်ပါသည်။ သူ့မျက်နှာကြီးကိုကြည့်ရင်း ကျမ ကြောက်လာပြီး လန့်နိုးသွားပါသည်။

"မနေ့က မတိုးက ကိစ္စတခုရှိ၍ခေါ်သဖြင့် သူနှင့်အတူ ကျမ သံလျင် ဘက်သို့ လိုက်သွားပါသည်။ ကျမတို့ နှစ်ယောက် မနက် ခုနစ်နာရီခွဲ သင်္ဘောဖြင့် သံလျင်သို့ကူးသွားပြီး နေ့လယ်တနာရီသင်္ဘောဖြင့် ပြန်လာခဲ့ကြပါသည်။

သီတာသင်္ဘောတွင် အထပ်သုံးထပ်ရှိရာ အပေါ်ဆုံး ထပ်မှာ စီး၍ အလွန် ကောင်းပါသည်။ လေကောင်းလေသန့်ရ၍ ရှုခင်းရှုကွက်များ အင်မတန် လှပါသည်။ ထို့ကြောင့် အပြန်တွင် ကျမတို့အပေါ်ဆုံးထပ်မှာနေရာရအောင် အပြေးဆင်းပြီး နှစ်ယောက် ထိုင်ခုံနှစ်လုံးကို နေရာဦးထားလိုက်ပါသည်။

"စိုးစိုးရေ–ဒို့နှစ်ယောက်ထဲနဲ့ အခုလို လေးယောက်စာ ဦးထားလို့ ကောင်းပါ့ မလား"

ကျမက နောက်လူ မလာနိုင်အောင် ခုံများ ပေါ်တွင် ကျမတို့နှင့် ပါလာသောဆွဲခြင်းများ၊ လမ်းတွင်ဖတ်ရန်ယူလာသော ကာတွန်းစာအုပ်များကို ဖြန့်ခင်းနေစဉ် မတိုးက လှမ်းပြောပါသည်။

"အို-ဘာဖြစ်လဲကွ။ သူများတွေလဲ ဒီလိုဘဲဦးထားတာဘဲ။"

ကျမ အပြုအမူကို မတိုးကြိုက်ပုံမရပါ။ သို့သော် ဘာမှ ထပ်မပြောပဲ သူ့ဟာသူ ထိုင်နေပါသည်။

သင်္ဘောပေါ်တွင် ခရီးသည်များ တဖြည်းဖြည်း ပြည့်ကျပ်

လာပါသည်။ အောက်ဆုံးထပ်ရော၊ အလယ်ထပ်ရော၊ ကျမတို့အပေါ်ဆုံး ထပ်တွင်ပါ ပြည့်ကျပ်လာပါသည်။ မတ်တတ်ရပ်နေရသော ခရီးသည် များမှာ မနည်းလှပါ။

"ခလေး – ဒီနေရာ အားသလား"

ကျမဘေးတွင် နေရာ မရသဖြင့် မတ်တတ် ရပ်နေသော လူကြီးတယောက်က ကျမဘေးတွင် ဆွဲခြင်းချထားသောနေရာကို လက်ညှိုး ထိုးပြပြီး မေးလာပါသည်။

"မအားဘူး၊ လူရှိတယ်၊ လာမှာ"

ကျမက ခပ်ပြတ်ပြတ် ဖြေရင်း တဖက်သို့ လှည့်နေလိုက်ပါသည်။ ထိုအခါ လူကြီးသည် ကျမခုံရှေ့တွင် ထိုင်နေသော မတိုးဆီသို့သွား၍ မေးပြန်သည်။ အားနာတတ်သောမတိုးက သူ့ဘေးတွင် ချထားသော ပစ္စည်းများကို ရွှေ့၍ ထိုလူကြီးအား နေရာပေးလိုက်ပါသည်။ မတိုးကိုကြည့်၍ ကျမ မကျေမနပ်ဖြစ်မိပါသည်။

မကြာမီ ကျမတို့ သင်္ဘောထွက်ပါတော့သည်။ သင်္ဘောမှာလေကို စုန်မောင်းလာသဖြင့် စောစောက တိုက်နေ သော လေမှာ အားလျော့ သွားပါသည်။ နေရှိန်ကြောင့် ပူစပ်ပူလောင်ကြီး ဖြစ်လာပါသည်။ ကျမတို့ ခြေချထား သော အောက်ခံ ကြမ်းခင်း သံပြားများသာမက ထိုင်နေသောသစ်သားခုံတန်းများပါ ကျက်ကျက်ပူလာပါသည်။ ပါလာသောစာအုပ်များဖြင့် ခေါင်းကို အုပ်ထားသော်လည်း အပူရှိန်ကို မကာကွယ် နိုင်ပါ။ တကိုယ်လုံး စပ်ဖျဉ်းဖျဉ်းကြီး ဖြစ်လာ ပါသည်။ ယခု အချိန် တွင်မှ အောက်ထပ်သို့ ဆင်းရန် ကလည်း လူတွေပြည့်ကျပ် နေသဖြင့် နေရာရှိတော့မည် မဟုတ်ပါ။ မတိုးကို လှမ်းကြည့်လိုက်သောအခါ သူ့နေရာ ပေးထားသော ဘေးမှလူကြီးက သူ့တွင်ပါလာသောထီးကို ဖွင့်ဆောင်းရင်း မတိုးကိုပါ မိုးပေးထားသဖြင့် အရိပ်ရကာ အေးချမ်းနေပါသည်။

ထို့ကြောင့်ညက ကျမဖျားသွားပြီး နေ့ခင်းက အဖြစ် အပျက်များကို အိပ်မက် လိုလိုမြင်မက်ကာ ဂယောင်ချောက်ချား ဖြစ်နေပါသည်။

ကျမ သိပါပြီ။ အမှန်ကတော့ လည်သည်၊ တော်သည်ဟု ထင်ခဲ့သော ကျမ၏ အပြုအမူများမှာ သူတပါး အပေါ်မတရား ပြုမူခဲ့ခြင်းသာ ဖြစ်၍ နသည် အသည်ဟု ထင်ခဲ့မိသော မတိုး၏ အပြုအမူ များမှာ ကိုယ်ချင်း စာတတ် သော စေတနာ ဖြစ်ပါသည်။ ထို့ကြောင့် မတိုးမှာ သူ့စေတနာ အကျိုးအတွက် သူခံစားရခြင်းသာဖြစ်ပါသည်။

× × ×

# သမီးလုပ်အားပေး

ကျောင်းဆင်းချိန်မှာ၊ အမေ့နားက
လုပ်အားပေးတဲ့ သမီးငယ်။

မီးထိုးရေယူ၊ ကြက်သွန်လှီးနဲ့၊
ဟင်းသီးဟင်းရွက် သင်လို့ရယ်။

တမယ်နှစ်မယ်၊ အမေချက်တော့၊
လက်တွေ့သင်တန်း နည်းယူဖွယ်၊

ငယ်ငယ်ရွယ်ရွယ်၊ ချိန်ယခုက၊
အိမ်မှုအိုးမှု သိနားလည်။

အနာဂတ်ကြွယ်၊ ရွာရပ်အလယ်၊

မင်း (မန်းတက္ကသိုလ်)



R. 517

# သာလိကာ စိုးလွင်မြင့်



သာလိကာကို လူစကားပြောတတ်သည့်ငှက်ဟု သိကြသည်။ အချို့လူများသည် သာလိကာကို လှောင်ချိုင့်တွင်ထည့်၍ မွေးကြသည်။ အလျား ၁၀ လက်မခန့်ရှိပြီး တောင်ပံ၌ အဖြူမှတ်ကလေး၍ တကိုယ်လုံး မည်းနက်နေသည်။ သစ်တောများတွင်နေကြ၍ ပင်မြင့်တွင် ကျက်စားသော ငှက်မျိုးဖြစ်သည်။ သာလိကာတို့၏ ထူးခြားချက်မှာ အခြားငှက်များ၏အသံကို အတုခိုး၍ အော်တတ်ပြီး လူတို့သင်ပေးသော စကားကို ပြောနိုင်ခြင်းပင် ဖြစ်သည်။



သားပေါက်ချိန်မှာ မတ်လမှ မေလအတွင်းဖြစ်သည်။ အသိုက်ဟူ၍ မလုပ်ဲ သစ်ပင်ရှိ သစ်ခေါင်းတွင် မြက်၊ သစ်ရွက်များကို ခင်း၍ အုလေ့ရှိ၏။ တမြုံလျှင် နှစ်ဥ သုံးဥရှိတတ်သည်။ တဥလျှင် ပျမ်းမျှအလျား ၁.၂၄ လက်မနှင့် ပြက် ၀.၉၁ လက်မရှိသည်။

သာလိကာသည် အအုပ်အသင်းဖွဲ့၍ နေလေ့မရှိသော်လည်း မကြာခဏ စုရုံးကာ ဆူညံစွာ အော်ဟစ် စားသောက်နေကြသည်ကို တွေ့မြင်ရသည်။ အများအားဖြင့် သစ်သီးကိုသာ စားသော်လည်း နှံကောင်များကိုလည်း စားလေသည်။ ကခုန်မြူးတူးတတ်သော ငှက်ဖြစ်သည်။

သာလိကာများကို အရှေ့တိုင်းနိုင်ငံတိုင်း၌ လိုလိုပင် တွေ့မြင်ရသည်။

စိုးလွင်မြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

# ငွေမျက်နှာ

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-အေးကျော်(အညာမြေ)


၁၃၃၄ ခု၊ ပထမဝါဆိုလဆန်း ၁၄ ရက်(၂၄-၆-၇၂)





ကျွန်တော်မျိုး၏ အသပြာ
ငါးရာထုပ်ကို ယူတော်မူ
ပါ။ ကြိမ်ဒဏ်ကိုတော့
တတ်နိုင်သလောက်
လျှော့ပေးစေလို
ပါတယ်။ အားကိုး
ပါရစေ။
စီရင်ချက် ချမှတ်ပြီးသောအခါ ဘုရင်ကြီးက မြို့စားကြီးအနားသို့ကပ်၍
...အိမ်း... အဟမ်း-အဟမ်း....
...သို့သော် တရားခံသည် တရပ်တကျေး
ကလေး ဖနိပ်မှ ပေါက်ဖွားဖြစ်၍
ဖို့စည်းကမ်းကို မသိ
နားမလည်ခြင်းသာဖြစ်တန်
ရာသည်။ သို့ဖြစ်၍ မလိမ်
မာ-တကြိမ်တခါ ရိုက်မဲ့
မိတာဖို-ညာတာသော
အားဖြင့် ကြိမ်ဒဏ်
သုံးချက်သာ ရိုက်ခတ်
ရန် ပြင်ဆင်အမိန့်ချသည်
မြို့စားကြီးသည် ငွေအသပြာ ငါးရာကိုယူ၍ စီရင်ချက်ကို ပြင်ဆင်လိုက်၏။
ဒီမှာ-ဆရာလေး--- အဟဲ--
ကျုပ်က-နာတတ်လို့ပါ။
ကြိမ်ဒဏ်ရိုက်တဲ့ အခါ-ဟန်
လောက်သာ ရိုက်ပါ။ ကျုပ်ကလဲ
နာချင်ယောင်ဆောင်ပြီး
တအားအော်မှာပေါ့။
ကျုပ်မှာပါလာတဲ့
အသပြာငွေ
နှစ်ရာကိုယူပါ
နော်-နော်
ဟင်
တဖန် ဘုရင်ကြီးသည် ကြိမ်ဒဏ်ရိုက်မည့်သူ အနားကပ်၍ တီးတိုးပြောပြန်၏။
ဟာ-ဘယ်ဖြစ်ပါ့မလဲ-
သင့်ရိုက်ထိုက်ကြောင်း ရိုက်
ရမှာ။ သင်သည်ဖြစ်မှုတခု
သာမက-ယခု လပ်ငွေ
ထိုးသော အပြစ်မှုကျူး
သလော။ ကျုပ်တို့
ဘုရင့်ဝန်ထမ်းဆို
တာ-တရားဥပဒေ
ဘက်က ရပ်တည်
ရတယ်။ လပ်ငွေနှင့်
သွေးဆောင်ခြင်း
မပြုပါနှင့်---
ဟုတ်-ဟုတ်ကဲ့-ကျွန်တော်မှားပါပြီ...
ဒါပေမယ့်-တညတာ အကျဉ်းချ
ခံရအုံးမှာမို့-ငွေထုပ်လေးတော့
အပ်ထားပါရစေ--
ဒါကတော့ ရပါတယ်
ဖြောင်း
အီး
ကျွတ် ကျွတ်
ညနေဘက်တွင် ကြိမ်ဒဏ်ရိုက်လေတော့၏။



အင်း - တည့်တော့ - ကျိတ် မှိတ် - ခံရဖျာဘဲ ရွှေနန်းတော် ပြန်ရောက်မှ အပျိုတော်တွေကို ဖြစ်ဖို့နိုင်းရမှာပေါ့လေ...
ထိုညတွင် ထိတ်တုံးခတ်၍အကျဉ်းချထား၏။
ကိုင်း - ထိတ်တုံးဖြုတ်လိုက်ပြီ ..... သွားလိုရာ သွားနိုင်ပြီ။ နောက်ထပ် မနိုက်နဲ့တော့ ... ကြားလား
ဟုတ်ကဲ့
နောက်တနေ့နံနက်တွင် ကြံမဒကော်ရိုက်သူက ဘုရင်ကြီးထံ လာ၍ ထိတ်တုံး ဖြုတ်ပေးပြီးလျှင် -
ရော့ - သင် အပ်ထားတဲ့ အထုပ်၊ ငွေ စေ့ - မစေ့ - ရေတွက်ကြည့်ဦး
ငွေ ရေတွက်ကြည့်ပြီးသော်
စေ့ပါတယ် ... ကျေးဇူးတင်ပါတယ် သွားဦးမယ်နော်
ကောင်းပြီ
xxxx မင်းညီ - မင်းသား - မှူးမတ် - မိုလ်ပါ အပေါင်းတို့ ..... ငါကိုယ်တော်ဗိုင် တိုင်းပြည်ရေးရာကို သိလိုသဖြင့် လွန်ခဲ့သော - ၃ - ၄ - ရက်ကရုပ်ဖျက်၍ စုံစမ်းရေးပြုလုပ်ရာ - ယူ့ရှေတော်ဝယ် - ခ စားနေတဲ့ သာယာအေး ဖြစ်စွားနှင့် ကြံမဒကော်ရိုက် အမှုထမ်းတို့ကို တွေ့တော်မူလာခဲ့တယ်၊ အဖြစ်က - ဒီလို၊ မြို့လယ်လမ်းမပေါ်မှာ လူဟာယောက်ကို ရန်ရှာပြီး ဆွဲထိုးရာမှ အဖမ်းခံရပြီး xxxxxxxxxxxxxxxx
ရွှေနန်းတော်သို့ ပြန်ရောက်ပြီး နောက်တနေ့တွင် ထိုသူနှစ်ဦးကို ဆင့်ခေါ်၍ မှူးမတ်မိုလ်ပုံ အလယ်၌ မိမိသာယာအေးမြို့သို့ စုံစမ်းရေးထွက်ရာမှ တွေ့သမျှအကြောင်းကို ....


××××× သက်သေ အဖြစ်နဲ့ - ငါ့ကိုယ်တော်မြတ်ရဲ့ ကျောမြင်ကို ရှု ကြ လော့.
---
ဟယ်
ဟာ
အလို
ဟင်
ဟိုက်
ကျွတ် ကျွတ်
သာယာအေး မြို့စားကြီး တုန်လှုပ်ချောက်ချားလျက် ရှိနေခိုက် ဘုရင်ကြီးက အမိန့်တော်
ငွေချေးလိုက်တဲ့ ကျွဲ သာယာအေးမြို့စားသည် အါဏါကို အလွဲသုံးစားမှုလုပ်ပြီး - ဥပဒေ ကို ဖောက်ဖျက်သည် အတွက် - ကျွဲရှေ့ပြည်တော်မှ - နှင်းအားမလိုလားချေ.....
ထို့ကြောင့် - ကျောတရာ - ရင်တရာ - ကြိမ်ဒဏ် ခတ်၍ မြို့ငရပ် ကို နှင်စေ..........
တချက်လွှတ် - အမိန့် တော်....
ချမှတ်လေတော့သည်။
အသင်သည်ပြ - ဥပဒေ ကို ထိန်းသိမ်းရုံမျှ မက - သစ္စာ - သမာဓိ နှင့်လည်းပြည့်စုံ ပါပေသည်။
ထို့ ကြောင့် အသပြာ ထောင်ထုပ် ဖြင့် - တောင် စမှတ်မှ - ချီးမြှင့် တော်မူမည်
ကြိမ်ဒဏ်ရိုက်သူကိုမူ....
ထိုစီရင်ချက်ကို နှစ်သက်ကြသောကြောင့် နန်းတွင်း ပရိသတ်တို့က ကောင်းချီးပေး ကြလေသတည်း။


ရေး
မျိုးမြင့်မြတ်
ကာတွန်း
နွေရာသီကျောင်းပိတ်ချိန်တွင် မျိုးမင်းသည် မေမေနှင့်အတူ ဆွေမျိုးများ ရှိရာ အင်းတရာ ရွာလေးသို့ အလည်လိုက်ခဲ့သည်။
သင်္ဘောနဲ့ ခရီးသွားရတာ ပျော်စရာကောင်းလိုက်တာ
နောက်နေ့နံနက် ၈ နာရီတွင် အဖျောက်ဆိပ်ကမ်းသို့ ရောက်သည်။
ဟဲ့-နှင်း ဗိုက်ရွဲ့သား တင်ဦး မှတ်လား!
တင်ဦးက မျိုးမင်းတို့ အထုပ်အပိုးများကို လှည်းပေါ်သို့ တင်ပေးသည်။
တင်ဦးသည် လှည်းကို ကျင်လည်စွာပင် မောင်းလာသည်။
သို့ဖြင့် အင်းတရာရွာသို့ ရောက်လာလေသည်။




သူတို့သည် ဘကြီး ဦးဘိုးအေးတို့အိမ်တွင် တည်း၏။
ညနေတွင် တင်ဦးရောက်လာက....
ဒေါ်လေးရေ - မျိုးမင်းရော -
ရှိတယ်ကွဲ့၊ သားသားရေ တင်ဦးနဲ့ နွားကျောင်း လိုက်သွားပါလား၊
တင်ဦးသည် နွားကျောင်းရင်း မျိုးမင်းနှင့် ပါလာသော ကာတွန်းစာအုပ်များကို ဖတ်နေသည်။
မင်း ကျောင်းနေလား -
နေတာပေါ့ကွ
ဘယ်နှစ်တန်း လဲကွ..ဟင်..
မင်း ကျောင်းတက်တော့ နွားမကျောင်း ရဘူးလား -
နွားကျောင်းတာ ပိုက်ဆံရလား -


ညဘက်တွင် လသာသာ၌ တူတူပုန်းတမ်း ကစားကြသည်။ မျိုးမင်းသည် ကောက်ရိုးပုံများအကြား ကစားရသည်ကို အလွန်ပျော်လေသည်။
မနက်တွင် တင်ဦးက သူမွေးထားသော ကြက်ကလေးများကို ခေါ်ပြသည်။
နံနက်စာကို တင်ဦးတို့အိမ်မှ ဖိတ်ကျွေးသည်
မျိုးမင်းသည် တင်ဦးကို အားကျသွား၏။
ရန်ကုန်အပြန် သင်္ဘောတွင်……

# ရေခဲမြစ်

စိုးလွင်မြင့်
ကဆွဲ



နှစ်ထောင်ပေါင်းများစွာက ရေခဲမြစ်တို့သည် ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ အစပြု၍ တောင်ဖက်သို့ ပြန့်နှံ့စီးဆင်းခဲ့ရာ ကမ္ဘာ့မျက်နှာပြင်၏ လေးပုံတပုံ ကျော်ကျော်သည် ရေခဲများ ဖုံးလွှမ်းခဲ့လေသည်။

ယခုအခါ၌ ကမ္ဘာ့မြေမျက်နှာပြင်၏ စတုရန်းမိုင် ခြောက်သန်းမျှသော ဧရိယာသည် ဆီးနှင်းနှင့် ရေခဲများ ဖုံးလွှမ်းနေသည်။ မြောက်ဝင်ရိုးစွန်း တဝိုက်တွင် ပင်လယ်သမုဒ္ဒရာ၌ ရေခဲပြင်များသည် ဖောင်ကြီးများကဲ့သို့ မျောနေကြသည်။

ရေခဲထု ရေခဲလွှာတို့သည် တည်ငြိမ်စွာဖြင့် ရပ်တည်၍မနေပေ။ ဖြည်းဖြည်းနှင့် မှန်မှန် ရွေ့ရှားနေသည်။ တောင်ဆင်ခြေလျှောတွင် ကြီးမားသော လျှာပုံသဏ္ဍာန် မြစ်ကြီးများအဖြစ် စီးဆင်းကြသည်။ ယင်းတို့ကို ရေခဲမြစ်များဟု ခေါ်သည်။ ရေခဲမြစ်တို့ကို ဆီးနှင်းနှင့် ရေခဲအစဉ် ဖုံးလွှမ်းနေသော မြင့်မားသည့် တောင်တန်းဒေသများတွင် တွေ့ရှိနိုင်သည်။ ယင်းတို့ စီးဆင်းရာ၌ ပတ်ဝန်းကျင် မြေပြင်ကို တိုက်စားပြောင်းလဲပစ်သည်။ စီးဆင်းရာမှ တောင်ခြေသို့ရောက်သော် ရေခဲတို့ အရည်ပျော်စ ပြုလာသည်။ ထိုအခါ လမ်းတလျှောက် တိုက်စား သယ်ဆောင်ခဲ့သော ကျောက်တုံးကျောက်ခဲများလည်း ရေနှင့်အတူ အောက်သို့ လိမ့်ဆင်းသွားသည်။

တခါတရံ မတ်စောက်သော ဆင်ခြေလျှောတွင် ရေခဲထုတို့သည် ကွဲပျက် ကျိုးပဲ့ပြီး ကျယ်လောင်သော အသံကြီးများနှင့်အတူ စီးဆင်းသည်။ ထိုအခါမျိုး၌ တောင်စောင်းရှိ သစ်ပင်များ၊ ကျောက်ဆောင်များ ကျိုးပျက်ကာ လမ်းနှင့် အဆောက်အအုံတို့လည်း ရေခဲမြစ်၏ ဖုံးလွှမ်း ဖျက်ဆီးခြင်းကို ခံရတတ်သည်။






ရေခဲမြစ် များစွာတို့သည် ပေ ရာပေါင်းများစွာမှ ထောင်ပေါင်းများစွာအထိ ထုသည်။ အစိမ်း သို့မဟုတ် အပြာရောင်ရှိတတ်ပြီး စီးဆင်းရာ၌ ချိုင့်ဝှမ်းတခုလုံး ပြည့်နေတတ်သည်။ တနေ့လျှင် လက်မ အနည်းငယ်သာ ရွေ့ရှား စီးဆင်းသည်။ ပြင်သစ်နိုင်ငံရှိ မောင့်ဗလန့် ရေခဲမြစ်သည် တနှစ်လျှင် ၂၂၅ ပေသာ စီးသည်။

တောင်ဝင်ရိုးစွန်း ပတ်လည်ရှိ အန္တာတိကတိုက်တွင် စတုရန်းမိုင်ငါးသန်းမျှ ကျယ်သော ရေခဲပြင်တို့ ဖုံးလွှမ်းနေသည်။ ထိုတိုက်ရှိ ရေခဲပြင်သည် ပေ ၁၀,၀၀၀ အထိ ထုသည်။ မြောက်ဝင်ရိုးစွန်းအနီး ဂရင်းလန်းကျွန်းရှိ ရေခဲပြင်သည် ပေ၁၄,၀၀၀ ကျော် အထိ ထုသည်။

အာဖရိကတိုက်ရှိ ကင်ညာသည် အစဉ်အမြဲ ရေခဲဖုံးလွှမ်းနေသော တောင်တန်းဖြစ်သည်။ တဆောင်းမှ တဆောင်းသို့ ကူးပြောင်းသည့်တိုင် ရေခဲတို့သည် အရည်မပျော်ပေ။ သို့ဖြင့် ရေခဲပြင်တို့ထပ်ဆင့်၍ ဖြစ်လာရာ ထုပေ ၁၅၀ မှ ၂၀၀ အထိ ထူလာပြီး တောင်ခြေသို့ တရွေ့ရွေ့ လျှောဆင်းသွားသည်။

ရေခဲမြစ်၏ အောက်ခံဆင်ခြေလျှော ပြောင်းလဲရာတွင် ရေခဲမြစ်တို့သည် နက်စွာကွဲအက်၍ ပြတ်လွဲသွားတတ်သည်။ သို့မဟုတ် ရေခဲများ ကျိုးပွဲပြီး စုပုံနေတတ်သည်။ တောင်တက်သူများအဖို့ ထိုကွဲအက် ကျိုးပြတ်နေသော ချောက်များသည် ဘေးအန္တရာယ် ဖြစ်စေနိုင်သည်။

ရေခဲမြစ်တို့၏ အဆုံးဖြစ်သော ပင်လယ်ဝ၌ ရေခဲမြစ်၏ ကျိုးပွဲသော ရေခဲတောင်ကြီးတို့သည်ပေါလော မျောနေတတ်သည်။ ဆီးနှင်းနှင့် မြူများ ဆိုင်းနေချိန်တွင် ထိုရေခဲတောင်ကြီးတို့ကိုမမြင်နိုင်သဖြင့် ရေကြောင်းသွား သင်္ဘောများ အထူး ဂရုပြုကြရလေသည်။




ပညာအမွေ
ပန်းပုဆရာကြီးဖိုးသာဝဏ္ဏအောင်
လူ့အားခိုတဲ့မြေးကလေးရှိတယ်။
မြေးရေ့-ဘကိုလှော်ဖြတ်ပေးစမ်း
ကွယ်-မောလွန်းလို့
မလုပ်ချင်ဘူး
ဘ-ရယ်
လူကြီးတွေဟာခက်ကိုခက်ပါတယ်
ခလေးဆိုခိုင်းဘို့ဘဲတတ်တယ်
ငါမသေခင်-မြေးကလေးကိုပညာ
အမွေပေးခဲ့ချင်တယ်-ခလေးကလဲ
စိတ်မပါဆိုတော့အခက်သား
ကလား
ဘ ရေ-ခုနွေဦးပေါက်ယင်ဂျာရစ်
တို့သင်္ကန်းစည်းတော့မယ်တဲ့ဗျ-
ကျနော်လဲစည်းချင်လိုက်တာ-
ဟေ
အေးကွဲ-စည်းရမှာပေါ့-ငါ့မြေး
ကို-ဘ-သင်္ကန်းစည်းပေးပါ့မယ်
ဟာ-ဝမ်းသာ
လိုက်တာ


ဘတော့် ငါ့အတွက်ကြိုးစားနေတာဘဲ ဒါပေမဲ့ ငါ့အကူအညီလိုမယ်မထင်ပါဘူးလေ.
ဒီလိုနဲ့ လျာရစ်တို့ရှင်းမှုဖို့ရက်ဟာနီး သည်ထက်နီးကပ်လာတယ်။
ဘကလဲခုထိ ငွေမရှာသေး ဘူး
အရုပ်တွေတော့ပြီးသွားပြီ-နက်ဖြန် ဘ-မြို့ကိုသွားမယ်-အိမ်မှာကောင်း ကောင်းနေခဲ့နော်
ထိုနေ့ညသန်းခေါင်အချိန်တွင်ဖိုး သာဝတို့အိမ်မှလူတယောက် အထုပ်တခုထမ်း၍ထွက်ပြေးသွား ၏။
ဟာ!
ဘရေ-အရုပ်ထုပ်ကြီးမရှိတော့ ဘူး-သူခိုးခိုးသွားပြီ.
အေးဟ
မငိုပါနဲ့ဖြေးရယ်-ဘတို့မြန်ကြိုး စားယင်ဖြစ်နိုင်ပါ သေးတယ်
ဟင့်


မြေးရေ . ဘကိုလှတိုက်ပေးစမ်း . ပြီးယင်ခေါက်တွေသွားတါးပေါ့
ဟုတ်ကဲ့ ဘ
ရှင်ပြုခံချင်လှန်းတဲ့မောင်လူအေးဟာသူ့ အဘအလုပ်မြန်မြန်ပြီးအောင်ဝင်ကူရတါပေါ့
အဘခိုင်းရုံမကျပ်ဘော့တဲ့မောင်လူ အေးကိုဖိုးသာဝပါတစတစပညာ သင်ပေးခဲ့တယ်။
အင်း . ငါကြိုးစား ပေးမှ - မြန်မြန် ပြီးမယ်
မြေးအဖိုးနှစ်ယောက်ကြိုးစားပြီးထု ကြလို့အရုပ်တွေပြီးတဲ့နေ့-
မြို့ဈေးကိုသွားမလို့ လိုက်အုံးမလါး . ဘ
ဟါ . အလေးကြီးပါလား - ဘကြီးတယ် အလုပ်လုပ် လိုက်တါကိုး
ငါ့မြေးကတိုင်းကူ တယ်လေ ကွ
အရုပ်အများကြီးကရတဲ့ငွေတွေနဲ့ ငါ့မြေးကိုရှင်ပြုရတော့မယ် ကဲ - ဘသွားပြီဟော့ . တါတါ .
ဟုတ်ကဲ့
ပြီး

## ရပ်ရှမိုးတောင်ထိပ်

အမေရိကန် ပြည်ထောင်စု တောင်ဒါကိုးတားပြည်နယ်ရှိ ရပ်ရှမိုး တောင်ထိပ်သည် ပင်လယ်ရေပြင်မှ အမြင့်ပေ ၈,၂၀၀ ရှိသည်။ ထိုတောင်၏အလွန်မာကျောသည့် ကျောက်သားမျက်နှာပြင်တွင် အမေရိကန်၏ သမတ လေးဦးဖြစ်သော ဂျော့ဝါရှင်တန်၊ သောမတ် ဂျက်ဖာဆန်၊ အေဗရာဟမ်လင်ကွန်းနှင့် သီအိုဒိုရုးစဗဲ့တို့၏ ဦးခေါင်းပုံတုကြီးများကို ထုလုပ်ထားသည်။ ပုံတခုစီသည် ထောင်လိုက် ၄၆၅ ပေ မြင့်သည်။


ကျောက်တောင်တွင် ထိုပုံတုကြီးများကို ကြီးကြပ် ထုလုပ်ခဲ့သူမှာ ဂပ်ဇန်ဗော့ဂလမ် ဆိုသူဖြစ်သည်။ ဗော့ဂလမ်သည် ၁၉၂၇ ခုနှစ်ကစ၍ ထိုပုံများကို စတင်ထုလုပ်ခဲ့ရာ ပြီးစီးလု အခြေအနေတွင် ကွယ်လွန်သွားသောကြောင့် သားဖြစ်သူ လင်ကွန်း ဗော့ဂလမ်က ဆက်လက်၍ အပြီးသတ် လုပ်ဆောင်ခဲ့လေသည်။



မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## သက်ဝင်လှုပ်ရှားသိုင်းသမား

အောက်ပါ ရုပ်ပုံကလေးများကို ကပ်လှဖြားတွင်ကပ်ဖြီး ညှပ်ယူ၍ ခေါက်ကြောင်းအတိုင်း ချိုးထားပါ။




ရာဘာ (မြှော့ကြိုး) ကွင်း၌အရုပ်များကို တဖက်တချက် စီ ညှပ်၍ ခေါက်ကြောင်းအတိုင်းချိုးဖြီး ကော်ကပ်လိုက်ပါ။ အရုပ်များ



ကို တဖက်စီကိုင်၍ လိမ်ဖြီး လက်မှလွှတ်၍ ကစားပါ။

# ပညာရွှေအိုး

ကျော်ဝင်းမောင်
(ရန်ကုန်တက္ကသိုလ်)



ကျွန်တော်၏ အမည်မှာ မောင်တိုး ဖြစ်ပါသည်။ ကျွန်တော်သည် ရပ်ကွက်ထဲရှိ မူလတန်းကျောင်းတွင် စတုတ္ထတန်း၌ပညာသင်ကြား နေပါသည်။ ကျွန်တော်၏ မိဘများသည်အလွန်ဆင်းရဲကြပါသည်။ ဖေဖေက ဆိုက်ကားနင်းပြီး မေမေက အမြဲနေမကောင်း ဖြစ်နေသဖြင့် ဘာမျှမလုပ်နိုင်ပါ။ ကျွန်တော်တို့သည် ဖေဖေ့မိတ်ဆွေတဦး၏ အိမ်ဘေးတွင် အဖီကလေး ထိုးပြီးနေကြရပါသည်။

ကျွန်တော်တို့ အတန်းထဲတွင် ကျွန်တော့်မှာ အဆင်းရဲဆုံးဖြစ်နေပါသည်။ ကျွန်တော်ကျောင်းသွားလျှင် မုံ့ဘိုးမရတတ်ပါ။ ကျွန်တော့်မှာ အဝတ်အစားကောင်းကောင်းလည်းမရှိပါ။ လုံချည်အစိမ်းလေး နှစ်ထည်နှင့် ရှပ်အင်္ကျီ နှစ်ထည်ကိုသာ အလဲအလှယ် လုပ်ပြီး ကျောင်းတက်နေရပါသည်။ ထိုလုံချည် အင်္ကျီ များမှာလည်း ဟောင်းနွမ်း၍ အရောင်ပင်ပျက်နေပါပြီ။ ထို့ကြောင့် အတန်းသားများက ကျွန်တော့်ကိုအမြဲနောက်ပြောင်ကြပါသည်။ ဤအတွက် ကျွန်တော် အလွန်ရှက်မိပါသည်။ သူတို့ကဲ့သို့ပင်အဝတ်လှလှကလေးများ ဝတ်ပြီး မုံ့ဘိုး ကောင်းကောင်းလည်း ရချင်ပါသည်။

ကျွန်တော် တနေ့ တခြားရှက်လာ ပါသည်။ ကျောင်းလည်းမ တက်ချင်တော့ပါ။ မနက်တိုင်း ကျောင်းသွား ခါနီးတွင် အိမ်ရှေ့မှာရပ်၍ စဉ်းစားနေမိ ပါသည်။ ကျောင်းသို့ရောက်လျှင် သူတို့ကျွန်တော့်ကို နောက်ကြ ပြောင်ကြ မည်ကိုတွေးတွေးပြီး အားငယ်လာပါသည်။ အတန်းသားများ၏ အနောက်အပြောင်မှ လွတ်အောင်ဘယ်လို လုပ်ရပါမလဲဟုစဉ်းစားကြည့်မိပါသည်။ သူတို့ကဲ့သို့ အဝတ်လှလှလေးများ ဝယ်ခိုင်းပြီး မုံ့ဘိုးများများ တောင်းရန်မှာလည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်တော်ကျောင်းပြေးရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ကျွန်တော်သည် ကျောင်းမတက်တော့ပဲ ပန်းခြံထဲ၌ သွားထိုင်နေပါသည်။ တယောက်တည်း ငေါ်လီရိုက် ကစားပါသေးသည်။ မကြာမီကျွန်တော့်မှာ ကစားဖော် တယောက်တိုးလာသည်။ သူသည် မြေပဲလှော်ရောင်းသော ကောင်လေး ဖြစ်ပြီး ကျွန်တော့်လောက်ပင် ရှိပါမည်။ သူ့အမည်က ဖိုးမဲ ဖြစ်ပါသည်။ သူသည် ကျွန်တော့်ထက်ပင် ဆင်းရဲ ပါသေးသည်။

သူက ကျွန်တော့်ကို –

"မင်း သိပ်ကံကောင်းတာဘဲ၊ ငါလဲ မင်းလို သိပ်ကျောင်းနေချင်တယ်ကွာ" ဟု ပြောပါသည်။

"ငါဈေးရောင်းပြီး ညညကျယင် ကျောင်းဆရာ တယောက်အိမ် သွားပြီးစာမေး၊ စာကျက်တယ်ကွ။ ငါသိပ်ပြီးစာတတ်ချင်တယ်ကွာ။ ပညာရွှေအိုးလူမခိုးလို့ ငါ့ဆရာက ခဏခဏ ပြောတယ်ကွ" ဟုလည်း ပြောပါသည်။

သူနှင့် ကျွန်တော် တို့သည် ဂေါ်လီ ရိုက်ပြီး ညနေရောက် သောအခါသူပြန်သွားပါသည်။ ကျွန်တော်လည်း ဟန်မပျက် အိမ်သို့ပြန် ခဲ့ပါသည်။

ညတွင် ကျွန်တော်မအိပ်နိုင် သေးပါ။ ဖိုးမဲပြောသည့်စကား ကို သတိရ နေမိ ပါသည်။ "ပညာရွှေအိုးလူမခိုး" ဆိုသည့် ကဗျာကလေးကို ကျွန်တော်တို့ လည်း သင်ဘူးပါသည်။ ကဗျာ ၏ အဓိပ္ပာယ်ကို ဆရာ ပြောပြ ထားသဖြင့် ကျွန်တော်ကောင်း ကောင်း အမှတ် ရနေပါသည်။

ထိုစဉ် ဖေဖေ့ အိပ်ရာဆီမှ ဖေဖေ့ညည်းသံကို ကျွန်တော် ကြားလိုက်ပါသည်။ ဖေဖေ့ကို ကျွန်တော် အလွန် သနားမိပြီး ကျွန်တော်ကျောင်းပြေးမိသည် အတွက်ဝမ်းနည်းသွားပါသည်။ "ဖိုးမဲတောင်မှ ဈေးရောင်းရင်း နဲ့ပညာကို သင်သေးတာဘဲ၊ ငါ လဲပညာထူးချွန်အောင်ကြိုးစား တော့မယ်" ဟု ဆုံးဖြတ် မိပါ သည်။

နောက်နေ့မှစ၍ ကျွန်တော် ကျောင်း မှန်မှန် ပြန်တက်ပါ တော့သည်။ ယခု ကျွန်တော် သည် ဆင်းရဲသည့် အတွက်မ ရှက်တော့ပါ။အဝတ်လှလှလေး များကိုလည်း မဝတ် ချင်တော့ ပါ။ကျောင်းပြေးပြီးစာညံ့ခြင်း သာရှက်စရာကောင်းသည်ဟုသိ လာပါတော့သည်။ ထို့ကြောင့် ကျွန်တော်သည် စာကို သူများ ထက်ပိုပြီးကြိုးစားပါသည်။ စာ ကြည့်လွန်းသဖြင့် ဖေဖေနှင့် မေ မေတို့ကပင် ပြောယူရပါသည်။

ကျွန်တော်သည် အတန်းထဲ တွင်တနေ့တခြား စာတော်လာ ပါသည်။ ပထမ အစမ်းနှင့် ဒုတိယအစမ်းစာမေးပွဲများတွင် ပထမချည်း ရပါသည်။ ကျွန် တော် စာတော်လာသဖြင့်ဆရာ များကလည်း ချီးကျူးကြပါ သည်။ အတန်းသား အားလုံး ကိုလည်း ကျွန်တော်ကဲ့သို့ကြိုး စားခိုင်းပါသည်။ အတန်းသား များသည် ကျွန်တော့်ကို ယခင် က ကဲ့သို့ မနောက်ပြောင် ကြ တော့ပါ။ အထင်လည်းကြီးလာ ကြပါသည်။ ပညာ၏ တန်ဘိုး ကိုကျွန်တော်ယခုမှသိရပါတော့ သည် "ပညာ ရွှေအိုး ဆိုတာ ဟာဒါဘဲ" ဟု နားလည် လာပါ သည်။ ကျွန်တော်သာကျောင်း ဆက်ပြေးနေလျှင် ယခုကဲ့သို့စာ တော်လာမည် မဟုတ်ပါ။ထို့ပြင် အတန်းသားများက ယခင်က ထက်ပိုပြီး နောက်ပြောင်ကြဦး မည် ဖြစ်ပါသည်။

ကျွန်တော်သည် စာကိုယခု ထက် ပို၍ ကြိုးစားသွားမည်ဟု ဆုံးဖြတ်ထားပါသည်။ ဖိုးမဲကို လည်း ကျေးဇူး တင်မိပါသည်။ ကျွန်တော်ကြီးလျှင်ဆရာလုပ်ပါ မည်။ ဖိုးမဲတို့ကဲ့သို့ စာမသင်နိုင် သူများကို အခမဲ့ပညာသင်းပေး မည် ဟုလည်း ဆုံးဖြတ်ထားပါ သည်။ ဖေဖေနှင့် မေမေတို့ကို လည်း အသက်ထက်ဆုံး လုပ် ကျွေးပါမည်။

## အိမ်သာယာ

အရပ်ထဲမှာ တကြော်ကြော်၊
အမေလျှောက်လို့အော်။

အကြော်စုံပူပူနွေး၊
ဝယ်ကြစမ်းပါလေး။

အဖေ ဦးထွေး ရပ်ထဲမှာ၊
ရေထမ်းရောင်းရပါ။

ပီပါတလုံး ရေဆယ့်နှစ်ပုံး၊
လောင်းထည့်သံက တရှုံးရှုံး။

အသုံးကျတဲ့ မလေးခင်၊
ဟင်းရွက်ဟင်းသီးသင်။

ဟင်းချိုအိုးတွင် ခတ်ကာထား၊
ထမင်းချက်ပြီးသား။

မိသားတစု ညီအညာ၊
ဝိုင်းလုပ်ဝိုင်းစားပါ။


အိမ်သာယာဟု အများက၊
ခေါ်ဆိုချီးမွမ်းကြ။ ။

မောင်ငယ်သွေး (မလှိုင်)



R. 517

# မိုးစွေ စိုးလွင်မြင့်



မိုးစွေသည် ပျံလွှားငှက်မျိုးတွင် အပါအဝင် ဖြစ်သည်။ မိုးစွေငှက်မျိုး များစွာရှိလေရာ တမျိုးနှင့်တမျိုး ဆင်တူသော်လည်း အရွယ်အစားချင်းမတူချေ။ မိုးစွေငှက်များတွင် အဖြူနှင့်အမည်း သို့မဟုတ် အပြာရင့်နှင့် အဖြူရောင်ရှိသော အတောင်နှင့် ရှည်လျားသော အမြီးရှိ၏။ အမြီးကိုဖြန့်လိုက်သောအခါ အဖြူစက်များကို ထင်ရှားစွာ မြင်နိုင်သည်။

နံနက်စောစော ထလေ့ရှိ၍ ကောင်းကင်သို့ အလွန်မြင့်စွာ ပျံတက်ပြီးလျှင် သာယာနာပျော်ဖွယ်ရာ တွန်ကျူးတတ်သည်။ ထိတ်လန့်သောအခါတွင် စူးစူးရှရှ အသံကုန် အော်တတ်သည်။

အအုပ်အသင်းနှင့်နေ၍ ကြေးနန်းကြိုး၊ အဆောက်အအုံ၊ တန်တားနှင့် သစ်ပင်များ ပေါ်တွင် နားလေ့ရှိသည်။ သို့သော် နားနေချိန်ထက် ပျံသန်းချိန်ကပိုများသည်။ ပိုးမွှား စသည်များကို ပျံသန်းရင်း ဖမ်းယူစားတတ်သည်။ ရေပေါ်တွင် ကပ်၍ပျံရင်း ရေပေါ်ရှိ ပိုးမွှားများကို ဖမ်းယူတတ်သည်။


အချို့မိုးစွေငှက်တို့သည် ဒေသပြောင်းရွှေ့တတ်သည်။ မြန်မာနိုင်ငံ အနှံ့အပြား၌ မိုးစွေငှက် အများအပြားကို တွေ့ရှိနိုင်သည်။

စိုးလွင်မြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။




အတွဲ-၄၊ အမှတ်-၁၊မှ-၂၆ထိ

Read more Shwe Thway Journals at




↓ Click below link ↓

https://www.facebook.com/shwethwayjournal/